ရဲရင့်မှုဆောင် + အနီရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနီရောင် သဘော။

http://www.dhammadownload.com


ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

၃၂၀၀

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၄ )




အရှင်ဂုဏိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာန နာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၄ )




**အရှင်ဂုဏိန္ဒ**

သာသနဓဇ ဓမ္မာစရိယ

ပဓာနနာယက

ဆင်ဖြူတောင် စာသင်တိုက်

၁၀၊တောင်ရပ်ကွက်

၁၀၈၊တောင်ဘုရားအတွင်း

သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၄ )




အရှင်ကုဏ္ဍိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာန နာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနီရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနီရောင် သဘော။

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

# ဆင်ဖြူတောင် တရားတော်များ

## အမှတ် (၄)


**အရှင်ဂုဏာနန္ဒ**
သာသနဓဇဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင်စာသင်တိုက်
(၁၀) တောင်ရပ်ကွက်
(၁၀၈) တောင်ဘုရားအတွင်း
သာကေတ၊ ရန်ကုန်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၄၅၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၃၅၇၀၅၀၈

မျက်နှာဖုံး -

ထုတ်ဝေသူ - မောင်ချစ်ညို (ဥယျာဉ်မှူးစာပေ)
ရေကျူးမြို့မရိပ်သာ၊ ခ-ရပ်ကွက်
ကမ္ဘာအေး မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်အော့ဖ်ဆက်၊
အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ် (၁၀၀၀) အုပ်

ထုတ်ဝေခြင်း - ၂၀၀၅-ခု၊ အောက်တိုဘာလ

ဖြန့်ချိရေး - သစ္စာမဏ္ဍိုင်စာပေ၊
ရွှေတိဂုံဘုရားတောင်ဘက်မုခ်

ဖလင် - ကိုဦးနှင့်ညီများ

တန်ဖိုး

http://www.dhammadownload.com

# နိဒါန်း

စာရေးသူသည် ဟောလိုပြောလို ကြည့်ရှုလိုသူများအတွက် ဓမ္မကထိကအိတ်ဆောင် အမှတ် (၄) ကို ဆက်လက်ရေးသား ထုတ်ဝေလိုက်ပါသည်။

အစစအရာရာ အခါလည်းသင့်၊ အခွင့်လည်းသာပါလျှင် ဓမ္မကထိကအိတ်ဆောင်စာအုပ်များ ဆက်လက်ထွက်ပေါ်လာဦးမည် ဖြစ်ပါသည်။

## အထူးအစဉ် + ကျေးဇူးတင်လွှာ

၁။ စာရေးသူ၏ စာအုပ်တိုင်းကို တည်းဖြတ်ပြင်ဆင်ပေးသည့် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ပညာသိပ္ပံကျောင်းတိုက်၊ ပဓာနနာယကဆရာတော် အရှင်ပညာစက္က (ဝိဂြိုဟ်ပြုနည်း + နိသယရည်းကျမ်းပြု စာရေးဆရာဘုန်းကြီးကျောင်းသား ဓမ္မာစရိယ) အား လည်းကောင်း။

၂။ အစစအရာရာ ကူညီပေးသော အရှင်ဝေန(ပဲခူး)အားလည်းကောင်း အထူးအစဉ်ကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင်ပါ၏။

အရှင်ဂုဏာဘိနန္ဒ
ဆင်ဖြူတောင်၊ သာကေတ
၁-၇-၂၀၀၅
ဖုန်း - ၅၄၀၈၅၀

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

# ပဏ္ဍာမနှင့် ပဋိညာဉ်

- ဂုဏ်ပိုင်စိုးရ မြတ်ဗုဒ္ဓ၊ နေ့ညရှိခိုးပါ၏။
- မဂ်, ဖိုလ်, နိဗ္ဗာန်၊ ဓမ္မကွန်၊ ဆယ်တန်ရှိခိုးပါ၏။
- သမုတိပါ၊ အရိယာ၊ သံဃာရှိခိုးပါ၏။
- ပရိယတ်, ပဋိပတ်၊ ဆရာမြတ်၊ မပြတ်ရှိခိုးပါ၏။
- ပါ, ဌ, ဋီကာ၊ ကျမ်းဖြာဖြာ၊ လေ့လာအမြဲကြည့်။
- ဣကမ်ဂန္ထ၊ သာရုကံ၊ အဟံ, လိခါမိ။
- စာပေမေတ္တာ၊ စာသစ္စာ၊ ထားကာရေးဝေ၏။
- ဓမ္မကထိက၊ အိတ်လှလှ၊ နေ့ညဆောင်ကာကြည့်။
- ဟောရေး, ပြောရေး၊ အလွယ်လေး၊ ရဲဆေးတင်ပေး၏။
- ဟောခန်း, ပြောခန်း၊ မမောပန်း၊ အေးချမ်းဆောင်လွယ်၏။
- ဟောကာ, ပြောကာ၊ သာသနာ၊ သေချာပြုသင့်၏။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အဘယရာဇကုမာရဝတ္ထု (သောကမီးလေး+ငြိမ်းပေးပါ) ♦ နာရေးပွဲတိုင်းဟောပါ။ | ၁ |
| ၂။ | သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု (ဆင်းရဲချမ်းသာ+ခွဲခြားပါ) ♦ ဒါ,သီ,ဘာ ပွဲမျိုးစုံ၊ နေ့ပွဲ,ညပွဲမျိုးစုံဟော။ | ၉ |
| ၃။ | မဏ္ဍာရာမဏ္ဍေရဝတ္ထု (တကယ်ချစ်သူ+ သက်သေထူ) ♦ သာရေး,နာရေး နေ့ပွဲ, ညပွဲပူဇော်ပွဲမျိုးစုံဟော | ၃၀ |
| ၄။ | သရဘင်္ဂဇာတ်လာဂါထာတစ်ပုဒ် (သူတော်သူကောင်း+ သူတော်ကောင်း) ♦ မိဘ, ဆရာ, မိတ်ဆွေများအတွက်ရည်စူးပြီး ကုသိုလ်ပြုပွဲတိုင်းဟော။ | ၄၃ |
| ၅။ | ပါတုဘာဝသုတ္တန် (အရတော်လှ+လူ့ဘဝ) ♦ ရတနာသုံးပါးပူဇော်ပွဲတိုင်း၊ ဒါ,သီ,ဘာ ကုသိုလ်ပြုပွဲတိုင်း ပွဲမျိုးစုံဟော။ | ၄၈ |

http://www.dhammadownload.com

၆။ ကုလသုတ္တန် ၅၈
(ရဟန်းကြွလာ+အကျိုးငါးဖြာ)
♦ ဒါ,သီ,ဘာ ပွဲမျိုးစုံ၊ နေရာလှူပွဲ (ကျောင်းလှူပွဲ)၊
ပညာလှူပွဲဟော။
၇။ သမ္မဟုလသီလာဒိ သမ္ဗန္ဓဘိက္ခုဝတ္ထု ၇၀
(ပန်းတိုင်အရောက် + လှမ်းကိုင်လျှောက်)
♦ ဘာဝနာပွဲတိုင်း နေ့ပွဲ, ညပွဲ အစုံဟော
၈။ ဥဂ္ဂသုတ္တန် ၈၇
(ရန်ကုန်မှာနေ + ရန်ကုန်စေ)
♦ ဒါ, သီ, ဘာ ပွဲမျိုးစုံဟော
၉။ ကိမိလသုတ္တန် ၁၀၄
(အရေးကြီးလှ + ဂါရဝ)
♦ ရတနာသုံးပါးပူဇော်ပွဲတိုင်း၊ ညီညွတ်ရေးပွဲတိုင်း၊
သီလ, ဘာဝနာပွဲတိုင်း၊ အလုပ်ပေးတရားပွဲတိုင်း
နေ့ပွဲညပွဲအစုံဟော
၁၀။ မေတ္တာသုတ္တန် ၁၃၅
(ကုသိုလ်မကြောက် + ချမ်းသာရောက်)
♦ ဒါ, သီ, ဘာ ပွဲမျိုးစုံ၊ ရတနာသုံးပါးပွဲမျိုးစုံဟော
၁၁။ အကိတ္တိဇာတ် ၁၄၆
(မျက်စိကိုမှိတ် + နားကိုပိတ်)
♦ ဒါ, သီ, ဘာပွဲမျိုးစုံ၊ ရတနာသုံးပါးပူဇော်ပွဲမျိုးစုံ
နေ့ပွဲညပွဲ အစုံဟော။

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ လောကဝဂ်၊ အဘယရာဇကုမာရဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "သောကမီးလေး + ငြိမ်းပေးပါ" တရားတော်

ဒီနေ့ ဦး (    ) ဒေါ် (    ) မိသားစုတို့နဲ့ တရားနာပရိသတ်တွေကို အသိဉာဏ်ပေး ဟောပြောမယ့်တရားတော်က "သောကမီးလေး+ငြိမ်းပေးပါ တရားတော်တဲ့။

ဘာတရားတဲ့လဲ (သောကမီးလေးငြိမ်းပေးပါ တရားတော်ပါဘုရား)

အေး - အဲဒီတရားတော်ကို စပြီး ဟောကြ နာကြရအောင်။

**ထေပဿထိမံလောကန္တိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဝေဠုဝနေ ဝိဟရန္တော အဘယရာဇကုမာရံ အာရဗ္ဘ ကထေသိ။** ***(ဓမ္မပဒ၊ ၄၊ ၁၊ ၁၀၈)***

ထေပဿထိမံ လောကံ အစရှိတဲ့ ဒီတရားတော်ကို ဘုရားရှင် ကိုယ်တော်မြတ် ဝေဠုဝန်ကျောင်းတော်မှာနေတော်မူစဉ် အဘယမင်းသားကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။

**တဿ ကိရပစ္စန္တံ ဝူပသမေတွာ အာဂတဿ ပိတာ ဗိမ္ဗိသာရော တုဿိတွာ ဧကံ နစ္စဂီတကုသလံ နာဋကိတ္ထိံ ဒတွာ သတ္တာဟံ ရဇ္ဇမဒါသိ။**

ဗိမ္ဗိသာရမင်းကြီးက သားတော် အဘယမင်းသားကို သောင်းကျန်း သူတွေ ထကြွသောင်းကျန်းနေတဲ့ ပစ္စန္တရစ်အရပ်ကို နှိမ်နင်းဖို့လွှတ်လိုက်တယ်။

အဘယမင်းသားဟာ သောင်းကျန်းသူတွေကိုနှိမ်နင်းပြီးတော့ ပစ္စန္တရစ် အရပ်ကို ငြိမ်းအေးအောင်လုပ်ပြီး ပြန်လာခဲ့တယ်။

အဲဒီလိုအောင်ပွဲရပြီးပြန်လာတဲ့ အဘယမင်းသားကို ဖခင် ဗိမ္ဗိသာရ မင်းကြီးက သဘောကျနှစ်သက်တဲ့အတွက် ကခြင်း၊ သီဆိုခြင်းမှာ လိမ္မာတဲ့ ကချေသည်မတစ်ယောက်ကို ပေးလိုက်တယ်။

http://www.dhammadownload.com



နောက်ဆက်ပြီးတော့ အဲဒီအဘယမင်းသားကို မင်းစည်းစိမ် ခုနစ်ရက်ပါ ပေးလိုက်တယ်။

အောင်ပွဲရပြန်လာတဲ့သားတော်ကို ကချေသည်မလေးနဲ့ မင်းစည်းစိမ်နဲ့ ဂုဏ်ပြုတာနော် (မှန်လှပါဘုရား)။

**သောသတ္တာဟံ ဂေဟာ ဗဟိ အနိက္ခန္တော၀ ရဇ္ဇသိရိ အနုဘဝိတွာ အဋ္ဌမေ ဒိ၀သေ နဒီတိတ္ထံ ဂန္တွာ နှတွာ ဥယျာနံ ပဝိသိတွာ သန္တတိမဟာမတ္တော ဝိယ တဿာ ဣတ္ထိယာ နစ္စဂီတံ ပဿန္တော နိသီဒိ။**

အဲဒီ အဘယမင်းသားဟာ ခုနစ်ရက်လုံး အိမ်ထဲကအပြင်မထွက်ဘဲ မင်းစည်းစိမ်ကို ခံစားနေတယ်။ ရှစ်ရက်မြောက်နေ့မှာတော့ မြစ်ဆိပ်သွားရေချိုးပြီး ဥယျာဉ်ထဲ၀င်ကာ သန္တတိအမတ်ကြီးလိုပဲ ကချေသည်မိန်းမရဲ့ က,တာဆိုတာတွေကိုကြည့်နေတယ်။

**သာပိ တံခဏာ ညေ၀ သန္တတိမဟာမတ္တဿ နာဋကိတ္ထီဝိယ သတ္ထကဝါတာနံ ဝသေန ကာလမကာသိ။**

အဲဒီကချေသည်မလေးဟာ ချက်ချင်းပဲ သန္တတိအမတ်ကြီးရဲ့ ကချေသည်မလေးလို လေဖြတ်ပြီးတော့ သေသွားတယ်

သေခြင်းတရားဟာ ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေသွားနိုင်တယ်ဆိုတာ ဒီကချေသည်မလေးအဖြစ်ကြည့်လိုက်တော့ မမှန်ဘူးလား (မှန်ပါတယ်ဘုရား)

မြန်ကော မမြန်ဘူးလား (မြန်ပါတယ်ဘုရား) ကြောက်စရာကော မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)

မှန်လည်းမှန်တယ်၊ မြန်လည်းမြန်တယ်၊ ကြောက်စရာလည်း ကောင်းတယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ကချေသည်မ၊ က,ရင်းက၊ သေဆုံးရပေသည်။
- ကွေးသောလက်ပင်၊ မဆန့်ခင်၊ လူရှင်သေနိုင်သည်။
- ဆန့်သော လက်ပင်၊ မကွေးခင်၊ လူရှင်သေနိုင်သည်။

http://www.dhammadownload.com



- သေခြင်းဆိုတာ အမှန်မှာ၊ မကြာမြန်လှသည်။
- သေခြင်းဆိုတာ၊ ကြောက်စရာ၊ သူငါ ကောင်းလှသည်။

တုမာရော တဿာ ကာလကိရိယာယ ဥပ္ပန္နသောကော "န မေ ဣမံ သောကံ ဌပေတွာ သတ္ထာရံ အညော နိဗ္ဗာပေတုံ သက္ခိဿတိ" တိ သတ္ထာရံ ဥပသင်္ကမိတွာ "ဘန္တေသောကံ မေ နိဗ္ဗာပေထာ" တိ အာဟ။

အဘယမင်းသားဟာ အဲဒီကချေသည်မလေး သေဆုံးခြင်းကြောင့် စိုးရိမ်ပူဆွေးတဲ့သောကမီးလေး လောင်လာတယ်၊ ဘာမီးလောင် (သောကမီး လောင်လာပါတယ်ဘုရား)

အဲဒီသောကမီးလောင်လာတော့ အဘယမင်းသားဟာ "ငါ့ရဲ့ ဒီစိုးရိမ် ပူဆွေးခြင်းသောကမီးကို မြတ်စွာဘုရားပဲ ငြိမ်းပေးနိုင်မယ်၊ အခြား ဘယ်သူ မှ ငြိမ်းပေးနိုင်မှာမဟုတ်ဘူး၊ ဒီလို သတိထားစဉ်းစားပြီးတော့ ဘုရားထံ ရောက်လာတယ်။

ဘာတဲ့ လောကစကားက "ခလုတ်ထိမှ အမိတ" ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

ဒီနေရာကြည့်ပြောရင်တော့ "ခလုတ်ထိမှ ဘုရားတ" "သောကကြုံမှ ဘုရားတ" ဒီလိုပြောရမယ်နော် (မှန်လှပါဘုရား)

ဘာပဲဖြစ်ဖြစ် ဘုရားကိုပြေးပြီးတော့ သတိရတာ၊ ဘုရားကို တ,ဖော် ရတာပဲ တော်တယ်လို့ ပြောရမှာပါပဲ။

အဲဒီလို ဘုရားထံရောက်လာပြီးတော့ ဘုရားကိုလျှောက်ထားတယ်၊ ဘယ်လိုလျှောက်ထားသလဲဆိုတော့ "မြတ်စွာဘုရား၊ တပည့်တော် အဘယ မင်းသားရဲ့ စိုးရိမ်ပူဆွေးသောကမီးလေးကို ငြိမ်းအေးအောင် ငြိမ်းပေးတော် မူပါဘုရား" လို့ လျှောက်ထားတယ်။

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- သောကကြုံရ၊ အဘယ၊ ဗုဒ္ဓထံရောက်လာ။
- သောကမီးလေး၊ အေးငြိမ်းရေး၊ ဟောပေးစောမြတ်စွာ။

http://www.dhammadownload.com



ဘယ်လိုလျှောက်ထားသတဲ့လဲ။ (သောကမီးလေး ငြိမ်းပေးပါလို့ လျှောက်ထားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ (သောကမီးလေး ငြိမ်းပေးပါ တရားတော်ပါဘုရား)

တရားပေါ်ပြီလား (ပေါ်ပါပြီဘုရား) ပေါ်ပေမယ့် တရားက မပြီးသေးဘူး၊ ဆက်ပြီးတော့ ဟောကြ နာကြပါစို့။

**သတ္ထာ တံ သမဿာသေတွာ "တယာ ဟိ ကုမာရ ဣမိဿာ ဣတ္ထိယာ ဝေမေဝ မတကာလေ ရောဒန္တေန ပဝတ္တိတာနံ အဿူနံ အနမတဂ္ဂေ သံသာရေ ပမာဏံ နတ္ထိ" တိ ဝတွာ တာယ ဒေသနာယ သောကဿ တနုဘာဝံ ဉတွာ "ကုမာရ မာ သောစိ၊ ဗာလဇနာနံ သံသီဒန ဌာနမေတ" န္တိ ဝတွာ ဣမံ ဂါထမာဟ -**

အဲဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက အဘယမင်းသားကို နှစ်သိမ့်စေပြီးတော့ "အဘယမင်းသား၊ သင်ဟာ ဒီအတိုင်းပဲ ဒီမိန်းမသေလို့ ငိုရတဲ့အတွက် မျက်ရည်တွေဟာ အစမထင်တဲ့သံသရာမှာ အတိုင်းအရှည် ပမာဏမရှိဘူး" လို့ ဟောတော်မူတယ်။

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- သူသေသည့်တွက်၊ ငိုပွဲဆက်၊ သင့်မျက်ရည်များပြီ။
- သံသရာတွင်၊ ငိုပွဲဆင်၊ ရေလျှင်မရပြီ။

အဲဒီတရားဒေသနာတော်နဲ့ စိုးရိမ်ပူဆွေးခြင်းသောကမီးလေး ငြိမ်းအေးအောင် ဟောပေးလိုက်တယ်၊ သောကမီးလေး ခေါင်းပါးနည်းပါးသွားတာသိရတော့ "အဘယမင်းသား၊ မစိုးရိမ်ပါနဲ့၊ ဒီခန္ဓာကိုယ်ဟာ အသိဉာဏ်မရှိတဲ့လူမိုက်တွေရဲ့ နစ်မြုပ်ရာအရပ်ဖြစ်တယ်လို့ မိန့်တော်မူကာ အောက်ပါဂါထာကို ဟောကြားတော်မူတယ်။

**"ဧထ ပဿထိမံ လောကံ၊**

**စိတ္တံ ရာဇရထူပမံ။**

http://www.dhammadownload.com



ယတ္ထ ဗာလာ ဝိသီဒန္တိ၊
နတ္ထိ သင်္ဂေါ ဝိဇာနတံ" န္တိ။

ကုမာရ-သောကမီးလေး၊ ငြိမ်းကာအေးဖို့ အပြေးလာငြား၊ အို အဘယ မင်းသား။

ဧထ-မှန်စွာမနွေး၊ မြန်စွာတွေးကာ၊ လာလှည့်ကြပါကုန်လော့။

ရာဇရထူပမံ-ရတနာခုနစ်ပါးစသည်များဖြင့်၊ ထူးခြားဆန်းကြယ်၊ ပြုပြင်ချယ်ထား၊ မင်းရထားနှင့်၊ မခြားတမူ၊ အလားတူအောင်။ စိတ္တံ-အဝတ်တန်ဆာ၊ အဖြာဖြာဖြင့်၊ သေချာ ပြုပြင်၊ လှအမြင်၌၊ ရှုချင်စဖွယ်၊ တင့်တယ်သပ်ရပ်၊ ဆန်းကြယ်အောင်ပြုအပ်သော။ ဣမံလောကံ-ခန္ဓာ လောက၊ အစရှိသော၊ ဤအတ္တဘောကို။ ပဿထ-ပညာ,သတိ၊ အစဉ်ရှိကာ၊ ကြည့်ရှုကြပါကုန်လော့။ ယတ္ထ-အမြင်မှားဖွယ်၊ အသွယ်သွယ်ဆင်သော၊ အကြင်အတ္တဘော၌။ ဗာလာ-ပညာ,သတိ၊ မရှိလိုက်စား၊ လူမိုက်အများ တို့သည်။ ဝိသီဒန္တိ-သံသရာဝဲ၊ ဂယက်ထဲ၌၊ ဆင်းရဲ တွေပုံ နစ်ကြရလေကုန်၏။ ဝိဇာနတံ-ရုပ်နာမ်နှစ်ဖြာ၊ ဟုတ်မှန်ရာကို၊ သေချာစစ်တွက်၊ ဖြစ်ပျက်သိမြင်၊ ပညာရှိသူတော်စင်တို့အား။ သင်္ဂေါ-ရာဂစသည်၊ အလီလီတို့ အတည်ရှင်းရှင်း၊ ကပ်ငြိခြင်းသည်။ နတ္ထိ-မုချပိုင်ပိုင် မရှိနိုင်ပါပေ။

ဣတိ-ဤသို့။ သတ္ထာ-မြတ်စွာဘုရားသည်။ အာဟ-သဘောကျရေး၊ သောကမီးငြိမ်းအေးအောင်၊ ဟောပြပေးသနားတော်မူလိုက်ပါပေသတည်း။

သာံဓု၊ သာဓု၊ သာဓု ပါဘုရား။

အဘယမင်းသား၊ မြန်မြန်သာလာခဲ့ပါ၊ ရတနာခုနစ်ပါးနဲ့ ထူးခြားဆန်း ကြယ် ပြုပြင်ချယ်သထားတဲ့ မင်းရထားနဲ့ မခြားတစ်မူ အလားတူအောင် အဝတ်တန်ဆာ အဖြာဖြာတွေနဲ့ လှအမြင်မှာ ရှုချင်စရာတွေကောင်းလောက် အောင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဆန်းဆန်းကြယ်ကြယ် ပြုပြင် ချယ်သထားတဲ့ ဒီခန္ဓာကိုယ်ကြီးကို ပညာသတိ အစဉ်သာရှိပြီးတော့ သေသေ ချာချာ ကြည့်ရှုလိုက်စမ်းပါ။

http://www.dhammadownload.com



ဒီခန္ဓာကိုယ်ကြီးကို ပညာနဲ့သတိနဲ့ စိုက်ကြည့်လိုက်ရင် ရုပ်နာမ်ပဲတွေ့ရတယ်မဟုတ်လား (မှန်လှပါဘုရား)

အဲဒီရုပ်နာမ်ကို ထပ်ကြည့်လိုက်ရင် ဖြစ်ပျက်ပဲတွေ့ရမယ်၊ မမြဲတာ၊ ဆင်းရဲတာ၊ အစိုးမရအနှစ်သာရမရှိတာ၊ ကိုယ့်သဘောအတိုင်း ကိုယ့်အလိုကျ မဖြစ်တာ ဒါတွေပဲတွေ့ရတယ်မဟုတ်လား (မှန်လှပါဘုရား)

အဘယမင်းသားကို ဘုရားက ပညာနဲ့ သတိနဲ့ ခန္ဓာကိုယ်ကြီးကိုကြည့်ခိုင်းနေတာ၊ တရားပြနေတာနော် (မှန်လှပါဘုရား)

အဘယမင်းသား လာ၊ ခန္ဓာကိုယ်ကို သတိ အသိဉာဏ်ပညာနဲ့ ကြည့်ရှု၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

ဒီခန္ဓာကိုယ်ကြီးကို ပညာသတိမရှိတဲ့ လူမိုက်တွေကတော့ နှစ်သက်ကြ၊ မြတ်နိုးကြ၊ တွယ်တာကြတယ်ကွာတဲ့၊ အဲဒီလိုခန္ဓာကိုယ်ကြီးကို တွယ်တာကြ၊ နှစ်သက်ကြ၊ မြတ်နိုးနေကြတဲ့ လူမိုက်တွေဟာ သံသရာရေယာဉ်ကြော နစ်ကြမျောကြရတယ်၊ ဆင်းရဲမျိုးစုံ တွေ့ကြုံခံစားနေကြရတယ်။

အဘယမင်းသား၊ ခန္ဓာကိုယ်ကြီးကို မတွယ်တာပါနဲ့၊ တွယ်တာတာဟာ လူမိုက်တွေရဲ့လုပ်ငန်းပါ၊ မကြိုက်ပါနဲ့၊ ခန္ဓာကြိုက်ရင် ဘာတဲ့လဲ (လူမိုက်ပါဘုရား) ကိုယ့်ခန္ဓာ ကိုယ်ပဲကြိုက်ကြိုက်၊ သူများခန္ဓာပဲကြိုက်ကြိုက် လူမိုက်ပဲနော် (မှန်လှပါဘုရား)၊ သင်အဘယမင်းသားဟာ လူမိုက်မဖြစ်သင့်ပါဘူး၊ သံသရာရေယာဉ်ကြောမှာ မမျောသင့်ပါဘူး၊ ဆင်းရဲမျိုးစုံတွေ တွေ့ကြုံခံစားရမှာ ကြောက်သင့်ပါတယ်။

ဒီခန္ဓာကိုယ်ကြီးမှာ ရုပ်နာမ်ပဲလို့ ဟုတ်မှန်တဲ့အတိုင်း ဖြစ်ပျက်သိမြင်ပညာရှိ သူတော်စင်တွေကတော့ ရာဂစတဲ့ ကပ်ငြိတွယ်တာမှုတွေ မရှိတော့ဘူး။

အဘယမင်းသား၊ ရုပ်နာမ်အစု ဖြစ်ပျက်မှုကို သေချာကြည့်၊ သေချာသိပါ၊ အဲဒီရုပ်နာမ်ရဲ့ ဖြစ်ဟန်ပျက်ဟန်၊ မမြဲဟန်၊ ဆင်းရဲဟန်၊ အနှစ်သာရမရှိဟန်တွေကို တကယ်ကြည့်၊ တကယ်သိသူဟာ ပညာရှိဖြစ်တယ်၊ ပညာရှိမှာ

http://www.dhammadownload.com



ရာဂစတဲ့ ကပ်ညှိတွယ်တာမှုတွေမရှိတော့ဘူး အဘယမင်းသား ပညာရှိဖြစ်အောင် ပညာသတိနဲ့ ခန္ဓာကိုယ်အစဉ်သာကြည့် အစဉ်သာသိပါ။ အဲဒီလို ခန္ဓာကိုယ်ကိုကြည့်နေရင်၊ သိနေရင်၊ ကြည့်ရင်း သိရင်း အမြင်ရှင်းကာ သင့်မှာ ဖြစ်နေတဲ့၊ သင့်မှာ လောင်နေတဲ့ သောကမီးလေး အမြန်ငြိမ်း၊ အမြန်အေးပါ လိမ့်မယ်လို့ ဘုရားက တရားပြ၊ တရားဟောလိုက်ပါတယ်။

**ဒေသနာဝသာနေ ရာဇကုမာရော သောတာပတ္တိဖလေ ပတိဋ္ဌဟိ။**

ဘုရားတရားဟော တရားပြတဲ့ ဒီတရားတော်ရဲ့အဆုံးမှာ အဘယမင်းသားဟာ သောတာပတ္တိဖိုလ် တည်သွားပါတယ်။

အဘယမင်းသားဟာ သောကမီးလေးငြိမ်းအေးပြီးတော့ သောတာပန်ဖြစ်သွားပြီနော် (မှန်လှပါဘုရား)

သောတာပန်ဆိုတာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်သတ်ပြီးတော့ အပါယ် ၄-ပါး မလားတော့၊ အပါယ် ၄-ပါး မရောက်တော့ဘူးနော် (မှန်လှပါဘုရား)

**သမ္ပတ္တာနမ္ပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသိ။**

တရားနာရောက်လာတဲ့ တရားနာပရိသတ်တွေမှာလည်း အကျိုးရှိတဲ့ အကျိုးများတဲ့ တရားတော် ဖြစ်သွားတယ်နော် (မှန်လှပါဘုရား)

ကဲ လင်္ကာလေးတွေ လိုက်ဆို တရားသိမ်းကြရအောင် -

- သောကမီးတွေ၊ လောင်မြိုက်နေ၊ လာလေအဘယ။
- ရတနာများ၊ စီခြယ်ထား၊ မင်းရထားတူလှ။
- အဝတ်တန်ဆာ၊ အဖြာဖြာ၊ ဆန်းတာချယ်ပြီးသ။
- အဝတ်တန်ဆာ၊ အဖြာဖြာ၊ ဆန်းတာဝယ်ပြီးသ။
- ဤကိုယ်ခန္ဓာ၊ မြတ်ပညာ၊ ကြည့်ပါသတိလှ။
- ရုပ်နာမ်နှစ်ဖြာ၊ ဖြစ်ပျက်တာ၊ သေချာတွေ့မြင်ရ။
- ရုပ်နာမ်နှစ်ဖြာ၊ မမြဲတာ၊ သေချာတွေ့မြင်ရ။
- ရုပ်နာမ်နှစ်ဖြာ၊ ဆင်းရဲတာ၊ သေချာတွေ့မြင်ရ။
- ရုပ်နာမ်နှစ်ဖြာ၊ မပိုင်တာ၊ သေချာတွေ့မြင်ရ။

http://www.dhammadownload.com



- ဤကိုယ်ခန္ဓာ၊ လူမိုက်ဟာ၊ ကြိုက်ကာဆင်းရဲရ။
- ဤကိုယ်ခန္ဓာ၊ လူမိုက်ဟာ၊ တွယ်တာဆင်းရဲရ။
- သံသရာဝဲ၊ ဝယက်ထဲ၊ အမြဲနစ်မြုပ်ရ။
- ရုပ်နာမ်နှစ်ဖြာ၊ ဖြစ်ပျက်တာ၊ သေချာသိမြင်က။
- ပညာရှိတွင်၊ သူတော်စင်၊ လူရှင်ခေါ် ဆိုရ။
- ရာဂစစ္စာ၊ ကပ်ငြိတာ၊ ကင်းကွာမီးငြိမ်းရ။
- အဘယအား၊ မြတ်ဘုရား၊ ဟောကြားတရားပြ။
- သောတာပန်သည်၊ ဖြစ်ရပြီ၊ ငြိမ်းပြီမီးသောက။
- တရားနာလာ၊ လူများမှာ၊ များစွာ ကောင်းကျိုးရ။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

***သောကမီးလေး+ငြိမ်းပေးပါတရားတော် ပြီးပြီ။***

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော် ဗာလဝဂ်၊ သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထုကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော "ဆင်းရဲ့ချမ်းသာ + ခွဲခြားပါ" တရားတော်

ဒီနေ့ ဒကာ, ဒကာမတွေကိုဟောကြားမယ့်တရားတော်က "ဆင်းရဲ့ ချမ်းသာ ခွဲခြားပါ" တရားတော်တဲ့။

ဘာတရားတော်တဲ့လဲ (ဆင်းရဲချမ်းသာခွဲခြားပါ တရားတော်ပါဘုရား)

အဲဒီတရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင် -

**စရန္တိဗာလာ ဒုမ္မေဓာတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဝေဠုဝနေ ဝိဟရန္တော သုပ္ပဗုဒ္ဓကုဋ္ဌိံ အာရဗ္ဘ ကထေသိ။** *(ဓမ္မပဒ၊ ၅၊ ၇၊ ၁၀၂)*

**စရန္တိဗာလာ ဒုမ္မေဓာ အစရှိတဲ့ ဒီတရားဒေသနာတော်ကို ဘုရားရှင် ကိုယ်တော်မြတ် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် သုပ္ပ ဗုဒ္ဓလူနူကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူပါတယ်။**

**တဒါဟိ သုပ္ပဗုဒ္ဓကုဋ္ဌိ ပရိသပရိယန္တေ နိသိန္နော ဘဂဝတော ဓမ္မ ဒေသနံ သုတွာ သောတာပတ္တိဖလံ ပတွာ အတ္တနာ ပဋိလဒ္ဓဂုဏံ သတ္ထု အာရောစေတုကာမော ပရိသမဇ္ဈေ ဩဂါဟိတုံ အဝိသဟန္တော (မဟာဇနသ္သ သတ္ထာရံ ဝန္ဒိတွာ အနုဂန္တွာ နိဝတ္တနကာလေ) ဝိဟာရံ အဂမာသိ။**

သုပ္ပဗုဒ္ဓလူနူဟာ ပရိသတ်အစွန်မှာနေပြီးတော့ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရတဲ့အတွက်ကြောင့် သောတာပတ္တိဖိုလ် ရောက် သွားတယ်။

အဲဒီ သူကိုယ်တိုင်ရထားတဲ့ သောတာပတ္တိဖိုလ် ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားအား လျှောက်ထားလိုတဲ့အတွက် ပရိသတ်တွေရဲ့အလယ်ကို

http://www.dhammadownload.com



မဝင်ရဲပဲ ဖြစ်နေတယ်၊ (လူတွေက ဘုရားကိုရှိခိုးကာ ပြန်သွားကြတယ်၊ သုပ္ပဗုဒ္ဓလည်း ခဏအကြာမှာ ကျောင်းတော်ကို ပြန်လာပါတယ်။)

**တသ္မိံခဏေ သက္ကော ဒေဝရာဇာ "အယံ သုပ္ပဗုဒ္ဓကုဋ္ဌိ အတ္တနော သတ္ထုသာသနေ ပဋိလဒ္ဓဂုဏံ ပါကဋံ ကာတုကာမော" တိ ဥတွာ "ဝီမံသိ ဿာမိ န" န္တိ ဂန္တွာ အာကာသေဌိတော၀ ဧတဒဝေါစ "သုပ္ပဗုဒ္ဓ တွံ မနုဿဒလိဒ္ဒေါ မနုဿဝရာကော၊ အဟံ တေ အပရိယန္တံ ဓနံ ဒဿာမိ၊ 'ဗုဒ္ဓေါ နဗုဒ္ဓေါ၊ ဓမ္မော နဓမ္မော၊ သံဃော နသံဃော၊ အလံ မေ ဗုဒ္ဓေန၊ အလံ မေ ဓမ္မေန, အလံ မေ သံဃေ နာ' တိ ဝဒေဟီ" တိ။**

အဲဒီအချိန်မှာ သိကြားနတ်မင်းက "ဒီ သုပ္ပဗုဒ္ဓလူနူဟာ ဘုရားသာသနာမှာ သူရထားတဲ့ သောတာပန်ဂုဏ်ကျေးဇူးကို ထင်ရှားအောင် ပြုလုပ်မယ်ဆိုတာကိုသိပြီးတော့ ဒီ သုပ္ပဗုဒ္ဓကို စုံစမ်းဦးမှပဲလို့ ကြံစည်ကာ သုပ္ပဗုဒ္ဓလူနူလာရာလမ်းကို ခပ်သုတ်သုတ်သွားပြီး ကောင်းကင်မှာရပ်လိုက်တယ်။ ကောင်းကင်မှာရပ်ပြီးတော့ ဒီလိုပြောလိုက်တယ် "အို သုပ္ပဗုဒ္ဓလူနူကြီး၊ သင်ဟာ သိပ်ဆင်းရဲတဲ့လူပဲ၊ လှည့်လည်တောင်းစားနေရတဲ့ သူတောင်းစားကြီးပဲ၊ ငါ သင့်ကို ရေတွက်လို့မရလောက်အောင်များတဲ့ဥစ္စာတွေပေးမယ်၊ ဒါပေမယ့် ငါပြောခိုင်းသလိုပြောမှ ပေးမှာဖြစ်တယ်၊ သင်ပြောရမယ့်စကားတွေကတော့ -

၁။ ဘုရားကို ဘုရားမဟုတ်ဘူးလို့ ပြောရမယ်။

၂။ တရားကို တရားမဟုတ်ဘူးလို့ ပြောမယ်။

၃။ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောရမယ်။

၄။ ငါ့အား ဘုရားကိုးကွယ်လို့ အကျိုးမရှိဘူး။

၅။ ငါ့အား တရားကိုးကွယ်လို့ အကျိုးမရှိဘူး။

၆။ ငါ့အား သံဃာကိုးကွယ်လို့ အကျိုးမရှိဘူးဆိုတဲ့ စကားတွေပဲ ဖြစ်တယ်။

http://www.dhammadownload.com



အဲဒီ စကားတွေကို သင်ပြောဆိုပါလို့ စုံစမ်းတဲ့သဘောနဲ့ ပြောခိုင်းပါတယ်။

**အထနံ့ သော အာဟ "ကောသိ တွ" န္တိ၊**

အဲဒီလို သိကြားမင်းကပြောခိုင်းတော့ အဲဒီ သိကြားမင်းကို သုပ္ပဗုဒ္ဓလူနူက မေးလိုက်တယ်၊ "သင် ဘယ်သူလဲ"။

**အဟံ သက္ကောတိ၊**

ငါသိကြားမင်းပါလို့ ပြောလိုက်တယ်။

**အန္ဓဗာလ အဟိရိက တွံ မယာ သဒ္ဓိံ ကထေတုံ န ယုတ္တရူပေါ၊ တွံ မံ "ဒုဂ္ဂတော ဒလိဒ္ဒေါ ကပဏော"တိ ဝဒေသိ၊ နေဝါဟံ ဒုဂ္ဂတော၊ နဒလိဒ္ဒေါ၊ သုခပ္ပတ္တော အဟမသ္မိ မဟဒ္ဓနော**

အလွန်မိုက်မဲတဲ့ သိကြားမင်း၊ အရှက်မရှိတဲ့ သိကြားမင်း၊ သင်ဟာ ငါနဲ့အတူတကွ စကားပြောရန်မသင့်တဲ့သူဖြစ်တယ်၊ သင်နဲ့ငါ စကားမပြောချင်ဘူး၊ သင်ဟာ ငါ့ကိုဆင်းရဲတဲ့သူ၊ အထီးကျန်တဲ့သူလို့ ပြောဆိုနေတယ်၊ အမှန်တကယ်တော့ ငါဟာ လူဆင်းရဲမဟုတ်ဘူး၊ လူမွဲမဟုတ်ဘူး၊ သင်ဟာ ငါ့ကို အပြင်ကြည့်ပြီးတော့ အမြင်ကြည့်ပြီးတော့ သုံးသပ်ဆုံးဖြတ်ပြောဆိုနေတာဖြစ်တယ်၊ သိကြားမိုက်ကြီး အပြင်ကြည့်၊ အမြင်ကြည့်ပြီး သုံးသပ်ဆုံးဖြတ်တာဟာ မမှန်ပါဘူး၊ ငါရဲ့ရင်ကိုကြည့်ပြီး သုံးသပ်ဆုံးဖြတ်ပြောဆိုမှ မှန်မှာဖြစ်တယ်။

ငါ့ရဲ့ရင်ကိုကြည့်ပြီး သုံးသပ်ဆုံးဖြတ်ပြောဆိုရင် ငါဟာလူချမ်းသာကြီးဖြစ်တယ်၊ ဉစ္စာတွေအများကြီးရှိသူ ဖြစ်တယ်။

သူမှာ ဘာတွေချမ်းသာတယ်၊ ဘယ်လိုဉစ္စာတွေ အများကြီးရှိတယ်ဆိုတာကို ဆက်ပြီးတော့ နာကြည့်ကြပါစို့။

**သဒ္ဓါဓနံ သီလဓနံ၊**

**ဟိရီ ဩတ္တပ္ပိယံ ဓနံ၊**

**သုတဓနဉ္စ စာဂေါ စ၊**

http://www.dhammadownload.com



**ပညာ ဝေ သတ္တမံ ဓနံ၊**
**ယသ္မာ ဝေ ဓနာ အတ္ထိ၊**
**ဣတ္တိယာ ပုရိသဿဝါ။**
**အဒလိဒ္ဒေါတိ တံ အာဟု၊**
**အမောဃံ တဿ ဇီဝိတံ။**

*(ဓမ္မပဒ၊ ၄၊ ၁၊ ၃၀၃)*

သိကြားမင်း -

၁။ ငါဟာ ရတနာသုံးတန်, ကံ, ကံရဲ့အကျိုး၊ ခုဘဝ, နောက်ဘဝကို ယုံကြည်တဲ့ သဒ္ဓါချမ်းသာတဲ့ လူချမ်းသာကြီးဖြစ်တယ်၊ သဒ္ဓါဆိုတဲ့ဥစ္စာတွေ အများကြီးရှိသူဖြစ်တယ်တဲ့။

ဒီတော့ ဆင်းရဲသူ၊ ချမ်းသာသူရယ်လို့ လူတန်းစားခွဲခြားတဲ့နေရာမှာ ဘာနဲ့တိုင်းတာရမလဲဆိုတော့ သဒ္ဓါနဲ့တိုင်းတာရမယ်၊ သဒ္ဓါနည်းသူ၊ သဒ္ဓါမွဲသူ၊ သဒ္ဓါမရှိသူဟာ လူဆင်းရဲ၊ သဒ္ဓါရှိသူ၊ သဒ္ဓါအားကောင်းသူဟာ လူချမ်းသာ၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

သုပ္ပဗုဒ္ဓမှာချမ်းသာတာ သဒ္ဓါ၊ ဘာတဲ့လဲ (သဒ္ဓါပါဘုရား)

သုပ္ပဗုဒ္ဓမှာရှိတဲ့ဥစ္စာက သဒ္ဓါ၊ ဘာတဲ့လဲ (သဒ္ဓါပါဘုရား)

ဒီတော့ တရားနာပရိသတ်ရေ၊ သုပ္ပဗုဒ္ဓကို လူဆင်းရဲလို့ခေါ်မလား၊ လူချမ်းသာလို့ခေါ်မလား။ (လူချမ်းသာလို့ ခေါ်ရမှာပါဘုရား)

ဒီလိုဆိုရင် လောကမှာမဆင်းရဲသူ ချမ်းသာသူဟာ သဒ္ဓါရှိသူပဲနော် (မှန်လှပါဘုရား)

ဆင်းရဲချမ်းသာ ခွဲခြားလိုက်တော့ သုပ္ပဗုဒ္ဓလူနူကြီးဟာ ဘယ်ထဲပါသွားသလဲ (ချမ်းသာတဲ့အထဲ ပါသွားပါတယ်ဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ

(ဆင်းရဲချမ်းသာ ခွဲခြားပါတရားပါဘုရား)

ဒီနေ့တရားနာနေကြတဲ့ ဒကာ, ဒကာမတွေကော ဘယ်ထဲပါ (ချမ်းသာတဲ့အထဲ ပါပါတယ်ဘုရား)

http://www.dhammadownload.com



ဟုတ်, ဟုတ်၊ မဟုတ်ဟုတ် ကိုယ့်ကိုယ်ကိုတော့ ကောင်းတဲ့အထဲ ချမ်းသာတဲ့အထဲသာ ထည့်လိုက်။ အဲဒါ အကောင်းဆုံးပဲနော် (မှန်လှပါဘုရား)

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေက သဒ္ဓါကောင်းကြပါတယ်၊ သဒ္ဓါကောင်းတဲ့အတွက် သံဃာတော်များကို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါး လှူနေကြတယ်ဆိုတော့ စောစောက ဒကာ, ဒကာမတွေထည့်လိုက်တာ မှန်ပါတယ်။

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- မဆင်းရဲသူ၊ ချမ်းသာသူ၊ ဘယ်သူဖြစ်သလဲ။
- မဆင်းရဲသူ၊ ချမ်းသာသူ၊ သဒ္ဓါရှိသူပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားကာ၊ သေချာပြတာပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားပါ၊ မှတ်ပါတရားပဲ။

၂။　ငါဟာ ကိုယ်နှုတ်ကို လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်တဲ့ သီလချမ်းသာတဲ့ လူချမ်းသာကြီးဖြစ်တယ်၊ သီလဆိုတဲ့ဥစ္စာတွေ အများကြီးရှိတယ်တဲ့။

ဒီတော့ ဆင်းရဲ၊ ချမ်းသာခွဲခြားတဲ့နေရာမှာ သီလရှိတာ, မရှိတာနဲ့ ခွဲခြားရမယ်နော် (မှန်လှပါဘုရား)

သုပ္ပဗုဒ္ဓလူနူကြီးမှာ ချမ်းသာတာ, ရှိတာက ဘာတဲ့လဲ (သီလပါဘုရား)

သီလမရှိရင် လူဆင်းရဲ သီလရှိရင် လူချမ်းသာခေါ်တယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- မဆင်းရဲသူ၊ ချမ်းသာသူ၊ ဘယ်သူဖြစ်သလဲ။
- မဆင်းရဲသူ၊ ချမ်းသာသူ၊ သီလရှိသူပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားကာ၊ သေချာပြတာပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားပါ၊ မှတ်ပါတရားပဲ။

စီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရှိန်အဝါတွေမရှိတာ ရှက်စရာမလိုဘူး၊

http://www.dhammadownload.com



သီလမရှိရင် ရှက်စရာကောင်းတယ်၊ ဒါ့ကြောင့် ကိုယ်နဲ့ မကောင်းတာတွေ မလုပ်မိဖို့ နှုတ်နဲ့ မကောင်းတာတွေ မပြောမိဖို့ လိုတယ်နော် (မှန်လှပါဘုရား)

စီးပွားဥစ္စာတွေ၊ ရာထူးဂုဏ်သိန် အရှိန်အဝါတွေမရှိလို့ အပါယ်မကျနိုင်ဘူး၊ သီလမရှိရင်၊ သီလပျက်စီးရင် အပါယ်ကျနိုင်တယ်နော် (မှန်လှပါဘုရား)

ဘုန်းကြီးတို့က စာလွတ်ပေလွတ်ပြောနေတာမဟုတ်ဘူး၊ စာလာပေလာ ဘုရားအဟောအတိုင်းပြောနေတာပါ။

အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်မှာ ဗျသနသုတ္တန်ဆိုတာရှိတယ်၊ ဒကာ, ဒကာမတွေ နေ့တိုင်းဆုတောင်းနေတဲ့ ဗျသနတရားငါးပါးပါပဲ၊ ဗျသနတရား ဘယ်နှစ်ပါးတဲ့လဲ (ငါးပါးပါဘုရား)

လွှဲသွားအောင် ရေကြည့်လိုက်ပါ (မရေတတ်၊ မရေကြ)

ကဲ-ထားတော့၊ ဘုန်းကြီးပဲ ရေတွက်ရင်း ဟောတော့မယ်။

အဲဒီ ဗျသနသုတ္တန်လေးကို နာကြည့်ကြပါဦးစို့ -

ပဉ္စိမာနိ ဘိက္ခဝေ ဗျသနာနိ။

*(အံ၊ ပါဠိ၊ ၂ ၁၂၉)*

ရဟန်းတို့ ပျက်စီးခြင်းဗျသနတရားငါးပါးရှိတယ်။

ကတမာနိပဉ္စ

အဲဒီ ပျက်စီးခြင်းဗျသနတရားငါးပါးက ဘာတွေလဲဆိုတော့ -

၁။ ဉာတိဗျသနံ - ဆွေမျိုးတွေပျက်စီးခြင်း။
၂။ ဘောဂဗျသနံ - စီးပွားဥစ္စာတွေပျက်စီးခြင်း။
၃။ ရောဂဗျသနံ - အနာရောဂါနှိပ်စက်ပျက်စီးခြင်း။
၄။ သီလဗျသနံ - ကိုယ်ကျင့်သီလပျက်စီးခြင်း။
၅။ ဒိဋ္ဌိဗျသနံ - အယူဝါဒလွဲမှားပျက်စီးခြင်းတို့ ဖြစ်တယ်တဲ့။

ပျက်စီးခြင်းဗျသနတရားဟာ ဘယ်နှစ်ပါးတဲ့လဲ (ငါးပါးပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ဉာတိ+ဘောဂ၊ ရောဂ+သီလာ၊ ဒိဋ္ဌိပါ၊ ငါးဖြာဗျသန။

http://www.dhammadownload.com



- ဆွေမျိုး+စီးပွား၊ ရောဂါများလျက်၊ ကိုယ်ကျင့်ပျက်ပြား၊ အယူမှား ငါးပါးဗျသန။

**န ဘိက္ခဝေ သတ္တာ ဉာတိဗျသန ဟေတုဝါ, ဘောဂဗျသနဟေတုဝါ, ရောဂဗျသန ဟေတုဝါ ကာယဿဘေဒါပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။** *(အံ၊ ပါ၊ ၂၊ ၁၂၉၊ ၁၃၀)*

ရဟန်းတို့၊ ဆွေမျိုးပျက်စီးခြင်း၊ စီးပွားပျက်စီးခြင်း၊ အနာရောဂါနှိပ်စက် ပျက်စီးခြင်းဆိုတဲ့ ဒီပျက်စီးခြင်းသုံးမျိုးကြောင့် သေရင် အပါယ်မရောက်နိုင် ပါဘူးတဲ့။

**သီလဗျသနဟေတုဝါ ဘိက္ခဝေ သတ္တာ ဒိဋ္ဌိဗျသနဟေတုဝါ ကာယဿ ဘေဒါပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။**

*(အံ၊ ပါ၊ ၂၊ ၁၃၀)*

ရဟန်းတို့၊ ကိုယ်ကျင့်သီလပျက်စီးခြင်း၊ အယူဝါဒလွဲမှားပျက်စီးခြင်း ဆိုတဲ့ ဒီပျက်စီးခြင်းနှစ်မျိုးကြောင့် သေရင် အပါယ်ရောက်မှာသေချာတယ်တဲ့။

ဒီတော့ အယူဝါဒလွဲမှားပျက်စီးမှာ၊ သီလပျက်စီးမှာ ကြောက်စရာ ကောင်းတယ်နော် (မှန်လှပါဘုရား)

ကြောက်တော့ ဩကာသကန်တော့ခန်းထဲ ဘာလုပ်ထား (ဆုတောင်း ထားပါတယ်ဘုရား) ဆုတောင်းရုံနဲ့မရဘူး၊ သီလရှိပြီး ဆုတောင်းမှ အပါယ် လွတ်မှာနော် (မှန်လှပါဘုရား)

**ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စဗျသနာနိ။**

ရဟန်းတို့၊ ပျက်စီးခြင်းတွေဟာ ဒီငါးပါးပဲလို့ ဟောကြားတော်မူတယ်။

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ဆွေမျိုး+စီးပွား၊ ရောဂါများ၊ ပျက်ပြား အပါယ်မရောက်ပါ။
- သီလ+ယူမှား၊ ဤနှစ်ပါး၊ ပျက်ပြား အပါယ်ရောက်သေချာ။

၃။ ငါဟာ မကောင်းတဲ့ ဒုစရိုက်တွေလုပ်ရမှာ၊ ပြောရမှာ၊ ကြံရမှာ ရှက် ခြင်းဆိုတဲ့ ဟိရီချမ်းသာတဲ့ လူချမ်းသာဖြစ်တယ်၊ ဟိရီဆိုတဲ့ဥစ္စာတွေ အများ ကြီးရှိသူဖြစ်တယ်တဲ့။

http://www.dhammadownload.com



ဒီတော့ အရှက်မရှိရင် ဆင်းရဲသူ၊ အရှက်ရှိရင် ချမ်းသာသူလို့ ဆင်းရဲ ချမ်းသာ ကွဲပြားအောင် ခွဲခြားရမယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- မဆင်းရဲသူ၊ ချမ်းသာသူ၊ ဘယ်သူဖြစ်သလဲ။
- မဆင်းရဲသူ၊ ချမ်းသာသူ၊ အရှက်ရှိသူပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားကာ၊ သေချာပြတာပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားပါ၊ မှတ်ပါတရားပဲ။

၄။ ငါဟာ မကောင်းတဲ့ဒုစရိုက်တွေလုပ်ရမှာ၊ ပြောရမှာ၊ ကြံရမှာ ထိတ်လန့်ခြင်း၊ ကြောက်ခြင်းဆိုတဲ့ ဩတ္တပ္ပချမ်းသာတဲ့ လူချမ်းသာဖြစ်တယ်၊ ဩတ္တပ္ပဆိုတဲ့ဥစ္စာတွေ အများကြီးရှိသူဖြစ်တယ်တဲ့။

ဒီတော့ တိုတိုရှင်းရှင်း လိုရင်းပြောရင် ဩတ္တပ္ပမရှိသူဟာ ဆင်းရဲသူ၊ ဩတ္တပ္ပရှိသူဟာ ချမ်းသာသူဖြစ်တယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- မဆင်းရဲသူ၊ ချမ်းသာသူ၊ ဘယ်သူဖြစ်သလဲ။
- မဆင်းရဲသူ၊ ချမ်းသာသူ၊ အကြောက်ရှိသူပဲ။
- ဆင်းရဲ, ချမ်းသာ၊ ခွဲခြားကာ၊ သေချာပြတာပဲ။
- ဆင်းရဲ, ချမ်းသာ၊ ခွဲခြားကာ၊ မှတ်ပါတရားပဲ။

အဲဒီ အရှက်၊ အကြောက်တရားနှစ်ပါးကို လောကပါလ (လောကကြီးကိုစောင့်ရှောက်တဲ့) တရားနှစ်ပါးလို့ခေါ်တယ်။

ဒွေ မေ ဘိက္ခဝေ ဓမ္မာ သုက္ကာ လောကံပါလေန္တိ။ ကတ မေ ဒွေ - ဟိရီစဩတ္တပ္ပဉ္စ။ *(အံ၊ ပါ၊ ၁၊ ၅၃)*

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- လောကစောင့်တတ်၊ တရားမြတ်၊ သိမှတ် ရှက်, ကြောက်တာ။
- လောကပါလ၊ တရားလှ၊ ဟောပြစောမြတ်စွာ။

http://www.dhammadownload.com



နောက်ပြီးတော့ အဲဒီ အရှက်၊ အကြောက်တရားနှစ်ပါးကို ဒေဝဓမ္မလို့ ဆိုတယ်။

ဒေဝဓမ္မဆိုတာ သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်တို့ရဲ့ အကျင့်တရားလို့ ဆိုတယ်။

အဲဒီ အရှက်၊ အကြောက်တရားတွေနဲ့ပြည့်စုံသူတွေကိုလည်း ဒေဝဓမ္မလို့ ဆိုရတယ်။

ဒီတော့ နတ်သုံးမျိုးရဲ့အကျင့်တရားနှစ်ပါးကို ဒေဝဓမ္မ၊ အဲဒီတရားနှစ်ပါးကို ကျင့်သုံးသူတွေကိုလည်း ဒေဝဓမ္မလို့ ဆိုလိုတယ်နော် (မှန်လှပါဘုရား)

ဒေဝဓမ္မကို သိအောင်လုပ်ရမယ်၊ သိပြီးရင် ဒေဝဓမ္မကို လိုက်နာကျင့်သုံးရမယ်၊ ဒေဝဓမ္မကို သိတဲ့ ကျင့်တဲ့အတွက်ကြောင့် ဘီလူးဘေးလွတ်ကင်းရပုံကို ဒေဝဓမ္မဇာတ်တော်မှာကြည့်ပါ။

ဟိရိဩတ္တပ္ပ သမ္ပန္နာ၊
သုက္က ဓမ္မ သမာဟိတာ၊
သန္တော သပ္ပုရိသာ လောကေ၊
ဒေဝဓမ္မာတိ ဝုစ္စရေ။

*(ဇာ၊ ပါ၊ ၁၊ ၂)*

လောကေ - လောက၌။ ဟိရိဩတ္တပ္ပ သမ္ပန္နာ - ရှက်, ကြောက်တရား၊ ဤနှစ်ပါးနှင့်၊ ထင်ရှားနေ့ညပြည့်စုံကြကုန်သော။ သုက္ကဓမ္မသမာဟိတာ- ရှက်, ကြောက်နှစ်ပါး၊ အစထားဆို၊ ကုသိုလ်တရား၊ အစားစားနှင့်၊ မမှားမုချ၊ ပြည့်စုံကြကုန်သော။ သန္တော-ငြိမ်သက်အမှန်၊ ကာယကံစသည်၊ အလီလီနှင့်၊ တည်ကြည်အေးမြ၊ ပြည့်စုံကြကုန်သော။ သပ္ပုရိသာ - သူတော်သူကောင်း၊ သူတော်ကောင်းတို့ကို။ ဒေဝဓမ္မာတိ-ဒေဝဓမ္မတို့ဟူ၍။ ဝုစ္စရေ-ကောင်းစွာမသွေ၊ ဆိုအပ်ပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။
ကဲ-လင်္ကာလေးတွေလိုက်ဆို -

http://www.dhammadownload.com



- ဒေဝမ္မ၊ ခေါ်ဆိုရ၊ မှတ်ကြရှက်, ကြောက်တာ။
- နတ်မြတ်သုံးပါး၊ ကျင့်တရား၊ မှတ်သားမြဲသေချာ။
- ကျင့်သူကိုလည်း ခေါ်ရမြဲ၊ မလွဲမှတ်သေချာ။
- ဒေဝဓမ္မ၊ သိ, ကျင့်က၊ ဘယသေးရန်ကွာ။

၅။ ငါဟာ သူတော်ကောင်းတရားတွေကို နာကြားလေ့လာဆည်းပူးထားခြင်းဆိုတဲ့ သုတချမ်းသာသူဖြစ်တယ်၊ သုတဥစ္စာတွေ အများကြီးရှိသူဖြစ်တယ်တဲ့။

ဒီတော့ အကြားအမြင်ဗဟုသုတမရှိရင် ဆင်းရဲသူ၊ အကြားအမြင်ဗဟုသုတရှိရင် ချမ်းသာသူဖြစ်တယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- မဆင်းရဲသူ၊ ချမ်းသာသူ၊ ဘယ်သူဖြစ်သလဲ။
- မဆင်းရဲသူ၊ ချမ်းသာသူ၊ သုတရှိသူပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားကာ၊ သေချာပြတာပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားပါ၊ မှတ်ပါတရားပဲ။

၆။ ငါဟာ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ စာဂချမ်းသာသူဖြစ်တယ်၊ စာဂဆိုတဲ့ဥစ္စာတွေ အများကြီးရှိသူဖြစ်တယ်တဲ့။

## စာနာတတ်သူ+စာတတ်သူ

ဘုန်းကြီးတို့ကတော့ စာဂကို လွယ်လွယ်ပြောရရင် စာနာတတ်တာကို စာဂတဲ့။ ဘာတဲ့လဲ (စာနာတတ်တာကို စာဂပါဘုရား)

အေး-ဟုတ်ပြီ ဘယ်လိုစာနာတတ်တာလဲဆိုတော့ ရတနာသုံးပါး မိဘဆရာသမား၊ မိတ်ကောင်း ဆွေကောင်းများရဲ့အပေါ်မှာ အထီးကျန်မွဲ ဆင်းရဲတဲ့ပုဂ္ဂိုလ်များရဲ့အပေါ်မှာ စာနာထောက်ထားပြီးတော့ လှူတာ၊ ပေးတာ၊ ကျွေးတာ၊ စွန့်ကြဲတာဟာ စာနာတတ်တာပါပဲ။ အရာရာမှာ ကိုယ်ချင်းစာတရားထားတာဟာလည်း စာနာတတ်တာပါပဲ။

http://www.dhammadownload.com



ဒကာ, ဒကာမတွေ စာတတ်ရဲ့လား (တတ်ပါတယ်ဘုရား) ဘယ်လို တတ်တာလဲ (ဘွဲ့ရထားပါတယ်ဘုရား) ဘုန်းကြီးပြောလိုတာက အဲဒီ ဘွဲ့ရတဲ့ စာတတ်တာကို ပြောလိုတာမဟုတ်ပါဘူး၊ စာနာတတ်မှ စာတတ်တာကို ပြောလိုတာပါ။ ဘွဲ့တွေ ဘယ်လောက်ကြီးပဲရရ စာနာတတ်တာမရှိရင် စာတတ်သူ မခေါ်ချင်ပါဘူး၊ ဘုန်းကြီးက စာနာတတ်တဲ့ "စာ" တစ်လုံးတတ်ရင် စာတတ်သူလို့ ခေါ်ချင်ပါတယ်။

ဒီတော့ စာဂမရှိရင် ဆင်းရဲသူ၊ စာဂရှိရင် ချမ်းသာသူဖြစ်တယ်နော် (မှန်လှပါဘုရား)

သုပ္ပဗုဒ္ဓလူနူကြီးမှာ ဒကာ, ဒကာမတွေမှာ စာဂမရှိဘူးလား (ရှိတယ် တယ်ဘုရား)

ဒါဆိုရင် ဘယ်လိုလူပါလိမ့် (ချမ်းသာတဲ့လူပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- မဆင်းရဲသူ၊ ချမ်းသာသူ၊ ဘယ်သူဖြစ်သလဲ။
- မဆင်းရဲသူ၊ ချမ်းသာသူ၊ စာဂရှိသူပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားကာ၊ သေချာပြတာပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားပါ၊ မှတ်ပါတရားပဲ။
- စာနာတတ်သူ၊ စာတတ်သူ၊ ရှင်လူခေါ်အမြဲ။
- ကိုယ်ချင်းစာနာ၊ အရာရာ၊ ထားတာစာတတ်ပဲ။
- စာနာတစ်လုံး ခါခါသုံး၊ ရွှင်ပြုံးဆောင်အမြဲ။

၇။ ငါဟာ အကျိုးရှိတာ, မရှိတာကို သေသေချာချာ ရေရေရာရာသိမြင်တဲ့ ပညာ၊ ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့အပေါ်မှာ မမြဲဘူး၊ ဆင်းရဲတယ်၊ အနှစ်သာရမရှိဘူးလို့ ဟုတ်မှန်တဲ့အတိုင်း သိမြင်တဲ့ ဝိပဿနာပညာ၊ ချမ်းသာသူဖြစ်တယ်၊ ပညာဆိုတဲ့ဥစ္စာတွေ အများကြီးရှိသူဖြစ်တယ်တဲ့။

ဒီတော့ လောကီပညာ၊ လောကုတ္တရာပညာမရှိရင် ဆင်းရဲသူ၊ လောကီပညာ၊ လောကုတ္တရာပညာတွေရှိရင် ချမ်းသာသူဖြစ်တယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ-လင်္ကာလေးတွေလိုက်ဆို -

- မဆင်းရဲသူ၊ ချမ်းသာသူ၊ ဘယ်သူဖြစ်သလဲ။
- မဆင်းရဲသူ၊ ချမ်းသာသူ၊ ပညာရှိသူပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားကာ၊ သေချာပြတာပဲ။
- ဆင်းရဲချမ်းသာ၊ ခွဲခြားပါ၊ မှတ်ပါတရားပဲ။

မိန်းမမှာပဲဖြစ်ဖြစ်၊ ယောက်ျားမှာပဲဖြစ်ဖြစ်၊ အဲဒီ သဒ္ဓါ စတဲ့ သူတော်ကောင်းဥစ္စာတွေရှိရင် ဆင်းရဲသူမဟုတ်ဘူး၊ ချမ်းသာတဲ့သူဖြစ်တယ်၊ အဲဒီ သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေနဲ့ပြည့်စုံတဲ့ ယောက်ျား၊ မိန်းမရဲ့ အသက်ရှည်ခြင်း၊ အသက်ရှင်ခြင်းဟာ အချည်းနှီးမဟုတ်ဘူး၊ အကျိုးရှိတဲ့ လူဖြစ်ရကျိုးနပ်တဲ့ အသက်ရှည်ခြင်း၊ အသက်ရှင်ခြင်းဖြစ်တယ်လို့ ဘုရားစတဲ့ သူတော်ကောင်းကြီးတွေက ပြောဆိုတော်မူကြတယ်။

**ဣမာနံ မေ သတ္တဝိဓာရိယဓနာနိ သန္တိ၊**

ငါ့မှာ သဒ္ဓါစတဲ့ ခုနစ်ပါးသော သူတော်ကောင်းဥစ္စာတွေ ရှိတယ်။

**ယေသညိ ဣမာနိ သတ္တ ဓနာနိ သန္တိ၊ န တေ ဗုဒ္ဓေဟိ ဝါ ပစ္စေက ဗုဒ္ဓေဟိ ဝါ "ဒလိဒ္ဒါ" တိ ဝုစ္စန္တီတိ၊**

အဲဒီစကားဟာ မှန်တယ်။ သဒ္ဓါစတဲ့ ခုနစ်ပါးသော သူတော်ကောင်း ဥစ္စာတွေရှိတဲ့သူတွေကို ဘုရား၊ ပစ္စေကဗုဒ္ဓါတို့က ဆင်းရဲသူလို့ မဆိုကြဘူး၊ မဟောကြ၊ မပြောကြဘူးတဲ့။

ဒီတော့ ဒီတရားတော်ကို အကျဉ်းချုပ်လိုက်ရင် သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေမရှိရင် လူဆင်းရဲ၊ လူမွဲ။

သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေရှိရင် လူချမ်းသာလို့ ကွဲပြားအောင် ခွဲခြားမှတ်သားရမယ်လို့ အသိဉာဏ်ပေးတဲ့ ဘာတရားတဲ့လဲ (ဆင်းရဲချမ်းသာ ခွဲခြားပါတရားတော်ပါဘုရား)

တရားပေါ်ပြီလား (ပေါ်ပါပြီဘုရား) တရားပေါ်ပေမယ့် တရားက မပြီးသေးဘူး၊ ဟောစရာတွေ ကျန်သေးတယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ ကိုယ့်ကိုယ်ကို လူဆင်းရဲလား၊ လူချမ်းသာလားဆိုတာကို ဒီတရားတော်နဲ့ ခွဲခြားဝေဘန် သုံးသပ်ဆုံးဖြတ်ကြည့်ရမယ်နော် (မှန်လှပါ ဘုရား)

**သဏ္ဌော တဿ ကထံ သုတွာ တံ အန္တရာ မဂ္ဂေ ဩဟာယ သတ္ထု သန္တိကံ ဂန္တွာ သဗ္ဗံ တံ ဝစနပဋိဝစနံ အာရောစေသိ။**

သိကြားမင်းဟာ အဲဒီသုပ္ပဗုဒ္ဓလူနာရဲ့စကားကိုကြားပြီးတော့ အဲဒီ သုပ္ပဗုဒ္ဓလူနာကို လမ်းခရီးအကြား စွန့်ထားခဲ့ပြီးတော့ ဘုရားထံအရင်ရောက် အောင်သွားတယ်၊ သွားပြီးတော့ သူနဲ့ သုပ္ပဗုဒ္ဓနဲ့ပြောတဲ့စကားတွေ အကုန်လုံး ဘုရားလျှောက်ထားပြတယ်။

**အထနံ ဘဂဝါ အာဟ "န ခေါ သက္က သက္ကာ တာဒိသာနံ သတေနပိ သဟဿေနပိ သုပ္ပဗုဒ္ဓကုဋ္ဌိ 'ဗုဒ္ဓေါ န ဗုဒ္ဓေါ' တိ ဝါ 'ဓမ္မော န ဓမ္မော' တိဝါ, 'သံဃော န သံဃော' တိဝါ, ကထာပေတုံ" န္တိ၊**

အဲဒီလို သိကြားမင်းက လျှောက်ထားပြတော့ သိကြားမင်းကို ဘုရား က ဒီလိုပြောတယ် "သိကြားမင်း၊ သင့်လို သိကြားမင်းတစ်ယောက်တည်း တော့မပြောနဲ့၊ သင့်လို သိကြားမင်းပေါင်းတစ်ရာ၊ တစ်ထောင်ကနေပြီးတော့ သုပ္ပဗုဒ္ဓလူနာကို ဘုရားသည် ဘုရားမဟုတ်ဘူး၊ တရားသည် တရားဟုတ်ဘူး၊ သံဃာသည် သံဃာမဟုတ်ဘူးလို့ပြောခိုင်းလည်း ပြောမှာမဟုတ်ဘူး၊ ပြော လည်း မပြောရုံပဲ၊ ပြောခိုင်းလို့ ဘယ်တော့မှမရဘူးလို့ ပြောတော်မူတယ်။

ဒီတော့ တရားနာပရိသတ်၊ သုပ္ပဗုဒ္ဓလူနာဟာ သောတာပန်ဂုဏ်ထူး ရထားသူဆိုတော့ သိကြားမင်းပြောခိုင်းတာတွေ ပြောရဲ့လား (မပြောပါ ဘုရား)

သုပ္ပဗုဒ္ဓက သောတာပန်မို့ မပြောတာနော်၊ ဘုန်းကြီးတို့ ဒကာ, ဒကာမ တွေက သောတာပန်မဖြစ်သေးရင် စိတ်ချရပါ့မလား (စိတ်ချရပါတယ်ဘုရား)

http://www.dhammadownload.com



ဘာစိတ်ချရတာလဲ၊ ဟာ - သိကြားမင်းက ရွှေ ငွေ စတဲ့ ရတနာရေတွေ အများကြီးပေးမှာဆိုတော့ တစ်သက်စာရပြီဟေ့ဆိုပြီးတော့ သိကြားမင်းခိုင်းတဲ့အတိုင်းပြောမှာ စိတ်ချရတာလား၊ (မဟုတ်ပါဘုရား)၊ ပြောမှာစိတ်ချရတာလား၊ မပြောမှာ စိတ်ချရတာလား (မပြောမှာစိတ်ချရတာပါဘုရား)။

## သောတာပန်အင်္ဂါလေးပါး

*(သံ၊ ပါ၊ ၃၊ ၂၉၈)*

သောတာပန်ကတော့ စိတ်ချရတယ်၊ သောတာပန်ရဲ့ဂုဏ်ရည်လေးပါး ရှိတယ်။

၁။ ဘုရားမှာ မတုန်မလှုပ် ကြည်ညိုလေးစားတယ်။
၂။ တရားတော်မှာ မတုန်မလှုပ် ကြည်ညိုလေးစားတယ်။
၃။ သံဃာတော်မှာ မတုန်မလှုပ် ကြည်ညိုလေးစားတယ်။
၄။ အရိယာအပေါင်း သူတော်ကောင်းတွေ ချစ်ခင်နှစ်သက်မြတ်နိုးတော်မူတဲ့ ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းတယ်။

သောတာပန်ပုဂ္ဂိုလ်ဟာ အဲဒီဂုဏ်ရည်လေးပါးနဲ့ ပြည့်စုံတဲ့အတွက် အပါယ်လေးပါးလွတ်ဖို့ စိတ်ချရတယ်၊ ဘယ်လိုပုဂ္ဂိုလ်က ပြောခိုင်းပြောခိုင်း ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ မပြောဖို့ စိတ်ချရတယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ဘုရားဂုဏ်ရည်၊ စွဲယုံကြည်၊ အတည်သောတာပန်။
- တရားဂုဏ်ရည်၊ စွဲယုံကြည်၊ အတည်သောတာပန်။
- သံဃာ့ဂုဏ်ရည်၊ စွဲယုံကြည်၊ အတည်သောတာပန်။
- အရိယာကန္တ၊ ငါးသီလ၊ လုံလှ သောတာပန်။

ဒီတော့ သောတာပန်ဖြစ်မှ တကယ်စိတ်ချရမှာမဟုတ်လား (မှန်လှပါဘုရား)

http://www.dhammadownload.com



သောတာပန်မဖြစ်သေးရင် (တကယ်စိတ်မချရသေးပါဘုရား)

ဒီတော့ အနည်းဆုံး သောတာပန်ဖြစ်အောင် မကြိုးစားသင့်ဘူးလား (ကြိုးစားသင့်ပါတယ်ဘုရား)

## သောတာပန်ဖြစ်ကြောင်းလေးပါး

*(သံ၊ ပါ၊ ၃၊ ၃၀၂)*

အေး - သောတာပန်ဖြစ်ချင်ရင် -

၁။ သူတော်ကောင်းတွေနဲ့ ပေါင်းဖော်ရမယ်။

၂။ သူတော်ကောင်းတွေရဲ့ရုပ်နာမ်ဆိုင်ရာ၊ သစ္စာဆိုင်ရာ၊ တရားတော်တွေကို နာကြားရမယ် (ဒီအချက်ဟာ သောတာပန်ဖြစ်ဖို့ တရားနာ စရာမလိုပါဘူးကွာဆိုတဲ့သူတွေ အဓိကသတိထားရမယ့်အချက်ဖြစ်တယ်။ တရားမနာဘဲ သောတာပန်ဖြစ်ချင်နေသူတွေ သတိထားသင့်တယ်။)

၃။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေမှာ သင့်တင့်မှန်ကန်စွာ နှလုံးသွင်းရမယ်။

၄။ မဂ်ဖိုလ်ရကြောင်းတရားကောင်းတွေကို လက်တွေ့ကျကျ ကျင့်သုံးရမယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- သူတော်ကောင်းသာ၊ ပေါင်းဖော်ပါ၊ ဖြစ်မှာ သောတာပန်။
- ရုပ်နာမ်, သစ္စာ၊ တရားနာ၊ ဖြစ်မှာ သောတာပန်။
- သင့်စွာရှင်းရှင်း၊ နှလုံးသွင်း၊ ဖြစ်ခြင်း သောတာပန်။
- တရားဓမ္မ၊ ကျင့်သုံးက၊ ဖြစ်ရ သောတာပန်။
- လက်တွေ့ကျကျ၊ ကျင့်သုံးက၊ ဖြစ်ရ သောတာပန်။

## သောတာပန်မပြု+ဤခြောက်ခု

သောတာပန်ပုဂ္ဂိုလ်ဟာ မပြုမလုပ်တော့တဲ့ အလွန်အပြစ်ကြီးလေးတဲ့ အရာဌာန ခြောက်ပါးရှိတယ်။

http://www.dhammadownload.com



အဲဒီခြောက်ပါးက ဘာတွေလဲဆိုတော့ -

၁။ မာတုဃာတက - အမိသတ်ခြင်း၊

၂။ ပိတုဃာတက - အဖသတ်ခြင်း၊

၃။ အရဟန္တဃာတက - ရဟန္တာသတ်ခြင်း၊

၄။ လောဟိတုပ္ပာဒ - ဘုရားသွေးထွက်အောင်ပြုခြင်း၊

၅။ သံဃဘေဒက - သံဃာကွဲအောင်ပြုခြင်း၊

(အဲဒီငါးပါးကို ပဉ္စာနန္တရိယကံကြီးငါးပါးလို့ ခေါ်တယ်။)

၆။ အညသတ္ထာရုဒ္ဒေသ - ဘုရားမှတစ်ပါး အခြားဆရာကို ညွှန်ပြပြောဆိုခြင်းတို့ဖြစ်တယ်။

*(ရတနသုတ်ပါဠိ)*

ကဲ-လင်္ကာလေးတွေလိုက်ဆို -

၁။ အမိသတ်တာ၊ မပြုပါ၊ သေချာသောတာပန်။

၂။ အဖသတ်တာ၊ မပြုပါ၊ သေချာသောတာပန်။

၃။ မြတ်ရဟန္တာ၊ မသတ်ပါ၊ သေချာသောတာပန်။

၄။ ဘုရားသွေးထွက်၊ မပြုရက်၊ သိဆက်သောတာပန်။

၅။ သံဃာခွဲတာ၊ မပြုပါ၊ သေချာသောတာပန်။

၆။ အခြားဆရာ၊ မညွှန်ပါ၊ သေချာသောတာပန်။

သောတာပန်အကြောင်းပြောလိုက်တာ တော်တော်လေးရှည်သွားပြီ။ သုပ္ပဗုဒ္ဓအကြောင်း ဆက်ကြဦးစို့ -

သုပ္ပဗုဒ္ဓေါပိ ခေါ ကုဋ္ဌိသတ္ထာ သန္တိကံ ဂန္တွာ သတ္ထာရာ ကတပဋိသန္ထာရော သမ္မောဒမာနော အတ္တနော ပဋိလဒ္ဓဂုဏံ အာရောစေတုံ ဝုဋ္ဌာယာသနာ ပက္ကာမိ။

သုပ္ပဗုဒ္ဓလူနူကြီးကလည်း ဘုရားထံရောက်လာတယ်၊ ဘုရားက ဝမ်းမြောက်ဝမ်းသာကြိုဆိုကာ လက်ခံပြီးစကားပြောတော်မူတယ်၊ သုပ္ပဗုဒ္ဓက သူ့ရဲ့သောတာပန်ဂုဏ်ရည်ကို ဘုရားလျှောက်ထားပြီးတော့ နေရာမှထကာ ပြန်သွားတယ်။

http://www.dhammadownload.com



**အထန် အစိရပဋ္ဌနိ ဂါဝီ တရုဏာဝစ္ဆာ ဇီဝိတာ ဝေါရောပေသိ။**

ပြန်သွားလို့ မကြာမီမှာပဲ သုပ္ပဗုဒ္ဓလူနူကို နွားမကြီးက ဝှေ့သတ်လိုက်တယ်။

**သာ ကိရ ကောယက္ခိနီ ပုက္ကုသာတိကုလပုတ္တံ, ဗာဟိယံ ဒါရုစီရိယံ, တမ္ဗဒါဌိကစောရဃာတကံ, သုပ္ပဗုဒ္ဓကုဋ္ဌိန္တိ ဣမေသံ စတုန္နံ ဇနာနံ အနေက သံတေ အတ္တဘာဝေ ဂါဝီဟုတွာ ဇီဝိတာ ဝေါရောပေသိ။**

အဲဒီစကားဟာ မှန်တယ်၊ အဲဒီနွားမဟာ အမှန်ကတော့ ဘီလူးမကြီး ပါ၊ နွားမဟန်ဆောင်ပြီးတော့ -

၁။ ပုက္ကုသာတိအမျိုးသား၊

၂။ ဗာဟိယဒါရုစီရိယ၊

၃။ တမ္ဗဒါဌိက ခိုးသူသတ်သမား၊

၄။ သုပ္ပဗုဒ္ဓလူနူ

ဒီလေးယောက်လုံးကို ဘဝအရာမကအောင် သတ်ဘူးပါတယ်။

**တေ ကိရ အတီတေ စတ္တာရော သေဋ္ဌိပုတ္တာ ဟုတွာ ဧကံ နဂရ သောဘိနိံ ဂဏိကံ ဥယျာနံ နေတွာ ဒိဝသံ သမ္ပတ္တိံ အနုဘဝိတွာ သာယန္ဟ သမယေ ဧဝံ သမ္မန္တယိံသု "ဣမသ္မိံ ဌာနေ အညော နတ္ထိ၊ ဣမိဿာ အမေ့ဟိ ဒိန္နံ ကဟာပဏသဟဿဉ္စ သဗ္ဗဉ္စ ပသာဓနဘဏ္ဍံ ဂဟေတွာ ဣမံ မာရေတွာ ဂစ္ဆာမာ" တိ။**

အတိတ်တုန်းက သူတို့လေးယောက်ဟာ သူဌေးသား ဖြစ်ခဲ့ကြဘူး တယ်။ အဲဒီသူဌေးသားလေးယောက်ဟာ မြို့ကို တင့်တယ်စေသတဲ့၊ ပြည့် တန်ဆာမတစ်ယောက်ကို ဥယျာဉ်ထဲခေါ်ပြီးတော့ တစ်နေ့လုံး ကာမဂုဏ် စည်းစိမ် ခံစားကြတယ်၊ ညချမ်းအချိန်ရောက်တော့ ဒီလိုတိုင်ပင်ကြတယ်၊ ဒီနေရာမှာ ငါတို့မှတစ်ပါး ဘယ်သူမှမရှိဘူး၊ ဒီပြည့်တန်ဆာမကို တို့ပေးထား

http://www.dhammadownload.com



တဲ့ အသပြာတစ်ထောင်နဲ့ သူမှာဝတ်ဆင်ထားတဲ့ တန်ဆာတွေအားလုံးကို ယူပြီးတော့ ဒီပြည့်တန်ဆာမကို သတ်သွားရရင်ကောင်းမယ်လို့ တိုင်ပင်ကြတယ်။

ဒီနေရာလေးကြည့်ပြီးတော့ ကောက်ချက်ချရရင် ဒီသူဌေးသားလေးယောက်ဟာ ပြည့်တန်ဆာမလောက်မှ မပြည့်တဲ့စိတ်ဓာတ်ရှိတာကို တွေ့ရတယ်နော် (မှန်လှပါဘုရား)

ကိုယ်ချင်းစာတရားမရှိတာဟာ မပြည့်တာပဲမဟုတ်လား (မှန်လှပါဘုရား)

**သာ တေသံ ကထံသုတွာ "ဣမေနိလ္လဇ္ဇာ၊ မယာ သဒ္ဓိံ အဘိရမိတွာ ဣဒါနိ မံ မာရေတုကာမာ၊ ဇာနိဿာမိ နေသံ ကတ္တဗ္ဗယုတ္တက" န္တိတေဟိ မာရိယမာနာ "အဟံ ယက္ခိနီဟုတွာ ယထာမံ ဧတေ မာရေန္တိ၊ ဧဝမေဝတေ မာရေတုံ သမတ္ထာ ဘဝေယျ" န္တိ ပတ္ထနံ အကာသိ။**

ပြည့်တန်ဆာမဟာ အဲဒီသူဌေးသားလေးယောက်ရဲ့စကားကို ကြားရတဲ့အခါမှာ "ဒီလူတွေဟာ အရှက်မရှိတဲ့လူတွေ ဖြစ်တယ်၊ ငါနဲ့ပျော်ပါးပြီးတော့ ငါ့ပစ္စည်းတွေကိုယူကာ ခု ငါ့ကိုသတ်တော့မှာပဲလို့ သိတယ်၊ ပြည့်တန်ဆာမဟာ အဲဒီသူဌေးသားလေးယောက်သတ်လို့ သေသွားရတယ်၊ သေခါနီးမှာ ဒီလို ဆုတောင်းသွားတယ်၊ ငါဟာ ဘီလူးမကြီးဖြစ်ပြီး ဒီသူဌေးသားလေးယောက်လုံးကို လက်စားချေနိုင်တဲ့၊ ပြန်သတ်နိုင်တဲ့သူဖြစ်ပါစေလို့ ဆုတောင်းသွားတယ်။

**တဿနိဿန္ဒေန ဣမေ မာရေသိ။**

အဲဒီပြည့်တန်ဆာမကိုသတ်ခဲ့တဲ့ မကောင်းမှုကံရဲ့ အကျိုးဆက်ကြောင့် အဲဒီသူဌေးသားလေးယောက်လုံး အသတ်ခံရတာပဲဖြစ်တယ်။ အသေဆိုးနဲ့ သေရတာပဲဖြစ်တယ်။ ကိုယ်ပြုခဲ့တဲ့မကောင်းမှုကံ ကိုယ်ပဲ ပြန်ခံရတာပဲဖြစ်ပါယ်။

ဒီတော့ မကောင်းတာပြုခဲ့ရင် ကိုယ်တိုင်ခံရမယ်၊ ကောင်းမှုပြုခဲ့ရင် ကိုယ်တိုင်စံရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီတော့ ဘုရားရှင်တိုင်း ဟောတော်မူခဲ့တဲ့ ဆုံးမတော်မူခဲ့တဲ့ မကောင်းမှုကို ရှောင်ရမယ်၊ ကောင်းမှုကို ဆောင်ရမယ်၊ စိတ်ကိုဖြူစင်အောင် ချယ်သရမယ်၊ ဖွေဖြူအောင် မွေးမြူရမယ်ဆိုတဲ့ စကားသုံးခွန်းကို နှလုံးသွင်းလက်ကိုင်ထားရမယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- အသေဆိုးတာ၊ အကြောင်းရှာ၊ ဘယ်အရာကြောင့်လဲ။
- ပြည့်တန်ဆာအား၊ သတ်ခဲ့ငြား၊ သေသွားသေဆိုးပဲ။
- ကိုယ်ပြုခဲ့ပြန်၊ မကောင်းကံ၊ ကိုယ်ခံရမှာပဲ။
- ကိုယ်ပြုခဲ့ပြန်၊ ကောင်းမှုကံ၊ ကိုယ်စံရမှာပဲ။
- မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်မွေးမြဲ။

သမ္ဗဟုလာ ဘိက္ခူ တဿ ကာလကိရိယံ ဘဂဝတော အာရောစေတွာ "တဿ ကာ ဂတိ၊ ကေနစ ကာရဏေန ကုဋ္ဌိဘာဝံ ပတ္တော" တိ ပုစ္ဆိံ သု။

ရဟန်းတွေက သုပ္ပဗုဒ္ဓလူနူကြီး သေသွားတာကို ဘုရားလျှောက်ထားကြတယ်၊ နောက်ပြီးတော့ သုပ္ပဗုဒ္ဓရဲ့ လားရာဘဝနဲ့ ဘာကြောင့် နူနာရောဂါစွဲကပ်ရပါသလဲဘုရားလို့ မေးလျှောက်ကြတယ်။

သတ္ထာ သောတာပတ္တိဖလံ ပတွာ တဿ တာဝတိံသဘဝနေ ဥပ္ပန္နဘာဝဥ္စ တဂရသိခိပစ္စေကဗုဒ္ဓံ ဒိသွာ နိဋ္ဌုဘိတွာ အပသဗျံ ကတွာ ဒီဃရတ္တံ နိရယေ ပစ္စိတွာ ဝိပါကာဝသေသေန ဣဒါနိ ကုဋ္ဌိဘာဝပ္ပတ္တိံစ ဗျာကရိတွာ "ဘိက္ခဝေ ဣမေ သတ္တာ အတ္တနာဝ အတ္တနော ကဋုကဝိပါက ကမ္မံ ကရောန္တာ ဝိစရန္တိ" တိ ဝတွာ အနုသန္ဓိံ ယဋေတွာ ဥတ္တရိ ဓမ္မံ ဒေသေန္တော ဣမံ ဂါထမာဟ

ဘုရားရှင်က သုပ္ပဗုဒ္ဓလူနူဟာ သောတာပတ္တိဖိုလ်ရောက်ပြီး တာဝတိံသာနတ်ပြည်မှာဖြစ်ကြောင်း၊ တဂရသိခီ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို တံတွေးနဲ့ထွေးပြီး မရှိမသေပြုတဲ့အတွက် ရှည်ကြာစွာ ငရဲမှာခံရတယ်၊ အကျိုးအကြွင်းအနေနဲ့ ယခု လူနူဖြစ်ရတယ်လို့ မိန့်ကြားတော်မူတယ်။

ကဲ-လင်္ကာလေးတွေလိုက်ဆို -

http://www.dhammadownload.com



- ငရဲကြာကြာ၊ ကျရတာ၊ ဘယ်အရာကြောင့်လဲ။
- ပစ္စေကဗုဒ္ဓါ၊ ပြစ်မှားကာ၊ ငရဲကြာကျတာပဲ။
- နူနာရောဂါ၊ စွဲကပ်တာ၊ ဘယ်အရာကြောင့်လဲ။
- ပစ္စေကဗုဒ္ဓါ၊ ပြစ်မှားကာ၊ နူနာရောဂါစွဲ။

ဆက်လက်ပြီးတော့ ဘုရားက "ရဟန်းတို့ သတ္တဝါတွေဟာ မိမိ မိမိရဲ့ ထက်တဲ့၊ ခါးစပ်တဲ့အကျိုး၊ ဆင်းရဲတဲ့အကျိုးရှိတဲ့ အကုသိုလ်ကံကိုပြုပြီးတော့ သွားလာနေကြတယ်"လို့ အနုသန္ဓေဆက်စပ်ကာ ထို့ထက်အလွန်ဖြစ်တဲ့ တရားကို ဟောတော်မူလိုတဲ့အတွက်ကြောင့် အောက်ပါဂါထာကို ဟောကြားတော်မူတယ်။

စရန္တိ ဗာလာ ဒုမ္မေဓာ၊
အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊
ယံ ဟောတိ ကဋုကပ္ဖလ" န္တိ။

(ဓမ္မပဒ၊ ၅၊ ၁၊ ၃၀၄)

ဗာလာ-ခု,နောင်လောက၊ အကျိုးလှကို၊ တွေးဆအစဉ်၊ မသိမြင်ကြ၊ မိုက်မဲလှကုန်သော။ ဒုမ္မေဓာ-ပညာမဲ့သူ၊ အများလူတို့သည်။ အမိတ္တေနေဝ-ရန်သူပမာ၊ ဖြစ်နေပါသော။ အတ္တနာ-မိမိကိုယ်ဖြင့်။ ပါပကံ-အပါယ်လေးရပ်၊ ရောက်စေတတ်သော။ ကမ္မံ-ကိုယ်ပြုကိုယ်ခံ၊ အကုသိုလ်ကံကို။ ကရောန္တာ-နေ့ညအစုံ၊ ပြုကြကုန်လျက်။ စရန္တိ-စားသောက်,ပျော်ကာ၊ သွားလာ၍ နေကြလေကုန်၏။ ယံကမ္မံ-ကိုယ်တိုင်ပြုပြန်၊ အကြင်အကုသိုလ်ကံသည်။ ကဋုကပ္ဖလံ-ပူစပ်ခါးရှိုး၊ ဆင်းရဲသောအကျိုးရှိသည်။ ဟောတိ-မလွဲပုံသေ၊ ဖြစ်ရပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ခု, နောင်လောက ကောင်းကျိုးလှကို မသိမမြင် နားမလည်ကြကုန်တဲ့ ပညာမဲ့လူတန်းစားတွေဟာ မိမိကိုယ်တိုင်ပင် မိမိရဲ့ရန်သူ ဖြစ်နေကြတယ်။ အပါယ်ရောက်ကြောင်း မကောင်းတဲ့အကုသိုလ်ကံတွေကို ပြုလုပ်ပြီးတော့ သွားလာနေကြတယ်။ သူတို့ကိုယ်တိုင် ပြုလုပ်ထားတဲ့ အဲဒီအကုသိုလ်ကံတွေဟာ သူတို့ကို အလွန်ပူစပ် အလွန်ခါးတဲ့ ဆင်းရဲတဲ့အကျိုးကို ပေးမြဲဖြစ်တယ်။

http://www.dhammadownload.com



သုပ္ပဗုဒ္ဓလူနူကြီးဟာ သူပြုခဲ့တဲ့ မကောင်းတဲ့အကုသိုလ်ကံရဲ့ ခါးစပ်ပူလောင်တဲ့ ဆိုးကျိုးကို သူကိုယ်တိုင်ပဲ ခံစားသွားရတယ်နော် (မှန်လှပါဘုရား)

ဒီတော့ အကုသိုလ်ဆိုတာ အခါး၊ အစပ်၊ အပူဆိုတဲ့ အရသာနဲ့တူတယ်နော် (မှန်လှပါဘုရား)

သုပ္ပဗုဒ္ဓဟာ သူဖော်တဲ့ အကုသိုလ်ဆေးခါးကြီး သူပြန်သောက်နေရတယ်နော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ခု, နောင်လောက၊ ကောင်းကျိုးလှ၊ မသိကြသောသူ။
- ပညာမဲ့ကာ၊ ကိုယ်တိုင်သာ၊ ဖြစ်ပါများရန်သူ။
- အပါယ်ရောက်ရန်၊ အကုကံ၊ ပြုပြန်သွားလာသူ။
- သူတို့ပြုပြန်၊ အကုကံ၊ ပေးပြန်ဆင်းရဲထူ။
- ကိုယ်ပြုခဲ့ပြန်၊ အကုကံ၊ ကိုယ်ခံရမည်ဟူ။

**ဒေသနာဝသာနေ ဗဟူ သောတာပတ္တိဖလာ ဒီနိ ပါပုဏိံသု။**

**ဒေသနာဝသာနေ**-ဒေသနာတော်အဆုံး၌။ **ဗဟူ**-တရားနာသူ၊ အများလူတို့သည်။ **သောတာပတ္တိဖလာဒီနိ**-သောတာပတ္တိဖိုလ် အစရှိသည်တို့သို့။ **ပါပုဏိံသု**-ကောင်းစွာပျော်ပျော်၊ ရောက်သွားတော်မူကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဒီတရားတော်ရဲ့အဆုံးမှာ တရားနာသူတွေဟာ သောတာပတ္တိဖိုလ် အစရှိတဲ့ မဂ်ဖိုလ်ပိုင်ရှင်တွေ ဖြစ်သွားကြတယ်။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ, ဒကာမပေါင်း သူတော်ကောင်းတွေလည်း ဒီ "ဆင်းရဲချမ်းသာခွဲခြားပါ" တရားတော်မှာပါရှိတဲ့ ရှောင်စရာတွေကို ရှောင်ပြီး၊ ဆောင်စရာ လိုက်နာကျင့်သုံးစရာတွေကို လိုက်နာကျင့်သုံးနိုင်ကြကာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာမှန်ကို ကေန်ပိုင်ပိုင် ခံစားစံစားနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

*ဆင်းရဲချမ်းသာ+ခွဲခြားပါတရားတော် ပြီးပြီ။*

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော် ဘိက္ခုဝဂ်၊ ဓမ္မာရာမတ္ထေရဝတ္ထုကို တန်ဆာဆင်၍ အသိဉာဏ်ပေး ဟောကြားပြောကြားအပ်သော "တကယ်ချစ်သူ+သက်သေထူ" တရားတော်

ဒီနေ့ ဒကာ, ဒကာမတွေကိုဟောကြားမယ့်တရားတော်က ဘာတရားတဲ့လဲ (တကယ်ချစ်သူ သက်သေထူ တရားတော်ပါဘုရား)

ကဲ-စပြီးတော့ ဟောကြနာကြရအောင် -

**ဓမ္မာရာမောတိ ဣဒံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဓမ္မာရာမတ္ထေရံ အာရဗ္ဘ ကထေသိ။** *(ဓမ္မပဒ၊ ၅၊ ၂၊ ၃၆၄)* -

ဓမ္မာရာမောစတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ဓမ္မာရာမ မထေရ်ကိုအကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

**သတ္ထာရာ ကိရ "ဣတော မေ စတုမာသစ္စယေန ပရိနိဗ္ဗာနံ ဘဝိဿတီ" တိ အာရောစိတေ အနေကသဟဿာ ဘိက္ခူ သတ္ထာရံ ပရိဝါရေတွာ ဝိစရိံသု။**

မြတ်စွာဘုရားက "ဒီနေ့မှစ နောက်လေးလလွန်တဲ့အခါမှာ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူလိမ့်မယ်" လို့ မိန့်ကြားတော်မူလိုက်တော့ အထောင်မက များပြားလှတဲ့ ရဟန်းတော်တွေဟာ မြတ်စွာဘုရားကိုခြံရံပြီးတော့ လှည့်လည်နေကြတယ်။

**တတ္ထ ပုထုဇ္ဇနာ ဘိက္ခူ အဿူနိ သန္ဓာရေတုံ နာသက္ခိံသု၊**

အဲဒီရဟန်းတွေထဲမှာ ပုထုဇဉ်ရဟန်းတွေ အများကြီးပါတယ်၊ ပုထုဇဉ်ရဟန်းတွေဟာ ဝမ်းနည်းပြီးတော့ မျက်ရည်ကျကြတယ်၊ မျက်ရည်တွေကို မထိန်းနိုင်ကြဘူး။

http://www.dhammadownload.com



ဒီတော့ ပုထုဇဉ်ဆိုရင် လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် ဝမ်းနည်းစရာကြုံလာတဲ့အခါမှာ မျက်ရည်နဲ့ သက်သေပြတတ်တယ်နော် (မှန်လှပါဘုရား)

ဘုရားရဲ့စကားကိုကြားရတော့ ပုထုဇဉ် ရဟန်းတွေက ဘာနဲ့သက်သေပြ (မျက်ရည်နဲ့ သက်သေပြပါတယ်ဘုရား)

**ခီဏာသဝါနံ ဓမ္မသံဝေဂေါ ဥပ္ပဇ္ဇိ။**

ကိလေသာကင်းကွာ ရဟန္တာအရှင်သူမြတ်တွေကတော့ ဓမ္မသံဝေဂ ဖြစ်တော်မူကြတယ်။

**သဗ္ဗေပိ "ကိံ နုခေါကရိဿာမာ" တိ ဝဂ္ဂဗန္ဓနေန ဝိစရန္တိ။**

အလုံးစုံသောရဟန်းတွေဟာ "ဘယ်လိုပြုရပါလိမ့်၊ ဘယ်လိုပြုရရင်ကောင်းမလဲ"လို့ အစုဖွဲ့ပြီးတော့ သွားလာနေကြတယ်။

**ဧကောပန ဓမ္မာရာမောနာမ ဘိက္ခု ဘိက္ခူနံ သန္တိကံ န ဥပသင်္ကမတိ။**

ဓမ္မာရာမလို့ခေါ်တဲ့ ရဟန်းတစ်ပါးကတော့ ရဟန်းတွေရဲ့အထံကို မကပ်ဘဲ၊ မသွားဘဲ ခပ်ခွာခွာလေးနေတယ်။

**ဘိက္ခူဟိ "ကိံ အာဝုသော" တိ ဝုစ္စမာနော ပဋိဝစနမ္ပိ အဒတွာ "သတ္ထာကိရ စတုမာသစ္စယေန ပရိနိဗ္ဗာယိဿတိ၊ အဟဉ္စမှိ အဝီတရာဂေါ၊ သတ္ထရိ ဓရမာနေယေဝ ဝါယမိတွာ အရဟတ္တံ ပါပုဏိဿာမိ" တိ ဧကကောဝ ဝိဟာရန္တော သတ္ထာရာ ဒေသိတံ ဓမ္မံ အာဝဇ္ဇေတိ စိန္တေတိ အနုဿရတိ။**

ရဟန်းတွေက "ငါ့ရှင် ဓမ္မာရာမ၊ ဘာ့ကြောင့် ငါတို့ထံ သင်မကပ်ဘဲနေရတာလဲလို့ မေးပေမယ့် ဓမ္မာရာမရဟန်းတော်ကတော့ ဘာမှ ပြန်မပြောဘူး၊ မြတ်စွာဘုရားဟာ လေးလလွန်ရင် ပရိနိဗ္ဗာန်ပြုတော့မှာဖြစ်တယ်၊ ငါ့မှာလည်း ရာဂမကင်းသေးဘူး၊ ဘုရားကောင်း၊ တရားကောင်းတွေနဲ့ ကြုံတွေ့နေရပါလျက်နဲ့ ရာဂမကင်းသေးတာဟာ တကယ်ဇဉ်းစားတွေးတောကြည့်တော့ ရှက်စရာကောင်းတယ်၊ သက်မဲ့သက်ရှိ အရာအားလုံးကို တပ်မက်နှစ်သက်တဲ့ ရာဂနဲ့နေ၊ ရာဂနဲ့သေရမှာ ကြောက်စရာကောင်းတယ်၊ ဓမ္မာရာမ

http://www.dhammadownload.com



ရဟန်းတော်ဟာ ဒီလိုတွေးနေတယ်နော် (မှန်လှပါဘုရား) ဒီအတွေးဟာ ဓမ္မာရာမဒဿန၊ ဓမ္မာရာမအတွေးလှ အတွေးကောင်းဖြစ်တယ်။

ဒီတော့ ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ရဲ့တရားနာပရိသတ်တွေလည်း ရာဂနဲ့နေ၊ ရာဂနဲ့သာ သေသွားရမယ်ဆိုရင် ရှက်စရာ၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ဘုရားအကောင်း၊ တရားကောင်း၊ အကောင်းတွေ့ကြုံနေ။
- ရာဂနဲ့သာ၊ နေရတာ၊ ရှက်စရာကောင်းပေ။
- ရာဂနဲ့သာ၊ နေရတာ၊ ကြောက်စရာကောင်းပေ။
- ရာဂနဲ့သာ၊ သေရမှာ၊ ရှက်စရာကောင်းပေ။
- ရာဂနဲ့သာ၊ သေရမှာ၊ ကြောက်စရာကောင်းပေ။

ဘဝတိုင်း ငါ့ကို အနိုင်ယူခဲ့တဲ့ ရာဂ၊ ကိလေသာတွေကို ဘုရားကောင်း၊ တရားကောင်းတွေနဲ့ကြုံတွေ့နေရတဲ့ ဒီ ဘဝ၊ ဒီအချိန်ကောင်းလေးမှာ ငါက ပြန်ပြီးတော့ အနိုင်ယူနိုင်အောင် ကြိုး စားရမယ်၊ ဘဝတိုင်း ငါ့ကိုသတ်ခဲ့တဲ့ ရာဂကိလေသာတွေကို ခုဘဝမှာ ငါက ပြန်ပြီးတော့ သတ်နိုင်အောင် ကြိုးစားအားထုတ်ရမယ်၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့ စား၊ ပေါ့ပေါ့သွားနေလို့ မဖြစ်ဘူး၊ ဘုရားကလည်း ပရိနိဗ္ဗာန်စံတော့မှာ၊ ဘုရား သက်တော်ထင်ရှားရှိနေစဉ်မှာပဲ ကြိုးစားအားထုတ်ပြီးတော့ အရဟတ္တဖိုလ်ရောက်မှ သင့်တော်မယ်လို့ နှလုံးသွင်းကာ တစ်ပါးတည်းပဲနေပါတယ်၊ ဘုရားဟောထားတဲ့တရားတွေကို အမြဲဆင်ခြင်တယ်၊ ကြံစည်နေတယ်၊ အောက်မေ့နေတယ်။

သူ့ကိုယ်သူဆုံးမ၊ သူ့ကိုယ်သူအားပေးပြီး အရဟတ္တဖိုလ်ပန်းတိုင်ကို ဘုရားရှိစဉ်မှာပဲ အမြန်ရောက်ချင်တဲ့အတွက် သတိနဲ့၊ အသိဉာဏ်နဲ့၊ ဝီရိယနဲ့ အမြဲတစေ တရားအလုပ် အားထုတ်ကြိုးစားနေတယ်၊ အလကားမနေဘူးနော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ဘဝတိုင်းမှာ၊ ကိလေသာ၊ နိုင်တာခံရပြီ။
- ခုဘဝမှာ၊ ကိလေသာ၊ ငါက နိုင်ရမည်။
- ဘဝတိုင်းမှာ၊ ကိလေသာ၊ သတ်တာခံရပြီ။
- ခုဘဝမှာ၊ ကိလေသာ၊ ငါကသတ်ရပြီ။
- ဘုရားဟောပြ၊ တရားလှ၊ နှေ့ညဆင်ခြင်သည်။
- ဘုရားဟောပြ၊ တရားလှ၊ နှေ့ညကြံစည်သည်။
- ဘုရားဟောပြ၊ တရားလှ၊ နှေ့ညအောက်မေ့သည်။
- အရဟတ္တဖိုလ်၊ ပန်းတိုင်ကို၊ ရောက်လိုကြိုးစားသည်။
- ဘုရားရှိစဉ်၊ ပန်းတိုင်ပင်၊ ရောက်ချင်ကြိုးစားသည်။

**ဘိက္ခူ တထာဂတဿ အာရောစေသုံ "ဘန္တေ မေ့ရာမသာ တုမှေသု သိနေဟ မတ္တမ္ပိ နတ္ထိ၊ 'သတ္ထာကိရပရိနိဗ္ဗာယိဿတိ၊ ကိံ နုခေါ ကရိဿာမာ' တိ အမှေဟိ သဒ္ဓိံ သမ္မန္တနမတ္တမ္ပိနကရောတိ" တိ။**

မေ့ရာမက သူတို့ကို စကားလေးတောင် ပြန်ပြောဖော်မရတော့ ရဟန်းတွေက မြတ်စွာဘုရားကို လျှောက်ထားကြတယ် "မြတ်စွာဘုရား၊ မေ့ရာမရဟန်းဟာ မြတ်စွာဘုရားကို မချစ်တဲ့ရဟန်းဖြစ်ပါတယ်ဘုရား၊ တပည့်တော်တို့က မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မှာ၊ ဘယ်လိုပြုရရင်ကောင်းမလဲ၊ ဘယ်လိုပြုကြမလဲလို့ နှီးနှောတိုင်ပင်ကြည့်တာ နှီးနှောတိုင်ပင်လို့ လုံးဝမရပါဘုရားလို့ လျှောက်ထားကြတယ်။

**သတ္ထာ တံ ပက္ကောသာပေတွာ "သစ္စံ ကိရ တွံ ဧဝံ ကရောသီ" တိ ပုစ္ဆိ။**

ဘုရားရှင်က မေ့ရာမရဟန်းကိုခေါ်စေပြီးတော့ "ချစ်သား သင်ဟာ ဒီရဟန်းတွေလျှောက်ထားတဲ့အတိုင်း မှန်သလား"လို့ မေးတော်မူပါတယ်။

**သစ္စံ ဘန္တေတိ။**

မြတ်စွာဘုရား၊ မှန်ပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

http://www.dhammadownload.com



**ကိံ ကာရဏာတိ။**

အကြောင်းကား အဘယ့်ပါလဲလို့ ဘုရားက မေးတော်မူပါတယ်။

**တုမှေ ကိရ စတုမာ သစ္စယေန ပရိနိဗ္ဗာယိဿထ၊ အဟဉ္စမှိ အဝီတ ရာဂေါ၊ တုမှေသု ဓရန္တေသုယေဝ ဝါယမိတွာ အရဟတ္တံ ပါပုဏိဿာမီတိ တုမှေဟိ ဒေသိတံ ဓမ္မံ အာဝဇ္ဇာမိ စိန္တေမိ အနုဿရာမီ" တိ။**

အဲဒီလို ဘုရားကမေးတော့ ဓမ္မာရာမရဟန်းက "အရှင်ဘုရားတို့သည် လေးလလွန်ရင် ပရိနိဗ္ဗာန်ပြုတော့မှာလို့ သိရပါတယ်ဘုရား။ တပည့်တော်မှာ ရာဂမကင်းသေးပါဘူးဘုရား၊ အရှင်ဘုရား သက်တော်ထင်ရှားရှိနေစဉ်မှာပဲ ရာဂကင်းချင်ပါတယ်ဘုရား၊ အရဟတ္တဖိုလ် ရောက်ချင်ပါတယ်ဘုရား၊ အဲဒီလို ရာဂကင်းချင်၊ အရဟတ္တဖိုလ်ပန်းတိုင်ကို အမြန်ရောက်ချင်တဲ့အတွက်၊ ဘုရားကို တရားနဲ့ကျေးဇူးဆပ်ချင်တဲ့အတွက် အရှင်ဘုရားတို့ ဟောတော်မူထားတဲ့ တရားတော်တွေကို အမြဲဆင်ခြင်နေပါတယ်ဘုရား၊ အမြဲကြံစည်နေပါတယ်ဘုရား၊ အမြဲအောက်မေ့နေပါတယ်ဘုရားလို့ လျှောက်ထားလိုက်ပါတယ်။

ဓမ္မာရာမရဟန်းတော်ဟာ ဘုရားရဲ့စကား၊ ဘုရားရဲ့တရားတော်တွေကို သိအောင်လုပ်၊ သိအောင်နာကြားပြီးတော့ အသိကို အကျင့်နဲ့တွဲပြီးတော့ ဘုရားကို အကျင့်တရားနဲ့ ကျေးဇူးဆပ်နေတာနော် (မှန်လှပါဘုရား)

ဓမ္မာရာမ ဘာနဲ့ကျေးဇူးဆပ်နေလဲ (အကျင့်တရားနဲ့ကျေးဇူးဆပ်နေပါတယ်ဘုရား)

ဒီတော့ ဘုရားစကား သိအောင်လုပ်တာ၊ သိအောင်နာကြားတာ၊ သိပြီးတော့ကျင့်တာ၊ အသိနဲ့အကျင့်တွဲတာဟာ ဘုရားကို ကျေးဇူးဆပ်တာ အစစ်ဖြစ်တယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



## အကျင့်နဲ့ပူဇော် သာခုခေါ်

သတ္ထာ "သာဓု သာဓူ"တိ တဿ သာဓုကာရံ ဒတွာ "ဘိက္ခဝေ အညေနာပိမ ယိ သိနေဟဝန္တေန ဘိက္ခုနာ နာမ ဓမ္မာရာမ သဒိသေနေဝ ဘဝိတဗ္ဗံ။

ဓမ္မာရာမရဟန်းတော်ရဲ့ လျှောက်ထားချက်ကို ဘုရားက သာခုခေါ် လိုက်တယ်၊ သာခုဆိုတာ ကောင်းတယ်၊ ကောင်းတယ်လို့ ပြောလိုက်တာပါပဲ။

သာခုခေါ်တယ်ဆိုတာ ဘုရားက ကျေနပ်နှစ်သက်အားရ သဘောကျ တဲ့အတွက် ထောက်ခံချက်အပြည့်ပေးလိုက်တာ၊ လက်မှတ်ထိုးပေးလိုက်တာ လို့ပြောရင်လည်း ရပါတယ်။

ဒီတော့ ဒီနေရာလေးကြည့်ပြီးတော့ ကောက်ချက်ချရရင် ဘုရား သာခုခေါ်တဲ့လုပ်ငန်းဟာ တရားကျင့်တဲ့လုပ်ငန်း၊ တရားကျင့်ပြီး ကျေးဇူး ဆပ်တဲ့လုပ်ငန်း၊ အကျင့်တရားနဲ့ပူဇော်တဲ့လုပ်ငန်းဆိုတာ ပေါ်လွင်မသွားဘူး လား (ပေါ်လွင်သွားပါတယ်ဘုရား)

ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ကိုယ့်ကို ဘုရားက သာခုခေါ်စေချင်တယ်ဆိုရင် ဘုရားကို ဘာနဲ့ပူဇော်ရမလဲ (အကျင့်တရားနဲ့ ပူဇော်ရမှာပါဘုရား) ဘာနဲ့ကျေးဇူးဆပ်ရမလဲ (အကျင့်တရားနဲ့ ကျေးဇူးဆပ် ရမှာပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ဓမ္မာရာမ၊ တရားလှ၊ ကျင့်ပြသူပူဇော်။
- မြတ်စွာဗုဒ္ဓ၊ နှုတ်တော်မှ၊ ထုတ်ဟသာခုခေါ်။
- အကျင့်နဲ့သာ၊ ပူဇော်ပါ၊ မြတ်စွာသာခုခေါ်။
- တရားနဲ့သာ၊ ပူဇော်ပါ၊ မြတ်စွာသာခုခေါ်။
- သိ, ကျင့်တွဲကာ၊ ပူဇော်ပါ၊ မြတ်စွာသာခုခေါ်။

မိဘ ဆရာတွေက ကိုယ့်ကို သာခုခေါ်စေချင်တယ်ဆိုရင်လည်း အဲဒီ ဆရာ၊ မိဘတွေရဲ့စကားကို လေးလေးစားစား ရိုရိုသေသေ လိုက်နာရမယ်၊

http://www.dhammadownload.com



ကျင့်သုံးရမယ်၊ မိဘ၊ ဆရာတွေကို စိတ်ချမ်းသာမှု ပေးရမယ်နော် (မှန်လှပါဘုရား)

မိဘ၊ ဆရာဆိုတာ ကျွေးမှုပေးမှု လှူမှု သာဓုခေါ်တာမဟုတ်ဘူး၊ စကားနားထောင်ရင်၊ လိုက်နာကျင့်သုံးရင်၊ အနေအထိုင်ကောင်းရင်၊ စိတ်ချမ်းသာမှုပေးရင်၊ စိတ်ကိုဒုက္ခမပေးရင် သာဓုခေါ်ပါတယ်။

## ရင်မှာထည့်ထား+ဒီစကား

ခုခေတ် မိဘ၊ ဆရာသမားကျေးဇူးတရားများကို ခုခေတ်လူငယ်တွေ အသိနည်းတဲ့ခေတ်ဆိုတော့ လူငယ်တွေကို မှာချင်တဲ့စကားက "ငါသည် မိဘ ဆရာသမားကို ဘယ်တော့မှ ဆင်းရဲဒုက္ခမပေးပါ"ဆိုတဲ့ စကားပါပဲ။ အဲဒီ စကားလေး ရင်ထဲမှာ အမြဲထည့်ထားစေချင်ပါတယ်။

## တကယ်ချစ်သူ သက်သေထူ

ဓမ္မာရာမရဲ့ လျှောက်ထားချက်ကို ဘုရားက သာဓုခေါ်ပြီးတော့ "ရဟန်းတို့ ငါဘုရားကို တကယ်ချစ်တဲ့ရဟန်းတစ်ပါးဟာ ဓမ္မာရာမနဲ့တူအောင် ကြိုးစားသင့်တယ်၊ ဓမ္မာရာမနဲ့တူရမယ်။ ဓမ္မာရာမနဲ့တူရမယ်ဆိုတာ ဓမ္မာရာမလို တရားအကျင့်နဲ့ ပူဇော်ရမယ်၊ ဓမ္မာရာမလို တရားအကျင့်နဲ့ ကျေးဇူးဆပ်ရမယ်လို့ ဆိုလိုတာနော် (မှန်လှပါဘုရား)

ဒီတော့ ဘုရားကိုတကယ်ချစ်တဲ့သူဟာ ဘာနဲ့သက်သေထူရမလဲဆိုတော့ တရားအကျင့်နဲ့ သက်သေထူရမယ်၊ တရားကျင့်ပြီး ပူဇော်မှုနဲ့ သက်သေထူရမယ်၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

ဓမ္မာရာမရဟန်းတော်ဟာ ဘုရားကို တကယ်ချစ်တဲ့သူ ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)

ဘုရားကိုတကယ်ချစ်သူဖြစ်အောင် ဘာနဲ့သက်သေထူရမလဲ (တရားအကျင့်နဲ့ သက်သေထူရမှာပါဘုရား)

http://www.dhammadownload.com



ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ (တကယ်ချစ်သူ သက်သေထူ တရားပါဘုရား)

တရားပေါ်ပြီလား (ပေါ်ပါပြီဘုရား) တရားပေါ်ပေမယ့် တရားက မပြီးသေးဘူးနော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ငါ့ကိုချစ်က၊ တရားလှ၊ ကျင့်ပြသက်သေထူရမယ်။
- ငါ့ကိုချစ်ခင်၊ တရားပင်၊ အစဉ်ကျင့်ဆပ်ကွယ်။
- တကယ်ချစ်သူ၊ သက်သေထူ၊ ကျင့်ဖြူကျင့်ရမယ်။
- တကယ်ချစ်သူ၊ သက်သေထူ၊ ကျင့်ဖြူကျင့်ဆပ်ကွယ်။
- တကယ်ချစ်သူ၊ သက်သေထူ၊ ကြည်ဖြူဟောပြတယ်။

## ငါ့ပူဇော်ရာ+မရောက်ပါ

န ဟိ မယှံ မာလာဂန္ဓာဒီဟိ ပူဇံ ကရောန္တာ မမ ပူဇံ ကရောန္တိ နာမ

ငါဘုရားကို ပန်း၊ နံ့သာ အစရှိသည်တွေနဲ့ပူဇော်တဲ့သူတွေဟာ တကယ်တော့ ငါဘုရားကိုပူဇော်ရာမရောက်သေးဘူး၊ ပူဇော်ခြင်းအစစ် မဟုတ်သေးဘူး၊ ငါဘုရားကို တကယ်ချစ်ရာ မရောက်သေးဘူးတဲ့။

ဒီတော့ ဒကာ, ဒကာမတွေ ဘုရားကို ပန်းတွေ၊ နံ့သာတွေ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စတဲ့ လှူဖွယ်ဝတ္ထုအစုစုတွေနဲ့ နေ့စဉ်ညစဉ် ပူဇော်နေကြတာဟာ ပူဇော်ရာရောက်ရဲ့လား (မရောက်ပါဘုရား) ပူဇော်ခြင်းအစစ်ကော ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)

ပူဇော်ရာမရောက်သေးပေမယ့် ပူဇော်ခြင်းအစစ် မဟုတ်ပေမယ့် ပူဇော်တော့ပူဇော်ပါ၊ ဒါပေမယ့် အဲဒီပူဇော်ခြင်းနဲ့တော့ ရပ်မနေသင့်ဘူး၊ ဘုရားကြိုက်တဲ့ တရားအကျင့်နဲ့ပူဇော်မှုမျိုးဖြစ်အောင် ဆက်ကြိုးစားရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ပန်းနံ့သာစ၊ နေ့နှင့်ည၊ ပူဇော်ကြသောသူ။
- ငါ့ပူဇော်ရာ၊ မရောက်ပါ၊ မြတ်စွာဟောတော်မူ။

## ငါ့ပူဇော်ရာရောက်သည်သာ

**ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တာယေဝ ပန မံ ပူဇေန္တိ နာမာ" တိ ဝတွာ ဣမံ ဂါထ မာဟ**

မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား (၉)ပါး အားလျော်တဲ့အကျင့်ကို ကျင့်တဲ့သူတွေသာ ငါဘုရားကို ပူဇော်ရာရောက်တယ်၊ လောကုတ္တရာတရား (၉)ပါး ရအောင် ရောက်အောင် ကျင့်ကြံကြိုးစား ပွားများအားထုတ်သူတွေသာ ငါဘုရားကို ပူဇော်ရာရောက်တယ်၊ ငါဘုရားကို တကယ်ချစ်ရာရောက်တယ်လို့ အသိဉာဏ်ပေးတော်မူပါတယ်။

ဒီတော့, ဘုရားကိုပူဇော်ရာရောက်အောင်၊ ပူဇော်ခြင်းအစစ်ဖြစ်အောင် ဘာနဲ့ပူဇော်ရမလဲ (တရားအကျင့်နဲ့ ပူဇော်ရမှာပါဘုရား)

ဘုရားကို တကယ်ချစ်ရာရောက်အောင် ဘာနဲ့ပူဇော်ရမလဲ (တရားနဲ့ ပူဇော်ရမှာပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- လောကုတ္တရာ၊ ကိုးပါးသာ၊ လျော်စွာကျင့်သောသူ။
- မဂ်ဖိုလ်နိဗ္ဗာန်၊ တရားမှန်၊ သိရန်ကျင့်သောသူ။
- မဂ်ဖိုလ်နိဗ္ဗာန်၊ တရားမှန်၊ ရောက်ရန်ကျင့်သောသူ။
- ငါ့ပူဇော်ရာ၊ ရောက်သည်သာ၊ မြတ်စွာဟောတော်မူ။

ဆက်လက်ပြီးတော့ အကျဉ်းချုပ် အောက်ပါဂါထာတော်ကို ဟောကြားတော်မူတယ်။

http://www.dhammadownload.com



**ဓမ္မာရာမော ဓမ္မရတော၊**
**ဓမ္မံ အနုဝိစိန္တယံ၊**
**ဓမ္မံ အနုဿရံ ဘိက္ခု၊**
**သဒ္ဓမ္မာ န ပရိဟာယတိ။**

ဓမ္မာရာမော-သမထ, ဝိပဿနာ၊ တရားသာလျှင်၊ မွေ့လျော်ရာရှိသော။ ဓမ္မရတော - သမထ, ဝိပဿ်၊ တရားမြတ်၌၊ နှစ်ခြိုက်မပြတ်၊ မွေ့လျော်တတ်သော။ ဓမ္မံ-သမထ, ဝိပဿ်၊ တရားမြတ်ကို။ အနုဝိစိန္တယံ-အဖန်ဖန်အထပ်ထပ်၊ ဆင်ခြင်နှလုံးသွင်းတတ်သော။ ဓမ္မံ-သမထ, ဝိပဿ်၊ တရားမြတ်ကို။ အနုဿရံ-အမြဲမပြတ်၊ အောက်မေ့တတ်သော။ ဘိက္ခု-သံသရာဘေး၊ ဖန်ခါတွေးတတ်၊ ပုဂ္ဂိုလ်မြတ်သည်။ သဒ္ဓမ္မာ-ဗောဓိပက္ခိယ၊ မြတ်ဓမ္မနှင့်၊ နဝလောကုတ်၊ အဟုတ်တော်ကောင်း၊ သူတော်ကောင်းခေါ်၊ တရားတော်မှ။ နပရိဟာယတိ-မုချပိုင်ပိုင်၊ မဆုတ်ယုတ်နိုင်ပါပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ယနေ့ဟောနေတဲ့ ဓမ္မရာမ မထေရ်ဟာ ဓမ္မာရာမနဲ့နေတယ်၊ ဘာနဲ့နေ-(ဓမ္မာရာမနဲ့ နေပါတယ်ဘုရား)

ဓမ္မာရာမနဲ့နေလို့ ဓမ္မာရာမလို့ခေါ်တယ်နော် (မှန်လှပါဘုရား) ဓမ္မာရာမကို ရှင်းကြည့်ရအောင် -

ဓမ္မ-အာရာမ = ဓမ္မဆိုတာက သမထဓမ္မ၊ ဝိပဿနာဓမ္မ နှစ်မျိုး။ အာရာမဆိုတာက မွေ့လျော်တာ၊ ပျော်ပိုက်တာ။ အဲဒီပုဒ်နှစ်ပုဒ်ကို ပေါင်းပြောလိုက်တော့ သမထဓမ္မ၊ ဝိပဿနာဓမ္မနဲ့ မွေ့လျော်ပျော်ပိုက်နေတဲ့ ရဟန်းတော်၊ ဒီလိုမှတ်ရမယ်နော် (မှန်ပါဘုရား)

ဓမ္မနှစ်မျိုးမှာ သမထဓမ္မဆိုတာ ကိလေသာတွေ၊ ဆန့်ကျင်ဘက် နီဝရဏတရားတွေကို ငြိမ်းအေးစေတဲ့တရား ဖြစ်တယ်။

http://www.dhammadownload.com



ဝိပဿနာဓမ္မဆိုတာ ရုပ်တရား၊ နာမ်တရားတွေကို မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရ အနှစ်သာရ ဘာမှမရှိဘူးလို့ ရှုမှတ်ဆင်ခြင်ပွားများ နှလုံးသွင်းတာဖြစ်တယ်။ သက်ရှိကိုပဲကြည့်ကြည့်၊ သက်မဲ့ကိုပဲကြည့်ကြည့် တကယ်တွေ့ရတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲနော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆို -

- ကိလေဓမ္မ၊ ငြိမ်းစေက၊ သမထဟုခေါ်။
- နီဝရဏ၊ ငြိမ်းစေက၊ သမထဟုခေါ်။
- ရုပ်နာမ်ရှုကြည့်၊ မမြဲသိ၊ ဝိပဿနာခေါ်။
- ရုပ်နာမ်ရှုကြည့်၊ ဆင်းရဲသိ၊ ဝိပဿနာခေါ်။
- ရုပ်နာမ်ရှုကြည့်၊ မပိုင်သိ၊ ဝိပဿနာခေါ်။
- သက်မဲ့ရှုကြည့်၊ မမြဲသိ၊ ဝိပဿနာခေါ်။
- သက်မဲ့ရှုကြည့်၊ ဆင်းရဲသိ၊ ဝိပဿနာခေါ်။
- သက်မဲ့ရှုကြည့်၊ မပိုင်သိ၊ ဝိပဿနာခေါ်။

သူသူငါငါ သတ္တဝါတွေ ရှာနေတာက နိစ္စ၊ တကယ်တွေ့ရတာက အနိစ္စ။ ရှာနေတာက သုခ၊ တကယ်တွေ့ရတာက ဒုက္ခ၊ ရှာနေတာက အတ္တ၊ တကယ်တွေ့ရတာက အနတ္တပဲမဟုတ်လား (မှန်လှပါဘုရား)

ဒီ ဓမ္မာရာမ မထေရ်ဟာ သမထ၊ ဝိပဿနာဓမ္မမှာ မွေ့လျော်နေတယ်။ သမထ, ဝိပဿနာ ဓမ္မကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်နှလုံးသွင်းနေတယ်။

သမထ, ဝိပဿနာဓမ္မကို အမြဲတန်းအောက်မေ့နေတယ်၊ အဲဒီလို ဓမ္မနဲ့နေတဲ့ ရဟန်းတော်မှာ ဗောဓိပက္ခိယတရား (၃၇)ပါး၊ လောကုတ္တရာတရား (၉)ပါးဆိုတဲ့ သူတော်ကောင်းတရားတွေ ဘယ်တော့မှ မဆုတ်ယုတ်နိုင်တော့ဘူးနော် (မှန်လှပါ ဘုရား)

ဓမ္မနဲ့နေရင် ဓမ္မမဆုတ်ယုတ်ဘူး၊ ဓမ္မနဲ့မနေရင် ဓမ္မဆုတ်ယုတ်မယ်။ ဓမ္မာရာမလိုပဲ အခြားရဟန်းတော်တွေကို ဓမ္မနဲ့နေဖို့ ဘုရားက ဟောပြနေတာဖြစ်တယ်။

http://www.dhammadownload.com



**ဒေသနာဝသာနေ သောဘိက္ခု အရဟတ္တေ ပတိဋ္ဌဟိ။**

ဒီတရားဒေသနာတော်ရဲ့အဆုံးမှာ ဓမ္မနဲ့ပျော်ပိုက်နေတဲ့ ဓမ္မာရာမ ရဟန်းဟာ အရဟတ္တဖိုလ် တည်သွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်။

ဒီတော့ တရားနာပရိသတ်ရေ ရဟန္တာဖြစ်ချင်ရင် ဘာနဲ့နေရမလဲ (ဓမ္မနဲ့နေရမှာပါဘုရား)

ဘာနဲ့ပျော်ရမလဲ (ဓမ္မနဲ့ပျော်ရမှာပါဘုရား)

အေး ဟုတ်ပြီ ကိုယ့်သန္တာန်မှာ ဓမ္မတိုးတက်အောင် ဓမ္မနဲ့အဖော်ဖွဲ့၊ ဓမ္မနဲ့အပျော်ချဲ့ကာ ဓမ္မနဲ့နေနိုင်ကြပါစေလို့ ဘုန်းကြီးတို့ ဆန္ဒပြုဆုတောင်း ပေးခဲ့တယ်နော် (မှန်လှပါဘုရား)

ကဲ-လက်ာလေးတွေလိုက်ဆို -

- တရားတော်သာ၊ မွေ့လျော်ရာ၊ သူငါရှိပါစေ။
- တရားတော်၌၊ အာရုံစိုက်၊ နှစ်ခြိုက်နိုင်ပါစေ။
- တရားဖန်ဖန်၊ ဆင်ခြင်ကြံ၊ ဧကန်နေနိုင်စေ။
- တရားသတိ၊ အမြဲရှိ၊ ကဝိ ဖြစ်ပါစေ။
- သူတော်ကောင်းဓာတ်၊ တရားမြတ်၊ မပြတ်တိုးပါစေ။

**သမ္မတ္တာနုမ္ဗိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသိ။**

ဒီတရားတော်ကို နာယူရတဲ့အတွက် တရားနာရန်ရောက်လာသူတွေ မှာလည်း ပြော် - မြတ်စွာဘုရားကို တကယ်ချစ်သူတွေဟာ အကျင့်တရား နဲ့ပူဇော်ရမှာဖြစ်တယ်၊ အကျင့်တရားနဲ့ ကျေးဇူးဆပ်ရမှာဖြစ်တယ်၊ ဓမ္မာရာမ ရဟန်းတော်လို တရားနဲ့နေရမှာဖြစ်တယ်၊ ဓမ္မနဲ့နေရင် ဓမ္မမဆုတ်ယုတ်ဘဲ ဓမ္မတိုးတက်နေမယ်၊ ဓမ္မနဲ့နေသူဟာ ဓမ္မာရာမလိုပဲ ရဟန္တာဖြစ်နိုင်တယ် စတဲ့ အသိဉာဏ်တွေအများကြီးရပြီးတော့ အကျိုးရှိတဲ့ တရားတော် ဖြစ် သွားတယ်နော် (မှန်လှပါဘုရား)

ကဲ-ဒီနေ့ အဓိက အသိဉာဏ်ပေးဟောလိုက်တဲ့ တရာတော်က ဘာ တရားတဲ့လဲ (တကယ်ချစ်သူ သက်သေထူ) တရားတော်ပါဘုရား။

http://www.dhammadownload.com



အေးဟုတ်ပြီ "ခမ္မရာမ+ဆုတောင်းလှ"ကဗျာလေးနဲ့ တရားသိမ်းကြရအောင်၊ အားလုံး လက်အုပ်ချီ -

- "ဓမ္မာရာမ၊ ရဟန်းလှသို့၊
- ဓမ္မမွေ့လျော်၊ ဓမ္မပျော်ပြန်၊
- ဓမ္မကြံတွေး, ဓမ္မရေးပြော၊
- ဓမ္မဟောပြ၊ ဓမ္မသတိ၊
- ဓမ္မရှိစေ၊ တောင်းဆုချွေသည်၊
- ကောင်းမှုထွေထွေပြုတိုင်းတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

*တကယ်ချစ်သူ+သက်သေထူတရားတော် ပြီးပြီ၊*

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ်+ဇာတကပါဠိတော် စတ္တာလီသနိပါတ်+သရဘင်္ဂဇာတ်တော်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော "သူတော်သူကောင်း+သူတော်ကောင်း" တရားတော်

ဒီနေ့ ဦး( ) ဒေါ်( ) မိသားစုတို့က ဘဝတစ်ပါးပြောင်းသွားကြတဲ့ မိဘများဖြစ်ကြတဲ့ ဦး( ) ဒေါ်( ) တို့အားရည်စူးပြီးတော့ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိတဲ့ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းတဲ့ မိဘကျေးဇူးဆပ်ပွဲမှာ ဟောကြားမယ့်တရားတော်က "သူတော်သူကောင်း+သူတော်ကောင်း"တရားတော်တဲ့။

ဘာတရားတဲ့လဲ (သူတော်သူကောင်း သူတော်ကောင်းတရားတော်ပါဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊
ကလျာဏမိတ္တော ဒဠှဘတ္တိ စ ဟောတိ။
ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။

*(ဇာ၊ ပါ၊ ၂၊ ၁၀)*

ယော-အကြင်သူသည်။ ကတညူ-သူတစ်ပါးပြုဘူး၊ သူ့ကျေးဇူးကို၊ အထူးခါခါ၊ သိတတ်ပါ၏။ ကတဝေဒိ-သူတစ်ပါးပြုဘူး၊ သူ့ကျေးဇူးမြတ်၊ အထူးမှတ်ကာ၊ ပေးဆပ်ပါ၏။ ဓီရော - မြဲမြံနေ၍၊ တည်ကြည်လှ၏။ ကလျာဏမိတ္တော - မိတ်ကောင်းဆွေကောင်း၊ မိတ်ဆွေကောင်းသည်။ ဟောတိ-ဖြစ်၏။ ဒဠှဘတ္တိစ-မိတ်ကောင်းဆွေကောင်း စွဲမြဲစွာပေါင်းသင်း

http://www.dhammadownload.com



ဆည်းကပ်ခြင်းသည်လည်း ဟောတိ-ဖြစ်၏။ ဒုခိတဿ-ဆင်းရဲရောက်သူ၊ များရှင်လူ၏။ ကိစ္စံ-အမှုကြီး, ငယ်၊ အသွယ်သွယ်ကို။ သက္ကစ်-ရိုသေလေးစား၊ အရေးထားကာ။ ကရောတိ-မနှေးလျှင်စွာ၊ ပြုပေးပါ၏။ တထာဝိစံ-ဆိုပြော ခဲ့သည့်၊ ထိုသို့သဘောရှိသောသူကို။ သပ္ပုရိသံ-သူတော်သူကောင်း၊ သူတော် ကောင်းဟူ၍။ ပဏ္ဍိတာ - ဘုရားစသား သူတော်ကောင်းအများတို့သည်။ ဝဒန္တိ-ကောင်းစွာမသွေ၊ ဆိုတော်မူကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အဲဒီဂါထာလာတဲ့အတိုင်း လင်္ကာလေးတွေစီထားတယ်၊ အားလုံး လိုက်ဆို -

၁။ ကျေးဇူးသိသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၂။ ကျေးဇူးဆပ်သော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၃။ မြဲမြံတည်သော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၄။ မိတ်ကောင်းရှိသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၅။ မိတ်ကောင်းကပ်သော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၆။ ဆင်းရဲရောက်သူ၊ ဖေးမကူသော်၊
တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ၊
သူတော်သူကောင်း၊ သူတော်ကောင်း၊
ခေါ်ကြောင်း၊ ခြောက်ပါးလာ။

၁။ ကတညူ-ဆိုတာ ကျေးဇူးသိတာ၊

၂။ ကတဝေဒီ-ဆိုတာက ကျေးဇူးဆပ်တာ။

ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းများရဲ့ ကျေးဇူးသိတတ်သူ၊ ကျေးဇူးသိဆပ်သူကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ ခေါ်တယ်

ဒီနေ့ ဦး ( ) ဒေါ် ( ) မိသားစုက ဘဝတစ်ပါးပြောင်းသွား ကြတဲ့ မိဘများရဲ့ကျေးဇူးကို တရားကိုအောက်မေ့တဲ့ သတိရကာ ဘုရား

http://www.dhammadownload.com



အမျိုးရှိတဲ့ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း စတဲ့ လှူဖွယ်ဝတ္ထုအစုစုတွေနဲ့ လှူနေကြတာဟာ မိဘများရဲ့ကျေးဇူးကို သိနေကြ၊ ဆပ်နေကြတာဖြစ်တယ်၊ အဲဒီလို မိဘကျေးဇူး သိနေ ဆပ်နေကြတဲ့သူတွေကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ခေါ်တယ်နော် (မှန်လှပါဘုရား)

သူတော်ကောင်းဆိုတာကို လွယ်လွယ်ပြောလိုက်ရင် ကျေးဇူးသိရင် သူတော်ကောင်း၊ ကျေးဇူးဆပ်ရင် သူတော်ကောင်း၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

သူတော်ကောင်း ဟုတ်မဟုတ် ဘာနဲ့တိုင်းတာသတ်မှတ်ရမလဲဆိုရင် ကျေးဇူးသိ, မသိ၊ ကျေးဇူးဆပ်, မဆပ်နဲ့ တိုင်းတာသတ်မှတ်ရမယ်။

ဒီနေ့ မိဘ ကျေးဇူးဆပ်နေကြသူတွေဟာ တော်လည်းတော်တယ်၊ ကောင်းလည်းကောင်းတယ်၊ သူတော်ကောင်းလို့ ခေါ်တယ်နော် (မှန်လှပါဘုရား)

## ရှာသမျှ အသာရ

မိဘကျေးဇူးသိတဲ့သူတွေဟာ ဘာရှာရှာ ရှာသမျှ အသာရတယ်၊ ဘာပဲကြံကြံ ကြံသမျှ ဟန်ကျတယ်၊ ဘာပဲပြောပြော ပြောသမျှ အရာရာ လောကမှာ မမောရဘဲ မုချသေချာ အောင်မြင်ပါတယ်၊ ဘာပဲလုပ်လုပ် လုပ်သမျှ အရာရာမုချသေချာ ဟုတ်ရပါတယ်၊ အောင်မြင်ပါတယ်။

## ရှာသမျှ ပြာကျ

မိဘကျေးဇူး မသိတဲ့သူတွေကျတော့ ဘာပဲရှာရှာ ရှာသမျှ ပြာကျတယ်၊ ဘာပဲကြံကြံ ကြံသမျှ လန်ကျတယ်၊ ဘာပဲပြောပြော ပြောသမျှ အရာရာ လောကမှာ မောရပါတယ်၊ ဘာပဲလုပ်လုပ် လုပ်သမျှ ဒုက္ခနဲ့ပဲ ကြုံတွေ့ရတယ်။ ပြုတ်ကျတယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ မိဘကျေးဇူး အထူးသိဆပ်တဲ့ကုသိုလ်ထူးကြီးဟာ သိဆပ်နေကြသူ ဦး ( ) ဒေါ် ( ) မိသားစုတို့အတွက် ရှာသမျှ အသာရကြောင်း၊ ကြံသမျှ ဟန်ကျကြောင်း၊ ပြောသမျှ မမောရဘဲ အောင်မြင်ကြောင်း၊ လုပ်သမျှ ဒုက္ခနဲ့မတွေ့ရဘဲ ဟုတ်ရကြောင်း ကုသိုလ်ကောင်းကြီး ဖြစ်တယ်နော် (မှန်လှပါဘုရား)

၃။ မီးရောဆိုတာ အရာရာမှာ မပြောင်းလဲဘဲ မြဲမြဲတည်ကြည်တာဖြစ်တယ်၊ အဲဒီ မြဲမြဲတည်ကြည်သူကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ ခေါ်တယ်။ မိဘကျေးဇူးကို မြဲမြဲတည်ကြည်စွာနဲ့ ကျေးဇူးဆပ်နေကြတဲ့ ဒီနေ့မိသားစုကို ဘယ်လိုခေါ်ရမလဲ (သူတော်ကောင်းလို့ ခေါ်ရမှာပါဘုရား)

၄။ မိတ်ကောင်း ဆွေကောင်းရှိတဲ့သူကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ ခေါ်တယ်။

ဒီနေ့ မိဘကျေးဇူးဆပ်နေကြတဲ့ ဒကာ, ဒကာမတွေမှာ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားဆိုတဲ့ အကောင်းဆုံး မိတ်ကောင်းဆွေကောင်းတွေ ရှိကြတယ်နော် (မှန်လှပါဘုရား)

၅။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားဆိုတဲ့ အကောင်းဆုံးမိတ်ကောင်းဆွေကောင်းတွေကို စွဲစွဲမြဲမြဲ ဆည်းကပ်တတ်သူကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ခေါ်တယ်။

ဒီနေ့ မိဘကျေးဇူးဆပ်နေကြတဲ့ ဒကာ, ဒကာမတွေဟာ ရတနာသုံးပါး၊ မိဘဆရာသမားဆိုတဲ့ အကောင်းဆုံးမိတ်ဆွေတွေကို စွဲစွဲမြဲမြဲ ဆည်းကပ်နေသူတွေဆိုတော့ တော်တဲ့ ကောင်းတဲ့ သူတော်ကောင်းတွေပါပဲ။

၆။ ဆင်းရဲရောက်နေတဲ့ မိတ်ဆွေများကို ကူညီတတ်သူကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ ခေါ်တယ်။

ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ မိဘများအတွက် ရည်စူးပြီးတော့ ပြုတဲ့ကုသိုလ်များဟာ အကယ်၍ မိဘများဟာ ပြိတ္တာလောကဘုံဘဝ ရောက်

http://www.dhammadownload.com



နေရင် ဒီနေ့ပြုတဲ့ကုသိုလ်များကို သူတို့သိကာ ဝမ်းမြောက်နေမော် သာဓုခေါ် ဆိုနိုင်ပါက အဲဒီပြိတ္တာလောက ဆင်းရဲဒုက္ခအဝဝမှ လွတ်မြောက်ပြီး လူ့ဘုံ၊ နတ်ဘုံ အရပ်စုံမှာ စားဖွယ်၊ သောက်ဖွယ်၊ ဝတ်ဖွယ်၊ ရုံဖွယ်၊ နေဖွယ်၊ ထိုင်ဖွယ်၊ ဘုံဗိမာန် ပဒေသာပင် စတဲ့ ကောင်းကျိုးတရားတွေ ရရှိခံစားရမှာ ဖြစ်ပါတယ်။

ဒီတော့ မိဘများကို ပြိတ္တာလောက ဆင်းရဲဒုက္ခမှ ဆွဲထုတ်ကူညီရာလည်း ရောက်သွားတဲ့အတွက် ဒီနေ့ မိဘကျေးဇူးဆပ်နေသူတွေဟာ သူတော်ကောင်းတွေဖြစ်ပါတယ်လို့ အသိဉာဏ်ပေးတဲ့ "သူတော်သူကောင်း သူတော်ကောင်း" တရား။ ဘာတရားတဲ့လဲ (သူတော်သူကောင်း သူတော်ကောင်းတရားပါဘုရား)

ကဲ-လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြပါစို့ -

၁။ ကျေးဇူးသိသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၂။ ကျေးဇူးဆပ်သော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၃။ မြဲမြံတည်သော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၄။ မိတ်ကောင်းရှိသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၅။ မိတ်ကောင်းကပ်သော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

၆။ ဆင်းရဲရောက်သူ ဖေးမကူသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

* သူတော်သူကောင်း၊ သူတော်ကောင်း၊
ခေါ်ကြောင်း၊ ခြောက်ပါးလာ။

*သူတော်သူကောင်း+သူတော်ကောင်းတရားတော် ပြီးပြီ။*

http://www.dhammadownload.com



# အင်္ဂုတ္တရနိကာယ်+ဆက္ကနိပါတ် ဒုတိယပဏ္ဏာသက+အာနိသံသဝဂ်+ပါတုဘာဝသုတ္တန်ကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော "အရဟတော်လှ+လှဘာဝ" တရားတော်

ဒီနေ့ ဒကာ, ဒကာမတွေကို ဟောကြားမယ့် တရားတော်က "အရတော်လှ လှဘာဝ" တရားတော်တဲ့။

ဘာတရားတဲ့လဲ (အရတော်လှ လှဘာဝ တရားတော်ပါဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

**ဆန္နံ ဘိက္ခဝေ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊**

*(အံ၊ ပါ၊ ၂၊ ၃၈၄)*

**ဘိက္ခဝေ-ရဟန်းတို့။ လောကသ္မိံ-သတ္တလောက၌။ ဆန္နံ-ခြောက်ပါး သောအရာတို့၏။ ပါတုဘာဝေါ-ထင်ရှားရှင်းရှင်း ဖြစ်ပေါ်လာခြင်းကို။ ဒုလ္လဘော-ခက်ခဲမှန်စွာ၊ ရအပ်ပါ၏။ ဝါ-မှန်စွာအမြဲ ရနိုင်ခဲ၏။**

ရဟန်းတို့၊ သတ္တလောကမှာ ခြောက်မျိုးသောအရာတို့ရဲ့ ထင်ရှားစွာ ဖြစ်ပေါ်လာခြင်းကို ခက်ခဲသဖြင့် ရအပ်တယ်၊ ဝါ-ရနိုင်ခဲတယ်၊ ရခဲတဲ့၊ ရဖို့ ရာမလွယ်တဲ့ အရာခြောက်မျိုးရှိတယ်လို့ ဆိုလိုပါတယ်။

**ကတမေသံ ဆန္နံ -**

အဲဒီ ရခဲတဲ့အရာခြောက်မျိုးက ဘာတွေလဲဆိုတော့။

၁။ **တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊**

**လောကသ္မိံ-သတ္တလောက၌။ အရဟတော-ကိလေသာတို့မှ ဝေးကွာ တော်မူထသော။ ဝါ-ပူဇော်အထူးကို ခံယူတော်မူထိုက်ထသော။ သမ္မာ သမ္ဗုဒ္ဓဿ -အမှန်တိုင်းသာ၊ ဆရာမပြ၊ သဘာဝဖြင့်၊ မွေဖုံဖုံ၊ တရားစုံကို**

http://www.dhammadownload.com



အကုန်အစင် သိမြင်တော်မူထသော။ တထာဂတဿ - မြတ်စွာဘုရား၏။ ပါတုဘာဝေါ-ထင်ရှားစွာဖြစ်ပေါ်ခြင်းကို။ ဒုလ္လဘော-မှန်စွာအမြဲ ရနိုင်ခဲ၏။

သတ္တလောကမှာ၊ အရဟံဂုဏ်တော်နဲ့ပြည့်စုံတော်မူတဲ့ ဘုရားပွင့်ပေါ်ဖို့မလွယ်ဘူး၊ အရဟံဂုဏ်တော်ဆိုတာ ကိလေသာတွေမှဝေးကွာတဲ့ဂုဏ်တော်၊ ကိလေသာတွေမှဝေးကွာတဲ့အတွက် ပူဇော်ခံထိုက်တဲ့ဂုဏ်တော်နော် (မှန်လှပါဘုရား)

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ၊ အရဟံဂုဏ်တော်နဲ့ပြည့်စုံတဲ့ မြတ်စွာဘုရားပွင့်ရာ အခါကောင်းကြီးနဲ့ ခုကြုံမနေဘူးလား (ကြုံနေပါတယ်ဘုရား)

အေး - အဲဒီ "အရဟံ" ဂုဏ်တော်နဲ့ပြည့်စုံတော်မူတဲ့ ဘုရားပွင့်ရာအခါကောင်းကြီးနဲ့ကြုံနေရတဲ့ လူ့ဘဝကို ရရှိလာခြင်းဟာ အရမတော်တာလား၊ အရတော်တာလား (အရတော်တာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ (အရတော်လှလူ့ဘဝ တရားတော်ပါဘုရား)

ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေဟာ ကိလေသာတွေမှဝေးကွာတဲ့ ဗုဒ္ဓရဲ့သားတော်၊ သမီးတော်တွေဆိုတော့ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတွေဝေးအောင်၊ ပါးအောင်၊ နည်းအောင် လက်တွေ့လိုက်နာကျင့်သုံးရမယ်နော် (မှန်လှပါဘုရား)

အဲဒီ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေဝေးအောင်၊ ပါးအောင်၊ နည်းအောင် လက်တွေ့လိုက်နာကျင့်သုံးမှ တကယ်အရတော်လှတဲ့ လူ့ဘဝဖြစ်မှာနော် (မှန်လှပါဘုရား)

ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင်ဖြစ်တဲ့ ရေနံချောင်းမြို့ ဖျားကြီးတောင်ရပ်၊ သဒ္ဓမ္မကာရီဆရာတော်ကြီးက "အရတော်တယ်ဆိုတာ လောဘနည်းမှ အရတော်တယ်၊ ဒေါသနည်းမှ အရတော်တယ်၊ မောဟနည်းမှ အရတော်တယ်။

http://www.dhammadownload.com



ကဲ - လက်ာလေးတွေလိုက်ဆို -

- လောဘနည်းမှ၊ လူ့ဘဝ၊ အရတော်လှသည်။
- ဒေါသနည်းမှ၊ လူ့ဘဝ၊ အရတော်လှသည်။
- မောဟနည်းမှ၊ လူ့ဘဝ၊ အရတော်လှသည်။

## လူတော်လူကောင်း

လူတော်လူကောင်းဆိုတာ လောဘ၊ ဒေါသ၊ မောဟနည်းတဲ့လူကို လူတော်လို့ခေါ်တယ်၊ လူကောင်းလို့ခေါ်တယ်၊ လူတော်လူကောင်းလို့ ခေါ်တယ်။

ကဲ - လက်ာလေးတွေလိုက်ဆို -

- လောဘနည်းသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။
- ဒေါသနည်းသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။
- မောဟနည်းသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

## သူတော်သူကောင်း

သူတော်ကောင်းဆိုတာ လောဘ၊ ဒေါသ၊ မောဟ နည်းတဲ့သူကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ခေါ်တယ်လို့ အမြဲတစေ ဆုံးမတော်မူပါတယ်။

ကဲ - လက်ာလေးတွေလိုက်ဆို -

- လောဘနည်းသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။
- ဒေါသနည်းသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။
- မောဟနည်းသော်၊ တော်သူခေါ်၊ ထပ်ခေါ်ကောင်းသူပါ။

ဒီတော့ တကယ်အရတော်အောင်၊ လူတော်လူကောင်းဖြစ်အောင်၊ သူတော်ကောင်းဖြစ်အောင် အရဟံဂုဏ်တော်ကို များများပွားရမယ်၊ လက်တွေ့လည်း ကျင့်သုံးရမယ်၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

http://www.dhammadownload.com



နောက်ပြီးတော့ ဆရာမပြ၊ သဘာဝဖြင့် ဓမ္မတရား အစားစားကို၊ မမှားပိပြင်၊ သိမြင်တော်မူတဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နဲ့ပြည့်စုံတော်မူတဲ့ဘုရား ဒီလောကမှာ ပွင့်ဖို့ရာ မလွယ်ဘူးနော် (မှန်လှပါဘုရား)

အဲဒီ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားပွင့်ရာ အခါကောင်းကြီးနဲ့ကြုံရတာဟာ အရတော်တယ်၊ အရတော်လှတဲ့လူ့ဘဝကို ပိုင်ဆိုင်ရခြင်းဖြစ်တယ်။

ဒီတော့ အရဟံ ဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓပွင့်ရာ အခါကောင်းကြီးနဲ့ကြုံရတဲ့ လူ့ဘဝဟာ အရတော်တယ်မဟုတ်လား (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဘုရားမြတ်စွာ၊ လောကမှာ၊ ပွင့်လာရခဲသည်။
- အရဟံဗုဒ္ဓ၊ တွေ့ကြုံရ အရတော်လှသည်။
- သမ္မာသမ္ဗုဒ္ဓ၊ တွေ့ကြုံရ အရတော်လှသည်။
- အရတော်လှ၊ လူ့ဘဝ၊ ဟောပြခဲ့ပါသည်။

## ၂။ တထာဂတပ္ပဝေဒိတဿ ဓမ္မဝိနယဿဒေသေတာ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ။

လောကသ္မိံ-သတ္တလောက၌။ တထာဂတပ္ပဝေဒိတဿ-မြတ်စွာ ဘုရား ဟောကြားသိစေတော်မူအပ်သော။ ဓမ္မဝိနယဿ-သုတ်, အဘိဓမ္မာ, ဝိနည်းကို။ ဒေသေတာ-တစ်ဆင့်ဟောကြားတတ်သော။ ပုဂ္ဂလော-ပုဂ္ဂိုလ်ကို။ ဒုလ္လဘော-ရခဲလှပါပေ၏။

သတ္တလောကမှာ ဘုရားဟောထားတဲ့ သုတ်, အဘိဓမ္မာ, ဝိနည်းဆိုတဲ့ တရားတော်တွေကို တစ်ဆင့်ဟောကြားတတ်တဲ့ တရားဟောပုဂ္ဂိုလ်ကို ရခဲတယ်၊ ရဖို့ရာ မလွယ်ဘူး။

ဒီနေ့ မြန်မာနိုင်ငံမှာ ဘုရားဟောထားတဲ့ တရားတော်တွေကို တစ်ဆင့်ဟောကြားနေတဲ့ စာသင်တိုက်က စာချဆရာတော်တွေ၊ ရိပ်သာတိုက်က

http://www.dhammadownload.com



ဆရာတော်တွေ၊ တရားဟောဓမ္မကထိကဆရာတော်တွေ အများကြီးရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)

အဲဒီ တွေ့ရခဲတဲ့၊ တွေ့ရဖို့မလွယ်တဲ့ ဓမ္မကထိကတွေနဲ့ တွေ့နေရတဲ့ လူ့ဘဝဟာ ဘာဘဝပါလိမ့် (အရတော်လှ လူ့ဘဝပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- တရားဟောတတ်၊ ပုဂ္ဂိုလ်မြတ်၊ မပြတ်ရခဲသည်။
- ဓမ္မကထိက၊ ပုဂ္ဂိုလ်လှ၊ တွေ့ရခက်ခဲသည်။
- ဓမ္မကထိက၊ တွေ့ကြုံရ၊ အရတော်လှသည်။
- အရတော်လှ၊ လူ့ဘဝ၊ ဟောပြခဲ့ပါသည်။

## ၃။ အရိယာယတနေ ပစ္စာဇာတိ ဒုလ္လဘာ လောကသ္မိံ။

လောကသ္မိံ-သတ္တလောက၌။ အရိယာ ယတနေ-အရိယာပုဂ္ဂိုလ်၊ များထိုထိုတွေ၊ ဖြစ်ထွန်းနေရာ၊ သေချာသတ်မှတ်၊ မဇ္ဈိမဒေသအရပ်၌။ ပစ္စာဇာတိ-လူဖြစ်ရခြင်းကို။ ဒုလ္လဘာ-ရခဲလှပါပေ၏။

သတ္တလောကမှာ မြင့်မြတ်ဖြူစင် အရိယာသူတော်စင်တွေ ဖြစ်ထွန်းရာဖြစ်တဲ့ မဇ္ဈိမဒေသ ဘုရားပွင့်တဲ့အရပ်မှာ လူဖြစ်ဖို့ မလွယ်ဘူးတဲ့။

လက်ရှိအခြေအနေအရပြောရရင်တော့ ဘုရားတရားတော်တွေ နေလို လလို ထွန်းလင်းတောက်ပနေတဲ့ မြန်မာနိုင်ငံလိုအရပ်ဒေသမှာ လူဖြစ်ဖို့ မလွယ်ဘူးလို့ ပြောရမှာဖြစ်ပါတယ်၊ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ဘုရားတရားတော်တွေ အပြည့်အစုံရှိတယ်၊ အဲဒီဘုရားတရားတော်တွေ မကွယ်မပျောက်အောင် သင်ယူပို့ချတဲ့ သံဃာတော်တွေ များစွာရှိတယ်၊ အဲဒီဘုရားတရားတော်တွေလာတဲ့အတိုင်း လိုက်နာကျင့်သုံးတဲ့ ရဟန်းသံဃာတွေ၊ လူတွေ များစွာရှိတယ်ဆိုတော့ မြန်မာနိုင်ငံဟာ မြင့်မြတ်ဖြူစင် သူတော်စင်တွေ ပေါများရာ၊ ပေါ ပေါက်ရာအရပ်ဒေသဖြစ်တယ်လို့ ပြောချင်ပါတယ်၊ ဒီတော့ မြန်မာနိုင်ငံမှာဖြစ်ရတဲ့ ကိုယ့်ဘဝဟာ အရတော်တဲ့လူ့ဘဝလို့ မဆိုသင့်ဘူးလား (ဆိုသင့်ပါတယ်ဘုရား)

http://www.dhammadownload.com



ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဘုရားပွင့်ရာ၊ အရပ်မှာ၊ လူလာဖြစ်ခဲ့သည်။
- သူမြတ်ပေါ်ရာ၊ အရပ်မှာ၊ လူလာဖြစ်ခဲ့သည်။
- သူမြတ်ပေါ်လှ၊ လူဖြစ်ရ အရတော်လှသည်။
- အရတော်လှ၊ လူ့ဘဝ၊ ဟောပြခဲ့ပါသည်။

**၄။ ဣန္ဒြိယာနံ အဝေကလ္လတာ ဒုလ္လဘာ လောကသ္မိံ။**

လောကသ္မိံ-သတ္တလောက၌။ ဣန္ဒြိယာနံ-စက္ခုအစ၊ မနဆုံးထား၊ ဣန္ဒြေခြောက်ပါးတို့၏။ ဝါ-သဒ္ဓါ+ဝီရိယ မြတ်သတိနှင့်၊ သမာဓိ+ပညာ၊ ဣန္ဒြေငါးဖြာတို့၏။ အဝေကလ္လတာ-သူငါပြည့်စုံ၊ မချို့ယွင်းကုန်သည်၏အဖြစ်ကို။ ဒုလ္လဘာ-ရခဲလှပါပေ၏။

သတ္တလောကမှာ လူရယ်လို့ဖြစ်လာတဲ့အခါမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါးနဲ့ပြည့်စုံတဲ့ လူဖြစ်ဖို့ရာ မလွယ်ဘူးတဲ့။

ဒါကတော့ အဋ္ဌကထာဖွင့်အတိုင်း ပြောတာပါ။ ဦးစံထူးလို့ခေါ်တဲ့ ပညာရှိဆရာကြီးတစ်ဦးကတော့ အဲဒီအဋ္ဌကထာအဖွင့်ဟာ မှားတယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ လောကမှာ မျက်စိ, နား, နှာ စသည့် ချို့တဲ့သူနဲ့ မချို့တဲ့သူအရေအတွက် ကြည့်တဲ့အခါမှာ မချို့တဲ့သူက ပိုများလို့ပါပဲတဲ့၊ ဒါကြောင့် ဣန္ဒြေအရ ဗောဓိပက္ခိယတရား (၃၇)ပါးမှာပါတဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဣန္ဒြေငါးပါးကို ယူရမယ်လို့ ဆရာကြီးက ရှင်းပြပါတယ်။ သူ့အယူအဆဟာ တော်တော်သဘာဝကျပြီး တော်တော် လေးစားစရာကောင်းပါတယ်။

တရားနာသူတွေကတော့ ကိုယ်ကြိုက်တာပဲ ယူနိုင်ပါတယ်။

ဒီတော့ လူရယ်လို့ဖြစ်လာတဲ့အခါမှာ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ကောင်းမွန်ပြည့်စုံတဲ့ဘဝ၊ တစ်နည်းအားဖြင့်ပြောရရင် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဆိုတဲ့ ဣန္ဒြေတွေပြည့်စုံတဲ့ ဘဝပိုင်ရှင်ဖြစ်ရင် ကိုယ့်ဘဝကို အရတော်လှတဲ့လူ့ဘဝလို့ ဆိုရမှာဖြစ်ပါတယ်။

http://www.dhammadownload.com



ဒီနေ့ တရားနာနေကြတဲ့ ဒကာ, ဒကာမတွေမှာ စောစောကပြောခဲ့တဲ့ ဣန္ဒြေခြောက်ပါး၊ ဣန္ဒြေငါးပါးတွေ ပြည့်စုံသင့်သလောက် ပြည့်စုံနေကြတဲ့ အတွက် ကိုယ့်ဘဝကို အရတော်လှတဲ့လူ့ဘဝလို့ပြောမယ်ဆိုရင် ပြောလို့ရနိုင် လောက်ပါတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- မျက်စိစစွာ၊ မချို့တာ၊ သူငါရခဲသည်။
- မျက်စိစစွာ၊ ပြည့်စုံတာ၊ သူငါရခဲသည်။
- သဒ္ဓါစစွာ၊ မချို့တာ၊ သူငါရခဲသည်။
- သဒ္ဓါစစွာ၊ ပြည့်စုံတာ၊ သူငါရခဲသည်။
- မျက်စိအစ၊ မချို့က၊ အရတော်လှသည်။
- မျက်စိအစ၊ ပြည့်စုံက၊ အရတော်လှသည်။
- သဒ္ဓါအစ၊ မချို့က၊ အရတော်လှသည်။
- သဒ္ဓါအစ၊ ပြည့်စုံက၊ အရတော်လှသည်။
- အရတော်လှ၊ လူ့ဘဝ၊ ဟောပြခဲ့ပါသည်။

**၅။ အဇဠတာ အနေဠမူဂတာ ဒုလ္လဘာ လောကသ္မိံ။**

**လောကသ္မိံ-သတ္တလောက၌။ အဇဠတာ-**ထုံထိုင်းစင်စစ်၊ ဖျင်းအသူ မဟုတ်သည်၏အဖြစ်ကိုလည်းကောင်း။ **အနေဠမူဂတာ-**ခံတွင်းဆိမ့်၊ လျှော ကာကျသည်၊ အာရည်အညစ် တံတွေးရှိသူ၊ မဟုတ်သည်၏အဖြစ်ကိုလည်း ကောင်း၊ ဒုလ္လဘာရခဲလှပါပေ၏။

သတ္တလောကမှာ လူရယ်လို့ဖြစ်လာရင် မဖျင်း, မအတဲ့လူ၊ ခံတွင်းဆိက နေပြီးတော့ လျှောကျတဲ့ အာရည်အညစ်အကြေး တံတွေးမရှိဘဲ အရာရာမှာ သိတတ်ကျွမ်းကျင်လိမ္မာတဲ့ ပညာရှိလူသား၊ စကားပီသတဲ့လူသားရယ်လို့ ဖြစ်ဖို့ရာ မလွယ်ဘူးတဲ့။

ဒီတော့ ဒီနေ့တရားနာနေကြတဲ့ ဒကာ, ဒကာမတွေက မဖျင်းမအသူ တွေမဟုတ်လား (မှန်လှပါဘုရား)

http://www.dhammadownload.com



လောကရေး, ဓမ္မရေးရာအဖြာဖြာမှာ သိတတ်ကျွမ်းကျင် လိမ္မာသင့် သလောက် လိမ္မာပြီးတော့ အာရှင်းရှင်းနဲ့ အာကောင်းကောင်းနဲ့ ပြည့်ပြည့်စုံစုံ ပီပီသသ ရှင်းရှင်းလင်းလင်း ကြည်ကြည်လင်လင် ပြောတတ်ကြတယ် မဟုတ် လား (မှန်လှပါဘုရား)

ဒါဆိုရင် ကိုယ့်ဘဝဟာ ဘာဘဝပါလိမ့် (အရတော်လှ လူ့ဘဝပါ ဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- မဖျင်းအသူ၊ အာရှင်းသူ၊ ရှင်လူရခဲသည်။
- မဖျင်းမအ၊ လူ့ဘဝ၊ အရတော်လှသည်။
- အာရှင်းပီသ၊ လူ့ဘဝ၊ အရတော်လှသည်။
- အရတော်လှ၊ လူ့ဘဝ၊ ဟောပြခဲ့ပါသည်။

၆။ ကုသလေ ဓမ္မေ ဆန္ဒော ဒုလ္လဘော လောကသ္မိံ။

လောကသ္မိံ-သတ္တလောက၌။ ကုသလေ-ကုသိုလ်ဖြစ်သော။ ဓမ္မေ-တရား၌။ ဆန္ဒော-နှေးညအဟုတ်၊ အားထုတ်လိုလှ၊ မြတ်ဆန္ဒကို။ ဒုလ္လဘော-ရခဲလှပါပေ၏။

သတ္တလောကမှာ လူရယ်လို့ဖြစ်လာရင် ဒါနကုသိုလ် ပြုလုပ်ချင်တဲ့ ဆန္ဒ၊ သီလကုသိုလ် စောင့်ထိန်းချင်တဲ့ဆန္ဒ၊ သမထ, ဝိပဿနာကုသိုလ်တွေ ပွားများပြုလုပ်ချင်တဲ့ဆန္ဒဖြစ်ဖို့ မလွယ်ဘူးတဲ့။

ဒီနေ့ တရားနာနေကြတဲ့ တရားအလှူရှင်တွေ၊ တရားနာပရိသတ်တွေ ဟာ အဲဒီ ပြုလုပ်အားထုတ်ဖို့မလွယ်တဲ့ ဒါနကုသိုလ်တွေ ပြုလုပ်ကြ၊ အား ထုတ်ကြတယ်၊ စောင့်ထိန်းဖို့မလွယ်တဲ့ (၅)ပါး (၈)ပါးသီလကုသိုလ်တွေ စောင့်ထိန်းကြတယ်။ ပွားများအားထုတ်ဖို့မလွယ်တဲ့ သမထ, ဝိပဿနာ, ဘာဝနာကုသိုလ်တရားတွေကို နာကြားကြ၊ ပွားများကြတယ်ဆိုတော့ ဒီနေ့ ဒကာ, ဒကာမတွေရဲ့ဘဝဟာ အရတော်တယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ ဒကာ, ဒကာမတွေကို ဟောကြားလိုက်တဲ့တရားက ဘာတရားတဲ့လဲ (အရတော်လှ လဋ္ဌဘဝတရားပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဒါနပြုလို့၊ ဆန္ဒကို၊ လှူထိုရခဲ့သည်။
- သီလစောင့်လို့၊ ဆန္ဒကို၊ လှူထိုရခဲ့သည်။
- ဘာဝနာပွားလို့၊ ဆန္ဒကို၊ လှူထိုရခဲ့သည်။
- ဒါနပြုရ၊ လဋ္ဌဘဝ၊ အရတော်လှသည်။
- သီလစောင့်ရ၊ လဋ္ဌဘဝ၊ အရတော်လှသည်။
- ဘာဝနာပွားရ၊ လဋ္ဌဘဝ၊ အရတော်လှသည်။
- အရတော်လှ၊ လဋ္ဌဘဝ၊ ဟောပြခဲ့ပါသည်။

ဣမေသံခေါ ဘိက္ခဝေ ဆန္နံ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိန္တိ။

ဘိက္ခဝေ-ရဟန်းတို့။ လောကသ္မိံ-သတ္တလောက၌။ ဣမေသံဆန္နံ-ဤခြောက်မျိုးတို့၏။ ပါတုဘာဝေါ-ထင်ရှားရှင်းရှင်း၊ ဖြစ်ပေါ်လာခြင်းကို။ ဒုလ္လဘော-မလွယ်မသေချာ၊ ရခဲလှပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ရဟန်းတို့၊ ဒီသတ္တလောကမှာ ဒီတရားခြောက်မျိုး ရခဲတယ်၊ ရဖို့ရာ မလွယ်ဘူးနော် (မှန်လှပါဘုရား)

ဒီနေ့ တရားနာနေကြတဲ့ ဒကာ, ဒကာမတွေမှာ ဒီတရား ၆ မျိုး ရသင့်သလောက် ရနေကြတယ်ဆိုတော့ ကိုယ့်ဘဝကို အရတော်လှ လဋ္ဌဘဝ၊ အရတော်လှ ငါ့ဘဝလို့ မှတ်တမ်းတင်ကာ ဝမ်းသာကြည်နူး ပီတိထူးတွေ ပေါ်ပေါက်နိုင်ကြပါစေလို့ရည်ရွယ်ပြီး ဟောကြားခဲ့ပါတယ်။

http://www.dhammadownload.com



## အရတော်လှ+လှဘာဝ

ကဲ - "အရတော်လှ လှဘာဝ"ဆိုတဲ့ ကဗျာလေးနဲ့ တရားသိမ်းကြရအောင်၊ လက်အုပ်ချီ -

- ဘုရားပွင့်ပေါ်၊
- တရားတော်ဟောတတ်+ပုဂ္ဂိုလ်မြတ်နှင့်၊
- သံဃာမြတ်ပေါ်ရာ၊ အရပ်ဌာန၊ ဖြစ်နေရ၍၊
- ခြောက်ဝဏ္ဏ (ငါးဝဏ္ဏ)၊ ပြည့်စုံပေလှ၊ မအာမဖြင်း၊ စကားရှင်းကာ၊
- မြတ်သောဒါန+မြတ်သီလနှင့် မြတ်လှဘာဝနာ၊ ကုသလာမှု ခါခါပြုရ၊ လှဘာဝကို၊ ခုရနေသူ၊ များရှင်လူသား၊ အစားစားတို့၊ ထူးခြားသိနော်၊ အရတော်လှ၊ လှဘာဝဟု၊ ကဗျာပြုကာ၊ ဟောကြားလှာသည်၊ ဤမှာဟောပြ ပြီးပြီတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

*အရတော်လှ+လှဘာဝ တရားတော် ပြီးပြီ။*

http://www.dhammadownload.com



# အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတပါဠိ စတုတ္ထပဏ္ဏာသက၊ ဗြာဟ္မဏဝဂ်၊ ကုလသုတ္တန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော "ရဟန်းကြွလာ+အကျိုးငါးဖြာ" တရားတော်

ဒီနေ့ ဒကာ, ဒကာမတွေကို ဟောကြားမယ့် တရားတော်က ဘာတရား တဲ့လဲ (ရဟန်းကြွလာ အကျိုးငါးဖြာ တရားတော်ပါဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

ယံ ဘိက္ခဝေ သီလဝန္တော ပဗ္ဗဇိတာ ကုလံ ဥပသင်္ကမန္တိ တတ္ထ မနုဿာ ပဉ္စဟိဌာနေဟိ ဗဟုံ ပုညံ ပသဝန္တိ၊ *(အံ၊ ပါ၊ ၂၊ ၂၁၃)*

ဘိက္ခဝေ-ရဟန်းတို့၊ သီလဝန္တော-သီလရှိကုန်သော။ ပဗ္ဗဇိတာ-ရဟန်း တို့သည်။ ယံကုလံ-အကြင်အမျိုးထံသို့။ ဥပသင်္ကမန္တိ-သွားရောက်ကြကုန်၏။ တတ္ထ-ထိုအမျိုး၌။ မနုဿာ-လူတို့သည်။ ပဉ္စဟိ-ငါးပါးကုန်သော။ ဌာနေဟိ- အကြောင်းတို့ဖြင့်။ ဗဟုံ-များစွာသော။ ပုညံ-ကုသိုလ်ကောင်းမှုကို။ ပသဝန္တိ- မိမိသန္တာန်၌၊ အမှန်မုချ၊ ဖြစ်စေကြကုန်၏။ ဝါ-ကောင်းစွာမုချ ရရှိကြကုန်၏။

ရဟန်းတို့၊ သီလရှိတဲ့ရဟန်းတွေ အမျိုးအိမ်၊ ဒကာ, ဒကာမများရဲ့ အိမ်ကို ကြွသွားရင် အကြောင်းငါးမျိုးတို့ကြောင့် များစွာသော ကုသိုလ် ကောင်းမှုတွေ တိုးပွားရရှိကြမယ်။

### ကတမေဟိပဉ္စဟိ -

ကတမေဟိ - အဘယ်မည်ကုန်သော။ ပဉ္စဟိ - ငါးမျိုးကုန်သော။ ဌာနေဟိ-အကြောင်းတို့ဖြင့်။ ဗဟုံ-များစွာသော။ ပုညံ-ကုသိုလ်ကောင်းမှုကို။ ပသဝန္တိ-ရရှိနိုင်ကြကုန်သနည်းဟူမူ။

ဘယ်လိုအကြောင်းငါးမျိုးတို့ကြောင့် များစွာသောကုသိုလ်ကောင်းမှု တွေ တိုးပွားရရှိနိုင်ကြသလဲဆိုရင် -

http://www.dhammadownload.com



၁။ ယသ္မိံ ဘိက္ခဝေ သမယေ သီလဝန္တော ပဗ္ဗဇိတာ ကုလံ ဥပသင်္ကမန္တိ

**မနုဿာ ဒိသွာ စိတ္တာနိ ပသာဒေန္တိ။**

ဘိက္ခဝေ-ရဟန်းတို့။ ယသ္မိံသမယေ-အကြင်အခါ၌။ သီလဝန္တော-သီလရှိသော။ ပဗ္ဗဇိတာ-ရဟန်းသည်။ ကုလံ-အမျိုးထံသို့။ ဥပသင်္ကမန္တိ-ကြွရောက်လာသော်။ မနုဿာ-လူတို့သည်။ ဒိသွာ-ရဟန်းတော်လှ၊ ဖူးမြင်ကြရ၍။ စိတ္တာနိ-စိတ်တို့ကို။ ပသာဒေန္တိ-အေးအေးမြမြ၊ ကြည်လင်စေကြကုန်၏။

သီလရှိတဲ့ ရဟန်းတော်တစ်ပါးပါး အမျိုးထံ၊ ဒကာ, ဒကာမတွေထံ ကြွလာရင် လူတွေဟာ သီလရှိတဲ့ရဟန်းတော်ကို ဖူးမြင်ရတဲ့အတွက် သူတို့ စိတ်ထဲ ကြည်လင်လာကြတယ်။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ, ဒကာမတွေ၊ သွားပုံ၊ လာပုံ၊ ဝတ်ပုံ၊ နေပုံ၊ ထိုင်ပုံ၊ ကြည့်ပုံရှုပုံ စသည် ဝိနည်းစည်းကမ်းနဲ့အညီ သင်္ကန်းရုံပြီးတော့ ကြွလာတဲ့ သီလရှိတဲ့ရဟန်းတော်တစ်ပါးတွေ့ရရင် ဒကာ, ဒကာမတွေရဲ့ စိတ်ထဲ ဘယ်လိုနေလဲ (ကြည်ညိုပါတယ်ဘုရား)

အေး - အဲဒီစိတ်ထဲ ကြည်လင်တာ၊ ကြည်ညိုတာဟာ အကြောင်းတရားနော် (မှန်လှပါဘုရား)

အကျိုးတရားရပုံ ဆက်နာကြရအောင် -

**သဂ္ဂသံဝတ္တနိကံ ဘိက္ခဝေ တံ ကုလံ တသ္မိံ သမယေ**

**ပဋိပဒံ ပဋိပန္နံ ဟောတိ။**

ဘိက္ခဝေ-ရဟန်းတို့။ တသ္မိံသမယေ-ထိုအခါ၌။ တံကုလံ-ထိုအမျိုးသည်။ သဂ္ဂသံဝတ္တနိကံ-နတ်ပြည်၌ ပဋိသန္ဓေနေခြင်းငှာဖြစ်သော။ ပဋိပဒံ-အကျင့်ကို။ ပဋိပန္နံ-ကျင့်သည်။ ဟောတိ-ဖြစ်၏။

အဲဒီ ကြည်ညိုတဲ့လူတွေဟာ နတ်ပြည်မှာဖြစ်နိုင်တဲ့အကျင့်ကို ကျင့်လိုက်တာဖြစ်တယ်၊ အဲဒီ ကြည်လင်တဲ့၊ ကြည်ညိုတဲ့လူတွေဟာ နတ်ပြည်မှာ ဖြစ်ခြင်းဆိုတဲ့ ကောင်းကျိုးရတယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ရဟန်းကြွလာ၊ စိတ်ထဲမှာ၊ ကြည်သာကြည်လင်သော်။
- နတ်ပြည်ဖြစ်ရန်၊ အကျင့်မှန်၊ ဧကန်ကျင့်သည်ခေါ်။
- နတ်ပြည်ဖြစ်ရ၊ ကောင်းကျိုးလှ၊ မုချရမည်နော်။

၂။ ယသ္မိံ ဘိက္ခဝေ သမယေ သီလဝန္တော ပဗ္ဗဇိတေ ကုလံ ဥပသင်္ကမန္တေ မနုဿာ ပစ္စုဋ္ဌေန္တိ အဘိဝါဒေန္တိ အာသနံ ဒေန္တိ။

ဘိက္ခဝေ-ရဟန်းတို့။ ယသ္မိံသမယေ-အကြင်အခါ၌။ သီလဝန္တော-သီလရှိသော။ ပဗ္ဗဇိတေ-ရဟန်းသည်။ ကုလံ-အမျိုးထံသို့။ ဥပသင်္ကမန္တေ-ကြွရောက်လာသည်ရှိသော်။ မနုဿာ-လူတို့သည်။ ပစ္စုဋ္ဌေန္တိ-နေရာမှထ၍၊ ခရီးဦးကြိုဆိုကြကုန်၏။ အဘိဝါဒေန္တိ-ရှိခိုးကြကုန်၏။ အာသနံ-နေရာထိုင်ခင်းကို။ ဒေန္တိ-ပေးလှူကြကုန်၏။

သီလရှိတဲ့ရဟန်းတော်တစ်ပါးပါး အိမ်ကိုကြွလာရင်၊ ဒကာ, ဒကာမတွေထံ ကြွလာရင် လူတွေက ခရီးဦးကြိုဆိုကြတယ်၊ ရှိခိုးကြတယ်၊ နေရာထိုင်ခင်းတွေ ခင်းပေးကြတယ်၊ နေရာလှူကြတယ်နော် (မှန်လှပါဘုရား)

အဲဒီ ခရီးဦးကြိုဆိုခြင်း၊ ရှိခိုးခြင်း၊ နေရာထိုင်ခင်းတွေပေးလှူခြင်းဟာ အကြောင်းဖြစ်တယ်။

အဲဒီအကြောင်းကြောင့် အကျိုးရပုံကို ဆက်ပြီးတော့ နာကြရအောင်-

ဥစ္စာကုလီနသံဝတ္တနိကံ ဘိက္ခဝေ တံကုလံ တသ္မိံသမယေ ပဋိပဒံ ပဋိပန္နံ ဟောတိ။

ဘိက္ခဝေ-ရဟန်းတို့။ တသ္မိံသမယေ-ထိုအခါ၌။ တံကုလံ-ထိုအမျိုးသည်။ ဥစ္စာကုလီနသံဝတ္တနိကံ-အဆင့်မြင့်မြတ်၊ အမျိုး၌ဖြစ်စေတတ်သော။ ပဋိပဒံ-အကျင့်ကို။ ပဋိပန္နံ-ကျင့်သည်။ ဟောတိ-ဖြစ်၏။

အဲဒီ ကြိုဆို၊ ရှိခိုး၊ နေရာလှူတဲ့လူတွေမှာ ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း အဆင့်မြင့်တဲ့ မြင့်မြတ်တဲ့ အမျိုးမှာဖြစ်ရခြင်းကောင်းကျိုးရတယ်။

http://www.dhammadownload.com


ဒီတော့ ဘဝတိုင်း အမျိုးမြတ်ချင်ရင် ရဟန်းတော်ကြွလာ ကြိုဆိုရမယ်၊ ရှိခိုးရမယ်၊ နေရာခင်းပေးရမယ်၊ နေရာလှူပေးရမယ်နော် (မှန်လှပါဘုရား)

ဒကာ, ဒကာမတွေ နေရာမလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား)

နေရာလိုချင်ရင် ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်နေရာတွေ လှူရတယ်၊ ဆေးရုံတွေ လှူရတယ်၊ အဲဒါတွေ ကိုယ်က မလှူနိုင်ဘူးဆိုလည်း လွယ်ပါတယ်၊ နေရာထိုင်လေး ချပ်လှူ ကားစီး, ရထားစီးတဲ့အခါ ကိုယ်ရထားတဲ့နေရာလေးကို ရဟန်းသံဃာ၊ ဆရာ၊ မိဘ၊ အသက်ကြီးတဲ့သူတွေ လှူလိုက်တာဟာလည်း နေရာလှူရာ ရောက်သွားတာပါပဲ။

ဘုန်းကြီးတို့ အထက်အရပ်မှာတော့ ရဟန်းသံဃာတွေ အိမ်ကြွလာရင် "မထိုင်ပါနဲ့ဦးဘုရား၊ မထိုင်ပါနဲ့ဦးဘုရား" ဆိုပြီးတော့ စောင်တွေ သေသေချာချာခင်းပေးတာဟာလည်း အထက်အရပ်က ချစ်စရာကောင်းတဲ့ နေရာအလှူလေးပါပဲ။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ရဟန်းတော်ကြွ၊ ကြိုဆိုကြ၊ ဦးချ, နေရာလှူ။
- အမျိုးမြတ်ရန်၊ အကျင့်မှန်၊ ကျင့်ကြံကုသိုလ်ယူ။
- အမျိုးမြတ်ရ၊ ကောင်းကျိုးလှ၊ မုချရမည့်သူ။

၃။ ယသ္မိံ ဘိက္ခဝေ သမယေ သီလဝန္တေ ပဗ္ဗဇိတေ ကုလံ
ဥပသင်္ကမန္တေ မနုဿာ မစ္ဆေရမလံ ပဋိဝိနေန္တိ၊

ဘိက္ခဝေ-ရဟန်းတို့။ ယသ္မိံသမယေ-အကြင်အခါ၌။ သီလဝန္တေ-သီလရှိသော။ ပဗ္ဗဇိတေ-ရဟန်းသည်။ ကုလံ-အမျိုးထံသို့။ ဥပသင်္ကမန္တေ-ကြွရောက်လာသည်ရှိသော်။ မနုဿာ-လူတို့သည်။ မစ္ဆေရမလံ-မပေးလှူလိုဝန်တိုမှုအညစ်အကြေးကို။ ပဋိဝိနေန္တိ-ပယ်ဖျောက်ကြကုန်၏။

http://www.dhammadownload.com



သီလရှိတဲ့ ရဟန်းကောင်းတစ်ပါး အိမ်ကြွလာရင် အိမ်မှာရှိတဲ့လူတွေဟာ မပေးလို မလှူလိုတဲ့ ဝန်တိုခြင်းအညစ်အကြေးကို ပယ်ဖျောက်ကြတယ်၊ အဲဒီ ဝန်တိုခြင်းအညစ်အကြေးကို ပယ်ဖျောက်ခြင်းဟာ အကြောင်းဖြစ်တယ်နော် (မှန်လှပါဘုရား)

အကျိုးရပုံက ဘာလဲဆိုတော့ -

**မဟေသက္ခသံဝတ္တနိကံ ဘိက္ခဝေ တံကုလံ တသ္မိံ သမယေ**

**ပဋိပဒံ ပဋိပန္နံ ဟောတိ။**

ဘိက္ခဝေ-ရဟန်းတို့။ တသ္မိံသမယေ-ထိုအခါ၌။ တံကုလံ-ထိုအမျိုးသည်။ မဟေသက္ခသံဝတ္တနိကံ-ကြီးမားမျိုးမျိုး ဘုန်းတန်ခိုးကျော်၊ အရှိန်အဝါရှိသူ၏အဖြစ်ကို ဖြစ်စေတတ်သော၊ ပဋိပဒံ-အကျင့်ကို။ ပဋိပန္နံ-ကျင့်သည်။ ဟောတိ-ဖြစ်၏။

အဲဒီ ဝန်တိုခြင်းအညစ်အကြေး ပယ်ဖျောက်သူတွေမှာ ဘဝတိုင်း ဘုန်းကြီးတဲ့ကောင်းကျိုး၊ တန်ခိုးကြီးတဲ့ကောင်းကျိုး၊ အရှိန်အဝါရှိတဲ့ကောင်းကျိုးတွေ ရရှိတယ်။

ဒီတော့ ဘုန်းကြီးချင်ရင်၊ တန်ခိုးကြီးချင်ရင် ဘာလုပ်ရမလဲ (ဝန်တိုမှုပယ်ဖျောက်ရမှာပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ရဟန်းကြွလာ၊ ဝန်တိုတာ၊ ပယ်ကာဖျောက်ထားသော်။
- ဘုန်းကံကြီးမား၊ တန်ခိုးများ၊ ကျော်ကြားကောင်းကျိုးပေါ်။
- ဘုန်းကံကြီးရ ကောင်းကျိုးလှ၊ မုချရမည်နော်။

၄။ **ယသ္မိံ ဘိက္ခဝေ သမယေ သီလဝန္တေ ပဗ္ဗဇိတေ ကုလံ ဥပသင်္ကမန္တေ မနုဿာ ယထာသတ္တိ ယထာဗလံ သံဝိဘဇန္တိ၊**

ဘိက္ခဝေ-ရဟန်းတို့။ ယသ္မိံသမယေ-အကြင်အခါ၌။ သီလဝန္တေ-သီလရှိသော။ ပဗ္ဗဇိတေ-ရဟန်းသည်။ ကုလံ-အမျိုးထံသို့။ ဥပသင်္ကမန္တေ-

http://www.dhammadownload.com



ကြွရောက်လာသည်ရှိသော်။ မနုဿာ-လူတို့သည်။ ယထာသတ္တိ-အစွမ်းသတ္တိ အားလျော်စွာ။ ယထာဗလံ-ခွန်အားဗလ အားလျော်စွာ။ သံဝိဘဇန္တိ-ဝေဖန် ခွဲခြမ်း လှူဒါန်းကြကုန်၏။

သီလရှိတဲ့ ရဟန်းတော်တစ်ပါး အိမ်ကိုကြွလာရင် လူတွေဟာ ကိုယ် တတ်နိုင်တာလေးတွေကို ကိုယ်တတ်နိုင်သလောက် ကိုယ်လှူနိုင်သလောက် ခွဲခြမ်းပြီးတော့ လှူဒါန်းကြတယ်နော် (မှန်လှပါဘုရား)

## ခွဲခြမ်းလှူရ+ကောင်းကျိုးလှ

အဲဒီလို ခွဲခြမ်းပြီးတော့လှူဒါန်းရင် ဘယ်လိုကောင်းကျိုးရသလဲဆို တော့ -

**မဟာဘောဂသံဝတ္တနိကံ ဘိက္ခဝေ တံကုလံ တသ္မိံသမယေ ပဋိပဒံ ပဋိပန္နံ ဟောတိ။**

ဘိက္ခဝေ-ရဟန်းတို့။ တသ္မိံသမယေ-ထိုအခါ၌။ တံကုလံ-ထိုအမျိုး သည်။ မဟာဘောဂသံဝတ္တနိကံ-များပြားလှစွာ၊ စည်းစိမ်ဥစ္စာကိုဖြစ်စေတတ် သော။ ပဋိပဒံ-အကျင့်ကို။ ပဋိပန္နံ-ကျင့်သည်။ ဟောတိ-ဖြစ်၏။

ခွဲခြမ်းလှူရင် ခွဲခြမ်းလှူတဲ့သူမှာ ဘဝတိုင်း သက်မဲ့သက်ရှိ စည်းစိမ် ဥစ္စာတွေပေါများတဲ့ ကောင်းကျိုးရတယ်နော် (မှန်လှပါဘုရား)

ဒကာ, ဒကာမတွေ၊ မပေါချင်ဘူးလား (ပေါချင်ပါတယ်ဘုရား)

အေး - ပေါချင်ရင်လှူ၊ လှူချင်ရင် ပေါလိမ့်မယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ရဟန်းကြွလာ၊ လှူနိုင်တာ၊ ခွဲကာလှူကြသော်။
- စည်းစိမ်ဥစ္စာ၊ ပေါများမှာ၊ ဖြစ်ရာမလွဲနော်။
- စည်းစိမ်ပေါရ၊ ကောင်းကျိုးလှ၊ မုချရမည်နော်။

http://www.dhammadownload.com



၅။ ယသ္မိံ ဘိက္ခဝေ သမယေ သီလဝန္တေ ပဗ္ဗဇိတေ ကုလံ ဥပသင်္ကမန္တေ မနုဿာ ပရိပုစ္ဆန္တိ ပရိပဉှန္တိ ဓမ္မံ သုဏန္တိ၊

ဘိက္ခဝေ-ရဟန်းတို့။ ယသ္မိံသမယေ-အကြင်အခါ၌။ သီလဝန္တေ-သီလရှိသော။ ပဗ္ဗဇိတေ-ရဟန်းသည်။ ကုလံ-အမျိုးထံသို့။ ဥပသင်္ကမန္တေ-ကြွရောက်လာသည်ရှိသော်။ မနုဿာ-လူတို့သည်။ ပရိပုစ္ဆန္တိ-သိလိုတရား၊ အစားစားအဝဝ၊ မေးမြန်းကြကုန်၏။ ပရိပဉှန္တိ-သိလိုတရား၊ အစားစားအဝဝ၊ စစ်ဆေးကြကုန်၏။ ဓမ္မံ-ရဟန်းတော်ဟောကြား၊ မြတ်တရားကို။ သုဏန္တိ-သေချာကျနု၊ နာယူကြကုန်၏။

သီလရှိတဲ့ ရဟန်းတစ်ပါး အိမ်ကြွလာတဲ့အခါ လူတွေဟာ သူတို့ သိလိုတဲ့တရားတွေ မေးကြတယ်၊ စစ်ဆေးကြတယ်၊ တရားနာကြတယ်နော် (မှန်လှပါဘုရား)

အဲဒီလို တရားမေး၊ တရားစစ်ဆေး၊ တရားနာယူကြတဲ့အကြောင်းကြောင့် ဘယ်လိုအကျိုးရသလဲဆိုတော့ -

မဟာပညာသံဝတ္တနိကံ ဘိက္ခဝေ တံကုလံ တသ္မိံသမယေ
ပဋိပဒံ ပဋိပန္နံ ဟောတိ။

ဘိက္ခဝေ-ရဟန်းတို့။ တသ္မိံသမယေ-ထိုအခါ၌။ တံကုလံ-ထိုအမျိုးသည်။ မဟာပညာသံဝတ္တနိကံ-ကြီးကျယ်မြင့်မြတ်၊ ပညာကိုဖြစ်စေတတ်သော။ ပဋိပဒံ-အကျင့်ကို။ ပဋိပန္နံ-ကျင့်သည်။ ဟောတိ-ဖြစ်၏။

တရားမေး၊ တရားစစ်ဆေး၊ တရားနာယူတဲ့သူမှာ ဘဝတိုင်း ပညာကြီးတဲ့၊ ပညာရေပန်းတိုင်တွေ၊ ဘွဲ့ထူး၊ ဂုဏ်ထူး စုံစုံညီညီရရှိကာ ပညာပြီးတဲ့ ကောင်းကျိုး၊ ပညာတော်တဲ့ကောင်းကျိုး၊ ပညာပေါ်လွင်တဲ့ကောင်းကျိုး၊ ပညာနဲ့ပတ်သက်ရင် ထင်ရှားကျော်ကြားတဲ့ကောင်းကျိုးတွေ ရတယ်။

ဒီတော့ ဒကာ, ဒကာမတွေ ပညာမကြီးချင်ဘူးလား (ကြီးချင်ပါတယ်ဘုရား)

http://www.dhammadownload.com



အေး-ပညာကြီးချင်ရင်၊ ပညာပြီးချင်ရင်၊ ပညာတော်ချင်ရင်၊ ပညာကျော်ချင်ရင်၊ ပညာပေါ်လွင်ထင်ရှားချင်ရင် တရားမေးရမယ်၊ တရားဆွေးနွေးရမယ်၊ တရားစစ်မေးရမယ်၊ တရားနာရမယ်နော် (မှန်လှပါဘုရား)

## တရားနာရ ကျိုးငါးဝ

ဓမ္မဿဝနသုတ္တန်မှာ တရားနာရခြင်းရဲ့အကျိုးတရားငါးပါး ဟောထားတယ်။

**ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ။**

*(အံ၊ ပါ၊ ၂၊ ၂၁၆)*

ရဟန်းတို့၊ တရားနာရခြင်းရဲ့အကျိုးတရား ငါးပါးရှိတယ်တဲ့။

ကတမေပဉ္စ-အဲဒီငါးပါးက ဘာတွေလဲဆိုတော့ -

၁။ အဿုတံ သုဏာတိ - မကြားဖူးတဲ့တရားထူးကို ကြားနာရတယ်၊

၂။ သုတံပရိယောဒါပေတိ - ကြားနာဖူးတဲ့တရားတွေကို သံသယကင်း၊ ရှင်းလင်းပြတ်သား၊ ကြည်လင်သွားစေတယ်၊

၃။ ကင်္ခံဝိတရတိ - ယုံမှားတွေးတောမှု ဝိစိကိစ္ဆာကို ကျော်ဖြတ်နိုင်တယ်။

၄။ ဒိဋ္ဌိံ ဥဇုံကရောတိ - အယူမှန်ကန်ဖြောင့်မတ်သွားနိုင်တယ်။

၅။ စိတ္တမဿ ပသီဒတိ - တရားနာတဲ့ပုဂ္ဂိုလ် စိတ်ကြည်လင်အေးချမ်းမှုရတယ်။

**ဣမေ ခေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ဓမ္မဿဝနေတိ။**

ရဟန်းတို့၊ တရားနာရခြင်းရဲ့အကျိုးဟာ ဒီငါးပါးပဲဖြစ်တယ်လို့ ဟောတော်မူတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ရဟန်းကြွလာ၊ သိလိုတာ၊ သေချာမေးကြသော်။
- ရဟန်းကြွလာ၊ သိလိုတာ၊ သေချာစစ်ဆေးသော်။
- ရဟန်းကြွလာ၊ မြတ်ဓမ္မာ၊ သေချာနာယူသော်။

http://www.dhammadownload.com



- ပညာကြီးရ ကောင်းကျိုးလှ၊ မုချရမည်နော်။
- ပညာပြီးရ ကောင်းကျိုးလှ၊ မုချရမည်နော်။
- ပညာကျော်ရ ကောင်းကျိုးလှ၊ မုချရမည်နော်။
- ပညာတော်ရ ကောင်းကျိုးလှ၊ မုချရမည်နော်။
- ပညာပေါ်ရ ကောင်းကျိုးလှ၊ မုချရမည်နော်။

သီလရှိတဲ့ရဟန်းတော်တစ်ပါး ကြွလာတဲ့အခါမှာ အကြောင်းကောင်းငါးမျိုးကြောင့် အကျိုးကောင်းငါးဖြာ မရရှိဘူးလား (ရရှိပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ

(ရဟန်းကြွလာ+အကျိုးငါးဖြာတရားပါဘုရား)

အဲဒီအကြောင်းငါးမျိုး၊ အကျိုးငါးဖြာကို အကျဉ်းချုပ် တွဲစပ်ကြည့်ကြရအောင် -

၁။ ရဟန်းကြွလာ ကြည်လင်ခြင်းအကြောင်း၊
နတ်ပြည်ဖြစ်ရခြင်းအကျိုး၊

၂။ ရဟန်းကြွလာ ကြိုဆို၊ ရှိခိုးဦးချ၊ နေရာပေးလှူဒါန်းခြင်းအကြောင်း၊
အမျိုးမြတ်ခြင်းအကျိုး၊

၃။ ရဟန်းကြွလာ ဝန်တိုခြင်းအညစ်အကြေးပယ်ဖျောက်ခြင်းအကြောင်း၊
တန်ခိုးကြီးခြင်းအကျိုး၊

၄။ ရဟန်းကြွလာ တတ်နိုင်တာလှူခြင်းအကြောင်း၊
စည်းစိမ်ဥစ္စာပေါများခြင်းအကျိုး၊

၅။ ရဟန်းကြွလာ တရားမေး၊ တရားစစ်ဆေး၊ တရားနာယူခြင်းအကြောင်း၊
ပညာကြီးခြင်းအကျိုး၊

http://www.dhammadownload.com



ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

ကဲ - တရားသိမ်းကြရအောင် လက်အုပ်ချီ -

**ယံ ဘိက္ခဝေ သီလဝန္တော ပဗ္ဗဇိတာ ကုလံ ဥပသင်္ကမန္တိ တတ္ထ မနုဿာ ဋ္ဌာနေဟိ ပဉ္စဟိ ဌာနေဟိ ဗဟုံ ပုညံ ပသဝန္တိတိ။**

ဘိက္ခဝေ-ရဟန်းတို့။ သီလဝန္တော-သီလရှိကုန်သော။ ပဗ္ဗဇိတာ-ရဟန်းတို့သည်။ ယံကုလံ-အကြင်အမျိုးထံသို့။ ဥပသင်္ကမန္တိ-သွားရောက်ကြကုန်၏။ တတ္ထ-ထိုအမျိုး၌။ မနုဿာ-လူတို့သည်။ ပဉ္စဟိ-ငါးပါးကုန်သော။ ဌာနေဟိဌာနေဟိ-ဤအကြောင်းတို့ဖြင့်။ ဗဟုံ-ထူးခြားလှပ၊ များပြားလှသော။ ပုညံ-ကောင်းကျိုးအပေါင်းကို။ ပသဝန္တိ-ဖြစ်ရာဘဝ၊ လှပတိုးပွား၊ အကျိုးများကာ၊ ရရှိကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

http://www.dhammadownload.com



## "ရဟန်းကြွလာ+အကျိုးငါးဖြာ"
## ကဗျာများ

၁။ ရဟန်းသံဃာ ကြွလာခြင်းက၊ ကြည်လင်စိတ်များထားကြသူ။
နတ်ပြည်ဖြစ်ရန် အကျင့်ပဲလို့၊ အမှန်အမြဲ ဟောတော်မူ။

၂။ ရဟန်းသံဃာ ကြွလာခြင်းက၊ နေရာမှထ ကြိုဆိုသူ။
ရဟန်းသံဃာ ကြွလာခြင်းက၊ ရှိခိုးဦးချ, နေရာလှူ။
အမျိုးမြတ်ရန် အကျင့်ပဲလို့၊ အမှန်အမြဲ ဟောတော်မူ။

၃။ ရဟန်းသံဃာ ကြွလာခြင်းက၊ ဝန်တိုမှုများ ပယ်ဖျောက်သူ။
တန်ခိုးကြီးရန်အကျင့်ပဲလို့၊ အမှန်အမြဲ ဟောတော်မူ။

၄။ ရဟန်းသံဃာ ကြွလာခြင်းက၊ တတ်နိုင်တာများ ပေးကမ်းလှူ။
ဥစ္စာပေါရန် အကျင့်ပဲလို့၊ အမှန်အမြဲ ဟောတော်မူ။

၅။ ရဟန်းသံဃာ ကြွလာခြင်းက၊ မသိတာများ မေးမြန်းသူ။
ရဟန်းသံဃာ ကြွလာခြင်းက၊ မသိတာများ စစ်ဆေးသူ။
ရဟန်းသံဃာ ကြွလာခြင်းက၊ မြတ်တရားလှ နာကြားသူ။
ပညာကြီးရန် အကျင့်ပဲလို့၊ အမှန်အမြဲ ဟောတော်မူ။
ရဟန်းကြွလာ အကျိုးငါးကို၊ မြတ်ဘုရားက ဟောတော်မူ။
ရဟန်းကြွလာ အကျိုးများကို၊ မြတ်ဘုရားက ဟောတော်မူ။

(သိမှတ်ယူ)၂

http://www.dhammadownload.com



## "တရားနာရ+အကျိုးလှ" ကဗျာများ

၁။ မကြားဖူးတာ ကြားရခြင်းက တရားနာရ ကောင်းကျိုးကွယ်။
မကြားဖူးတာ ကြားလို့ပြောက၊ တရားနေ့ည နာရမယ်။

၂။ ကြားဖူး, ထပ်မံ နာရပြောက၊ ပိုပြီးရှင်းသွား ကြည်စေတယ်။
ကြားဖူး, ထပ်မံ ရှင်းလို့ပြောက၊ တရားနေ့ည နာရမယ်။

၃။ ယုံမှားမှုတွေ ကင်းစင်သွားကြ၊ တရားနာရ ကောင်းကျိုးကွယ်။
ယုံမှားမှုတွေ ကင်းလို့ပြောက၊ တရားနေ့ည နာရမယ်။

၄။ အယူမှန်ကန် ဖြောင့်မတ်သွားကြ၊ တရားနာရ ကောင်းကျိုးကွယ်။
အယူမှန်ကန် ဖြောင့်လို့ပြောက၊ တရားနေ့ည နာရမယ်။

၅။ တရားနာရင် စိတ်ကြည်လန်းလို့၊ အေးချမ်းမှုတွေ ရနိုင်တယ်။
စိတ်ကြည်လင်ကာ အေးလို့ပြောက၊ တရားနေ့ည နာရမယ်။

၆။ ပညာကြီးချင် မြတ်တရားကို၊ မပြတ်မနား နာရမယ်။
(နာကြကွယ်)၂

*ရဟန်းကြွလာ+ကျိုးငါးဖြာတရားတော် ပြီးပြီ။*

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော် ဓမ္မဋ္ဌဝဂ်၊ သမ္ဗဟုလသီလာဒိ သမ္ပန္နဘိက္ခုဝတ္ထုကို တန်ဆာဆင်၍ ဟောကြားပြောကြားအပ်သော "ပန်းတိုင်အရောက်+လှမ်းကိုင်လျှောက်" တရားတော်

ဒီနေ့ ဝိပဿနာတရား ကြိုးစားအားထုတ်နေကြတဲ့ ဒကာ, ဒကာမတွေကို ဟောကြားမယ့်တရားတော်က "ပန်းတိုင်အရောက်+လှမ်းကိုင်လျှောက်" တရားတော်နော် (မှန်လှပါဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

**န သီလဗ္ဗတမတ္တေနာတိ႗မံ ဓမ္မဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော သမ္ဗဟုလေ သီလာဒိသမ္ပန္နေ ဘိက္ခူ အာရဗ္ဘ ကထေသိ။**

*(ဓမ္မပဒ၊ ၄၊ ၂၂၁)*

**န သီလဗ္ဗတမတ္တေနာတိ ႗မံ ဓမ္မဒေသနံ - န သီလဗ္ဗတမတ္တေန စသော ဤတရားဒေသနာတော်ကို။ သတ္ထာ-မြတ်စွာဘုရားသည်။ ဇေတဝနေ-ဇေတဝန်ခေါ်၊ ကျောင်းတိုက်တော်၌။ ဝိဟရန္တော-နေတော်မူစဉ်။ သမ္ဗဟုလေ-တစ်ပါးမက၊ များပြားလှကုန်သော။ သီလာဒိသမ္ပန္နေ-သီလစသား၊ ဂုဏ်ရည်များနှင့်၊ ထူးခြားလှပ၊ ပြည့်စုံကြကုန်သော။ ဘိက္ခူ-ရဟန်းတို့ကို။ အာရဗ္ဘ-အကြောင်းပြု၍။ ကထေသိ-ကရုဏာရှေ့ဆော်၊ မေတ္တာတော်ဖြင့်၊ ဖွင့်ဖော်ကောင်းစွာ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။**

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

န သီလဗ္ဗတမတ္တေန အစရှိတဲ့ ဂါထာတော်နှစ်ပုဒ်နဲ့ တန်ဆာဆင်ထားတဲ့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်. သီလစတဲ့ ဂုဏ်ရည်များနဲ့ ပြည့်စုံတော်မူကြတဲ့ ရဟန်းတော်တွေကို အကြောင်းပြုကာ ဟောကြားတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



တေသု ကိရ ကေစွာနံ ဓဝံ အဟောသိ "မယံ သမ္ပန္နသီလာ, မယံ ဓုတင်္ဂဓရာ, မယံ ဗဟုဿုတာ, မယံ ပန္တသေနာသန ဝါသိနော, မယံဈာနလာဘိနော၊

ကိရ - ထင်ရှားအောင် ပြလိုက်ပါဦးအံ့။ တေသု - ထိုရဟန်းတို့တွင်။ ကေစွာနံ-အချို့ကုန်သော ရဟန်းတို့အား။ ဓဝံ-ဤအကြံသည်။ အဟောသိ-ဖြစ်ပေါ်လာ၏။

မယံ-ငါတို့သည်။ သမ္ပန္နသီလာ-ပြည့်စုံသော သီလရှိကြကုန်၏။ မယံ-ငါတို့သည်။ ဓုတင်္ဂဓရာ-ဓုတင်ဆောင်ထားကြကုန်၏။ မယံ-ငါတို့သည်။ ဗဟုဿုတာ-များသောအကြားအမြင် ရှိကြကုန်၏။ မယံ-ငါတို့သည်။ ပန္တသေနာသနဝါသိနော-ဆိတ်ငြိမ်သောတောကျောင်း၌ နေလေ့ရှိကြကုန်၏။ မယံ-ငါတို့သည်။ ဈာနလာဘိနော-ဈာန်ကို ရထားကြကုန်၏။

အဲဒီရဟန်းတော်တွေထဲမှာ အချို့ရဟန်းတော်တွေဟာ ဒီလို ကြံကြတယ်။ ဘယ်လိုကြံသလဲဆိုတော့ -

❖ ငါတို့ဟာ စတုပါရိ သုဒ္ဓိသီလနဲ့ ပြည့်စုံကြတယ်၊ စတုပါရိသုဒ္ဓိသီလဆိုတာ လေးပါးသော ထက်ဝန်းကျင်စင်ကြယ်တဲ့ အကျင့်သီလလို့ ဆိုလိုတယ်။

အဲဒီ စတုပါရိသုဒ္ဓိ လေးပါးက ဘာတွေလဲဆိုတော့ -

၁။ ပါတိမောက္ခသံဝရသီလ - အာပတ်ကြီး၊ အာပတ်ငယ် အသွယ်သွယ်တွေမသင့်ရအောင် ဝိနည်းကျမ်းမှာလာတဲ့ သိက္ခာပုဒ်တွေကို သဒ္ဓါနဲ့စောင့်ရှောက်ခြင်း၊

၂။ ဣန္ဒြိယသံဝရသီလ - မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ ဣန္ဒြေ ၆-ပါး၊ တံခါးခြောက်ပေါက်မှာ အကုသိုလ်တရားတွေ မဝင်နိုင်အောင် သတိနဲ့ စောင့်ရှောက်ခြင်း၊

၃။ အာဇီဝပါရိသုဒ္ဓိသီလ - ကုလဒူသနနဲ့ မိမိဖြစ်စေ၊ တစ်ပါးသော ရဟန်းသာမဏေဖြစ်စေ ရအပ်တဲ့ပစ္စည်းတွေကိုပယ်ပြီးတော့

http://www.dhammadownload.com



အသက်မွေးဝမ်းကြောင်းစင်ကြယ်အောင် ဆွမ်းခံကြွခြင်းစတဲ့ ဝီရိယနဲ့ သုတ်သင်ခြင်း၊

၄။ ပစ္စယသန္နိဿိတသီလ - တရားနဲ့အညီရလာတဲ့ ပစ္စည်းလေးပါးကို သုံးဆောင်တဲ့အခါမှာ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့ ဉာဏ်ပညာနဲ့ အမှီပြုခြင်းတို့ ဖြစ်တယ်။

❖ တစ်ချို့ရဟန်းတွေကတော့ ငါတို့ဟာ ကိလေသာတွေကို ခါတွက်၊ ဖျက်ဆီး၊ စွန့် ပယ်တတ်တဲ့ ဓုတင်ဆောင်သူတွေ ဖြစ်ကြတယ်၊

အဲဒီ ဓုတင်ကလည်း (၁၃)ပါးရှိတယ် -

၁။ ပံသုကူလိကဓုတင် - ဒကာ, ဒကာမလှူတဲ့သင်္ကန်းကို ပယ်စွန့်ပြီး ပံသုကူသင်္ကန်းကို ဝတ်ရုံတာ၊ ပံသုကူသင်္ကန်းဆိုတာ လူတွေစွန့်ပစ်ထားတဲ့ အဝတ်၊ ပုဆိုးတွေကိုကောက်ယူကာ ဖွပ်၊ လျှော်၊ ချုပ်ဆိုးပြီး ဝတ်ရတဲ့ သင်္ကန်းဖြစ်တယ်။

၂။ တေစီဝရိကဓုတင် - ဝတ်ရုံလောက်တဲ့ လေးထည်မြောက်သင်္ကန်းကိုပယ်စွန့်ကာ သင်္ကန်းသုံးထည်ပဲ ဆောင်ထားတာ။

၃။ ပိဏ္ဍပါတိကဓုတင် - ပိဏ္ဍိယာလောပဘောဇဉ်ထက် အပိုအလွန်ဖြစ်တဲ့ (သံဃာ့ဘတ်စတဲ့ အတိရေက) လာဘ်ကို ပယ်စွန့်ပြီးတော့ ဆွမ်းတွေ သပိတ်ထဲကျခြင်း၊ ဆွမ်းအတွက် လှည့်လည်ခြင်းကျင့်ဝတ်။

၄။ သပဒါနစာရိကဓုတင် - လောလုပ္ပတဏှာနဲ့ အိမ်စဉ်ကျော်လွှားဆွမ်းခံသွားခြင်းကို ပယ်စွန့်ပြီးတော့ အိမ်စဉ်မပျက် ဆွမ်းခံထွက်တဲ့ ကျင့်ဝတ်။

၅။ ဧကာသနိကဓုတင် - အထူးထူးအပြားပြား များစွာသော (နေရာအမျိုးမျိုးမှာ) စားခြင်းကိုပယ်ပြီးတော့ တစ်နေရာတည်း၊ တစ်ထိုင်တည်းစားတာ။

http://www.dhammadownload.com



၆။ ပတ္တပိဏ္ဍိကစုတင် - နှစ်ခုမြောက်စားခွက်ကို ပယ်စွန့်ပြီးတော့ သပိတ်တစ်လုံးတည်း၌ ရှိသမျှကိုသာစားတာ။

၇။ ခလုပစ္ဆာဘတ္တိကစုတင် - တော်ပြီ၊ တန်ပြီလို့ ပယ်ပြီးဖြစ်၍ အတိရိတ်ဖြစ်တဲ့ဆွမ်းကို ပယ်စွန့်ပြီးတော့ ပဝါရိတ်သင့်ပြီး နောက်မှ ရတဲ့ဆွမ်းကို အတိရိတ်ဝိနည်းကံပြုကာ မစားတာ။

၈။ အာရညိကစုတင် - ရွာကျောင်း, ရွာနီးကျောင်းကို ပယ်စွန့်ကာ တောမှာ အရုဏ်တက်စေခြင်း၊ တောမှာပဲနေခြင်း။

၉။ ရုက္ခမူလိကစုတင် - အမိုးရှိတဲ့ အရိပ်အာဝါသကိုပယ်စွန့်ကာ သစ်ပင်အောက်မှာနေရခြင်း။

၁၀။ အဗ္ဘောကာသိကစုတင် - အမိုးရှိတဲ့ အရိပ်အာဝါသနဲ့ သစ်ပင်ရင်း၊ သစ်ပင်အောက်အရပ်ကို ပယ်စွန့်ကာ လွင်တီးခေါင်အရပ်မှာ နေရတာ။

၁၁။ သောသာနိကစုတင် - သုသာန်မဟုတ်တဲ့အရပ်ကို ပယ်စွန့်ကာ သုသာန်၌နေရတာ။

၁၂။ ယထာသန္ထတိကစုတင် - ကျောင်း၌ လျှပ်ပေါ်မှုတဏှာကို ပယ်စွန့်ကာ ညွှန်ပြအပ်၊ ချထားအပ်တဲ့ကျောင်း၌သာ နေရခြင်း။

၁၃။ နေသဇ္ဇိကစုတင် - လျောင်း (အိပ်) ခြင်းကို ပယ်စွန့်ကာ မအိပ်ဘဲ ထိုင်နေရတာတို့ ဖြစ်တယ်။

❖ တစ်ချို့ရဟန်းတွေကတော့ ငါတို့ဟာ ပိဋကတ်သုံးပုံ အကုန်လုံးသိထားတတ်ထားကြတယ်၊ သင်ယူပို့ချနေကြတယ်၊ အကြားအမြင် ဗဟုသုတ အများကြီးရှိနေတယ်။

❖ တစ်ချို့ရဟန်းတွေကတော့ ငါတို့ဟာ ဆိတ်ငြိမ်ရာတောကျောင်းတွေမှာ အမြဲတစေ နေထိုင်ကြတယ်၊ နေနိုင်ကြတယ်။

❖ တစ်ချို့ရဟန်းတော်တွေကတော့ ငါတို့ဟာ ဈာန်ရပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်။

http://www.dhammadownload.com



## ပန်းတိုင်ရောက်ရေး လွယ်လွယ်လေး

**န အမှာကံ အရဟတ္တံ ဒုလ္လဘံ၊**

**အမှာကံ** - သီလစသည်၊ ဂုဏ်ရည်ထင်ရှား၊ ငါရဟန်းတို့အား။ **အရဟတ္တံ** - ပန်းတိုင်ခေါ်ဆို၊ အရဟတ္တဖိုလ်ကို။ **န ဒုလ္လဘံ** - ရခဲလှသည် မဟုတ်ပါ။

သီလနဲ့ပြည့်စုံတဲ့ရဟန်းတွေက တို့လို သီလပြည့်စုံတဲ့ရဟန်းတွေ အတွက် ပန်းတိုင်လို့ခေါ်ဆိုသတ်မှတ်ရတဲ့ အရဟတ္တဖိုလ်ရဖို့ မခက်ပါဘူး၊ လွယ်လွယ်ကလေးပါ။ ဓုတင်ဆောင်ရဟန်းတွေကလည်း တို့လို ဓုတင်ဆောင် ရဟန်းတွေအတွက် အရဟတ္တဖိုလ်ရဖို့ရာ မခက်ပါဘူး၊ လွယ်လွယ်ကလေးပါ။

စာတတ်ပေတတ် ပိဋကတ်သုံးပုံဆောင် အကြားအမြင်များတဲ့ရဟန်း တွေကလည်း တို့လို အကြားအမြင်များတဲ့ရဟန်းတွေအတွက် အရဟတ္တဖိုလ် ရဖို့ဆိုတာ မခက်ပါဘူး၊ လွယ်လွယ်ကလေးပါ။

ဆိတ်ငြိမ်ရာ တောကျောင်းမှာနေတဲ့ရဟန်းတွေကလည်း တို့လို တော ကျောင်းနေတဲ့ရဟန်းတွေအတွက် အရဟတ္တဖိုလ်ရဖို့ မခက်ပါဘူး၊ လွယ်လွယ် ကလေးပါ။

ဈာန်ရတဲ့ရဟန်းတွေကလည်း တို့လို ဈာန်ရတဲ့ရဟန်းတွေအတွက် အရဟတ္တဖိုလ်ရဖို့ရာ မခက်ပါဘူး၊ လွယ်လွယ်ကလေးပါ။

## ဒီနေ့လိုက ဒီနေ့ရ

**"ဣစ္ဆိတဒိဝသေယေဝ အရဟတ္တံ ပါပုဏိဿာမာ" တိ၊**

**ဣစ္ဆိတဒိဝသေယေဝ**-အလိုရှိသောနေ့၌သာလျှင်။ **အရဟတ္တံ**-ပန်းတိုင် ခေါ်ဆို၊ အရဟတ္တဖိုလ်သို့။ **ပါပုဏိဿာမ**-ရောက်ကုန်အံ့။ **ဣတိ**ဧဝံ-ဤသို့ သောအကြံသည်။ **အဟောသိ**-ကောင်းစွာမသွေ၊ ဖြစ်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

http://www.dhammadownload.com



အဲဒီရဟန်းတော်တွေဟာ ဘယ်လောက်ထိ ပြောလိုက်သလဲဆိုရင် ဒီနေ့ အရဟတ္တဖိုလ်ကို လိုချင်ရင် ဒီနေ့ပဲ ရနိုင်၊ ရောက်နိုင်တယ်၊ လိုချင်တဲ့နေ့ လိုချင်တဲ့အချိန် အရဟတ္တဖိုလ် ရနိုင်၊ ရောက်နိုင်တယ်လို့ ပြောကြ၊ ကြုံကြတယ်နော် (မှန်လှပါဘုရား)

အဲဒီရဟန်းတော်တွေရဲ့သန္တာန်မှာ သီလရှိတဲ့ သီလအား၊ ဓုတင်ဆောင်တဲ့ ဓုတင်အား၊ အကြားအမြင်များတဲ့ ဗဟုသုတအား၊ တောကျောင်းမှာနေနိုင်တဲ့ တောအား၊ ဈာန်ရထားတဲ့ ဈာန်အားတွေ ကိုယ်စီကိုယ်စီရှိကြတော့ သူတို့ရဲ့ကြုံပုံဟာ အားရစရာကောင်းတယ်၊ အားကျစရာကောင်းတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို

- သီလရှိထား၊ ရဟန်းများ၊ သီလအားနဲ့ ကြုံပုံမှာ။
- ဓုတင်ဆောင်ထား၊ ရဟန်းများ၊ ဓုတင်အားနဲ့ ကြုံပုံမှာ။
- သုတများပြား၊ ရဟန်းများ၊ သုတအားနဲ့ ကြုံပုံမှာ။
- တောကျောင်းနေပြား၊ ရဟန်းများ၊ တောကျောင်းအားနဲ့ကြုံပုံမှာ။
- ဈာန်တွေရထား၊ ရဟန်းများ၊ ဈာနအားနဲ့ ကြုံပုံမှာ။
- အရဟတ္တဖိုလ်၊ ပန်းတိုင်ကို၊ ရောက်လိုမခက်ပါ။
- ဒီနေ့လိုချင်၊ ဒီနေ့ပင်၊ အစဉ်ရနိုင်တာ။
- အရဟတ္တဖိုလ်၊ ပန်းတိုင်ကို၊ ရောက်လိုမခက်ပါ။
- ဒီနေ့လိုချင်၊ ဒီနေ့ပင်၊ အစဉ်ရနိုင်တာ။
- အရဟတ္တဖိုလ်၊ ဒီနေ့လို၊ ရကိုရနိုင်တာ။

## အနာဂါမ်များ ကြုံပုံကား

ယေပိ တတ္ထ အနာဂါမိနော၊ တေသမ္ပိ တေဒဟောသိ "နအမှာကံ ကပ္ပါနိ အရဟတ္တံ ဒုလ္လဘာ" န္တိ။

http://www.dhammadownload.com



**တတ္ထ**-ထိုရဟန်းအပေါင်းတို့တွင်။ **ယေပိ**-အကြင်ရဟန်းတို့သည်လည်း။ **အနာဂါမိနော**-အနာဂါမ်ဖြစ်ကြကုန်၏။ **တေသမ္ပိ**-ထိုအနာဂါမ်ရဟန်းတို့အားလည်း။ **ဧတံ**-ဤသို့သောအကြံသည်။ **အဟောသိ**-ဖြစ်ပြီ။ "**အမှာကံ**-အနာဂါမ်ခေါ်၊ ငါရဟန်းတော်တို့အား။ **ဣဒါနိ**-ဤ ယခုအခါ၌။ **အရဟတ္တံ**-ပန်းတိုင်ခေါ် ဆို၊ အရဟတ္တဖိုလ်ကို။ **နဒုလ္လဘံ**-ရရန်မခက်ခဲပါ။ **ဣတိ**ဧဝံ-ဤသို့သောအကြံသည်။ **အဟောသိ**-ဖြစ်ပြီ။

အဲဒီရဟန်းတော်တွေထဲမှာ အနာဂါမ်ရဟန်းတော်တွေအထိ ပါဝင်ပါတယ်။ အဲဒီ အနာဂါမ်ရဟန်းတော်တွေကလည်း "တို့ဟာ အနာဂါမ်အဆင့်ထိရောက်ပြီးပြီ၊ တို့လို အနာဂါမ်ဖြစ်ပြီးတဲ့ရဟန်းတော်တွေအတွက် ခုအခါမှာ အရဟတ္တဖိုလ်ရဖို့ရန် ဘာမှ မခက်ပါဘူး၊ အရဟတ္တဖိုလ်ရရေး လွယ်လွယ်လေးပါလို့ ကြံကြတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- အနာဂါမ်ဖြစ်ထား၊ ရဟန်းများ အနာဂါမ်အားနဲ့ ကြံပုံမှာ။
- အရဟတ္တဖိုလ်၊ ပန်းတိုင်ကို၊ ရောက်လိုမခက်ပါ။
- ယခုလိုချင်၊ ယခုပင် အစဉ်ရနိုင်တာ။

## ဘုရားမေးက+ဖြေကြားရ

**တေသဗ္ဗေပိ ကေဒိဝသံ သတ္ထာရံ ဥပသင်္ကမိတွာ ဝန္ဒိတွာ နိသိန္နာ "အပိနုဝေါ ဘိက္ခဝေ ပဗ္ဗဇိတကိစ္စံ မတ္ထကံ ပတ္တ" န္တိ သတ္ထာရာ ပုဋ္ဌာ ဧဝ မာဟံသု "ဘန္တေ မယံ ဧဝရူပါ ဧဝရူပါစ၊ တသ္မာ 'ကိစ္စိတိစ္စိတက္ခ ဏေယေဝ အရဟတ္တံ ပတ္တုံ သမတ္ထမှာ' တိ စိန္တေတွာ ဝိဟရာမာ" တိ။**

**တေသဗ္ဗေပိ**-ထိုအလုံးစုံသော ရဟန်းတို့သည်လည်း၊ **ကေဒိဝသံ**-တစ်နေ့၌။ **သတ္ထာရံ**-မြတ်စွာဘုရားသို့။ **ဥပသင်္ကမိတွာ**-ချဉ်းကပ်၍ **ဝန္ဒိတွာ**-ရှိခိုး၍။ **နိသိန္နာ**-နေကြကုန်သည်ဖြစ်၍။ "**ဘိက္ခဝေ**-ရဟန်းတို့၊ **ဝေါ**-သင်တို့အား။ **အပိနု**ခေါ-စင်စစ်။ **ပဗ္ဗဇိတကိစ္စံ**-ရဟန်းကိစ္စသည်။ **မတ္ထကံ**- အပြီး

http://www.dhammadownload.com



သို့။ ပတ္တံ-ရောက်ပါပြီလော။" ဣတိ-ဤသို့။ သတ္ထာရာ-မြတ်စွာဘုရားသည်။ ပုဋ္ဌာ-မေးတော်မူအပ်ကုန်သည်ရှိသော်။ (ဘိက္ခူ-ရဟန်းတို့သည်။) ဧဝံ-ဤသို့။ အာဟံသု-လျှောက်ထားကြကုန်၏။ "ဘန္တေ-မြတ်စွာဘုရား။ မယံ-တပည့်တော်တို့သည်။ ဝေဠုပါစ ဝေဠုပါစ-ဤသို့သဘောရှိသောရဟန်း၊ ဤသို့သဘောရှိသောရဟန်းတို့ ဖြစ်ကြပါကုန်၏။ တသ္မာ-ထို့ကြောင့်။ ဣစ္ဆိတိစ္ဆိတက္ခဏေယေဝ-အလိုရှိအပ်, အလိုရှိသောခဏ၌သာလျှင်။ အရဟတ္တံ-ပန်းတိုင်ခေါ်ဆို၊ အရဟတ္တဖိုလ်ကို။ ပတ္တုံ-ရောက်ခြင်းငှာ။ သမတ္ထမှာ-စွမ်းနိုင်ကြပါကုန်၏။ ဣတိစိန္တေတွာ - ဤသို့ကြံ၍။ ဝိဟရာမ - နေကြပါကုန်၏။ ဣတိ-ဤသို့။ အာဟံသု-ကောင်းစွာမသွေ၊ လျှောက်ထားလိုက်ကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

အဲဒီရဟန်းတွေဟာ တစ်နေ့တာ ဘုရားထံချဉ်းကပ်ပြီး ရှိခိုးကာ ထိုင်နေကြတယ်။ ဘုရားက အဲဒီရဟန်းတွေကို "ရဟန်းတို့ သင်တို့ဟာ ရဟန်းကိစ္စပြီးပြီလား" လို့ မေးတော်မူလိုက်တော့ အဲဒီရဟန်းတွေက "မြတ်စွာဘုရား၊ တပည့်တော်တို့ဟာ သီလပြည့်စုံတဲ့ရဟန်းတွေ၊ ဓုတင်ဆောင်ရဟန်းတွေ၊ အကြားအမြင်များတဲ့ရဟန်းတွေ၊ ဆိတ်ငြိမ်ရာတောကျောင်းမှာ နေနိုင်တဲ့ရဟန်းတွေ၊ ဈာန်ရရဟန်းတွေ၊ အနာဂါမ်ရဟန်းတွေ ဖြစ်ကြပါတယ်ဘုရား၊ အလိုရှိတဲ့နေ့၊ အလိုရှိတဲ့ ခဏလေးမှာပဲ အရဟတ္တဖိုလ်ဆိုတဲ့ပန်းတိုင်ကို ရောက်အောင် စွမ်းနိုင်ကြပါတယ်ဘုရား" ဒီလိုကြံပြီးတော့ နေကြပါတယ် ဘုရားလို့ လျှောက်ထားကြတယ်။

## ဘဝဆင်းရဲ နည်း၏မဆို

သတ္ထာ တေသံဝစနံ သုတွာ "ဘိက္ခဝေ ဘိက္ခုနာ နာမ ပရိသုဒ္ဓသီလာဒိမတ္တကေနဝါ, အနာဂါမိသုခပ္ပတ္တ မတ္တကေနဝါ 'အပ္ပကံ နော ဘဝဒုက္ခ'န္တိ ဝတ္တုံ နဝဋ္ဋတိ။

http://www.dhammadownload.com



သတ္ထာ-မြတ်စွာဘုရားသည်။ တေသံ-ထိုရဟန်းတို့၏။ ဝစနံ-စကားကို။ သုတွာ-ကြား၍။ "ဘိက္ခဝေ-ရဟန်းတို့။ ဘိက္ခုနာနာမ-ရဟန်းမည်သည်ကား။ ပရိသုဒ္ဓသီလာဒိမတ္တကေနဝါ-စတုပါရိသုဒ္ဓိသီလ စသည်တို့၏ ဖြူစင်ကာမျှဖြင့်လည်းကောင်း။ အနာဂါမိသုခပ္ပတ္တမတ္တကေနဝါ-အနာဂါမိဖိုလ်၌ဖြစ်သော ချမ်းသာသို့ရောက်ကာမျှဖြင့်လည်းကောင်း။ နော-ငါတို့၏။ ဘဝဒုက္ခံ-ဘဝ၌ဖြစ်သောဆင်းရဲသည်။ အပ္ပကံ-နည်း၏။ ဣတိဝတ္တုံ-ဤသို့ဆိုခြင်းငှာ။ နဝဋ္ဋတိ-မသင့်။

မြတ်စွာဘုရားဟာ အဲဒီရဟန်းတော်တွေရဲ့စကားကို ကြားရတော့ "ရဟန်းတို့၊ ရဟန်းဆိုတာ စတုပါရိသုဒ္ဓိသီလ စသည် ဖြူစင်ရုံလေးနဲ့ နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ် အနာဂါမိဖိုလ်ချမ်းသာ ရောက်နေရုံလေးနဲ့ ငါတို့မှာ ဝဋ်ဆင်းရဲနည်းသွားပြီလို့ မဆိုသင့်သေးဘူး။

## ပန်းတိုင်ရောက်ရေး ဟောကြားပေး

အာသဝက္ခယံ ပန အပ္ပတ္វာ 'သုခိတော' မှိတိ စိတ္တံ န ဥပ္ပာ ဒေတဗ္ဗ" န္တိ ဝတွာ ဣမာဂါထာ အဘာသိ -

အာသဝက္ခယံပန - အာသဝေါတရားကုန်ခြင်းသို့ကား။ အပ္ပတွာ-မရောက်သေးမူ။ သုခိတော - ချမ်းသာသည်။ အမှိ - ဖြစ်၏။ ဣတိ - ဤသို့စိတ္တံ-စိတ်ကို။ နဥပ္ပာဒေတဗ္ဗံ-မဖြစ်စေအပ်။ ဣတိဝတွာ-ဤသို့ မိန့်တော်မူ၍။ ဣမာဂါထာ-ဤဂါထာတို့ကို။ အဘာသိ-ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်ရေး၊ သတိပေးကာ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

အာသဝေါတရားတွေ မကုန်သေးဘူးဆိုရင် 'ချမ်းသာတယ်'လို့ သင်ချစ်သား ရဟန်းတို့ရဲ့စိတ်ထဲမှာ မဖြစ်သင့်သေးဘူးလို့ မိန့်တော်မူကာ အောက်ပါဂါထာတွေကို ပန်းတိုင်အရောက် လှမ်းကိုင်လျှောက်ရေး သတိပေးလိုက်ကာ ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



၁။ န သီလဗ္ဗတမတ္တေန၊
ဗာဟုသစ္စေန ဝါ ပန၊
အထဝါ သမာဓိလာ ဘေန၊
ဝိဝိတ္တသယနေနဝါ။

၂။ ဖုသာမိ နေက္ခမ္မသုခံ၊
အပုထုဇ္ဇနသေဝိတံ၊
ဘိက္ခု ဝိဿာသ မာပါဒိ၊
အပ္ပတ္တော အာသဝက္ခယ"န္တိ။

၁။ ဘိက္ခု-ချစ်သားရဟန်း။ သီလဗ္ဗတမတ္တေန-သီလဖြူစင်၊ ခုတင်အကျင့်၊ ကျင့်နိုင်ရုံမျှဖြင့်လည်းကောင်း။ ဗာဟုသစ္စေနဝါပန-သုံးဖြာပိဋက၊ သင်ယူပို့ချကာမျှဖြင့်လည်းကောင်း။ အထဝါ-ထိုမှတပါး။ သမာဓိလာ ဘေနဝါ-သမာပတ်ရှစ်ပါး၊ ရရှိထားကာမျှဖြင့်လည်းကောင်း။ ဝိဝိတ္တသယနေနဝါ-ဆိတ်ငြိမ်အေးမြ၊ ဘေးမခသည့်၊ တောရဆောက်တည်၊ နေနိုင်သည်ဆိုရုံမျှဖြင့်လည်းကောင်း။

၂။ အပုထုဇ္ဇနသေဝိတံ-ကိလေများလတ်၊ ပုထုဇဉ်တို့မမှီဝဲအပ်သော။ ဝါ-အရိယာမြတ်၊ မှီဝဲအပ်သော။ နေက္ခမ္မသုခံ-ကာမထွက်ရာ၊ အနာဂါမိဖိုလ်ချမ်းသာကို။ ဖုသာမိ-ငါကားသေချာ၊ ရောက်နေပါ၏။ (ဣတိစတ္တကမတ္တေနဝါ-ဤသို့ အနာဂါမိဖိုလ်ချမ်းသာကို ရရှိရုံမျှဖြင့်လည်းကောင်း။) ဘိက္ခု-သံသရာဘေး၊ လာမည့်ရေးကို၊ ကြံတွေးကြောက်သူ၊ ရှင်လူအပေါင်း၊ သူတော်ကောင်းသည်။ အာသဝက္ခယံ-အာသဝလေးတန်၊ ကုန်ရာမှန်လတ်၊ အရဟတ္တဖိုလ်၊ ပန်းတိုင်ဆိုထား၊ ချမ်းသာတရားသို့။ အပ္ပတ္တော-မရောက်ရသေးပါမူ။ ဝိဿာသံ-ဘဝငါ့မှာ၊ နည်းသွားပါဟု၊ သူငါစိတ်ရှင်း၊ ဘဝ၌ ချစ်ကျွမ်းဝင်ခြင်းသို့။ နအာပါဒိ-သတိဉာဏ်ထောက်ချင့်၊ မရောက်စေသင့်ပါ။ ဣတိ-ဤသို့။ အဘာသိ-ပန်းတိုင်ခေါ်ဆို၊ အရဟတ္တဖိုလ်ရောက်ရေး၊ သတိပေးက ၁၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

http://www.dhammadownload.com



ချစ်သားရဟန်း၊ ချစ်သားရဟန်းလို့ခေါ်ခြင်းဟာ အဲဒီရဟန်းတော်တွေထဲက တစ်ပါးပါးကိုခေါ်လိုတဲ့အတွက် ဧကဝုစ်စကား သုံးလိုက်တာပါပဲ။

သီလဖြူစင်ရုံမျှနဲ့၊ ဓုတင် (၁၃)ပါး ဆောင်ထားနိုင်ရုံမျှနဲ့၊ ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်သင်ယူပို့ချနိုင်ကာမျှနဲ့၊ သမာပတ်ရှစ်ပါး ရှာန်ရထားကာမျှနဲ့၊ ဆိတ်ငြိမ်ရာတောကျောင်းတွေမှာ နေနိုင်ရုံမျှနဲ့၊ ကုန်ကုန်ပြောရရင် ပုထုဇဉ်တွေ မမှီဝဲရတဲ့ အရိယာသူတော်ကောင်းတွေသာ မှီဝဲရတဲ့ အနာဂါမ်ဖိုလ်ချမ်းသာကို ရရှိရုံမျှနဲ့ အားရတင်းတိမ် ကျေနပ်မနေရဘူး။ ရဟန်းဟာ အရဟတ္တဖိုလ်ဆိုတဲ့ ချမ်းသာကိုမရသေး၊ မရောက်သေးဘူးဆိုရင် ဘဝကို အထင်မသေးနဲ့၊ ဘဝကို သွားမချစ်နဲ့၊ ဘဝကို အကျွမ်းမဝင်နဲ့၊ ဘဝနဲ့ မရောနဲ့လို့ အရဟတ္တဖိုလ်ဆိုတဲ့ ပန်းတိုင်အရောက် လှမ်းကိုင်လျှောက်ရေး သတိပေးကာ ဟောကြားတော်မူပါတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ပြည့်စုံသီလ၊ ရှိကာမျှ၊ အားရမနေရာ။
- ကြားမြင်သုတ၊ များကာမျှ၊ အားရမနေရာ။
- သမာဓိမျှ၊ ကျေနပ်လှ၊ အားရမနေရာ။
- ဆိတ်ငြိမ်ရာမျှ၊ နေနိုင်လှ၊ အားရမနေရာ။
- အနာဂါမ်လှ၊ ဖြစ်ကာမျှ၊ အားရမနေရာ။

## 'ဘဝ' နှစ်လုံး

ဘဝဆိုတာ စာလုံးလေးနှစ်လုံးပဲရှိတယ်၊ 'ဘဝ'ဆိုတာ ဘယ်နှစ်လုံးလဲ (နှစ်လုံးပါဘုရား) အဲဒီနှစ်လုံးကြောင့် လူတွေဆင်းရဲဒုက္ခရောက်နေကြတာနော် (မှန်လှပါဘုရား)

ခုခေတ် ဒကာ, ဒကာမတွေက နှစ်လုံးရောဂါသည်တွေမဟုတ်လား (မှန်လှပါဘုရား) နှလုံးရောဂါသည်မဟုတ်ဘူးနော်၊ အားအားရှိ ထိနှစ်လုံးကစားတဲ့ နှစ်လုံးရောဂါသည်ကိုပြောတာ။ 'ဘဝ'ဆိုတဲ့ နှစ်လုံး၊ ထိနှစ်လုံး

http://www.dhammadownload.com



ကစားတဲ့နှစ်လုံးကြောင့် လူတွေဘာဖြစ်နေလဲ (ဆင်းရဲဒုက္ခရောက်နေကြပါတယ်ဘုရား)

ဒီတော့ 'ဘဝ' ဆိုတဲ့နှစ်လုံး ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဘုရား)

## ရောဂါသောကော

ဘုရားက 'ဘဝ'ကို အထင်မသေးနဲ့၊ 'ဘဝ'နဲ့ မရောနဲ့တဲ့၊ ရောဂါ-ဘဝနဲ့ရောရင်၊ ရောဂါ - ကိုယ်ရောဂါ၊ စိတ်ရောဂါ၊ မွေးရောဂါ၊ အိုရောဂါ၊ နာရောဂါ၊ သေရောဂါတွေ၊ ကွဲရောဂါ၊ ခွဲရောဂါတွေ တွေ့ရဦးမယ်။ သောကော - အဲဒီရောဂါတွေနဲ့တွေ့ရတော့ စိုးရိမ်သောက ဖြစ်ရဦးမယ်၊ ရောဂါသောကောလို့ ပြောကြတယ်နော် (မှန်လှပါဘုရား)၊ မစင်ဆိုတာ နည်းနည်းလေးလည်း အနံ့ဆိုးတယ်၊ နံတယ်မဟုတ်လား (မှန်လှပါဘုရား)၊ မစင်ဆိုတာ နည်းနည်းလေးလည်း အနံ့ဆိုးသလို နံသလို ဘဝဆိုတာလည်း နည်းနည်းလေး ကျန်နေပေမယ့်လည်း ဆင်းရဲတာပဲလို့ ဘုရားက သတိပေးတယ်၊ ဘုရားက ဘဝကို မစင်နဲ့ဥပမာပေးပြီးတော့ ဟောကြားတော်မူတယ်၊ အရဟတ္တဖိုလ်ပန်းတိုင်အရောက် လှမ်းကိုင်လျှောက်ဖို့ ဟောကြားတော်မူတယ်နော် (မှန်လှပါဘုရား)

အရဟတ္တဖိုလ်ဆိုတဲ့ပန်းတိုင်ကိုရောက်မှ ဘဝပြတ်၊ ဘဝရပ်ပြီးတော့ အေးချမ်းသာယာမယ်မဟုတ်လား (မှန်လှပါဘုရား)

'ဘဝ'ဆိုရင် လက်ရှိဘဝ၊ နောက်ဘဝ ဘယ်ဘဝမှ မကောင်းပါဘူး။ ဘဝခန္ဓာရရင် ဘယ်ဘဝ၊ ဘယ်ခန္ဓာမှ မကောင်းပါဘူး၊ ခန္ဓာရရင်တော့ မွေး၊ အို၊ နာ၊ သေ၊ ကွဲ၊ ခွဲဆိုတဲ့ ဆင်းရဲဘေးတွေ၊ လိုတာမရ၊ ရတာမလိုတဲ့ ဆင်းရဲဘေးတွေ ခံရမှာပါပဲ။

လက်ရှိဘဝ၊ နောက်ဘဝ၊ လက်ရှိခန္ဓာ၊ နောင်ခန္ဓာ၊ ဘယ်ဘဝ၊ ဘယ်ခန္ဓာမှမကောင်းတဲ့အတွက် ဘုရားက ချစ်သားရဟန်းတို့၊ အရဟတ္တဖိုလ်ဆိုတဲ့

http://www.dhammadownload.com



ပန်းတိုင်ကိုရောက်အောင် မြန်မြန်ကြီးလှမ်းကိုင်ပြီး လျှောက်ကြပါလို့ မဟော ကြားလိုက်ဘူးလား (ဟောကြားလိုက်ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားတော်က ဘာတရားတော်တဲ့လဲ (ပန်းတိုင်အရောက် လှမ်းကိုင်လျှောက်တရားတော်ပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- မစင်နည်းလည်း၊ နံတာပဲ၊ ပြမြဲဥပမာ။
- ဘဝနည်းနည်း၊ ကျန်တော့လည်း၊ ဆင်းရဲဒုက္ခသာ။
- ဘဝနည်းနည်း၊ ကျန်တော့လည်း၊ ဆင်းရဲတွေ့ဦးမှာ။
- လက်ရှိဘဝ၊ နောက်ဘဝ၊ ဘယ်ဘဝမှမကောင်းပါ။
- ဘဝရပ်အောင်၊ သတိဆောင်၊ ခုနောင်ကြိုးစားပါ။
- ဘဝပြတ်အောင်၊ သတိဆောင်၊ ခုနောင်ကြိုးစားပါ။
- ခန္ဓာရက၊ ခံကြရ၊ ဘယ်ခန္ဓာမှမကောင်းပါ။
- မွေး, အို, နာ, သေ၊ ကွဲဘေးတွေ၊ မသွေခံရမှာ။
- လိုတာမရ၊ ရတာမလို၊ ဆင်းရဲပို၊ ခံကိုခံရမှာ။

အရဟတ္တဖိုလ်ဆိုတဲ့ ပန်းတိုင်ကို အမြန်ရောက်အောင် ဘယ်လို လျှောက်ရမလဲ (အမြန်လျှောက်ရမှာပါဘုရား)

အမြန်လျှောက်မှ အမြန်ရောက်မယ်နော် (မှန်လှပါဘုရား)

## မြန်မြန်လျှောက်သွား+ဗိုလ်ငါးပါး

- ဟီနာယ သဒ္ဓါယ, ဟီနေန ဝီရိယေန,
- ဟီနာယ သတိယာ, ဟီနေန သမာဓိနာ,
- ဟီနာယပညာယ အဂ္ဂသဇီတသ
- အရဟတ္တဿ ပတ္တိနာမ နဟောတိ။

(သံ၊ ၄၊ ၂၊ ၄၈)

http://www.dhammadownload.com



ဘာနဲ့ မြန်မြန်လျှောက်ရမလဲဆိုတော့ မြင့်မြတ်တဲ့ယုံကြည်ချက်သဒ္ဓါ၊ အားထုတ်မှုဝီရိယ၊ အမှတ်မလွတ်မှုသတိ၊ ဇူးစိုက်တည်ကြည်မှု သမာဓိ၊ သိမှုပညာဆိုတဲ့ ဗိုလ်ငါးပါးနဲ့ အမြန်လျှောက်ရင် အရဟတ္တဖိုလ်ဆိုတဲ့ ပန်းတိုင်ကို အမြန်ရောက်နိုင်ပါတယ်။ ယုတ်ညံ့တဲ့သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့နဲ့တော့ အရဟတ္တဖိုလ်ဆိုတဲ့ပန်းတိုင်ကို အမြန်မရောက်နိုင်ဘူးနော် (မှန်လှပါဘုရား)

အမြတ်လိုချင်ရင် အမြတ်နဲ့လဲယူရတယ်၊ အမြတ်ကို အယုတ်နဲ့လဲယူလို့မရဘူး။ လောကရေး, ဓမ္မရေး စတဲ့အရေးပေါင်းများစွာ အောင်မြင်ချင်တယ်၊ အမြတ်ဆုံးကိုရယူချင်တယ်ဆိုရင် အမြတ်တရား ဗိုလ်ငါးပါးနဲ့ မရပ်မနား မပြတ်သွားကာယူမယ်ဆိုရင် မရနိုင်ဘူးလား (ရနိုင်ပါတယ်ဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- သဒ္ဓါယုတ်လတ်၊ အရဟတ်၊ ဖိုလ်မြတ်မရောက်ပါ။
- ဝီရိယယုတ်လတ်၊ အရဟတ်၊ ဖိုလ်မြတ်မရောက်ပါ။
- သတိယုတ်လတ်၊ အရဟတ်၊ ဖိုလ်မြတ်မရောက်ပါ။
- သမာဓိယုတ်လတ်၊ အရဟတ်၊ ဖိုလ်မြတ်မရောက်ပါ။
- ပညာယုတ်လတ်၊ အရဟတ်၊ ဖိုလ်မြတ်မရောက်ပါ။
- သဒ္ဓါမြင့်မြတ်၊ အရဟတ်၊ ဖိုလ်မြတ်ရောက်မြန်စွာ။
- ဝီရိယမြင့်မြတ်၊ အရဟတ်၊ ဖိုလ်မြတ်ရောက်မြန်စွာ။
- သတိမြင့်မြတ်၊ အရဟတ်၊ ဖိုလ်မြတ်ရောက်မြန်စွာ။
- သမာဓိမြင့်မြတ်၊ အရဟတ်၊ ဖိုလ်မြတ်ရောက်မြန်စွာ။
- ပညာမြင့်မြတ်၊ အရဟတ်၊ ဖိုလ်မြတ်ရောက်မြန်စွာ။
- အရဟတ္တဖိုလ်၊ ပန်းတိုင်ကို၊ ရောက်လိုလျှောက်မြန်စွာ။
- ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်၊ တစ်ထောက်မနားရာ။

ဒကာ, ဒကာမတွေ တစ်ထောက်နားဦးမှာလား (မနားတော့ပါဘူးဘုရား)

http://www.dhammadownload.com



- ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်၊ ပန်းတိုင်ရောက်မှအေးမှာပါ။

အရဟတ္တဖိုလ်ပန်းတိုင်ရောက်မှ အေးမှာနော် (မှန်လှပါဘုရား)

- ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်၊ ဘ၀ကြောက်စရာ။
- ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်၊ ဘ၀ကြောက်ကြပါ။

(ဘ၀ကျန်သေးရင် ဆင်းရဲဒုက္ခဘေးတွေ ကျန်ဦးမှာဆိုတော့ ဘ၀ဆိုတာ ကြောက်စရာကြီးနော် (မှန်လှပါဘုရား)

အရဟတ္တဖိုလ် ပန်းတိုင်ကိုရောက်မှ ဘ၀ပျောက်မှာ၊ ဘ၀ပျောက်မှ သံသရာဝဋ်ဆင်းရဲဘေးတွေပျောက်မှာမဟုတ်လား (မှန်လှပါဘုရား)

ကဲ - လက်ာလေးတွေလိုက်ဆို -

- ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်၊ ဘ၀ပျောက်မှာပါ။
- ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်၊ ဘ၀ပျောက်မှဘေးရန်ကွာ။
- ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်၊ ပန်းတိုင်ရောက်မှ ဘေးရန်ကွာ။

## ပန်းတိုင်ရောက်သွား ရဟန်းများ

ဒေသနာ၀သာနေ တေဘိက္ခူ အရဟတ္တေ ပတိဋ္ဌဟိံသု။

ဒေသနာ၀သာနေ-ဒေသနာတော်အဆုံး၌။ တေဘိက္ခူ-သီလစသည်၊ ဂုဏ်ရည်ထင်ရှား၊ ထိုရဟန်းတော်အများတို့သည်။ အရဟတ္တေ-ပန်းတိုင်ခေါ်ဆို၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု-ကောင်းစွာပျော်ပျော်၊ တည်သွားရောက်သွားတော်မူကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဘုရားက ဘ၀ကို မစင်နဲ့ဥပမာပေးပြီး ဘ၀ကျန်နေရင် ဆင်းရဲကျန်နေတာပဲ၊ ဘ၀ဆိုတာ ကြောက်စရာကောင်းတယ်၊ ဘ၀ကိုကြောက်ကြပါ၊ အရဟတ္တဖိုလ်ဆိုတဲ့ ပန်းတိုင်ကိုရောက်အောင် အမြန်လျှောက်ကြပါလို့ ရဟန်းတွေကို သတိပေးဟောကြားလိုက်တော့ အဲဒီ သီလ စသည်ပြည့်စုံတဲ့ ရဟန်းတော်တွေဟာ အရဟတ္တဖိုလ်ဆိုတဲ့ပန်းတိုင်ကို ရောက်သွားကြတယ်။

http://www.dhammadownload.com



## အားလုံးလူသား အကျိုးများ

**သမ္ပတ္တာနမ္ပိ သာတ္ထိကာ ဓမ္မဒေသနာ အဟောသိ။**

တရားနာရောက်လာသူတွေမှာလည်း ပြော် - ဘုရားဟောတာ မှန်တာပဲ၊ ဘဝဆိုတာ တကယ်တော့ ကြောက်စရာကောင်းတာပဲ၊ တို့လည်း ဘဝပြတ်အောင်၊ ဘဝရပ်အောင် ဗိုလ်မြတ်ငါးပါးနဲ့ အမြန်လျှောက်မှဖြစ်မယ်၊ အမြန်လျှောက်မှ အရဟတ္တဖိုလ်ဆိုတဲ့ ပန်းတိုင်ကို အမြန်ရောက်မှာဖြစ်တယ် စတဲ့ အသိဉာဏ်တွေ အများကြီးရကာ အကျိုးရှိတဲ့၊ အကျိုးများတဲ့တရားတော်ကြီး ဖြစ်သွားတယ်နော် (မှန်လှပါဘုရား)

ဒီနေ့ ဝိပဿနာတရား ကြိုးစားပွားများအားထုတ်နေကြတဲ့ ဒကာ, ဒကာမတွေကိုဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ (ပန်းတိုင်အရောက် လှမ်းကိုင်လျှောက်တရားတော်ပါဘုရား)

ဒီနေ့ တရားနာနေကြတဲ့ဘုန်းကြီးရဲ့ တရားနာပရိသတ်အားလုံး၊ အရဟတ္တဖိုလ်ဆိုတဲ့ ပန်းတိုင်အရောက် နည်းမှန်လမ်းမှန် အကျင့်မှန်နဲ့ လှမ်းကိုင်လျှောက်လှမ်းနိုင်ကြပါစေ။

(ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏အရှင်ဘုရား)

*"ပန်းတိုင်အရောက် လှမ်းကိုင်လျှောက်" တရားတော်ပြီးပြီ။*

http://www.dhammadownload.com



# "ပန်းတိုင်အရောက်+လှမ်းကိုင်လျှောက်" ကဗျာများ

၁။ သီလလောက်သာ တင်းတိမ်အားရ မနေကြနဲ့ ဘုရားမှာ။
၂။ ဓုတင်ကျင့်ကာ တင်းတိမ်အားရ မနေကြနဲ့ ဘုရားမှာ။
၃။ ပိဋကတ်သုံးပုံ သင်ယူပို့ချ၊ တင်းတိမ်အားရ မနေရာ။
၄။ ဈာန်တွေရကာ တင်းတိမ်အားရ မနေကြနဲ့ ဘုရားမှာ။
၅။ တောကျောင်းနေကာ တင်းတိမ်အားရ မနေကြနဲ့ ဘုရားမှာ။
၆။ ကုန်ကုန်ပြောမယ် အနာဂါမ်ဖြစ်လို့၊ သင်တို့အားရ မနေရာ။
၇။ မစင်ဆိုတာ နည်းနည်းလေးလည်း၊ အနံ့ဆိုးမြဲ မှတ်စမ်းပါ။
၈။ မစင်ဆိုတာ နည်းနည်းလေးလည်း၊ နံတာပဲလို့ မှတ်စမ်းပါ။
၉။ ဘဝဆိုတာ နည်းနည်းလေးလည်း၊ ဆင်းရဲဒုက္ခ ပေးဦးမှာ။
၁၀။ ဘဝကျန်ရင် ဆင်းရဲဒုက္ခ၊ အမှန်မုချ ကျန်ဦးမှာ။
၁၁။ ဘဝဆိုတာ အကုန်ပြတ်လို့၊ မြတ်သောဖိုလ်သို့ ရောက်ဖို့ရာ။
၁၂။ မြတ်သောသဒ္ဓါ ယုံကြည်ချက်နဲ့၊ အတည်ဆက်လက် လျှောက်မြန်စွာ။
၁၃။ ရဲရင့်ပြတ်သား လုံ့လအားနဲ့၊ အသုံးချသွား လျှောက်မြန်စွာ။
၁၄။ မြတ်သတိဗိုလ် အမြဲကပ်လို့၊ အမြဲရှုမှတ် လျှောက်မြန်စွာ။
၁၅။ စူးစိုက်တည်ကြည် သမာဓိနဲ့၊ ခါခါအပြည့် လျှောက်မြန်စွာ။
၁၆။ အသိဉာဏ်ဗိုလ်မြတ်တရားနဲ့၊ ပြတ်ပြတ်သားသား လျှောက်မြန်စွာ။
၁၇။ မြင့်မြတ်သောဖိုလ် ပန်းတိုင်ရောက်မှ၊ ဘေးရန်တွေပျောက် အေးမှာပါ။
၁၈။ မြင့်မြတ်သောဖိုလ် ပန်းတိုင်ရောက်မှ၊ ဘဝတွေပျောက် အေးမှာပါ။

( တွေးခါခါ၊ တွေးခါခါ )

http://www.dhammadownload.com



# အင်္ဂုတ္တရနိကာယ်+သတ္တကနိပါတပါဠိ+
# ဓနဝဂ်+ဥဂ္ဂသုတ္တန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော
# "ရန်ကုန်မှာနေ+ရန်ကုန်စေ"
# တရားတော်

ဒီနေ့ ဒကာ, ဒကာမတွေကို ဟောကြားမယ့်တရားတော်က ဘာတရားတဲ့လဲ (ရန်ကုန်မှာနေ+ရန်ကုန်စေ တရားတော်ပါဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

## ဥဂ္ဂရောက်လာ လျှောက်ထားလွှာ

**အထခေါ ဥဂ္ဂေါ ရာဇမဟာမတ္တော ယေနဘဂဝါ တေနုသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ ဥဂ္ဂေါ ရာဇမဟာမတ္တော ဘဂဝန္တံ ဧတဒဝေါစ -**

*(အံ၊ ပါ၊ ၂၊ ၄၀၀)*

**အထခေါ**-ထိုအခါ၌။ **ဥဂ္ဂေါ**-ဥဂ္ဂမည်သော။ **ရာဇမဟာမတ္တော**-(ပသေနဒီကောသလမင်း၏) အမတ်ကြီးသည်။ **ယေန**-အကြင်အရပ်၌။ **ဘဂဝါ**-မြတ်စွာဘုရားသည်။ **အတ္ထိ**-ရှိတော်မူ၏။ **တေန**-ထိုအရပ်၌။ **ဝါ**-ထိုအရပ်သို့။ **ဥပသင်္ကမိ**-ရောက်လာ၏။ **ဥပသင်္ကမိတွာ**-ရောက်လာပြီး၍။ **ဘဂဝန္တံ**-မြတ်စွာဘုရားကို။ **အဘိဝါဒေတွာ**-ရိုသေစွာရှိခိုးပြီး၍။ **ဧကမန္တံ**-သင့်လျော်လျောက်ပတ်၊ တစ်ခုသောနေရာအရပ်၌။ **နိသီဒိ**-ထိုင်နေပြီ။ **ဧကမန္တံ**-သင့်လျော်လျောက်ပတ်၊ တစ်ခုသောနေရာအရပ်၌။ **နိသိန္နော**-ထိုင်နေပြီးသော။ **ဥဂ္ဂေါ**-ဥဂ္ဂမည်သော။ **ရာဇမဟာမတ္တော**-အမတ်ကြီးသည်။ **ဘဂဝန္တံ**-မြတ်စွာဘုရားကို။ **ဧတံ**-ဤစကားကို။ **အဝေါစ**-ကောင်းစွာမသျှေ၊ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

http://www.dhammadownload.com



ဥဂ္ဂလို့ခေါ်တဲ့ ပသေနဒီကောသလမင်းကြီးရဲ့ အမတ်ကြီးဟာ ဘုရားရှိရာကို ရောက်လာတယ်၊ ရောက်လာပြီးတော့ ဘုရားကိုရှိခိုးကာ သင့်တော်တဲ့နေရာမှာ ထိုင်နေတယ်၊ အဲဒီသင့်တော်တဲ့နေရာမှာ ထိုင်နေပြီးတဲ့ ဥဂ္ဂအမတ်ကြီးက မြတ်စွာဘုရားကို ဒီစကား လျှောက်ထားလိုက်တယ်။

## လျှောက်ထားပုံမှာ ဒီလိုပါ

ဘယ်လိုလျှောက်ထားလိုက်သလဲဆိုတော့ -

**အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ အဍ္ဍောစာယံ ဘန္တေ မိဂါရော ရောဟဏေယျော ယာဝ မဟဒ္ဓနော ယာဝ မဟာဘောဂေါတိ။**

ဘန္တေ-မြတ်စွာဘုရား။ **အစ္ဆရိယံ**-လက်ဖျစ်ခတ်တီး၊ အံ့ချီးထိုက်ပါပေစွ။ ဘန္တေ-မြတ်စွာဘုရား၊ **အဗ္ဘုတံ**-မဖြစ်စဖူး၊ အသစ်အထူး ဖြစ်ပါပေစွ။ ဘန္တေ-မြတ်စွာဘုရား။ **ရောဟဏေယျော**-ရောဟဏသူဌေး၏မြေးဖြစ်သော။ **အယံမိဂါရော**-ဤမိဂါရသူဌေးသည်။ **ယာဝ**-အလွန်ပင်။ **အဍ္ဍောစ**-မြှုပ်နှံသိမ်းဆည်း၊ ပစ္စည်းဓနေ၊ ပေါကြွယ်ဝလည်း ပေါကြွယ်ဝပါပေ၏။ **ယာဝ**-အလွန်ပင်။ **မဟဒ္ဓနောစ**-နေ့စဉ်အမြဲ၊ သုံးစွဲစရာ၊ များစွာသောဥစ္စာလည်း ရှိပါပေ၏။ **ယာဝ**-အလွန်ပင်။ **မဟာဘောဂေါစ**-များပြားလှစွာ၊ ငါးဖြာအာရုံ ကာမဂုဏ်စည်းစိမ်နှင့် အခြံအရံဘဏ္ဍာလည်းရှိပါ၏။ **ဣတိ**-ဤသို့၊ **အဝေါစ**-လျှောက်ပြီ။

မြတ်စွာဘုရား၊ လက်ဖျစ်ခတ်တီး အံ့ချီးထိုက်ပါပေစွ။ မြတ်စွာဘုရား မဖြစ်စဖူး အသစ်အထူး ဖြစ်ပါပေစွ။ မြတ်စွာဘုရား၊ ရောဟဏသူဌေးရဲ့ မြေးဖြစ်တဲ့ မိဂါရသူဌေးဟာ အလွန်ပင် မြေမှာမြှုပ်ထားတဲ့ ပစ္စည်းဥစ္စာတွေ ပေါများကြွယ်ဝပါတယ်၊ အလွန်ပင် နေ့စဉ်သုံးစွဲစရာဥစ္စာ များစွာရှိပါတယ်၊ အလွန်ပင် များပြားလှစွာ ငါးဖြာအာရုံ ကာမဂုဏ်စည်းစိမ်နဲ့ အခြံအရံ ဘဏ္ဍာတွေ ရှိပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

http://www.dhammadownload.com



## ဘယ်လောက်ပေါ်တာ မေးမြန်းရှာ

**ကီဝ အမ္ဗော ပနုဂ္ဂ မိဂါရော ရောဟဏေယျော ကီဝ မဟဒ္ဓနော ကီဝ မဟာဘောဂေါတိ။**

ဥဂ္ဂ-ဥဂ္ဂ။ ပန-ယင်းသို့ဖြစ်လျှင်။ ရောဟဏေယျော-ရောဟဏ သူဌေး၏မြေးဖြစ်သော။ မိဂါရော-မိဂါရသူဌေးသည်။ **ကီဝအမ္ဗော**-အဘယ်မျှလောက် မြှုပ်နှံသိမ်းဆည်း ပစ္စည်းဥစ္စာ ပေါကြွယ်ဝပါသနည်း။ **ကီဝ မဟဒ္ဓနော**-အဘယ်မျှလောက် နေ့စဉ်သုံးစွဲစရာ များစွာသောဥစ္စာ ရှိပါသနည်း။ **ကီဝ မဟာဘောဂေါ**-အဘယ်မျှလောက် များစွာသော ငါးဖြာအာရုံ ကာမဂုဏ်စည်းစိမ်နှင့် အခြံအရံဘဏ္ဍာ ရှိပါသနည်း။ **ဣတိ**-ဤသို့၊ **အဝေါစ**-ကောင်းစွာမသေ့၊ မေးမြန်းတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဥဂ္ဂ၊ ရောဟဏသူဌေးရဲ့မြေးဖြစ်တဲ့ မိဂါရသူဌေးဟာ မြေမှာမြှုပ်ထားတဲ့ ပစ္စည်းဥစ္စာတွေ အလွန်ပေါ်များကြွယ်ဝတယ်ဆိုတော့ ဘယ်လောက်ပေါ်များကြွယ်ဝသလဲ၊ ဘယ်လောက် နေ့စဉ်သုံးစွဲစရာ များတဲ့ဥစ္စာတွေ ရှိသလဲ၊ ဘယ်လောက် များပြားတဲ့ ငါးဖြာအာရုံ ကာမဂုဏ်စည်းစိမ်နဲ့ အခြံအရံဘဏ္ဍာတွေရှိသလဲလို့ မေးတော်မူလိုက်ပါတယ်။

## ပေါ်များပုံကို လျှောက်ထားဆို

**သတံ ဘန္တေ သတသဟဿာနံ ဟိရညဿ၊ ကော ပန ဝါဒေါ ရူပိယဿာတိ။**

ဘန္တေ-မြတ်စွာဘုရား။ ဟိရညဿ-ရွှေ၏သာလျှင်။ သတသဟဿာနံ -အသိန်းတို့၏။ သတံ-တစ်ရာပါတည်း။ (တစ်နည်း-သတသဟဿာနံသတံ-တစ်ကုဋေပါတည်း။) ရူပိယဿ-ငွေ၏မှုကား။ ဝါ-ငွေဖြင့်ပြုလုပ်အပ်သော (စလောင်း၊ သောက်ရေခွက်၊ အခင်း၊ အရံ၊ အစရှိသော) အသုံးအဆောင်၏ မှုကား။ (ပမာဏသခ်ါနေ-အတိုင်းအတာပမာဏကို ရေတွက်ပြခြင်း၌။)

http://www.dhammadownload.com



ဝါဒေါ-ဤရွှေ့ဤမျှ၊ ရှိသည်ပဟု၊ ပြောပြဖွယ်မည်၊ စကားသည်ပင်။ ကောပနအဲတ္ထိ-အဘယ်မှာရှိပါတော့အံ့နည်း။ (နတ္ထိဝေ-သွေချာအတည်၊ မရှိတော့သည်သာတည်း) ဣတိ-ဤသို့၊ အဝေါစ-ကောင်းစွာမသွေ၊ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မြတ်စွာဘုရား၊ ငွေကို ထည့်မတွက်သေးဘဲ ရွှေချည်းသက်သက်ပင် သိန်းတစ်ရာ ရှိပါတယ်ဘုရား၊ ဝါ-တစ်ကုဋေရှိပါတယ်ဘုရား၊ ငွေကတော့ ဝါ-ငွေနဲ့လုပ်ထားတဲ့ စလောင်းသောက်ရေခွက်၊ အခင်း၊ အရံ စတဲ့ အသုံး အဆောင်တွေကတော့ တိုင်းတာရေတွက်လို့ မပြနိုင်လောက်အောင် (ရေတွက်လို့မရနိုင်လောင်အောင်) များပြားလှပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

## ရန်သူငါးထွေ ဆက်သွယ်နေ

အတ္ထိ ခေါ တေ ဥဂ္ဂ ဓနံ၊ နေတံ နတ္ထီတိ ဝဒါမိတိ၊ တဥ္စ ခေါ တေ ဥဂ္ဂ ဓနံ၊ သာဓာရဏံ အဂ္ဂိနာ, ဥဒကေန, ရာဇူဟိ, စောရေဟိ, အပ္ပိယေဟိ ဒါယာဒေဟိ။

ဥဂ္ဂ- ဥဂ္ဂ။ တေဓနံ-ထိုရွှေငွေဥစ္စာသည်။ အတ္ထိခေါ-ရှိပေသည်သာ။ တေဓနံ-ထိုရွှေငွေဥစ္စာသည်။ နတ္ထိ-မရှိ။ ဣတိ-ဤသို့။ (အဟံ-ငါသည်။) နဝဒါမိ-မဆို။ (ဝဒါမိတိ၌ ဣတိသဒ္ဒါ အပိုဟုယူဆ၏)

ဥဂ္ဂ-ဥဂ္ဂ။ စခေါ-သို့သော်လည်း။ တံတေဓနံ-ထိုရွှေငွေဥစ္စာသည်။ အဂ္ဂိနာ-မီးနှင့်လည်းကောင်း။ ဥဒကေန-ရေနှင့်လည်းကောင်း။ ရာဇူဟိ-မင်းတို့နှင့် လည်းကောင်း။ စောရေဟိ-သူခိုး, ဓားပြတို့နှင့်လည်းကောင်း။ အပ္ပိယေဟိ - မချစ်ခင်အပ်ကုန်သော။ ဒါယာဒေဟိ - အမွေခံဆိုးတို့နှင့်လည်းကောင်း။ သာဓာရဏံ-အမြဲတစေ၊ ဆက်သွယ်နေ၏။

ဥဂ္ဂ၊ အဲဒီရွှေငွေဥစ္စာတွေရှိတာကို မရှိဘူးလို့ ငါဘုရား မဟောပါဘူး။ ဒါပေမယ့် အဲဒီရွှေငွေဥစ္စာတွေဟာ မီး၊ ရေ မင်း၊ သူခိုးဓားပြ၊ မချစ်အပ်တဲ့

http://www.dhammadownload.com



အမွှေခံဆိုးတွေနဲ့ ဆက်ဆံနေတယ်။ ရန်မကင်းဘူး။ ရန်မကုန်ဘူး။ ရန်မလုံဘူး။

## ရန်ကုန်ဥစ္စာ ခုနစ်ဖြာ

**သတ္တခေါ် ဣမာနိ ဥဂ္ဂဓနာနံ အသာဓာရဏာနိ အဂ္ဂိနာ, ဥဒကေန, ရာဇူဟိ, စောရေဟိ, အပ္ပိယေဟိ ဒါယာဒေဟိ။**

ဥဂ္ဂ-ဥဂ္ဂ။ သတ္တ-ခုနစ်မျိုးကုန်သော။ ဣမာနိ ဓနာနိခေါ်-ဤ ဟောတော်မူလတ္တံသော ဥစ္စာတို့သည်ကား။ အဂ္ဂိနာ - မီးနှင့်လည်းကောင်း။ ဥဒကေန - ရေနှင့်လည်းကောင်း။ ရာဇူဟိ - မင်းတို့နှင့်လည်းကောင်း။ စောရေဟိ-သူခိုး, ဓားပြတို့နှင့်လည်းကောင်း။ အပ္ပိယေဟိ-မချစ်လုံးလုံး၊ အပြစ်ဖုံ့၍မုန်းအပ်ကုန်သော။ ဒါယာဒေဟိ-အမွှေခံဆိုးတို့နှင့်လည်းကောင်း။ အသာဓာရဏာနိ-အမြဲအမှန် မဆက်ဆံကြလေကုန်။

ဥဂ္ဂ-ငါဘုရား ယခုဟောမယ့် ဥစ္စာခုနစ်မျိုးကတော့ မီးနဲ့လည်း မဆက်ဆံဘူး၊ ရေနဲ့လည်း မဆက်ဆံဘူး၊ မင်းနဲ့လည်း မဆက်ဆံဘူး၊ သူခိုး, ဓားပြတွေနဲ့လည်း မဆက်ဆံဘူး၊ မုန်းစရာကောင်းတဲ့ အမွှေခံသားဆိုး သမီးမိုက်တွေနဲ့လည်း မဆက်ဆံဘူး။ ရန်ကင်းတယ်၊ ရန်ကုန်တယ်၊ ရန်လုံတယ်။

**ကတမာနိသတ္တ၊ သဒ္ဓါဓနံ, သီလဓနံ, ဟိရိဓနံ, ဩတ္တပ္ပဓနံ, သုတဓနံ, စာဂဓနံ, ပညာဓနံ။**

သတ္တ-ခုနစ်မျိုးတို့ဟူသည်။ ကတမာနိ-အဘယ်တို့နည်းဟူမူ။ သဒ္ဓါဓနံ-ယုံကြည်ကြည်ညိုခြင်းဟူသော ဥစ္စာလည်းကောင်း။ သီလဓနံ-သီလဟူသော ဥစ္စာလည်းကောင်း။ ဟိရိဓနံ-ရှက်ခြင်း, စက်ဆုပ်ခြင်းဟူသော ဥစ္စာလည်းကောင်း။ ဩတ္တပ္ပဓနံ-ကြောက်လန့်ခြင်းဟူသော ဥစ္စာလည်းကောင်း။ သုတဓနံ-ကြားနာသင်ယူမှတ်သားထားအပ်သော ဥစ္စာလည်းကောင်း။ စာဂဓနံ-စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဥစ္စာလည်းကောင်း။ ပညာဓနံ-ပညာဟူသော ဥစ္စာလည်းကောင်းတည်း။

http://www.dhammadownload.com



အဲဒီ ရန်ကင်း၊ ရန်ကုန်တဲ့ဥစ္စာ (၇)မျိုးက ဘာတွေလဲ ဆိုတော့ -

၁။ သဒ္ဓါဓန-ရတနာသုံးတန်၊ ကံနဲ့ကံရဲ့အကျိုး၊ ခုဘဝ, နောက်ဘဝ ဆိုတဲ ခုနစ်မျိုးရဲ့အပေါ်မှာ ယုံကြည်ခြင်းဥစ္စာ၊

၂။ သီလဓန-ကိုယ်, နှုတ်ကို ထိန်းသိမ်းစောင့်ရှောက်မှု သီလဥစ္စာ၊

၃။ ဟိရိဓန-မကောင်းတာတွေပြုရ၊ ပြောရ၊ ကြံရမှာ ရှက်ခြင်းဥစ္စာ၊

၄။ ဩတ္တပ္ပဓန-မကောင်းတာတွေ ပြုရ၊ ပြောရ, ကြံရမှာ ကြောက်လန့်ခြင်းဥစ္စာ၊

၅။ သုတဓန - ဘုရားဟောထားတဲ့ တရားတော်တွေကို သင်ယူနာကြား မှတ်သားထားခြင်းဥစ္စာ

၆။ စာဂဓန-ကိုယ့်ရှိတာလေးတွေကို ကိုယ်တစ်ယောက်တည်း မစားမသောက်ဘဲ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းတွေကို လှူဒါန်းပေးကမ်းခြင်းဥစ္စာ၊ ဆင်းရဲသူတွေကို စွန့်ကြဲခြင်းဥစ္စာ၊

၇။ ပညာဓန - ခန္ဓာငါးပါးရဲ့အဖြစ်အပျက်ကို တိုးထွင်းသိကာ ကိလေသာ အညစ်အကြေး ကင်းဝေးစင်ကြယ်အောင် လောဘစတဲ့ အတုံးအခဲတွေကို ဖြိုခွဲနိုင်တဲ့ အမှန်ပင် ဝင့်ဆင်းရဲ, ကိလေသာ ဆင်းရဲတွေကို ကုန်ဆုံးအောင် စွမ်းဆောင်နိုင်တဲ့ ဝိပဿနာပညာ၊ မဂ်ပညာဥစ္စာတွေ ဖြစ်တယ်။ (အံ၊ ပါ၊ ၂၊ ၃၉၉)

**ဣမာနိ ခေါ ဥဂ္ဂ သတ္တ ဓနာနိ အသာဓာရဏာနိ အဂ္ဂိနာ, ဥဒကေန, ရာဇူဟိ, စောရေဟိ, အပ္ပိယေဟိ ဒါယာဒေဟီတိ။**

**ဥဂ္ဂ-ဥဂ္ဂ။ သတ္တ-ခုနစ်ပါးကုန်သော။ ဣမာနိဓနာနိခေါ-ဤဥစ္စာတို့သည်ကား။ အဂ္ဂိနာ-မီးနှင့်လည်းကောင်း။ ဥဒကေန-ရေနှင့်လည်းကောင်း။ ရာဇူဟိ-မင်းတို့လည်းကောင်း။ စောရေဟိ-သူခိုး, ဓားပြတို့နှင့်လည်းကောင်း။ အပ္ပိယေဟိ-မချစ်လုံးလုံး၊ အပြစ်ဖုံး၍၊ မုန်းအပ်ကုန်သော။ ဒါယာဒေဟိ-**

http://www.dhammadownload.com



အမွှေခံဆိုးတို့နှင့်။ အသာစာရဏာနိ-မဆက်ဆံကြကုန်။ ဣတိ-ဤသို့။ အဝေါစ-ကောင်းစွာမသွေ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဥဂ္ဂ၊ အဲဒီ သဒ္ဓါ၊ သီလ၊ ဟိရီ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာ ဆိုတဲ့ ဥစ္စာ ခုနစ်မျိုးကတော့ ရေ၊ မီး၊ မင်း၊ သူခိုး, ဓားပြ၊ အမွှေခံသားဆိုး သမီးမိုက် ဆိုတဲ့ ရန်သူမျိုးငါးပါးနဲ့ ဘယ်တော့မှ မဆက်ဆံပါဘူး၊ ရန်ကင်းတယ်၊ ရန် ကုန်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ ရန်သူငါးပါးနဲ့ မဆက်ဆံတဲ့ဥစ္စာဟာ သဒ္ဓါ စတဲ့ သူတော် ကောင်းဥစ္စာ ခုနစ်ပါး ဖြစ်တယ်နော် (မှန်လှပါဘုရား)

ဒီနေ့ဟောတဲ့ တရားတော်ကို "ရန်သူငါးတန် မဆက်ဆံ" တရားတော် လို့ အမည်ပေးရင်လည်း ရတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်ဘယ်ဥစ္စာ။
- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်မြတ်သဒ္ဓါ။
- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်သီလပါ။
- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်ရှက်ခြင်းပါ။
- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်ကြောက်ခြင်းပါ။
- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်သုတပါ။
- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်စာဂပါ။
- ရန်သူငါးတန်၊ မဆက်ဆံ၊ အမှန်မြတ်ပညာ။
- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ ဘယ်ဥစ္စာ။
- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ မြတ်သဒ္ဓါ။
- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ သီလပါ။
- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ ရှက်ခြင်းပါ။
- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ ကြောက်ခြင်းပါ။

http://www.dhammadownload.com



- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ သုတပါ။
- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ စာဂပါ။
- မီး, ရေ, မင်း, ခိုး၊ မွေခံဆိုး၊ ရန်မျိုးကုန်တာ မြတ်ပညာ။

ဒီတော့ တရားနာပရိသတ်၊ ကိုယ့်သန္တာန်မှာ ရန်ကုန်တဲ့၊ ရန်ကင်းတဲ့ ဥစ္စာတွေ ရှိဖို့မလိုဘူးလား (လိုပါတယ်ဘုရား)

ရန်ကုန်တဲ့၊ ရန်ကင်းတဲ့ သဒ္ဓါ စတဲ့ဥစ္စာတွေ ကိုယ့်ရင်ထဲမှာ အမြဲ သိမ်းထားရမယ်နော် (မှန်လှပါဘုရား)

တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဒီသဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေရှိထားရင်၊ သိမ်းထားရင်၊ ရန်သူမျိုးငါးပါးဆိုတဲ့ အပြင်ရန်၊ လောဘ, ဒေါသ, မောဟ စတဲ့ အတွင်းရန်ဆိုတဲ့ ရန်ကုန်မယ်၊ ရန်ကင်းမယ်၊ ရန်ဝေးမယ်၊ ရန်အေးမယ်နော် (မှန်လှပါဘုရား)

ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ တရားနာပရိတ်သတ်တွေ၊ ခုနေတဲ့ မြန်မာနိုင်ငံရဲ့မြို့တော်ကြီးက ဘာမြို့တဲ့လဲ (ရန်ကုန်မြို့ပါဘုရား)

အေး - ဟုတ်ပြီ၊ ရန်ကုန်မှာနေရင် ရန်ကုန်ဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)

ဒီနေ့ဟောတဲ့တရားကို "ရန်ကုန်" တရား၊ "ရန်ကင်း" တရားလို့ အမည်ပေးမယ်ဆိုရင်လည်း တရားနဲ့ အမည် လိုက်ဖက်ညီတယ်နော် (မှန်လှပါဘုရား)

## ရန်ကုန်မှာနေ+ရန်ကုန်စေ

ရန်ကုန်မှာနေကြတဲ့ ဘုန်းကြီးတို့ရဲ့ ဒကာ, ဒကာမတွေမှာ သဒ္ဓါစတဲ့ ရန်ကင်း၊ ရန်ကုန်ဥစ္စာတွေ မရှိကြဘူးလား (ရှိကြပါတယ်ဘုရား)

အေး - အဲဒီ သဒ္ဓါစတဲ့ဥစ္စာတွေ ကိုယ်စီကိုယ်ငှ ရှိထားကြပြီးတော့ ရန်ကုန်မှာနေသူတွေ အပြင်ရန်, အတွင်းရန်တွေ ကုန်ကြပါစေလို့ အသိဉာဏ်ပေးတဲ့ "ရန်ကုန်မှာနေ+ရန်ကုန်စေ" တရားတော်။

http://www.dhammadownload.com



ဘာတရားတဲ့လဲ (ရန်ကုန်မှာနေ+ရန်ကုန်စေ တရားတော်ပါဘုရား)

တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် "ရန်ကုန်မှာနေ+ရန်ကင်းစေ" တရားနော် (မှန်လှပါဘုရား)

ကဲ - လက်ာလေးတွေလိုက်ဆို -

- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဘယ်ဥစ္စာတဲ့လဲ။
- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဥစ္စာ သဒ္ဓါပဲ။
- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဥစ္စာ သီလပဲ။
- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဥစ္စာ အရှက်ပဲ။
- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဥစ္စာ အကြောက်ပဲ။
- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဥစ္စာ သုတပဲ။
- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဥစ္စာ စာဂပဲ။
- ရန်ကုန်ဥစ္စာ၊ လောကမှာ၊ ဥစ္စာ ဝညာပဲ။
- ရန်ကုန်မှာနေ၊ ရန်ကုန်စေ၊ ဟောဝေတရားပဲ။

- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဘယ်ဥစ္စာတဲ့လဲ။
- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဥစ္စာ သဒ္ဓါပဲ။
- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဥစ္စာ သီလပဲ။
- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဥစ္စာ အရှက်ပဲ။
- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဥစ္စာ အကြောက်ပဲ။
- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဥစ္စာ သုတပဲ။
- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဥစ္စာ စာဂပဲ။
- ရန်ကင်းဥစ္စာ၊ လောကမှာ၊ ဥစ္စာ ပညာပဲ။
- ရန်ကုန်မှာနေ၊ ရန်ကင်းစေ၊ သိလေတရားပဲ။

အကျဉ်းချုပ်ဂါထာတော်တွေ ဆက်ပြီးတော့ နာယူကြပါစို့။

http://www.dhammadownload.com



## သူတော်ဥစ္စာ+ခုနစ်ဖြာ

သဒ္ဓါဓနံ သီလဓနံ၊
ဟိရီ ဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါစ၊
ပညာ ဝေ သတ္တမံ ဓနံ။

သဒ္ဓါဓနံ-ယုံတတ်ကြည်တတ်၊ ဥစ္စာမြတ်သည်လည်းကောင်း။

သီလဓနံ-ကိုယ်, နှုတ်နှစ်လီ၊ အတည်ထိန်းတတ်၊ သီလဥစ္စာမြတ်သည်လည်းကောင်း။

ဟိရီဓနံ-ရှက်ခြင်းခေါ်မှတ်၊ ဥစ္စာမြတ်သည်လည်းကောင်း။

ဩတ္တပ္ပိယံဓနံ-ကြောက်တတ်လန့်တတ်၊ ဥစ္စာမြတ်သည်လည်းကောင်း။

သုတဓနဉ္စ-ကြားနာသင်မှတ်၊ တရားတည်းဟူသော ဥစ္စာမြတ်သည်လည်းကောင်း။

စာဂေါစဓနံ-စွန့်ကြဲလှူတတ်၊ ဥစ္စာမြတ်သည်လည်းကောင်း။

ဝေ-စင်စစ်ကေန်၊ အမှန်အားဖြင့်။

ပညာ-ရုပ်နာမ်နှစ်ဖြာ၊ ဖြစ်ပျက်တာကို၊ သေချာသိတတ်၊ ပညာမြတ်ဟူသော။ သတ္တမံ-ခုနစ်ပါးမြောက်ဖြစ်သော။ ဓနံစ-ဥစ္စာသည်လည်းကောင်း။ (ဟောန္တိ-ရှိကုန်၏။)

ယဿ ဧတေ ဓနာ အတ္ထိ၊
ဣတ္ထိယာ ပုရိသဿဝါ။
သ ဝေ မဟဒ္ဓနော လောကေ၊
အဇေယျော ဒေဝမာနုသေ။

ဣတ္ထိယာဝါ-မိန်းမပူလည်းဖြစ်သော။ ပုရိသဿဝါ-ယောက်ျားမူလည်း ဖြစ်သော။ ယဿ-အကြင်ပုဂ္ဂိုလ်အား။ ဧတေဓနာ-ထိုသူတော်ကောင်းဥစ္စာ၊ ခုနစ်ဖြာတို့သည်။ အတ္ထိ-သေချာအစုံ၊ ရှိကြကုန်၏။ သ-သော- သူတော်ဥစ္စာ၊ ခုနစ်ဖြာရှိတတ်၊ ထိုပုဂ္ဂိုလ်မြတ်သည်။ ဝေ-စင်စစ်ကေန်၊ အမှန်

http://www.dhammadownload.com



တကယ်ပင်။ လောကေ-သတ္တလောက၌။ မဟဒ္ဓနော-များသောဥစ္စာရှိသူ မည်သည်။ ဒေဝမာနုသေ-နတ်လူအပေါင်း၌၊ ဝါ-နတ်လူအပေါင်းတွင်။ အဇေယျော-မီး, ရေ, မင်း, ခိုး၊ မွေခံဆိုးသူ၊ ပြင်ရန်သူနှင့်၊ တစ်မူထပ်ပြော၊ လော, ဒေါ, မောဟ၊ တွင်းကရန်သူ၊ အဆူဆူတို့၊ မှတ်ယူပိုင်ပိုင်၊ မအောင်နိုင် မလွှမ်းမိုးနိုင်သူသည်။ ဟောတိ-မုချပုံသေ၊ ဖြစ်ရပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

## ဥစ္စာပေါသူ+ဘယ်လိုလူ

မိန်းမမှာပဲဖြစ်ဖြစ်၊ ယောကျ်ားမှာပဲဖြစ်ဖြစ် အဲဒီသဒ္ဓါ စတဲ့ သူတော်ကောင်းဥစ္စာခုနစ်ပါး ရှိနေတယ်ဆိုရင်-အဲဒီသူတော်ကောင်းဥစ္စာတွေရှိနေတဲ့ မိန်းမ၊ ယောကျ်ားကို အမှန်ပင် သတ္တလောကမှာ များတဲ့ဥစ္စာရှိတဲ့သူ၊ ဥစ္စာပေါတဲ့သူလို့ ခေါ်ဆိုရတယ်။

ဒီတော့ သဒ္ဓါ စတဲ့ သူတော်ကောင်းဥစ္စာတွေရှိမှ တကယ်ဥစ္စာပေါတဲ့လူ ဖြစ်တယ်နော် (မှန်လှပါဘုရား)

ဥစ္စာပေါတဲ့လူဟာ ဘယ်လိုလူပါလိမ့် (သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေ ရှိသူပါဘုရား)

ဒီနေ့ဟောတဲ့တရားကို "ဥစ္စာပေါသူ ဘယ်လိုလူ" တရားလို့ အမည်ပေးရင်လည်း ရတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဥစ္စာပေါသူ၊ လောကလူ၊ ဘယ်သူဖြစ်သလဲ။
- ဥစ္စာပေါသူ၊ လောကလူ၊ သဒ္ဓါရှိသူပဲ။
- ဥစ္စာပေါသူ၊ လောကလူ၊ သီလရှိသူပဲ။
- ဥစ္စာပေါသူ၊ လောကလူ၊ အရှက်ရှိသူပဲ။
- ဥစ္စာပေါသူ၊ လောကလူ၊ အကြောက်ရှိသူပဲ။
- ဥစ္စာပေါသူ၊ လောကလူ၊ သုတရှိသူပဲ။

http://www.dhammadownload.com



- ဥစ္စာပေါသူ၊ လောကလူ၊ စာဂရှိသူပဲ။
- ဥစ္စာပေါသူ၊ လောကလူ၊ ပညာရှိသူပဲ။

## ဘယ်ရန်သူမှ+အောင်မရ

အဲဒီ သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေရှိတဲ့သူကို မီး, ရေ, မင်း, သူခိုး, ဓားပြ, အမွေခံဆိုး ဆိုတဲ့ အပြင်ရန်သူတွေနဲ့ ကိုယ့်သန္တာန်မှာဖြစ်ပေါ်နေတဲ့ လောဘ, ဒေါသ, မောဟ စတဲ့ အတွင်းကိလေသာရန်သူတွေက ဘယ်တော့မှ မအောင်နိုင်ဘူး၊ မလွှမ်းမိုးနိုင်ဘူးတဲ့။

ဒီတော့ အပြင်ရန်၊ အတွင်းရန်ဆိုတဲ့ ဘယ်ရန်သူတွေကမှ မအောင်နိုင်တဲ့၊ မလွှမ်းမိုးနိုင်တဲ့လူဆိုတာ သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေရှိတဲ့လူဖြစ်တယ်နော် (မှန်လှပါဘုရား)

ဘယ်ရန်သူမှ အောင်မရတဲ့လူဟာ ဘယ်လိုလူပါလိမ့် (သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေ ရှိသူပါဘုရား)

ဒီနေရာလေးအတိုင်းပြောမယ်ဆိုရင် "ဘယ်ရန်သူမှ+အောင်မရ" တရားတော်လို့ အမည်ပေးရမယ်နော် (မှန်လှပါဘုရား)

ကိုယ့်သန္တာန်မှာရှိနေတဲ့ သဒ္ဓါစတဲ့ သူတော်ကောင်းဥစ္စာတွေကို ဘယ်ရန်သူကမှ အောင်လို့လည်းမရဘူး၊ ဘယ်ရန်သူကမှ ယူလို့လည်းမရဘူးနော် (မှန်လှပါဘုရား)

ဒီနေ့ဟောတဲ့တရားတော်ကို "ဘယ်ရန်သူမှ+ယူမရ"တရားတော်လို့ အမည်ပေးရင်လည်း ရတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ ဘယ်သူဖြစ်သလဲ။
- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ သဒ္ဓါရှိသူပဲ။
- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ သီလရှိသူပဲ။
- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ အရှက်ရှိသူပဲ။

http://www.dhammadownload.com



- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ အကြောက်ရှိသူပဲ။
- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ သုတရှိသူပဲ။
- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ စာဂရှိသူပဲ။
- ဘယ်ရန်သူမှ၊ အောင်မရသူ၊ လောကလူ၊ ပညာရှိသူပဲ။

## အထပ်ထပ်အခါခါ+အားထုတ်ပါ

တသ္မာ သဒ္ဓဉ္စ သီလဉ္စ၊
ပသာဒံ ဓမ္မဒဿနံ။
အနုယုဉ္ဇေထ မေဓာဝီ၊
သရံ ဗုဒ္ဓါန သာသနံ။

တသ္မာ-ထို့ကြောင့်။ ဗုဒ္ဓါနံ-သစ္စာသိမြင်၊ ဘုရားရှင်တို့၏။ သာသနံ-အဆုံးအမ၊ ဩဝါဒကို။ သရံ-သရဏ္ဍော-အမြဲနှေည၊ သတိရသော။ မေဓာဝီ-ပညာရှိသည်။ သဒ္ဓဉ္စ-သဒ္ဓါတရားကိုလည်းကောင်း။ သီလဉ္စ-သီလကိုလည်းကောင်း။ ပသာဒဉ္စ-ရတနာသုံးပါးတို့၌ ကြည်ညိုခြင်းကိုလည်းကောင်း။ ဓမ္မဒဿနဉ္စ-သစ္စာလေးတန်၊ သိမြင်ဉာဏ်ကိုလည်းကောင်း။ အနုယုဉ္ဇေထ-အထပ်ထပ်အခါခါ၊ အားထုတ်သင့်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

သူတော်ကောင်းဥစ္စာခုနစ်ပါးရှိတဲ့သူဟာ များတဲ့ဥစ္စာရှိသူ၊ ဥစ္စာပေါသူ ဖြစ်ပြီးတော့ အပြင်ရန်သူ၊ အတွင်းရန်သူ ဘယ်ရန်သူကမှ မအောင်မြင်နိုင်တဲ့ သူဖြစ်တဲ့အတွက်ကြောင့် ဘုရားရှင့်ရဲ့အဆုံးအမကို သတိရနေတဲ့ ပညာရှိသူဟာ သဒ္ဓါရှိအောင်၊ သဒ္ဓါပွားအောင် အမြဲနှေည အထပ်ထပ်အခါခါ အားထုတ်ရမယ်၊ သီလရှိအောင် အထပ်ထပ်အခါခါ အားထုတ်ရမယ်၊ ရတနာသုံးပါး ကြည်ညိုမှုတွေ တိုးပွားလာအောင် အထပ်ထပ်အခါခါ အားထုတ်ရမယ်၊ သစ္စာလေးပါး သိမြင်အောင် အထပ်အထပ်အခါအခါ အားထုတ်ရမယ်လို့ မြတ်စွာဘုရားက တိုက်တွန်းတော်မူတယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ - လင်္ကာလေးတွေလိုက်ဆိုပြီး တရားသိမ်းကြရအောင် -

- သဒ္ဓါရှိအောင်၊ သတိဆောင်၊ ခုနောင်ကြိုးစားပါ။
- သီလရှိအောင်၊ သတိဆောင်၊ ခုနောင်ကြိုးစားပါ။
- ရတနာသုံးတန်၊ ကြည်ညိုရန်၊ အမြန်ကြိုးစားပါ။
- သစ္စာလေးတန်၊ သိမြင်ရန်၊ အမြန်ကြိုးစားပါ။

ရန်ကုန်မှာနေ၊ ရန်ကုန်စေ၊ ဟောဝေတရားပါ။
ရန်ကုန်မှာနေ၊ ရန်ကင်းစေ၊ ဟောဝေတရားပါ။

*ရန်ကုန်မှာနေ+ရန်ကုန်စေ တရားတော် ပြီးပြီ။*

http://www.dhammadownload.com



# "ရန်ကုန်မှာနေ+ရန်ကုန်စေ" ကဗျာများ

၁။ ရန်ကုန်မှာနေ ရန်ကုန်သွားဖို့
ရန်ကုန်တရားကို ဟောပြမယ်။

+ ရန်ကုန်ဥစ္စာ ဘယ်တရားလဲ
သေချာခွဲတော့ သဒ္ဓါကွယ်။

+ ရန်ကုန်ချင်ရင် သဒ္ဓါတရားကို
ရင်မှာထည့်ထား ဆောင်ရမယ်။

၂။ ရန်ကုန်ဥစ္စာ ဘယ်တရားလဲ
သေချာခွဲတော့ သီလကွယ်။

+ ရန်ကုန်ချင်ရင် သီလတရားကို
ရင်မှာထည့်ထား ဆောင်ရမယ်။

၃။ ရန်ကုန်ဥစ္စာ ဘယ်တရားလဲ
သေချာခွဲတော့ အရှက်ကွယ်။

+ ရန်ကုန်ချင်ရင် အရှက်တရားကို
ရင်မှာထည့်ထား ဆောင်ရမယ်။

၄။ ရန်ကုန်ဥစ္စာ ဘယ်တရားလဲ
သေချာခွဲတော့ အကြောက်ကွယ်

+ ရန်ကုန်ချင်ရင် အကြောက်တရားကို
ရင်မှာထည့်ထား ဆောင်ရမယ်။

http://www.dhammadownload.com



၅။ ရန်ကုန်ဥစ္စာ ဘယ်တရားလဲ
သေချာခွဲတော့ သုတကွယ်။

✦ ရန်ကုန်ချင်ရင် သုတ,တရားကို
ရင်မှာထည့်ထား ဆောင်ရမယ်။

၆။ ရန်ကုန်ဥစ္စာ ဘယ်တရားလဲ
သေချာခွဲတော့ စာဂကွယ်။

✦ ရန်ကုန်ချင်ရင် စာဂတရားကို
ရင်မှာထည့်ထား ဆောင်ရမယ်။

၇။ ရန်ကုန်ဥစ္စာ ဘယ်တရားလဲ
သေချာခွဲတော့ ပညာကွယ်။

✦ ရန်ကုန်ချင်ရင် ပညာတရားကို
ရင်မှာထည့်ထား ဆောင်ရမယ်။

✦ သဒ္ဓါစသည် ဥစ္စာများကို
ရင်မှာထည့်ထား ဆောင်ရင်ကွယ်။

✦ မီး, ရေ, မင်းပါ, ခိုးသူများနဲ့
မွေခံဆိုးများ ရန်ကုန်မယ်။

✦ မီး, ရေ, မင်းပါ, ခိုးသူများနဲ့
မွေခံဆိုးများ ရန်ကင်းမယ်။

✦ မီး, ရေ, မင်းပါ, ခိုးသူများနဲ့
မွေခံဆိုးများ ရန်ကုန်စေ။

http://www.dhammadownload.com



✦ ရန်ကုန်မှာနေ ရန်ကုန်သွားဖို့
ရန်ကုန်တရားကို ဟောပြပေါ့။

✦ မီး, ရေ, မင်းပါ, ခိုးသူများနဲ့
မွေခံဆိုးများ ရန်ကင်းစေ။

✦ ရန်ကုန်မှာနေ ရန်ကင်းသွားဖို့
ရန်ကင်းတရားကို ဟောပြပေါ့။
(ဆောင်ထားလေ)၂

http://www.dhammadownload.com



# အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတပါဠိ၊ အဗျာကတဝဂ်၊ ကိမိလသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "အရေးကြီးလှ+ဂါရဝ" တရားတော်

ဒီနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို ဟောကြားမည့်တရားတော်က "အရေးကြီးလှ+ဂါရဝ" တရားတော်နော် (မှန်လှပါဘုရား)

ကဲ - စပြီးတော့ ဟောကြ နာကြရအောင် -

## ကျည်းပင်တောမှာ စောမြတ်စွာ

**ဧကံ သမယံ ဘဂဝါ ကိမိလာယံ ဝိဟရတိ နိစုလဝနေ။**

*(အံ၊ ပါ၊ ၂၊ ၄၆၀)*

ဧကံ-တစ်ပါးသော။ သမယံ-အခါ၌။ ဘဂဝါ-မြတ်စွာဘုရားသည်။ ကိမိလာယံ-ကိမိလမြို့အနီး၌။ နိစုလဝနေ-ကျည်းပင်တော၌။ ဝိဟရတိ-သီတင်းသုံးရှင်ပျော်၊ နေထိုင်တော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

အခါတစ်ပါးမှာ ဘုရားရှင်ကိုယ်တော်မြတ် ကိမိလမြို့ရဲ့အနီးက ကျည်းပင်တောမှာ သီတင်းသုံးနေထိုင်တော်မူပါတယ်။

## အရှင်ကိမိလ မေးလျှောက်ပြ

**အထခေါ အာယသ္မာ ကိမိလော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ ကိမိလော ဘဂဝန္တံ ဧတဒဝေါစ "ကောနုခေါ ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော န စိရဋ္ဌိတိကော ဟောတီ" တိ။**

http://www.dhammadownload.com



အထခေါ-ထိုအခါ၌။ အယသ္မာကိမိလော-အရှင်ကိမိလသည်။ ယေန-အကြင်အရပ်၌။ ဘဂဝါ-မြတ်စွာဘုရားသည်။ (အတ္ထိ-ရှိတော်မူ၏။) တေန-ထိုအရပ်သို့။ ဥပသင်္ကမိ-ရောက်လာ၏။ ဥပသင်္ကမိတွာ-ရောက်လာပြီး၍။ ဘဂဝန္တံ-မြတ်စွာဘုရားကို။ အဘိဝါဒေတွာ-ရိုသေစွာရှိခိုးပြီး၍ ဧကမန္တံ-သင့်တင့်လျောက်ပတ်၊ တစ်ခုသောနေရာအရပ်၌။ နိသီဒိ-ထိုင်နေပြီ။ ဧကမန္တံ-သင့်တင့်လျောက်ပတ်၊ တစ်ခုသောနေရာအရပ်၌။ နိသိန္နောခေါ-ထိုင်နေပြီးသော။ အာယသ္မာ ကိမိလော-အရှင်ကိမိလသည်။ ဘဂဝန္တံ-မြတ်စွာဘုရားကို။ ဧတံ-ဤစကားကို။ အဝေါစ-လျှောက်ထားပြီ။ (ကိန္တိ-အဘယ်သို့လျှင်။ အဝေါစ-လျှောက်ထားသနည်းဟူမူ။) ဘန္တေ-အရှင်ဘုရား။ ယေန-အကြင်အကြောင်းကြောင့်။ တထာဂတေ-မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ-ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးလသော်။ သဒ္ဓမ္မော-သူတော်ကောင်းတရား၊ တရားမြတ်သည်။ စိရဋ္ဌိတိကော-ကြာမြင့်စွာ တည်တံ့ခြင်းရှိသည်။ နဟောတိ-မဖြစ်။ သောဟေတု-ထိုအကြောင်းသည်။ ကောနုခေါ-အဘယ်ပါနည်း။ သောပစ္စယော-ထိုအကြောင်းပစ္စည်းသည်။ ကော-အဘယ်ပါနည်း။ ဣတိ-ဤသို့။ အဝေါစ-ကောင်းစွာမသွေ၊ မေးလျှောက်လိုက်ပါပေသတည်း။

## သာဓု၊ သာဓု၊ သာဓုပါဘုရား

ဘုရားရှင်ကိုယ်တော်မြတ် ကျည်းပင်တောမှာ သီတင်းသုံးနေတော်မူတဲ့အခါမှာ အရှင်ကိမိလဟာ ဘုရားရှင်ရှိရာ အရပ်ကို ရောက်လာပါတယ်။ ရောက်လာပြီးတော့ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးတယ်၊ ရှိခိုးပြီးတော့ သင့်တင့်လျောက်ပတ် တစ်ခုသော နေရာအရပ်မှာ ထိုင်ကာ အရှင်ကိမိလက မြတ်စွာဘုရားကို ဒီစကား လျှောက်ထားလိုက်ပါတယ်။ ဘယ်လိုလျှောက်ထားသလဲဆိုတော့ "အရှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးတဲ့အခါမှာ သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့နိုင်ခဲ့မှုမရှိခြင်း အကြောင်းဟာ ဘယ်အကြောင်းပါလဲ" ဘုရားလို့ လျှောက်ထားလိုက်ပါတယ်။

http://www.dhammadownload.com



## ဗုဒ္ဓအဂါရဝ ဟောကာပြ

၁။ ဣဓ ကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ, ဘိက္ခုနိယော, ဥပါသကာ, ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ။

ကိမိလ-ကိမိလ။ ဣဓ-ဤသာသနာတော်၌။ တထာဂတေ-မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ-ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည်ရှိသော်။ ဘိက္ခူ-ရဟန်းတို့သည်လည်းကောင်း။ ဘိက္ခုနိယော-ရဟန်းမတို့သည်လည်းကောင်း။ ဥပါသကာ-သီတင်းသည် ဒါယကာတို့သည် လည်းကောင်း။ ဥပါသိကာယော-သီတင်းသည် ဒါယိကာမတို့သည် လည်းကောင်း။ သတ္ထရိ-မြတ်စွာဘုရား၌။ အဂါရဝါ-ရိုသေလေးစား၊ အရေးထားခြင်း မရှိကြကုန်ဘဲ။ အပ္ပတိဿာ-အဆုံးအမ အမိန့်စကား လေးစားနာယူခြင်း မရှိကြကုန်ဘဲ။ ဝိဟရန္တိ-နေကြကုန်၏။

ချစ်သား ကိမိလ၊ ဒီသာသနာတော်မှာ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးရင် ရဟန်း၊ ရဟန်းမ၊ ဒါယကာ၊ ဒါယိကာမဆိုတဲ့ ပရိသတ်လေးပါးဟာ မြတ်စွာဘုရားရဲ့ အပေါ်မှာ ရိုသေလေးစားမှု မရှိကြဘဲ နေကြလိမ့်မယ်၊ အဆုံးအမစကား လေးစားနာယူခြင်း မရှိကြဘဲ နေကြလိမ့်မယ်တဲ့။

ဒီနေရာမှာ "သတ္ထရိအဂါရဝ" အဓိပ္ပာယ်ကို အဋ္ဌကထာက ဒီလိုဖွင့်ပြတယ်။ စေတီရင်ပြင် စတဲ့ အရပ်တွေမှာ ထီးဆောင်းဖိနပ်စီးပြီး သွားလာတာ၊ အထူးထူးအပြားပြား အကျိုးမရှိတဲ့ စကားတွေပြောပြီး နေထိုင်သွားလာတာဟာ ဘုရားကို မရိုသေရာ၊ မလေးစားရာ ရောက်တယ်တဲ့။

*(အံ၊ ၃၊၃၊ ၇၆)*

ဒီတော့ ဘုရားဝိုင်းထဲသွား၊ ဘုရားနဲ့ ပတ်သက်တဲ့ စကားတွေ မပြောဆိုဘဲ ပြောဆိုနေထိုင်ကြတာတွေ၊ ဘုရားသွား မဝတ်သင့်တဲ့ အဝတ်တွေ ဝတ်ဆင်သွားလာနေကြတာတွေအားလုံး သတ္ထရိ အဂါရဝ ဖြစ်တယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ပရိသတ်လေးပါးဟာ ဘုရားရဲ့အပေါ်မှာ ရိုသေလေးစားမှု မရှိဘူးဆိုရင် သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့မှာ မဟုတ်ဘူးနော် (မှန်လှပါဘုရား)

## ဓမ္မအဂါရဝ ဟောကာပြ

၂။ ဓမ္မေ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ။

ပရိသတ်လေးပါးဟာ တရားတော်မှာ ရိုသေလေးစားခြင်း မရှိဘူးဆိုရင်၊ တရားတော်လာတဲ့အတိုင်း လိုက်နာကျင့်သုံးမှု မရှိဘူးဆိုရင် သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့မှု မရှိနိုင်ဘူးတဲ့။

ဓမ္မအဂါရဝဆိုတာ တရားနာရာ အရပ်တွေ သွားထိုင်ပြီး အိပ်ငိုက်နေတာ၊ အထူးထူးအပြားပြား တရားနဲ့ မပတ်သတ်တဲ့ အကျိုးမရှိတဲ့ စကားတွေ ပြောဆိုနေတာဟာ ဓမ္မအဂါရဝ ဖြစ်တယ်။ *(အံ၊ ၄၊ ၃၊ ၇၆)*

တရားဟောတဲ့ ဆရာတော်တွေက မျက်စိမှိတ်ပြီး ပါဠိတော်တွေ ရွတ်ပြီး ဟောပြောနေတဲ့အခါ တချို့ဒကာ, ဒကာမတွေက စကားတိုးတိုးပြောတာ၊ စကားကျယ်ကျယ်ပြောတာဟာ ဓမ္မအဂါရဝတွေပါပဲ။

ဘုန်းကြီးတို့ကတော့ စကားပြောတဲ့ လူတွေကို အပြင်ထွက်ပြောကြပါ။ တရားဟောရတာ စိတ်အနှောင့်အယှက် ဖြစ်တယ်လို့ ပြောရပါတယ်။

တရားနာလာရင် စကားမပြောပါနဲ့။ ဓမ္မအဂါရဝ ဖြစ်တယ်လို့ သတိပေးရပါတယ်။ ဒီတော့ တရားမလေးစားတာ၊ တရားဟောသူကို မလေးစားတာဟာ ဓမ္မအဂါရဝဖြစ်တယ်နော် (မှန်လှပါဘုရား)

## သံဃအဂါရဝ ဟောကာပြ

၃။ သံဃေ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ။

ဘုရားရဲ့ တပည့်သား သံဃာတော်များရဲ့ အပေါ်မှာ ရိုသေလေးစားမှု မရှိခြင်း၊ သံဃာတော်များရဲ့ စကားကို လိုက်နာမှုမရှိခြင်းလည်း သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့မှု မရှိနိုင်ဘူးတဲ့။

http://www.dhammadownload.com



သံဃာအဂါရဝဆိုတာ သံဃာတော်များရဲ့ အလယ်မှာ လက်မြှောက်ပြီး အထူးထူးအပြားပြား အကျိုးမများတဲ့ စကားတွေကို ပြောဆိုနေတာ၊ ထေရ, နဝ, မဇ္ဈိမသံဃာတော်များရဲ့ အပေါ်မှာ ရိုသေလေးစားခြင်းမရှိဘဲ ပြုမူ, ပြောဆိုနေထိုင်တာဟွေပါပဲ။ (အံ၊ ၄၊ ၃၊ ၇၆) သံဃာမလေးစားတာဟာ သံဃာအဂါရဝ ဖြစ်တယ်နော် (မှန်လှပါဘုရား)

## သိက္ခာအဂါရဝ ဟောကာပြ

၄။ သိက္ခာယ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊

ပရိသတ်လေးပါးဟာ လူလူဆိုင်ရာ၊ ရဟန်းရဟန်းဆိုင်ရာ ကျင့်ရမယ့် သိက္ခာတွေကို ရိုသေမှု လေးစားမှု မရှိဘူးဆိုရင်၊ သိက္ခာကို လိုက်နာကျင့်သုံးမှု မရှိဘူးဆိုရင် သူတော်ကောင်းတတ် တရားမြတ်တွေ ကြာမြင့်စွာ တည်နိုင်ပါ့မလား (မတည်နိုင်ပါဘုရား)

သိက္ခာမကျင့်ရင် သူတော်ကောင်းတရားတွေ ကွယ်ပျောက်ဖို့ သိပ်မကြာတော့ဘူးနော် (မှန်လှပါဘုရား)

သိက္ခာမကျင့်တာဟာ သိက္ခာအဂါရဝ ဖြစ်တယ်နော် (မှန်လှပါဘုရား)

## သမာဓိအဂါရဝ ဟောကာပြ

၅။ သမာဓိသ္မိံ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊

သမာဓိဆိုတာ အာရုံတစ်ခုတည်းကိုပဲ ကောင်းစွာထားတာ၊ အာရုံတစ်ခုတည်းမှာပဲ စိတ်ကို တည်စေတာကိုပဲ သမာဓိလို့ဆိုတယ်၊ သမာဓိလို့ခေါ်တယ်။ တည်ကြည်ခြင်းလို့ ဘာသာပြန်ဆိုကြတယ်။ အာရုံတစ်ခုတည်းမှာ တည်တော့ ကြည်သွားတယ် မဟုတ်လား (မှန်လှပါဘုရား) လေမတိုက်တဲ့အခါ၊ လေမတိုက်တဲ့ အရပ်မှာ မီးထွန်းရင် ဆီမီးလျှံတွေဟာ မီးမငြိမ်းဘဲ တည်နေ၊ ငြိမ်မနေဘူးလား (ငြိမ်နေပါတယ်ဘုရား) လေတိုက်တဲ့အရပ်မှာ ဆီမီးလျှံတွေ ညီထွန်းလို့ရရဲ့လား (မရပါဘုရား)

http://www.dhammadownload.com



အေး-သမာဓိဟာ လေမတိုက်တဲ့ အရပ်မှာ ဆီမီးလျှံတွေ တည်နေသလို စိတ်ရဲ့တည်ကြည်မှု ရှိနေတယ်နော် (မှန်လှပါဘုရား)

**နိဝါတေ ဒီပစ္စိနံ ဌိတိဝိယ စေတသော ဌိတိတိ ဒဋ္ဌဗ္ဗော။**

***(အဋ္ဌသာလိနီဋ/၁၆၂)***

အဲဒီ တည်ကြည်ခြင်း သမာဓိတရားမှာ ရှိသေလေးစားမှု မရှိရင် သမာဓိအားနည်း၍ သမာဓိဆိုင်ရာ လိုက်နာကျင့်သုံးမှု မရှိရင် သူတော်ကောင်းခေတ် တရားမြတ်တွေ ကြာမြင့်စွာ မတည်နိုင်ဘူးနော် (မှန်လှပါဘုရား)

ဒီတော့ တရားနာတဲ့အခါ၊ တရားဟောတဲ့အခါ တရားတော်မှာ စိတ်တည်နေရမယ်၊ စိတ်တည်နေမှ စိတ်ကြည်မယ်၊ တည်မှ ကြည်မယ်၊ ဘယ်အလုပ်ကိုပဲ လုပ်လုပ် တည်တည်ကြည်ကြည် လုပ်ရမယ်နော် (မှန်လှပါဘုရား)

## တိုက်ဆိုင်တာလေး ခွင့်လွှတ်ပါ

တစ်ခါက ဘုန်းကြီး ဒီတရားဟောရင်း ဒီသမာဓိအကြောင်း ပြောတဲ့အခါမှာ "ကိုယ်က ဝက်သားရောင်းတယ်ဆိုရင်လည်း ကိုယ်ကြိုက်တဲ့ဈေးယူထားပြီးရင် အလေးမခိုး၊ ရေမထိုးဘဲ တည်တည်ကြည်ကြည် သမာဓိနဲ့ ရောင်းသင့်တယ်" လို့ ထည့်ဟောမိပါတယ်။

တရားပွဲပြီးတော့ တရားထောက်ဒကာကြီးက ဆရာတော်ရဲ့ ဒီနေ့တရားပွဲ အလှူ့ရှင်က ဒီဒကာမကြီး ဖြစ်ပါတယ်ဘုရား၊ သူက ဝက်သားရောင်းပါတယ်ဘုရားလို့ လျှောက်ထားတော့ ဘုန်းကြီးက ဟာ အဲဒါမှ ဒုက္ခပဲ၊ စောစောက ဘုန်းကြီးပြောတာ ခွင့်လွှတ်ပါ ဒကာမကြီးလို့ ပြောလိုက်ရတယ်။ ကြုံကြုံဖန်ဖန် တိုက်ဆိုင်တာ ပြောပါတယ်။

ဒကာမကြီးက ဆရာတော် ကိစ္စမရှိပါဘူး၊ ဆရာတော်ပြောတဲ့ အထဲမှာ ကိုယ်ကြိုက်တဲ့ ကြိုက်ဈေးယူထားပြီးရင် ဆိုတာ ပါပါတယ်၊ တပည့်တော်က တပည့်တော်ကြိုက်တဲ့ ကြိုက်ဈေးရရင် အလေးလည်းမခိုး၊ ရေလည်းမထိုးပါဘူး ဘုရားလို့ ပြန်လျှောက်ပါတယ်။

http://www.dhammadownload.com



ဒီတော့ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ ကြိုက်ဈေးမရရင်တော့လား နိုးမယ်၊ ထိုးမယ်ဆိုတဲ့ သဘောပါလားလို့ စဉ်းစားပြီး ပြုံးမိသေးတယ်၊ ကဲ. . . ထားပါတော့ ရှေ့ဆက်ကြပါစို့။

## အပ္ပမာဒအာဂါရဝ ဟောကာပြ

၆။ **အပ္ပမာဒေ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊**

**အပ္ပမာဒေ-မမေ့မလျော့ကြောင်း၊ ကောင်းသော သတိတရား၌။ အဂါရဝါ-ရိုသေလေးစား၊ အရေးထားမှု မရှိကြကုန်ဘဲ။ အပ္ပတိဿာ-ဆုံးမ မိန့်ကြား၊ မြွတ်စကားကို၊ လေးစားကြည်ဖြူ နာယူနှေ့ည၊ မရှိကြကုန်ဘဲ။ ဝိဟရန္တိ-နေကြကုန်၏။**

## မမေ့သူမှာ မလျော့ပါ

အပ္ပမာဒ-ဆိုတာ မမေ့မလျော့တဲ့ သတိတရား၊ ဘာတရားတဲ့လဲ (မမေ့ မလျော့တဲ့ သတိတရားပါဘုရား) မမေ့ရင် မလျော့ဘူး၊ မမေ့ရင် ဘာတဲ့လဲ၊ (မလျော့ပါဘုရား)

မမေ့တဲ့ ပုဂ္ဂိုလ်မှာ အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ အဆင်းလှခြင်း၊ နတ်ပြည်ရောက်ခြင်း၊ အမျိုးမြတ်ခြင်း၊ မွေ့လျော်ဖွယ်ရာ အသွယ်သွယ်တွေ ရရှိခြင်း၊ အခြားမြတ်တဲ့ အရာတွေ ရရှိခြင်းဆိုတဲ့ ကောင်းကျိုးတွေ မလျော့ဘူး၊ ခုဘဝ, နောက်ဘဝ, မဂ်, ဖိုလ်, နိဗ္ဗာန်ရသည်အထိ ကောင်းကျိုးတွေ မလျော့ တော့ဘူးနော် (မှန်လှပါဘုရား) *(သံ၊ ပါ၊ ၁၊ ၈၇)*

မမေ့တဲ့ပုဂ္ဂိုလ်မှာ အဲဒီပြောခဲ့တဲ့ ကောင်းကျိုးတွေ မလျော့ဘူး၊ မေ့ရင် တော့ (လျော့မှာပါဘုရား) ရှေးတုန်းက ပညာရှိကြီးတွေရဲ့ ဘာသာပြန်ဆိုချက် ဟာ တော်တော်လေးနက်၊ တော်တော်ထိမိတယ်နော် (မှန်ပါဘုရား)

အဲဒီ အသက်ရှည်ခြင်းစတဲ့ ကောင်းကျိုးတွေ ရချင်တယ်ဆိုရင်၊ မလျော့ ချင်ဘူးဆိုရင် အပ္ပမာဒလို့ ခေါ်တဲ့ သတိတရားကို လက်ကိုင်ထားရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



အဲဒီအပ္ပမာဒလို့ ခေါ်တဲ့ သတိတရားမှာ ရိုသေမှု လေးစားမှု လိုက်နာကျင့်သုံးမှု မရှိရင် သူတော်ကောင်းတတ် တရားမြတ်တွေ ကြာမြင့်စွာ မတည်နိုင်ဘူးတဲ့။

## မမေ့နိဗ္ဗာန် + မေ့သုသာန်

"မမေ့နိဗ္ဗာန်+မေ့သုသာန်"တဲ့။ ဘာတဲ့လဲ (မမေ့နိဗ္ဗာန်+ မေ့သုသာန်ပါဘုရား)

**အပ္ပမာဒေါ အမတံ ပဒံ-မမေ့တဲ့သူ နိဗ္ဗာန်ရောက်မယ်။**

ပမာဒေါ မစ္စုနောပဒံ-မေ့တဲ့သူ သုသာန်ရောက်မယ်၊ မေ့တဲ့သူ မွေးလို့လည်း မဆုံးဘူး၊ အိုလို့ နာလို့လည်း မဆုံးဘူး၊ သေလို့လည်း မဆုံးဘူးဆိုတော့ သုသာန်ပဲ ခဏခဏ ရောက်နေမယ် မဟုတ်လား (မှန်လှပါဘုရား)

မမေ့တဲ့သူ နိဗ္ဗာန်ရောက်သွားတော့ သုသာန်ရောက်ပါဦးမလား (မရောက်တော့ပါဘုရား) မေ့တဲ့သူ သုသာန်ရောက်လို့ ဆုံးပါဦးမလား (မဆုံးတော့ပါဘုရား)

ကဲ - လင်္ကာလေးတွေ လိုက်ဆို -

- မမေ့ကောင်းကျိုး၊ အမျိုးမျိုး၊ လျော့ရိုးမရှိပါ။
- မမေ့ပါက၊ ကောင်းကျိုးလှ၊ နှေးညမလျော့ပါ။
- မမေ့နိဗ္ဗာန်၊ မေ့သုသာန်၊ ရောက်ပြန်မဆုံးပါ။
- ကောင်းကျိုးရလို၊ သတိကို၊ လှူထိုထားရမှာ။
- နိဗ္ဗာန်ရောက်လို၊ သတိကို၊ လှူထိုထားရမှာ။
- သုသာန်ဆုံးလို၊ သတိကို၊ လှူထိုထားရမှာ။

## ပဋိသန္ထာရအဂါရဝ ပေါကာပြ

၇။ **ပဋိသန္ထာရေ အဂါရဝါ ဝိဟာရန္တိ အပ္ပတိဿာ။**

ပဋိသန္ထာရေ-အာမိသ+ဓမ္မ၊ နှစ်ဌာနဖြင့်၊ လောကတံထွာ၊ ပျူငှာဝတ်ပြု၊ ချီးမြှောက်မှု၌။ **အဂါရဝါ-ရိုသေလေးစား၊ အရေးထားခြင်း**

http://www.dhammadownload.com



မရှိကြကုန်ဘဲ။ အပ္ပတိဿာ-ဆုံးမမိန့်ကြား၊ မြတ်စကားကို၊ လေးစားကြည်ဖြူ၊ နာယူနေ့ည၊ မရှိကြကုန်ဘဲ၊ ဝိဟရန္တိ-နေကြကုန်၏။

ပဋိသန္ထာရဆိုတာ ပျူငှာလောကဝတ်ပြုတာ၊ အစေ့အစပ်စကားပြောဟောတာ၊ နှုတ်ခွန်းဆက်တာ၊ ချီးမြှောက်တာပါပဲ။

အဲဒီပဋိသန္ထာရကလည်း အာမိသပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရလို့ နှစ်မျိုးရှိတယ်။

+ အာမိသပဋိသန္ထာရ-ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါးနဲ့ ဖုံးလွှမ်းပိတ်ဆို့တာ၊ မိမိနဲ့ သူတစ်ပါး အဆက်ပြတ် လစ်ဟာမှု မရှိအောင် အာမိသနဲ့ ပျူငှာလောကဝတ် အစေ့အစပ်ပြုတာ။ ပစ္စည်းလေးပါးနဲ့ ညှေ့ခံတာ၊ ချီးမြှောက်တာ။ ပစ္စည်းလေးပါးနဲ့ နှုတ်ခွန်းဆက်တာ။

+ ဓမ္မပဋိသန္ထာရ-ပါဠိ၊ အဋ္ဌကထာတရားတွေနဲ့ အကြားအပေါက်မရှိအောင် ပိတ်ဆိုတာ၊ တရားနဲ့ အစေ့အစပ် ဟောပြောတာ၊ တရားနဲ့ ညှေ့ခံတာ၊ တရားနဲ့ ချီးမြှောက်တာ၊ တရားနဲ့ နှုတ်ခွန်းဆက်တာ။

အဲဒီအာမိသပဋိသန္ထာရ၊ ဓမ္မပဋိ သန္ထာရဆိုတဲ့ ပဋိသန္ထာရ နှစ်မျိုးရဲ့ အပေါ်မှာ ရိုသေလေးစားမှု၊ လိုက်နာကျင့်သုံးမှု မရှိဘူးဆိုရင် သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ မတည်တံ့နိုင်ဘူးတဲ့။

ဒါကြောင့် ရှေးက ပညာရှိသူတော်ကောင်းကြီးတွေက လောကဝတ်လည်း မချွတ်ယွင်းစေနဲ့၊ ဓမ္မဝတ်လည်း မလွတ်ကင်းစေနဲ့" လို့ ဆုံးမတော်မူခဲ့တယ်။

## အစား, တရား + နှစ်ပါး ချီးမြှောက်

ဒီနေရာလေးကို သတိထားပြီးတော့ ဘုန်းကြီးတို့ကတော့ ကိုယ့်ကျောင်းရောက်လာတဲ့ လူ, ရှင်, ရဟန်းတွေကို အစားနဲ့လည်း ညှေ့ခံချီးမြှောက်ပါတယ်၊ တရားစကားလေးတွေ ပြောခြင်း၊ ရေးထားတဲ့ တရားစာအုပ်လေးတွေ ပေးခြင်းဆိုတဲ့ တရားနဲ့လည်း ညှေ့ခံချီးမြှောက်ပါတယ်။

http://www.dhammadownload.com



## ဆုတောင်းမိတာ ဒီလိုပါ

ဘုန်းကြီး အမြဲတမ်း ဆုတောင်းမိတာက ကိုယ့်ကျောင်းရောက်လာသူ၊ ကိုယ်နဲ့ တွေ့သူများကို အစား၊ တရား နှစ်မျိုးလုံး (သို့မဟုတ်) အစား၊ တရား တစ်မျိုးမျိုးနဲ့ ညှော်ခံကျွေးမွေးပြုစု စောင့်ရှောက်ချီးမြှောက်နိုင်ပါရစေ၊ ကိုယ်နဲ့ တွေ့သူတွေကို အားနည်းဆုံး စိတ်ချမ်းသာမှုပေးနိုင်ပါရပါစေဆိုတဲ့ ဆုတောင်း ပါပဲ။

## ပဋိသန္ထာရရှိက၊ + ကြီးပွားရ

အကျင့်သီလလည်း ရှိမယ်၊ ပဋိသန္ထာရနှစ်မျိုးနဲ့လည်း ပြည့်စုံမယ်ဆိုရင် အဲဒီလူ၊ အဲဒီရဟန်း ဘယ်သူမဆို အရာရာမှာ ကြီးပွားတိုးတက် အောင်မြင် ပြီးမြောက် ခရီးရောက်နိုင်တယ်တဲ့။

ဟောတိ သီလဝတံ အတ္ထော၊ ပဋိသန္ထာရဝုတ္တိနံ။ (ဇာ၊ ပါ၊ ၁၊ ၃)

သီလဝတံ-ကိုယ်ကျင့်သီလ၊ ရှိနေကြကုန်သော။ ပဋိသန္ထာရဝုတ္တိနံ-အာမိသ + ဓမ္မ၊ နှစ်ဌာနစုံ၊ ပဋိသန္ထာရဟူသော ဖြစ်ခြင်းရှိကြကုန်သော သူတို့အား။ အတ္ထော-လောကီ, လောကုတ်၊ မယုတ်သေချာ၊ အရာတိုးသွား၊ အကျိုးစီးပွားသည်။ ဟောတိ-မြေကြီးလက်ခတ်၊ မလွဲလက်ပဲ၊ အမြဲတစေ၊ ဖြစ်ရပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

**အယံခေါကိမိလ ဟေတု အယံပစ္စယော၊ ယေနတထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော န စိရဋ္ဌိတိကော ဟောတိတိ။**

ကိမိလ-ကိမိလ။ ယေန-အကြင်အကြောင်းကြောင့်။ တထာဂတေ-မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ-ပရိနိဗ္ဗာန်ဝင်စံပြီးသည်ရှိသော်။ သဒ္ဓမ္မော-သူတော်ကောင်းဓာတ်၊ တရားမြတ်သည်။ စိရဋ္ဌိတိကော-ကြာမြင့်စွာ တည်တံ့ခြင်းရှိသည်။ နဟောတိ-မဖြစ်။ သောဟေတု-ထိုအကြောင်းသည်၊ အယံခေါ-ဤသည်ပင်တည်း။ သောပစ္စယော-ထိုအကြောင်းပစ္စည်းသည်။ အယံ-ဤ

http://www.dhammadownload.com



သည်ပင်တည်း။ ဣတိ-ဤသို့၊ (အဝေါ-မြတ်စွာဘုရားသည်။ အဝေါစ- သူဟော်ကောင်းဓာတ်၊ တရား မြတ်နောင်ရေး၊ အမှန်တွေးကာ၊ ဟောကြား တော်မူလိုက်ပါပေသတည်း။)

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ချမ်းသာကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးရင် သူတော်ကောင်း ဓာတ် တရားမြတ်တွေ ကြာမြင့်စွာ မတည်တံ့နိုင်ခြင်း အကြောင်းရင်းက ပရိသတ်လေးပါးဟာ ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာ၊ သမာဓိ၊ အပ္ပ မာဒ၊ ပဋိသန္ထာရဆိုတဲ့ တရားတွေမှာ မရိုသေ မလေးစားခြင်းပဲ ဖြစ်တယ်လို့ ဟောကြားတော်မူတယ်။

ဒီတော့ သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ မတည် တာဟာ အဂါရဝကြောင့် ဖြစ်တယ်နော် (မှန်လှပါဘုရား)

ဒီတော့ အဂါရဝ မဖြစ်ဖို့ အရေးမကြီးဘူးလား (အရေးကြီးပါတယ် ဘုရား)

အဂါရဝကြောင့် သူတော်ကောင်းဓာတ် တရားမြတ်တွေ အမြန် ကွယ်ပျောက်သွားနိုင်တယ်နော် (မှန်လှပါဘုရား)

ဒီဟောပြီးခဲ့တဲ့ ရှေ့ပိုင်းကိုကြည့်ပြီးတော့ တရားအမည်ပေးရမယ်ဆိုရင် "အရေးကြီးလှ+အဂါရဝ"လို့ အမည်ပေးရမယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- မြတ်စွာဗုဒ္ဓ၊ ဂါရဝ၊ ကင်းကြလေသောခါ။
- မြင့်မြတ်ဓမ္မ၊ ဂါရဝ၊ ကင်းကြလေသောခါ။
- မြင့်မြတ်သံဃ၊ ဂါရဝ၊ ကင်းကြလေသောခါ။
- ကျင့်သိက္ခာလှ၊ ဂါရဝ၊ ကင်းကြလေသောခါ။
- သမာဓိလှ၊ ဂါရဝ၊ ကင်းကြလေသောခါ။
- အပ္ပမာဒ၊ ဂါရဝ၊ ကင်းကြလေသောခါ။

http://www.dhammadownload.com



- သူတော်ကောင်းတတ်၊ တရားမြတ်၊ ကင်းပြတ်မရှည်ကြာ။
- အရေးကြီးလှ၊ အဂါရဝ၊ ဗုဒ္ဓဟောပြရှာ။

**ကောပန ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော စိရဋ္ဌိတိကော ဟောတီတိ။**

**ဘန္တေ**-အရှင်ဘုရား။ **ပန**-ထို့အပြင်။ **ယေန**-အကြင်အကြောင်းကြောင့်။ **တထာဂတေ**-မြတ်စွာဘုရားသည်။ **ပရိနိဗ္ဗုတေ**-ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်ရှိသော်။ **သဒ္ဓမ္မော**-သူတော်ကောင်းတတ်၊ တရားမြတ်သည်။ **စိရဋ္ဌိတိကော**-ကြာမြင့်စွာတည်တံ့ခြင်းရှိသည်။ **ဟောတိ**-ဖြစ်၏။ **သောဟေတု**-ထိုအကြောင်းသည်။ **ကော**-အဘယ်ပါနည်း။ **သောပစ္စယော**-ထိုအကြောင်းပစ္စည်းသည်။ **ကော**-အဘယ်ပါနည်း။ **ဣတိ**-ဤသို့။ (အဝေါစ-ကောင်းစွာမသွေ၊ လျှောက်ထားလိုက်ပါပေသတည်း။)

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

အရှင်ဘုရား၊ သူတော်ကောင်းတတ်၊ တရားမြတ်တွေ ကြာမြင့်စွာမတည်တံ့နိုင်ခြင်းအကြောင်းရင်းကိုတော့ သိရပါပြီ၊ ဘုရား ပရိနိဗ္ဗာန်စံပြီးရင်၊ သူတော်ကောင်းတတ် တရားမြတ်တွေ ကြာမြင့်စွာတည်တံ့နိုင်ခြင်းအကြောင်းရင်းက ဘယ်အကြောင်းပါလဲဘုရား"လို့ မေးလျှောက်ပါတယ်။

## ဗုဒ္ဓဂါရဝ ဟောကာပြ

၁။　**ဣဓကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ, ဘိက္ခုနိယော, ဥပါသကာ, ဥပါသိကာယော သတ္ထရိ သဂါရဝါ ဝိဟရန္တိ သပ္ပတိဿာ။**

**ကိမိလ**-ကိမိလ။ **ဣဓ**-ဤသာသနာတော်၌။ **တထာဂတေ**-မြတ်စွာဘုရားသည်။ **ပရိနိဗ္ဗုတေ**-ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်ရှိသော်။ **ဘိက္ခူ**-ရဟန်းတို့သည်လည်းကောင်း။ **ဘိက္ခုနိယော**-ရဟန်းမတို့သည်လည်းကောင်း။ **ဥပါသကာ**-ဒါယကာတို့သည်လည်းကောင်း။ **ဥပါသိကာယော**-ဒါယိကာမတို့သည်လည်းကောင်း။ **သတ္ထရိ**-မြတ်စွာဘုရား၌။ **သဂါရဝါ**-ရိုသေလေးစား၊

http://www.dhammadownload.com



အရေးထားကြကုန်လျက်။ သပ္ပတီသ-ဆုံးမမိန့်ကြား၊ မြတ်စကားကို၊ လေးစားကြည်ဖြူ၊ နာယူခြင်းရှိကြကုန်လျက်။ ဝိဟရန္တိ-နေကြကုန်၏။

ကိမိလ၊ ဒီသာသနာတော်မှာ ပရိသတ်လေးပါးဟာ မြတ်စွာဘုရားရဲ့ အပေါ်မှာ ရိုသေလေးစားကြမယ်၊ ဘုရားရဲ့စကားတွေကို လိုက်နာကျင့်သုံးကြမယ်ဆိုရင် သူတော်ကောင်းဓာတ် တရားမြတ် ကြာမြင့်စွာ တည်တံ့ခိုင်ခံ့မယ်တဲ့။ သူတော်ကောင်းဓာတ် တရားမြတ်တွေ ပြတ်လပ်မသွားနိုင်ဘူးတဲ့။

ဒီတော့ ဗုဒ္ဓဂါရဝဟာ သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့ဖို့ အရေးမကြီးဘူးလား (အရေးကြီးပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတော်တဲ့လဲ (အရေးကြီးလှ ဂါရဝတရားတော်ပါဘုရား)

တရားပေါ်ပြီနော် (ပေါ်ပါပြီဘုရား)

## အတုယူစရာ အရှင်ဥပါလိ

ဒီနေရာမှာ ရှင်ဥပါလိအကြောင်းလေး နည်းနည်းပြောချင်ပါသေးတယ်၊ ရှင်ဥပါလိဟာ ရဟန်းပြုပြီး ဘုရားထံက ကမ္မဋ္ဌာန်းတောင်းယူပြီးတော့ "မြတ်စွာဘုရား၊ တပည့်တော်ကို တောမှာနေခွင့်ပြုပါဘုရား"လို့ လျှောက်ထားတယ်။

ဘုရားက ချစ်သားရဟန်း၊ သင် တောထဲမှာနေရင် ဝိပဿနာတရားအားထုတ်တဲ့ ဝိပဿနာဓုရတစ်မျိုးပဲ တိုးပွားလိမ့်မယ်၊ ငါဘုရားစကား နားထောင်ပြီး ငါဘုရားအနားမှာနေရင် စာသင်စာချ ပရိယတ်လုပ်ငန်း ဂန္ထဓုရလည်း တိုးပွားမယ်၊ တရားအားထုတ်တဲ့ ဝိပဿနာဓုရအလုပ်လည်း တိုးပွားမယ်၊ တောထဲနေရင် ဓုရတစ်မျိုးပဲ၊ ငါဘုရားအနားနေရင်တော့ ဓုရနှစ်မျိုးလုံး တိုးပွားပြီးတော့ မိမိ, သူတစ်ပါး အကျိုးများမယ်၊ ဒီလိုပြောလိုက်တော့ ရှင်ဥပါလိဟာ ဘုရားစကားကို ရိုသေလေးစား လိုက်နာပြီးတော့ ဘုရားထံမှာပဲ နေပါတယ်၊ သူကိုယ်တိုင် တစ်ဖက်က ဘုရားထံ သင်ယူတဲ့ ဂန္ထဓုရ သံဃာ

http://www.dhammadownload.com



တော်တွေကို ပြန်လည်သင်ပြပို့ချပေးတဲ့ ဂန္ထဓုရ အလုပ်တွေ လုပ်တယ်၊ တစ်ဖက်က ဝိပဿနာတရား အားထုတ်တဲ့ ဝိပဿနာဓုရအလုပ် ကြိုးစား အားထုတ်လိုက်တာ မကြာခင်မှာဘဲ ရှင်ဥပါလိ ရဟန္တာဖြစ်တော်မူပါတယ်။

ဒီရှင်ဥပါလိ အကြောင်းလေးကို ကောက်ချက်ချကြည့်လိုက်တော့ ဘုရားကို ရိုသေတာ၊ ဘုရားစကားကို လိုက်နာကျင့်သုံးတာ ပေါ်လွင်မနေ ဘူးလား (ပေါ်လွင်နေပါတယ်ဘုရား)

ဘုရားရိုသေတာ၊ ဘုရားစကား လိုက်နာလိုက်တော့ ဂန္ထဓုရ ဝိပဿနာ ဓုရဆိုတဲ့ ဓုရနှစ်မျိုးလုံး ပြည့်စုံတိုးပွား အကျိုးများပြီး ရှင်ဥပါလိဟာ ဘုရား သာသနာတော်မှာ နေလိုလလို ထင်ရှားတဲ့ ဝိနည်းအရာ အသာဆုံးအမြတ်ဆုံး "ဝိနယဓရေတဒဂ်" ရသွားတယ်နော် (မှန်လှပါဘုရား)

အရှင်ဥပါလိရဲ့ စိတ်နေစိတ်ထား အတုယူစရာ ကောင်းတယ်နော် (မှန်လှပါဘုရား)

ဘုန်းကြီးတို့နဲ့ ဘုန်းကြီးတို့ တရားနာပရိသတ်တွေလည်း အသာဆုံး၊ အမြတ်ဆုံး ကောင်းကျိုးတွေ ရချင်ရင် ရတနာသုံးပါး မိဘ၊ ဆရာ၊ သမား မိတ်ကောင်းဆွေကောင်းများရဲ့စကားကို လေးစားလိုက်နာကျင့်သုံးဖို့ လိုတယ် နော် (မှန်လှပါဘုရား)

**(သော ပဗ္ဗဇိတွာ ဥပသမ္ပန္နော သတ္ထုသန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ "မယှံ ဘန္တေ အရညဝါသံ အနုဇာနာထာ" တိ အာဟ။**

**ဘိက္ခု တဝ အရညေ ဝသန္တဿဧကမေဝ ဓုရံ ဝဍ္ဎိဿတိ၊ အမှာကံ ပန သန္တိကေ ဝသန္တဿ ဂန္ထဓုရဉ္စ ဝိပဿနာဓုရဉ္စ ပရိပူရေဿတီတိ၊**

**ထေရော သတ္ထုဝစနံ သမ္ပဋိစ္ဆိတွာ ဝိပဿနာယ ကမ္မံ ကရောန္တော န စိရဿေဝ အရဟတ္တံ ပါပုဏိ။** *(ထေရဂါထာ၌၊ ၁၊ ၄၆၃။)*

ကဲ - လင်္ကာလေးတွေလိုက်ဆို -

http://www.dhammadownload.com



- မြတ်စွာဗုဒ္ဓ၊ ဂါရဝ၊ ရှိကြလေသောခါ။
- သူတော်ကောင်းဓာတ်၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ။
- မြတ်စွာဗုဒ္ဓ၊ စကားလှ၊ လိုက်နာကြသောခါ။
- သူတော်ကောင်းဓာတ်၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ။
- အရေးကြီးလှ၊ ဂါရဝ၊ ဗုဒ္ဓဟောမိန့်မှာ။
- ဉပါလိခေါ်၊ မထေရ်ကျော်၊ စိတ်တော်တုယူပါ။
- ဘုရားစကား၊ လိုက်နာသွား၊ ထင်ရှားမထေရ်ပါ။

## ဓမ္မဂါရဝ ဟောကာပြ

၂။ ဓမ္မေ သဂါရဝါ ဝိဟရန္တိ သပ္ပတိဿာ။

ချစ်သား ကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန်စံပြီးရင် ပရိသတ်လေးပါးဟာ တရားတော်မှာ ရိုသေလေးစားကြမယ်၊ တရားတော်လာတဲ့အတိုင်း လိုက်နာကျင့်သုံးကြမယ်ဆိုရင် သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့နေလိမ့်မယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့ဖို့အတွက် ဓမ္မဂါရဝ အရေးမကြီးဘူးလား (အရေးကြီးပါတယ်ဘုရား)

အဲဒီ ဓမ္မဂါရဝ တကယ်အရေးကြီးတယ်ဆိုတာကိုသိပြီးတော့ ဘုန်းကြီးတို့ကလည်း တရားကို ရိုရိုသေသေ လေးလေးစားစားဟောမယ်၊ ဒကာ, ဒကာမတွေကလည်း စကားမပြောဘဲ၊ စကားမများဘဲ တရားတော်ကို ရိုရိုသေသေ လေးလေးစားစားနာယူပါ။ ဟောသူ, နာသူ တရားကိုရိုသေလေးစားခြင်းဟာ အထင်မသေးနဲ့၊ သူတော်ကောင်းဓာတ် တရားမြတ်တွေ မကွယ်မပျောက်အောင် ကြာမြင့်စွာတည်အောင် ပြုလုပ်ရာရောက်တယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



## ခြင်္သေ့စိတ်ဓာတ်+လွန်မြင့်မြတ်

ဒီနေရာမှာ သီဟသုတ္တန်လာ မြတ်စွာဘုရားရဲ့ ဓမ္မဂါရဝအကြောင်းလေး ပြောပြချင်ပါသေးတယ်၊ ရဟန်းတို့၊ သားတို့သနင်း ခြင်္သေ့မင်းဟာ ညနေချမ်းအခါ နေရာမှထွက်ပြီး ကွန်မြူးကာ ပတ်ဝန်းကျင်အရပ်လေးမျက်နှာကို စောင်းငဲ့ကြည့်ရှုလိုက်တယ်၊ ပြီးတော့ သုံးကြိမ်ဟောက်လိုက်တယ်၊ သုံးကြိမ်ဟောက်ပြီး ကျက်စားဖို့ ထွက်သွားတယ်။

အဲဒီ ခြင်္သေ့မင်းဟာ ဆင်ကိုသတ်ပုတ်ရင်လည်း လေးလေးစားစားပဲ သတ်ပုတ်တယ်၊ မလေးမစား မသတ်ပုတ်ဘူး။ ကျွဲတွေ, နွားတွေ, သစ်တွေကို သတ်ပုတ်တဲ့အခါမှာလည်း လေးလေးစားစားပဲ သတ်ပုတ်တယ်၊ ဘယ်တော့မှ မလေးမစား မသတ်ပုတ်ဘူးတဲ့။

အောက်ထစ်ဆုံးပြောရရင် ယုန်၊ ကြောင် စတဲ့ ငယ်တဲ့သတ္တဝါလေးတွေကို သတ်ပုတ်တာတောင် လေးလေးစားစားပဲ သတ်ပုတ်တယ်၊ ဘယ်တော့မှ မလေးမစား မသတ်ပုတ်ဘူးတဲ့။

အဲဒီလို လေးလေးစားစားသတ်ပုတ်ခြင်းဟာ ဘာကြောင့်လဲဆိုတော့ "ငါ့ရဲ့အားထုတ်မှုလမ်းစဉ် မပျက်စီးပါစေလင့်"လို့ နှလုံးသွင်းထားခြင်းကြောင့် ဖြစ်တယ်တဲ့။

ဒီတော့ သေးသေးမွှားမွှားကလေးက စပြီးတော့ လေးလေးစားစား အရေးထားတတ်တဲ့စိတ်ဓာတ်ဟာ ခြင်္သေ့ရဲ့စိတ်၊ ဘယ်သူ့စိတ်ဓာတ်တဲ့လဲ (ခြင်္သေ့စိတ်ဓာတ်ပါဘုရား)၊ အဲဒီခြင်္သေ့စိတ်ဓာတ်၊ အတုယူရမယ်၊ ခြင်္သေ့စိတ်ဓာတ် အသည်းမြတ်မှာ အမြဲကပ်ထားရမယ်နော် (မှန်လှပါဘုရား)

ဘယ်အလုပ်ကိုပဲလုပ်လုပ် သေးသေးမွှားမွှားကိုပင် လေးလေးစားစားလုပ်၊ လေးလေးစားစားပြော၊ ကိုယ့်ရဲ့အားထုတ်မှုလမ်းစဉ်တွေ မပျက်စေရဘူး၊ ဒီလိုနော် (မှန်လှပါဘုရား)

http://www.dhammadownload.com



## ခြသေ့်အမည် ငါ့အမည်

ရဟန်းတို့ "ခြသေ့်"ဆိုတဲ့အမည်ဟာ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့၊ အလုံးစုံသောတရားတော်တွေကို ကိုယ်တိုင်မှန်စွာသိတော်မူတဲ့ ငါဘုရားရဲ့ အမည်တော် ဖြစ်တယ်တဲ့။

ခြသေ့်ဆိုတဲ့အမည်ဟာ ဘယ်သူ့ရဲ့အမည်တဲ့လဲ (မြတ်စွာဘုရားရဲ့ အမည်ပါဘုရား)

ရဟန်တို့၊ ငါဘုရား ပရိသတ်ကို တရားဟောခြင်းဟာ ငါဘုရားရဲ့ ခြသေ့်ဟောက်ခြင်းပဲဖြစ်တယ်၊ ငါဘုရားရဲ့ခြသေ့်သံပဲဖြစ်တယ်တဲ့။

## လေးစားဟောပြ+မြတ်ဗုဒ္ဓ

ရဟန်းတို့ "ငါဘုရား ရဟန်းတွေကို တရားဟောရင်လည်း လေးလေးစားစားပဲဟောတယ်၊ ဘယ်တော့မှ မလေးမစား မဟောဘူးတဲ့။

ရဟန်းမိန်းမ၊ ဒါယကာ၊ ဒါယိကာမတွေကို တရားဟောရင်လည်း လေးလေးစားစားပဲဟောတယ်၊ မလေးမစားမဟောဘူး။

အောက်ထစ်ဆုံး ကုန်ကုန်ပြောရရင် ထမင်းစားကျွန်ခံ၊ သူတောင်းစား၊ မုဆိုးစတဲ့ ပုထုဇဉ်တွေကိုပင် တရားဟောတဲ့အခါ လေးလေးစားစားပဲ ဟောတယ်၊ မလေးမစား မဟောပါဘူးတဲ့။

အဲဒီလို လေးလေးစားစားဟောတော်မူခြင်းဟာ ဘာကြောင့်လဲဆိုတော့ ရဟန်းတို့၊ ငါဘုရားဟာ တရားကို ရိုသေလေးစားခြင်းကြောင့်ပဲလို့ ဟောတော်မူပါတယ်။ *(အံ၊ ပါ၊ ၂၊ ၁၀၆)*

ဘုရားရဲ့ တရားတော်မှာ ရိုသေလေးစား အရေးထားတဲ့စိတ်ဓာတ် ဘုန်းကြီးတို့ တရားဟောတဲ့ပုဂ္ဂိုလ်တွေ၊ တရားနာသူတွေ အတုယူရမယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ခြင်္သေ့မင်းကား၊ ဆင်, ကျွဲ, နွား၊ လေးစားသတ်ပုတ်တာ။
- မလေးမစား၊ သတ်ပုတ်ငြား၊ မှတ်သားမရှိပါ။
- ယုန်, ကြောင်ငယ်များ၊ သတ်ပုတ်ငြား၊ လေးစားသတ်ပုတ်တာ။
- မလေးမစား၊ သတ်ပုတ်ငြား၊ မှတ်သားမရှိပါ။
- လမ်းစဉ်ကောင်းတွေ၊ မပျက်စေ၊ သွင်းနေနှလုံးပါ။
- ခြင်္သေ့ဟူသည်၊ ဘုရားမည်၊ အတည်မှတ်သားပါ။
- ပရိသတ်လေးပါး၊ ငါဘုရား၊ တရားဟောသောခါ။
- မလေးမစား၊ မဟောကြား၊ ဟောကြားလေးစားစွာ။
- အောက်ထစ်ဆုံးထား၊ သူတောင်းစား၊ ဟောကြားလေးစားစွာ။

သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာတည်ဖို့ ဘာအရေးကြီးသတဲ့လဲ (ဓမ္မဂါရဝ အရေးကြီးပါတယ်ဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- မြင့်မြတ်ဓမ္မ၊ ဂါရဝ၊ ရှိကြလေသောခါ။
- သူတော်ကောင်း၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ။
- အရေးကြီးလှ၊ ဂါရဝ၊ ဗုဒ္ဓဟောမိန့်မှာ။

## သံဃဂါရဝ+ဟောကာပြ

၃။ သံဃေ သဂါရဝါ ဝိဟရန္တိ သပ္ပတိဿာ။

ချစ်သား ကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးရင် ပရိသတ်လေးပါးဟာ သံဃာတော်များရဲ့အပေါ်မှာ ရိုသေလေးစား အားထားကြမယ်၊ သံဃာတော်များရဲ့စကားကို လိုက်နာကျင့်သုံးကြမယ်ဆိုရင် သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့လိမ့်မယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့ဖို့အတွက် သံဃဂါရဝ အရေးကြီးတယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



သံဃာတော်များနေထိုင်တဲ့ကျောင်းတွေ သွားတဲ့အခါ အမျိုးသမီးလေးများ အမိကသတိထားစရာက ပါးတာ၊ ပေါ်တာ၊ ကွဲတာ၊ ခွဲတာတွေမဝတ်ဖို့လိုကာယ်၊ ပြောတာဆိုတာ၊ နေတာထိုင်တာ၊ စားတာသောက်တာတွေ သံဃာတော်များရဲ့ရှေ့မှာ ယဉ်ကျေးသိမ်မွေ့ဖို့လိုပါတယ်၊ ကိုယ့်ရဲ့အဝတ်အစား၊ အနေအထိုင် အပြောအဆိုတွေဟာ သံဃအဂါရဝမဖြစ်ဖို့ လိုတယ်နော် (မှန်လှပါဘုရား)

ရှေးတုန်းက လူကြီးသူမတွေက အမျိုးသမီးတွေကို လုံလုံခြုံခြုံဝတ်တတ်၊ စားတတ်၊ သောက်တတ်၊ နေထိုင်တတ်လို့ လုံမလေးလို့ ခေါ်ကြပါတယ်၊ ခုခေတ်တော့ အဲဒီ "လုံမလေး" ဆိုတာ နောက်ပေါက်မိန်းကလေးတွေ သိတောင် မသိကြတော့ဘူး။

ကဲ - ထားတော့၊ လင်္ကာလေးတွေလိုက်ဆို -

- မြင့်မြတ်သံဃဂါရဝ၊ ရှိကြလေသောခါ။
- သူတော်ကောင်းဓာတ်၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ။
- အရေးကြီးလှ၊ ဂါရဝ၊ ဗုဒ္ဓဟောမိန့်မှာ။

## သိက္ခာဂါရဝ+ဟောကာပြ

၄။ **သိက္ခာယ သဂါရဝါ ဝိဟရန္တိ သပ္ပတိဿာ။**

ချစ်သား ကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးရင် ပရိသတ်လေးပါးဟာ မိမိဆိုင်ရာ ကျင့်ဝတ်သိက္ခာကို ရိုသေလေးစားကြမယ်၊ ကျင့်ဝတ်သိက္ခာကို လိုက်နာကျင့်သုံးကြမယ်ဆိုရင် သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့လိမ့်မယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ သူတော်ကောင်းဓာတ် တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့ဖို့အတွက် ဘာအရေးကြီးသလဲ (သိက္ခာဂါရဝ အရေးကြီးပါတယ်ဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

http://www.dhammadownload.com



- ကျင့်သိက္ခာလှ၊ ဂါရဝ၊ ရှိကြလေသောခါ။
- သူတော်ကောင်းဓာတ်၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ။
- အရေးကြီးလှ၊ ဂါရဝ၊ ဗုဒ္ဓဟောမိန့်မှာ။

## သိက္ခာလိုလား အရှင်တစ်ပါး

ဒီနေရာမှာ ရှင်ရာဟုလာရဲ့ သိက္ခာလိုလားမှုကို ပြောလိုပါသေးတယ်။

**သိက္ခာကာမော ဟိ အယံ အာယသ္မာ၊ ပါတောဝ ဂန္ဓကုဋိပရိဝေဏေ ပတ္ထမတ္တံ ဝါလိကံ ဩကိရတိ "အဇ္ဇ သမ္မာသမ္ဗုဒ္ဓဿ သန္တိကာ ဥပဇ္ဈာယဿ သန္တိကာ၊ ဧတ္တကံ ဩဝါဒံ ဧတ္တကံ ပရိဘာသံ လဘာမိ" တိ။**

*(မဇ္ဈိမ ပဏ္ဏာသ၊ ၄၊ ၉၄)*

အရှင်ရာဟုလာဟာ သိက္ခာကို လိုလားတော်မူတယ်၊ နံနက်စောစော ထပြီးတော့ ဂန္ဓကုဋိပရိဝုဏ်မှာ သဲတစ်ခွက်သွန်းလောင်းတော်မူတယ်၊ သွန်းလောင်းတဲ့ ရည်ရွယ်ချက်ကတော့ "ဒီနေ့ ဘုရားထံမှပဲဖြစ်ဖြစ်၊ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာထံမှပဲဖြစ်ဖြစ် ဒီသွန်းလောင်းတဲ့သဲခွက်ထဲက သဲလုံးလေး တွေလောက် များပြားတဲ့အဆုံးအမတော်နဲ့ မာန်မဲတာ၊ မြည်တွန်ခြိမ်းခြောက် ရေရွတ်မှုတွေ ရလိုတယ်၊ ရရင်သိပ်ကောင်းမှာပဲ"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သွန်း လောင်းတာပဲဖြစ်တယ်။

အရှင်ရာဟုလာရဲ့ သိက္ခာလိုလားမှုစိတ်ထား အတုယူဖွယ် တကယ် ကောင်းတယ်နော် (မှန်လှပါဘုရား)

ဘုရားရှင်က ရှင်ရာဟုလာကို ဧတဒဂ်ဘွဲ့ထူးပေးတဲ့အခါမှာ "ရဟန်း တို့၊ သိက္ခာကိုလိုလားတဲ့ ငါဘုရားရဲ့သားတော်တွေထဲမှာ ရှင်ရာဟုလာဟာ အသာဆုံး အမြတ်ဆုံးဖြစ်တယ်"လို့ သိက္ခာကာမဧတဒဂ် ပေးတော်မူတယ်။

*(အံ.ပါ၊ ၁၊ ၂၄)*

http://www.dhammadownload.com



## သမာဓိဂါရဝ+ဟောကာပြ

၅။ သမာဓိသ္မိံ သဂါရဝါ ဝိဟရန္တိ သပ္ပတိဿာ။

ချစ်သားကိုမိလ၊ ငါဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးရင် ပရိသတ်လေးပါးဟာ တည်ကြည်မှု သမာဓိတရားမှာ ရိုသေလေးစားလာကြမယ်၊ သမာဓိတရားတွေ တိုးပွားအောင် လိုက်နာကျင့်သုံးကြမယ်ဆိုရင် သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့လိမ့်မယ်လို့ ဟောကြားတော်မူပါတယ်။

ဒီတော့ သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ဖို့အတွက် သမာဓိဂါရဝ အရေးကြီးတယ်နော် (မှန်လှပါဘုရား)

တရားဟောသူ၊ တရားရေးသူတွေ၊ တရားနာသူတွေ သမာဓိရှိဖို့လိုတယ်၊ ကိုယ်ဟောတဲ့၊ ကိုယ်ရေးတဲ့၊ ကိုယ်နာတဲ့တရားတွေဟာ လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာတွေကင်းဝေးကြောင်း ဖြစ်သင့်တယ်၊ လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာတွေ တိုးပွားရေးလမ်းညွှန် မဖြစ်သင့်ဘူး၊ ကိလေသာတဏှာအနံ့တွေပေးပြီးတော့ လူတွေရဲ့စိတ်ဓာတ်ကို ဆွဲမခေါ်သင့်ဘူး၊ လူတွေကလည်း ခက်တော့ခက်သား၊ ကိလေသာတဏှာနာမည်ပါတဲ့ ဟောတာ၊ ရေးတာလေးတွေကိုမှ ရွေးပြီးတော့ နာချင်, ဖတ်ချင်ကြတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- သမာဓိလှ၊ ဂါရဝ၊ ရှိကြလေသောခါ။
- သူတော်ကောင်းတရား၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ
- အရေးကြီးလှ၊ ဂါရဝ၊ ဗုဒ္ဓဟောမိန့်မှာ။

http://www.dhammadownload.com



## အပ္ပမာဒ+ဂါရဝ

၆။ **အပ္ပမာဒေ သဂါရဝါ ဝိဟရန္တိ သပ္ပတိဿာ။**

ချစ်သား ကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးရင် ပရိသတ်လေးပါးဟာ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခြင်းမှာ မမေ့တဲ့ အပ္ပမာဒလို့ခေါ်တဲ့ သတိတရားတော်မှာ ရိုသေလေးစားကြမယ်၊ သတိကောင်းအောင် သတိထားကြမယ်၊ သတိရှိကြမယ်၊ သတိတရား လက်ကိုင်ထားကြမယ်ဆိုရင် သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့လိမ့်မယ်လို့ ဟောကြားတော်မူတယ်။

ဒီတော့ သူတော်ကောင်းတရား တရားမြတ်တွေ ကြာမြင့်စွာတည်တံ့ဖို့အတွက် အပ္ပမာဒဂါရဝ (သတိဂါရဝ) အရေးကြီးတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- အပ္ပမာဒ၊ ဂါရဝ၊ ရှိကြလေသော်ခါ။
- သူတော်ကောင်းတရား၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ။
- အရေးကြီးလှ၊ ဂါရဝ၊ ဗုဒ္ဓဟောမိန့်မှာ။

မမေ့တဲ့ပုဂ္ဂိုလ် ကောင်းကျိုးတွေမလျော့ပုံ ရှေ့မှာဟောခဲ့ပြီးပြီမဟုတ်လား (မှန်လှပါဘုရား)

ဒီနေရာမှာ အဲဒီအဆက်ဂါထာလေး နာကြည့်ကြပါစို့ -

**အာယုံ အရောဂိယံ ဝဏ္ဏံ၊**
**သဂ္ဂံ ဥစ္စာ ကုလီနတံ။**
**ရတိယော ပတ္ထယန္တေန၊**
**ဥဠာရာ အပရာပရာ။**

*(သံ၊ ပါ၊ ၁၊ ၈၇)*

**အာယုံ** - အသက်ရှည်ခြင်းကိုလည်းကောင်း။

**အရောဂိယံ** - အနာရောဂါ ကင်းရှင်းခြင်းကိုလည်းကောင်း။

http://www.dhammadownload.com



ဝဏ္ဏံ - အဆင်းလှပခြင်းကိုလည်းကောင်း။

သဂ္ဂံ - နတ်ပြည်ကိုလည်းကောင်း။

ဥစ္စာကုလီနတံ - အမျိုးမြတ်ခြင်းကိုလည်းကောင်း။

ရတိယော - မွေ့လျော်ဖွယ်တို့ကိုလည်းကောင်း။

ဥဠာရာ - မြတ်ကုန်သော။

အပရာပရာ - တစ်ပါးတစ်ပါးသော အလိုတို့ကိုလည်းကောင်း။

ပတ္ထယန္တေန - တောင့်တလိုသူ၊ ရှင်လူအပေါင်း သူတော်ကောင်းသည်။

(အပ္ပမာဒေါဝ - အပ္ပမာဒခေါ် ဆို၊ သတိတရားကိုသာလျှင်။

ကာတဗ္ဗော- ရှိသေလေးစား၊ အရေးထားကာ၊ ပြုလုပ်ထိုက်ပါပေသတည်း။)

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

အသက်ရှည်ခြင်း စတဲ့ ကောင်းကျိုးတွေရချင်ရင် ဘာကို လက်ကိုင်ထားရမလဲ (သတိကို လက်ကိုင်ထားရမှာပါဘုရား)

စားလည်းသတိ၊ သွားလည်းသတိ၊ အိပ်လည်းသတိ၊ နေလည်းသတိ၊ ဘယ်နေရာမဆို သတိမလိုဘူးလား (လိုပါတယ်ဘုရား)

စားလည်းသတိထားစား၊ ကိုယ့်ရှေ့ကိုယ်ကြည့်စား၊ သွားလည်းသတိထားပြီးသွား၊ ကိုယ့်ရှေ့ကိုယ်ကြည့်သွား၊ လက်တွေ့ အန္တရာယ်ကင်းတယ်။

ဘုန်းကြီးကတော့ ကျောင်းက သံဃာတော်တွေကို ကိုယ့်ရှေ့ကိုယ်ကြည့်စားဖို့ သွားဖို့ အောက်ပါလင်္ကာလေးများနဲ့ အမြဲသတိပေးထားပါတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ကိုယ့်ရှေ့ကိုယ်ကြည့်၊ သတိရှိ၊ အသိနဲ့သာစား။
- ကိုယ့်ရှေ့ကိုယ်ကြည့်၊ သတိရှိ၊ အသိနဲ့သာသွား။
- ဟိုဒီမကြည့်၊ သတိရှိ၊ အသိနဲ့သာစား။
- ဟိုဒီမကြည့်၊ သတိရှိ၊ အသိနဲ့သာသွား။

http://www.dhammadownload.com



နောက် သတိရှိသူရနိုင်တဲ့ကောင်းကျိုး ဆက်ဟောထားတာက -

**အပ္ပမာဒံ ပသံသန္တိ၊**

**ပုညကိရိယာသု ပဏ္ဍိတာ။**

**အပ္ပမတ္တော ဥဘော အတ္ထေ၊**

**အဓိဂ္ဂဏှာတိ ပဏ္ဍိတော။** တဲ့

*(သံ၊ ပါ၊ ၁၊ ၈၇)*

ပဏ္ဍိတာ-မှန်ရာမြင်သိ၊ ပညာရှိတို့သည်။ ပုညကိရိယာသု-သုံးပါးကုန်သော ပုညကိရိယဝတ္ထုတို့၌။ ဝါ-ဒါန, သီလ၊ အစပြုထား၊ ပုညကိရိယဝတ္ထုဆယ်ပါးတို့၌။ အပ္ပမာဒံ-မမေ့မလျော့ခြင်းကို။ ဝါ-မမေ့မလျော့သူကို။ ပသံသန္တိ-ချီးမွမ်းကြကုန်၏။ အပ္ပမတ္တော-မမေ့မလျော့သော။ ပဏ္ဍိတော-မှန်ရာမြင်သိ၊ ပညာရှိသည်။ ဥဘော-နှစ်ပါးကုန်သော။ အတ္ထေ-ခု, နောင်ကောင်းကျိုး၊ အမျိုးမျိုးတို့ကို။ အဓိဂ္ဂဏှာတိ-သေချာပိုင်ပိုင်၊ သိမ်းယူနိုင်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ပညာရှိသူတော်ကောင်းတွေက ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ပုညကိရိယ ဝတ္ထုသုံးပါး၊ တစ်နည်း ဒါနစတဲ့ ပုညကိရိယဝတ္ထုဆယ်ပါးမှာ မမေ့မလျော့တဲ့သူကို ချီးမွမ်းကြတယ်။

ဒီတော့ မမေ့မလျော့တဲ့သူဟာ ပညာရှိတွေရဲ့ ချီးမွမ်းခံရတဲ့ကောင်းကျိုး လက်တွေ့ရတယ်နော် (မှန်လှပါဘုရား)

နောက်ပြီးတော့ မမေ့တဲ့သူဟာ ခုဘဝ၊ နောက်ဘဝဆိုတဲ့ ဘဝနှစ်မျိုးလုံးမှာ အသက်ရှည်ခြင်း စတဲ့ ကောင်းကျိုးတွေ ရနိုင်တယ်နော် (မှန်လှပါဘုရား)

ကဲ - နောက်ဆုံးဂါရဝ ဆက်ကြရအောင် -

http://www.dhammadownload.com



## ပဋိသန္ထာရ+ဂါရဝ

၇။ **ပဋိသန္ထာရေ သဂါရဝါ ဝိဟရန္တိ သပ္ပတိဿာ။**

ချစ်သားကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးရင် ပရိသတ်လေးပါးဟာ အာမိသပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရလို့ဆိုတဲ့ ပဋိသန္ထာရနှစ်မျိုးမှာ ရိုသေလေးစား အရေးထားကာ ကျင့်သုံးလိုက်နာကြမယ်ဆိုရင် သူတော်ကောင်းတရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့မှာ မလွဲဘူးလို့ ဟောကြားတော်မူပါတယ်။

ဒီတော့ သူတော်ကောင်းတရားမြတ်တွေ ကြာမြင့်စွာ တည်တံ့ခိုင်ခံ့ဖို့အတွက် ဘာအရေးကြီးလဲ (ပဋိသန္ထာရ အရေးကြီးပါတယ်ဘုရား)

ဒကာ, ဒကာမတွေက သံဃာတော်များကို ပစ္စည်းလေးပါးနဲ့ ချီးမြှောက်တဲ့ အာမိသ ပဋိသန္ထာရ၊ သံဃာတော်တွေက ဒကာ, ဒကာမတွေကို ခုနောင်ဘဝ ကောင်းကျိုးရအောင် တရားတွေ ဟောပြောဆုံးမပေးနေတဲ့ ဓမ္မပဋိသန္ထာရ ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)

အေး - အဲဒီ ပဋိသန္ထာရနှစ်မျိုး ရှိနေသမျှကာလပတ်လုံး သူတော်ကောင်းတရားမြတ်တွေ အမြဲတစေ ရှင်သန်နေမယ်၊ ငါးထောင်မကများမြောင်လှအောင် ရှင်သန်နေမယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- အာမိ+ဓမ္မ၊ ဂါရဝ၊ ရှိကြလေသောခါ။
- ပဋိသန္ထာရ၊ ဂါရဝ၊ ရှိကြလေသောခါ။
- သူတော်ကောင်းတရား၊ တရားမြတ်၊ မပြတ်မြဲရှည်ကြာ။
- အရေးကြီးလှ၊ ဂါရဝ၊ ဗုဒ္ဓဟောမိန့်မှာ။

**အယံ ခေါ ကိမိလ ဟေတု အယံ ပစ္စယော၊ ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော စိရဋ္ဌိတိကော ဟောတီတိ။**

**ကိမိလ - ချစ်သား ကိမိလ။ ယေန - အကြင်အကြောင်းကြောင့်။**

http://www.dhammadownload.com



**တထာဂတေ-မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ-ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်ရှိသော်။ သဒ္ဓမ္မော-သူတော်ကောင်းဓာတ်၊ တရားမြတ်သည်။ စိရဋ္ဌိတိကော-ကြာမြင့်စွာ တည်တံ့ခိုင်ခံ့ခြင်းရှိသည်။ ဟောတိ-ဖြစ်၏။ သောဟေတု-ထိုအကြောင်းဟိတ်သည်။ အယံခေါ-ဤသည်ပင်တည်း။ သောပစ္စယော-ထိုအကြောင်းပစ္စည်းသည်။ အယံ-ဤသည်ပင်တည်း။ ဣတိ-ဤသို့။ အဝေါစ-သူတော်ကောင်းဓာတ်၊ တရားမြတ်တည်ကြောင်း၊ တရားကောင်းကို၊ နှစ်ထောင်းအားရ ရှင်းလင်းပြကာ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။**

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ချစ်သားကိမိလ၊ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးရင် သူတော်ကောင်းဓာတ်၊ တရားမြတ်တွေ ကြာမြင့်စွာတည်ကြောင်း တရားတွေဟာ ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာ၊ သမာဓိ၊ အပ္ပမာဒ၊ ပဋိသန္ထာရဆိုတဲ့ တရားတွေမှာ ရိုသေလေးစားခြင်း၊ လိုက်နာကျင့်သုံးခြင်းပင်ဖြစ်တယ်လို့ ဟောကြားတော်မူလိုက်ပါတယ်။

ဒီနေ့ ဒကာ, ဒကာမတွေကို ဟောကြားလိုက်တဲ့တရားတော်က ဘာတရားတဲ့လဲ၊ (အရေးကြီးလှ+ဂါရဝ တရားပါဘုရား)

## ဂါရဝရှိက ရ,ဝ

ဂါရဝဆိုတာ ဒီကိမိလသုတ္တန်မှာဟောခဲ့တဲ့ တရားများနဲ့ မိဘ, ဆရာသမား, အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ်များရဲ့အပေါ်မှာ ရိုသေလေးစားအရေးထားခြင်းပါပဲ၊ အဲဒီဂါရဝတရားရှိထားရင်၊ ဆောင်ထားရင် ကိုယ်လိုချင်တဲ့ သက်ရှိသက်မဲ့၊ လောကီ, လောကုတ္တရာကောင်းကျိုးတရားတွေရတယ်၊ ဝတယ်၊ ဂါရဝမှာ ရ,ပါတယ်၊ ဝ,ပါတယ်၊ ဂါရဝမှာ ဘာပါသတဲ့လဲ (ရ,ပါ၊ ဝ,ပါပါတယ်ဘုရား)

http://www.dhammadownload.com



ကိုယ်လိုချင်တဲ့ သက်ရှိ၊ သက်မဲ့ လောကီ, လောကုတ္တရာကောင်းကျိုးတွေရအောင်၊ ဝ,အောင် ဘာကိုဆောင်ရမတဲ့လဲ (ဂါရဝဆောင်ရမှာပါဘုရား)

## ဂါရဝဆောင် မအောင်နိုင်တာမရှိ

ဂါရဝဆောင်ထားရင် ခုဘဝ၊ နောက်ဘဝ မဂ်ဖိုလ်နိဗ္ဗာန်ရောက်သည်အထိ မအောင်နိုင်တာမရှိဘူးနော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဂါရဝရှိက၊ ရလည်းရ၊ ဝလည်းဝမှာပါ။
- ဂါရဝဝယ်၊ ရ,ဝကွယ်၊ ပါတယ်သိထားပါ။
- ဂါရဝဆောင်၊ ဤလူဘောင်၊ မအောင်မရှိပါ။
- ဂါရဝဆောင်၊ ဤလူဘောင်၊ ခုနောင်ရ, ဝမှာ။

"ဂါရဝဆောင်က+အောင်,ရဝ" ဆိုတဲ့ ကဗျာလေးနဲ့ တရားသိမ်းကြရအောင် -

"သက်မဲ့, သက်ရှိ ကောင်းသည့်ကောင်းကျိုး၊ အမျိုးမျိုးကို၊ ရရှိလိုက၊ ဂါရဝတရား၊ ဆောင်ကာထားလော့၊ အများနေ့ည၊ ဂါရဝဆောင်၊ ဤလူဘောင်၌၊ မအောင်အရာ၊ မရှိပါဟု၊ ကဗျာနဲ့ဖြင့်၊ စာပြုသေချာ၊ အမြဲမှာသည်၊ စွဲကာမှတ်လေ အမြဲတည်း။"

"ကိုယ်ပြောပြုရာ၊ သာသနာကိစ္စ၊ အဝဝနှင့်၊ လောကလောကီ၊ နှစ်လီကိစ္စ၊ ဟူသမျှကို၊ စိတ်ကလေးစား၊ အရေးထားသည့်၊ တရားဂါရဝ၊ ဆောင်ထားကြကာ၊ ပြောပြုပါလျှင်၊ သေချာမုချ၊ လောက, သာသနာ၊ မအောင်ရာသည်၊ ဘယ်ဟာကိစ္စ ရှိမည်နည်း။"

"ကိုယ်ပြောပြုရာ၊ သာသနာ+လောက၊ ကိစ္စကြီးငယ်၊ အသွယ်သွယ်ကို၊ တကယ်နိစ္စ၊ စိတ်ကလေးစား၊ အရေးထားသည့်၊ တရားဂါရဝ၊ ဆောင်ထားကြကစ၊ ပြောပြုပါလျှင်၊ သေချာမုချ၊ လောက, သာသနာ၊ အရာရာသည်၊ အောင်မှာမလွဲကေန်တည်း။"

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

http://www.dhammadownload.com



# အရေးကြီးလှ+ဂါရဝ”
## ကဗျာများ

+ တစ်ပါးအခါ မြတ်ဘုရားက
ကိမိလမြို့အနီးနေ၍။

+ ကျည်းပင်တောမှာ သီတင်းသုံးလို့
ရွှင်ပြုံးမချို့ နေပျော်ပျော်။

+ ကိမိလခေါ် အရှင်တစ်ပါးက
ဘုရားရှိရာ ရောက်ပြီးသော်။

+ ရိုသေစွာလေ ဦးနှိမ်ချိုးလို့
ရှိခိုးသင့်ရာ ထိုင်ပြီးသော်။

+ မြတ်ဘုရားကို ကိမိလက
ဤစကားလှ လျှောက်ပြီနော်။

+ ဘုရားနိဗ္ဗာန် ဝင်စံသွားက
ဘုရားဟောပြ တရားတော်။

+ အရှည်ကြာကြာ မတည်ခြင်းကို
သေချာရှင်းရှင်းဟောဖို့နော်။

+ အရှည်ကြာကြာ မတည်ခြင်းရဲ့
အကြောင်းရင်းကို ဟောဖို့နော်။

+ အဲဒီလိုသာ ကိမိလက
မြတ်ဗုဒ္ဓကို လျှောက်ထားသော်။

http://www.dhammadownload.com



၁။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
ဘုရားလေးစား, မကျင့်သော်။

+ တရားရှည်ကြာ မတည်ခြင်းရဲ့
အကြောင်းရင်းပဲ မှတ်သားနော်။

+ အဲဒီလို မြတ်ဗုဒ္ဓက
ကိမိလကို ဟောပြဖော်။

၂။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
တရားလေးစား, မကျင့်သော်။

၃။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
သံဃာလေးစား, မကျင့်သော်။

၄။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
အကျင့်လေးစား, မကျင့်သော်။

၅။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
တည်ကြည်လေးစား, မကျင့်သော်။

၆။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
သတိလေးစား, မကျင့်သော်။

၇။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
ချီးမြှောက်လေးစား, မကျင့်သော်။

+ ဘုရားနိဗ္ဗာန် ဝင်စံသွားက
ဘုရားဟောပြ တရားတော်။

http://www.dhammadownload.com



\+ အရှည်ကြာကြာ မတည်ခြင်းကို
ဘုရားရှင်းလင်း ဟောပြဖော်။

\+ ဗုဒ္ဓ+ဓမ္မ+မြတ်သံဃနှင့်
သိက္ခာ+အကျင့်+တည်ကြည်ခေါ်။

\+ သတိတစ်ဖြာ ချီးမြှောက်မှု၌
အာရုံစူးစိုက် မကျင့်သော်။

\+ တရားရှည်ကြာ မတည်ခြင်းရဲ့
အကြောင်းရင်းပဲ ဟောပြဖော်။
(မှတ်နေ5)၂

\+ ဘုရားနိဗ္ဗာန် ဝင်စံသွားက
ဘုရားဟောပြ တရားတော်။

\+ အရှည်ကြာကြာ တည်တံ့ခြင်းရဲ့
အကြောင်းရင်းကို ဟောပြဖော်။

\+ အဲဒီလိုသာ ကိမိလက
မြတ်ဗုဒ္ဓကို လျှောက်ထားသော်။

၁။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
ဘုရားလေးစား, ကျင့်ကြသော်။

၂။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
တရားလေးစား, ကျင့်ကြသော်။

၃။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
သံဃာလေးစား, ကျင့်ကြသော်။

http://www.dhammadownload.com



၄။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
အကျင့်လေးစား, ကျင့်ကြသော်။

၅။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
တည်ကြည်လေးစား, ကျင့်ကြသော်။

၆။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
သတိလေးစား, ကျင့်ကြသော်။

၇။ + ဘုရားနိဗ္ဗာန် ဝင်စံသွားက
ချီးမြှောက်လေးစား, ကျင့်ကြသော်။

+ တရားရှည်ကြာ တည်တံ့ခြင်းရဲ့
အကြောင်းရင်းပဲ ဟောပြဖော်။

+ ဗုဒ္ဓ+ဓမ္မာ+မြတ်သံဃနှင့်
သိက္ခာအကျင့်+တည်ကြည်ခေါ်။

+ သတိတစ်ဖြာ+ချီးမြှောက်မှု၌
အာရုံစူးစိုက် လေးစားသော်။
(အာရုံစူးစိုက် ကျင့်ကြသော်။)

+ တရားရှည်ကြာ တည်တံ့ခြင်းရဲ့
အကြောင်းရင်းပဲ ဟောပြဖော်။

+ အရေးကြီးတာ ဂါရဝဟု
ထာဝရရှု မှတ်သားနော်။
(ဟောပြဖော်)၂

*အရေးကြီးလှ ဂါရဝ တရားတော် ပြီးပြီ။*

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ်+ဣတိဝုတ်ပါဠိတော်+ ဧကကနိပါတ်+တတိယဝဂ်+မေတ္တာသုတ္တန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော "ကုသိုလ်မကြောက်+ချမ်းသာရောက်" တရားတော်

ဒီနေ့ ဒကာ, ဒကာမတွေကို ဟောကြားမည့် "ကုသိုလ်မကြောက်+ချမ်း သာရောက်" ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြ နာကြရအောင် -

**မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊**

*(ဣတိဝုတ် ပါ၊ ၂၀၅)*

ဘိက္ခဝေ-ရဟန်းတို့။ ပုညာနံ-တေဘူမက၊ ကုသလဆို၊ မြတ်ကုသိုလ် တို့မှ။ မာဘာယိတ္ထ-နှေးညခါခါ၊ မကြောက်ကြပါကုန်လင့်။

ဘုရားက ရဟန်းတို့ ဒါနကုသိုလ်တွေ ပြုလုပ်ရမှာ မကြောက်နဲ့၊ သီလ ကုသိုလ်တွေ ဆောက်တည်ကျင့်သုံးရမှာ မကြောက်နဲ့၊ ဝိပဿနာ ဘာဝနာ တရားတွေ ရှုမှတ်ဆင်ခြင်ပွားများအားထုတ်ရမှာ မကြောက်နဲ့တဲ့။

တချို့လူတွေက ဘာမဟုတ်တဲ့ လက်ရှိချမ်းသာလေး လက်လွတ်သွား မှာ ကြောက်တဲ့အတွက်၊ ဘာမှမပြောပလောက်တဲ့ လက်ရှိချမ်းသာလေး လက် လွတ်သွားမှာ ကြောက်တဲ့အတွက် တမလွန်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ ပေးစွမ်းနိုင်တဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေပြုဖို့အရေးကို ဝန်လေးနေကြတယ်၊ ကြောက်ရွံ့နေကြတယ်၊ နောက်တွန့်နေကြတယ်၊ အဲဒီလို ကုသိုလ်ကြောက်နေသူတွေကို ဘုရားက ကုသိုလ်မကြောက်ရေး အားပေး လိုက်တာ၊ အားဆေးတိုက်ကျွေးလိုက်တာနော် (မှန်လှပါဘုရား)

လူတွေတကယ်ကြောက်ရမှာက အကုသိုလ်၊ လူတွေတကယ်ကြောက် နေတာက ကုသိုလ်၊ လူတွေအကြောက်မှားမနေဘူးလား (မှားနေပါတယ် ဘုရား)

http://www.dhammadownload.com



အကြောက်မှားမှု သတိပြုကာ ကုသိုလ်တရားတွေကို ရဲရဲပြု၊ ရဲရဲစုရမယ် နော်(မှန်လှပါဘုရား)၊ ရဲရဲပြု၊ ရဲရဲစုရမှာ ဘာပါလိမ့် (ကုသိုလ်တရားပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဒါနကုသိုလ်၊ ပြုဖို့ဆို၊ ကြောက်ကိုမကြောက်နဲ့။
- သီလကုသိုလ်၊ ပြုဖို့ဆို၊ ကြောက်ကိုမကြောက်နဲ့။
- ဘာဝနာကုသိုလ်၊ ပြုဖို့ဆို၊ ကြောက်ကိုမကြောက်နဲ့။
- ကောင်းမှုကုသိုလ်၊ ပြုဖို့ဆို၊ ကြောက်ကိုမကြောက်နဲ့။
- ဒါန, သီလာ၊ ဘာဝနာ၊ ကောင်းတာမကြောက်နဲ့။
- ကုသိုလ်ဓမ္မ၊ မကြောက်ရ၊ ဗုဒ္ဓအားပေးခဲ့။
- ကုသိုလ်ကောင်းမှု၊ ရဲရဲပြု၊ ကောင်းမှုမကြောက်နဲ့။
- ကုသိုလ်ကောင်းမှု၊ ရဲရဲပြု၊ ရဲရဲစုထားတဲ့။

## ကုသိုလ်အမည်+ဟောပြပြီ

အဲဒီလိုကုသိုလ်မကြောက်ရေး အားပေးဟောပြပြီးတော့ ကုသိုလ်ရဲ့ အမည်ကို ဟောပြတော်မူတယ်။

**သုခဿေတံ ဘိက္ခဝေ အဓိဝစနံ ဣဋ္ဌဿကန္တဿ ပိယဿ မနာပဿ ယဒိဒံ ပုညာနိ။**

**ဘိက္ခဝေ-ရဟန်းတို့။ ပုညာနိ-ကောင်းမှုတို့ဟူသော။ ယဒိဒံအဓိဝစနံ-အကြင်အမည်သည်။ (အတ္ထိ-ရှိ၏။) ဧတံ-ဤကောင်းမှုဟူသောအမည်သည်။ ဣဋ္ဌဿ-လိုလားအပ်သော။ ကန္တဿ-နှစ်သက်အပ်သော။ ပိယဿ-ချစ်ခင်အပ်သော။ မနာပဿ-မြတ်နိုးအပ်သော။ သုခဿ-ချမ်းသာသုခ၊ အဝဝ၏။ အဓိဝစနံ-အမည်ကောင်းစင်စစ်၊ အမှန်ပင်ဖြစ်ပါပေသတည်း။**

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ရဟန်းတို့၊ ကောင်းမှုကုသိုလ်ဆိုတာ အခြားရဲ့အမည်မဟုတ်ဘူး၊ လိုလားအပ်၊ နှစ်သက်အပ်၊ ချစ်ခင်အပ်၊ မြတ်နိုးအပ်တဲ့ ကောင်းကျိုးချမ်းသာရဲ့ အမည်ဖြစ်တယ်တဲ့။

http://www.dhammadownload.com



ကုသိုလ်ဆိုတာ ဘယ်သူ့ရဲ့အမည်တဲ့လဲ (ချမ်းသာရဲ့အမည်ပါဘုရား)

ကုသိုလ်ပြုတဲ့သူရဲ့၊ ကုသိုလ်မကြောက်တဲ့သူရဲ့ ရပိုင်ခွင့်၊ ရလာဒ်ဟာ သုခချမ်းသာ ဖြစ်တယ်နော် (မှန်လှပါဘုရား)

ဒီနေ့ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ လှူဒါန်းပူဇော်နေကြတဲ့ ဒကာ, ဒကာမတွေဟာ ဒါန၊ ကုသိုလ်ပြုရမှာ မကြောက်တဲ့သူတွေဖြစ်တယ်၊ သီလဆောက်တည်နေကြတဲ့ ဒကာ, ဒကာမတွေဟာ သီလကုသိုလ်ဆောက်တည်ရမှာ မကြောက်တဲ့သူတွေ ဖြစ်တယ်၊ တရားအားထုတ်နေကြတဲ့ ဒကာ, ဒကာမတွေဟာ ဝိပဿနာ ကုသိုလ်ပွားရမှာ မကြောက်တဲ့သူတွေဖြစ်တယ်နော် (မှန်လှပါဘုရား)

အေး-အဲဒီ ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေပြုရမှာ မကြောက်ရင် ခုဘဝ၊ နောက်ဘဝ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်သည်အထိ ကိုယ်လိုလားတောင့်တ နှစ်သက်, ချစ်ခင်, မြတ်နိုးအပ်တဲ့ ကောင်းကျိုးချမ်း သာတွေရမယ်၊ ရောက်မယ်နော် (မှန်လှပါဘုရား)

ကုသိုလ်ပြုရမှာမကြောက်ရင် ရပိုင်ခွင့်က ဘာတဲ့လဲ (ချမ်းသာရောက် ခြင်းပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ (ကုသိုလ် မကြောက် ချမ်းသာရောက်တရားပါဘုရား)

ချမ်းသာရောက်ချင်ရင်၊ ချမ်းသာရချင်ရင် ကုသိုလ်ကြောက်လို့ဖြစ်ပါ့ မလား (မဖြစ်ပါဘုရား)

## ရဲရဲသာပြု+ရဲရဲစု

ဘုရားက ဒါနကုသိုလ်ကြီး ရဲရဲပြုလိုက်စမ်းပါ၊ ရဲရဲစုလိုက်စမ်းပါ၊ သီလ ကုသိုလ်ကြီးတွေ၊ ဘာဝနာကုသိုလ်ကြီးတွေကို ရဲရဲပြုလိုက်စမ်းပါ၊ ရဲရဲစုလိုက် စမ်းပါလို့ တိုက်တွန်းတယ်၊ အားပေးတယ်နော် (မှန်လှပါဘုရား)

ဒီတော့ ဘုန်းကြီးတို့နဲ့၊ ဘုန်းကြီးတို့ရဲ့ ဒကာ, ဒကာမတွေ တကယ် ရဲရဲပြု၊ ရဲရဲစုရမှာက ဘာပါလိမ့် (ဒါန၊ သီလ၊ ဘာဝနာပါဘုရား)

http://www.dhammadownload.com



## ရဲရဲပြုက+ရဲလွတ်ရ

အေး - ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တွေကို ရဲရဲပြု၊ ရဲရဲစုရင် "ရဲ"တွေနဲ့လွတ်ပြီတဲ့၊ ဘာရဲတွေလဲဆိုတော့ ခုဆင်းရဲ နောင်ဆင်းရဲ သံသရာဆင်းရဲ အပါယ်ဆင်းရဲ အနေဆင်းရဲ အသေဆင်းရဲ အစားဆင်းရဲ အသွားဆင်းရဲ မွေးဆင်းရဲ အိုဆင်းရဲ နာဆင်းရဲ သေဆင်းရဲ ချစ်သူနဲ့ကွဲရတဲ့ဆင်းရဲ မုန်းသူနဲ့တွဲရတဲ့ဆင်းရဲ လိုတာမရတဲ့ဆင်းရဲ ရတာကိုမလိုတဲ့ဆင်းရဲ စတဲ့ "ရဲ" တွေ လွတ်မယ်နော် (မှန်လှပါဘုရား)

ရဲရဲလျှောက်ရမည့်လမ်းက ကုသိုလ်လမ်း၊ ရဲရဲကောက်ရမည့်ပန်းက ကုသိုလ်ပန်းတွေနော် (မှန်လှပါဘုရား)

ကုသိုလ်လမ်းရဲရဲလျှောက်ပြီး ကုသိုလ်ပန်းတွေ ရဲရဲကောက်ရင် တကယ်ရောက်လာမည့်ကောင်းကျိုးက ချမ်းသာနော် (မှန်လှပါဘုရား)

ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ (ကုသိုလ်မကြောက်+ချမ်းသာရောက် တရားပါဘုရား)

ကုသိုလ်မကြောက်ရင် ချမ်းသာရောက်ဆိုတော့ ကုသိုလ်ကြောက်ရင် (ဆင်းရဲရောက်မှာပါဘုရား)၊ ကိုယ်ရောက်မှာကိုယ်သိဖို့လိုတယ်နော် (မှန်လှပါဘုရား)

ဒါနမကြောက် ပေါ်များမယ်၊ ဒါနကြောက်ရင် မွဲသွားမယ်၊ သီလမကြောက်ရင် ကောင်းရာသုဂတိရောက်မယ်၊ သီလကြောက်ရင် ကောင်းရာသုဂတိလွဲမယ်၊ ဘာဝနာမကြောက်ရင် နိဗ္ဗာန်ရောက်မယ်၊ ဘာဝနာကြောက်ရင် နိဗ္ဗာန်လွဲမယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ကုသိုလ်မကြောက်၊ ချမ်းသာရောက်၊ ကုသိုလ်ကြောက်က ဆင်းရဲမှာ။
- ဒါနမကြောက်၊ ချမ်းသာရောက်၊ ဒါနကြောက်က ဆင်းရဲမှာ။
- ဒါနမကြောက်၊ ပေါ်များရောက်၊ ဒါနကြောက်က မွဲဦးမှာ။
- သီလမကြောက်၊ ချမ်းသာရောက်၊ သီလကြောက်က ဆင်းရဲမှာ။

http://www.dhammadownload.com



- သီလမကြောက်၊ ကောင်းရာရောက်၊ သီလကြောက်က လွဲဦးမှာ။
- ဘာဝနာမကြောက်၊ ချမ်းသာရောက်၊ ဘာဝနာကြောက်က ဆင်းရဲမှာ။
- ဘာဝနာမကြောက်၊ နိဗ္ဗာန်ရောက်၊ ဘာဝနာကြောက်က လွဲဦးမှာ။

## ကောင်းကျိုးခံစား+သိမြင်ထား

အဘိဇာနာမိ ခေါပနာဟံ ဘိက္ခဝေ ဒီဃရတ္တံ ကတာနံ ပုညာနံ ဣဋ္ဌဿ ကန္တဿ ပိယဿ မနာပဿ ဝိပါကံ ပစ္စနုဘူတံ၊

ဘိက္ခဝေ-ရဟန်းတို့။ ဒီဃရတ္တံ-ကြာမြင့်စွာသောကာလပတ်လုံး။ ကတာနံ-ပြုအပ်ကုန်သော။ ပုညာနံ-ကောင်းမှုတို့၏။ ဣဋ္ဌဿ-လိုလားအပ်သော။ ကန္တဿ-နှစ်သက်အပ်သော။ ပိယဿ-ချစ်အပ်သော။ မနာပဿ-မြတ်နိုးအပ်သော။ ဝိပါကံ-အကျိုးကို။ ပစ္စနုဘူတံ-ခံစားအပ်ဖူးသည်ကို။ အဘိဇာနာမိ-မျက်ဝါးထင်ထင်၊ သိမြင်တော်မူ၏။

ရဟန်းတို့၊ ကြာမြင့်စွာကာလပတ်လုံး၊ ပြုထားတဲ့ကောင်းမှုတွေရဲ့ လိုလား၊ နှစ်သက်၊ ချစ်ခင်၊ မြတ်နိုးအပ်တဲ့ ကောင်းကျိုးတွေ ခံစားဖူးတာကို ငါဘုရား မျက်ဝါးထင်ထင် သိမြင်တော်မူတယ်တဲ့။

## မေတ္တာပွားရ+ကောင်းကျိုးလှများ

မေတ္တာပွားရ ကောင်းကျိုးရပုံကို ဆက်ဟောရအောင် -

သတ္တဝဿာနိ မေတ္တစိတ္တံ ဘာဝေတွာ သတ္တ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ နယိမံလောကံ ပုနရာဂမာသိံ၊

သတ္တဝဿာနိ-ခုနစ်နှစ်တို့ပတ်လုံး။ မေတ္တစိတ္တံ-မေတ္တာယှဉ်ကပ်၊ စိတ်ထားမြတ်ကို။ ဘာဝေတွာ-ဖြစ်ပွားစေခြင်းကြောင့်။ သတ္တသံဝဋ္ဋဝိဝဋ္ဋကပ္ပေ-မဟာကပ်ခုနစ်ကပ်တို့ပတ်လုံး။ ဣမံလောကံ-ဤလူ့ပြည်သို့။ နပုန အာဂမိံ-တစ်ဖန်ပြန်မလာ။

http://www.dhammadownload.com



ခုနစ်နှစ်မေတ္တာပွားထားခြင်းကြောင့် မဟာကပ်ခုနစ်ကပ်တို့ကာလ ပတ်လုံး ဒီလူ့ဘဝကို ပြန်မလာဘူးတဲ့။ လူပြည်ပြန်မလာတဲ့ကောင်းကျိုးဟာ မေတ္တာပွားရကျိုးနော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- လူ့ပြည်လူ့ရွာ၊ ပြန်မလာ၊ မေတ္တာပွားရကျိုး။

**သံဝဋ္ဋမာနေ သုဒံ ဘိက္ခဝေ ကပ္ပေ အာဘဿရူပဂေါ ဟောမိ၊ ဝိဝဋ္ဋမာနေ ကပ္ပေ သုညံ ဗြဟ္မဝိမာနံ ဥပပဇ္ဇာမိ၊**

ရဟန်းတို့၊ ကမ္ဘာပျက်တဲ့အခါမှာတော့ အာဘဿရာဘုံရောက်နေ တယ်၊ ကမ္ဘာတည်တဲ့အခါမှာတော့ သတ္တဝါတွေမရှိတဲ့ ပဌမဈာန် ဗြဟ္မာဘုံမှာ ရောက်နေတယ်တဲ့။ ဒါ မေတ္တာပွားရတဲ့ကောင်းကျိုးနော် (မှန်လှပါဘုရား)

ကဲ-လင်္ကာလေးလိုက်ဆို -

- ဗြဟ္မာဘုံမှာ၊ ရောက်ရတာ၊ မေတ္တာပွားရကျိုး။

**တတြ သုဒံ ဘိက္ခဝေ ဗြဟ္မာ ဟောမိ မဟာဗြဟ္မာ အဘိဘူ အနဘိဘူတော အညဒတ္ထု ဒသော ဝသဝတ္တီ၊**

ရဟန်းတို့ အဲဒီ ပဌမဈာန် ဗြဟ္မာဘုံမှာ သူတစ်ပါးတို့ကို အုပ်စိုးလွှမ်းမိုး နိုင်တဲ့သူ၊ သူတစ်ပါးတွေက မိမိကို မလွှမ်းမိုးနိုင်တဲ့သူ၊ စင်စစ် အတိတ်, အနာဂါတ်, ပစ္စုပ္ပန်တို့ကို သိမြင်နိုင်သူ၊ အခြားဗြဟ္မာတွေရဲ့စိတ်, မိမိရဲ့စိတ်ကို မိမိအလိုသို့ လိုက်စေနိုင်သူ မဟာဗြဟ္မာကြီး ဖြစ်ရတယ်တဲ့။

ရှင်းရှင်းပြောရရင် မဟာဗြဟ္မာ ဖြစ်ရတယ်နော် (မှန်လှပါဘုရား) မဟာဗြဟ္မာကြီးဖြစ်ချင်ရင် ဘာပွားရမလဲ (မေတ္တာပွားရမှာဘုရား)

http://www.dhammadownload.com



ကဲ - လက်ာလေးလိုက်ဆို -

- မဟာပြဟ္မာ၊ ဖြစ်ရတာ၊ မေတ္တာပွားရကျိုး။

**ဆတ္တိံ သတ္တက္ခတ္တုံ ခေါ ပနာဟံ ဘိက္ခဝေ သက္ကော အဟောသိံ ဒေဝါနမိန္ဒော၊**

ရဟန်းတို့ (၃၆)ကြိမ်တိုင်တိုင် နတ်တွေကိုအစိုးရတဲ့ သိကြားမင်းဖြစ်ခဲ့ဖူးတယ်တဲ့။ သိကြားမင်းဖြစ်ချင်လည်း မေတ္တာပွားနော် (မှန်လှပါဘုရား)

ကဲ - လက်ာလေးလိုက်ဆို -

- သိကြားရာဇာ၊ ဖြစ်ရတာ၊ မေတ္တာပွားရကျိုး။

**အနေကက သတက္ခတ္တုံ ရာဇာ အဟောသိံ စက္ကဝတ္တိ ဓမ္မိကော ဓမ္မရာဇာ စာတုရန္တော ဝိဇိတာဝီ ဇနပဒတ္ထာဝရိယပ္ပတ္တော သတ္တရတနသမန္နာဂတော၊**

စကြဝတေးမင်းအဖြစ်ကတော့ အကြိမ်များစွာ ဖြစ်ရတယ်တဲ့၊ အဲဒီစကြဝတေးမင်းရဲ့ဂုဏ်ပုဒ်တွေက -

၁။ ကုသိုလ်ကမ္မပထ တရားဆယ်ပါးနဲ့ ပြည့်စုံတယ်၊ *(ဓမ္မိက)*

၂။ အဲဒီ ကုသိုလ်ကမ္မပထ တရားဆယ်ပါးနဲ့ပြည့်စုံတဲ့အတွက် မင်းဖြစ်လာတယ်၊ *(ဓမ္မရာဇာ)*

၃။ သမုဒ္ဒရာလေးစင်းအဆုံးရှိတဲ့ လေးကျွန်းလုံးကို အစိုးရတယ်၊ *(စာတုရန္တော)*

၄။ လောဘ, ဒေါသ စတဲ့ အတွင်းရန်သူနဲ့ဆန့်ကျင်ဘက် ဘုရင်ဆိုတဲ့ အပြင်ရန်သူတွေကို တုတ်, ဓား, လက်နက်မဆောင် အောင်နိုင်တယ်၊ *(ဝိဇိတာဝီ)*

၅။ သူခိုး, ဓားပြ, သူပုန်စတဲ့ ဘေးရန်ကင်းရှင်းတဲ့အတွက် လှုပ်လှုပ်ရှားရှား ပြေးလွှားပုန်းအောင်းရခြင်းမရှိဘဲ အဲဒီ စကြဝတေးမင်းလက်ထက်မှာ တိုင်းပြည်အေးချမ်းသာယာခိုင်မြဲနေတယ်၊ *(ဇန ပဒတ္ထာဝရိယပ္ပတ္တော)*

http://www.dhammadownload.com



၆။ စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိဖုရားရတနာ, သူကြွယ်ရတနာ, သားကြီးရတနာ ဆိုတဲ့ ရတနာ ခုနစ်ပါးနဲ့ပြည့်စုံတယ်၊ (သတ္တရတနသမန္နာဂတ) ဆိုတဲ့ ဂုဏ်ပုဒ် တွေ ဖြစ်တယ်နော် (မှန်လှပါဘုရား)။ *(အံ၊ ၄၊ ၁၊ ၇၈)*

အဲဒီ စကြဝတေးမင်းအဖြစ်က ဘယ်လောက်တဲ့လဲ

(အကြိမ်များစွာပါဘုရား)

မင်းဖြစ်ရင် စကြဝတေးမင်းဖြစ်ရရင် ကောင်းမယ်နော်

(မှန်လှပါဘုရား)။

ကဲ - လင်္ကာလေးလိုက်ဆို -

◆ မင်းမြတ်စကြာ၊ ဖြစ်ရတာ၊ မေတ္တာပွားရကျိုး။

ကောပနဝါဒေါ ပဒေသရဇ္ဇဿ၊

ပဒေသရာဇ်မင်းအဖြစ်ကတော့ အကြိမ်များစွာ ဖြစ်တာများလွန်းလို့ ပြောစရာတောင်မလိုတော့ဘူးနော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးလိုက်ဆို -

◆ ပဒေသရာဇာ၊ မရေသာ၊ မေတ္တာပွားရကျိုး။

## တန်ခိုးကြီးဟန်+အဘယ်ကာ

တဿ မယှံ ဘိက္ခဝေ ဧတ ဒဟောသိ "ကိဿနုခေါ မေ ဣဒံ ကမ္မဿ ဖလံ, ကိဿ ကမ္မဿ ဝိပါကော၊ ယေနာဟံ ဧတရဟိ ဧဝံမဟိဒ္ဓိကော ဧဝံ မဟာနုဘာဝေါ" တိ။

ဘိက္ခဝေ-ရဟန်းတို့။ တဿမယှံ-ထိုငါဘုရား၏။ ယေန-အကြင်ကာ အကြောင်းကြောင့်။ အဟံ-ငါဘုရားသည်။ ဧတရဟိ-ယခုအခါ၌။ ဧဝံမဟိဒ္ဓိကော-ဤမျှအထိ၊ ကြီးကျယ်သောတန်ခိုးရှိ၏။ ဧဝံ မဟာနုဘာဝေါ-ဤမျှ အထိ၊ ကြီးကျယ်သောအစွမ်းအာနုဘော်ရှိ၏။ မေ-ငါ၏။ ဣဒံ-ဤအကျိုး သည်။ ကိဿကမ္မဿ-အဘယ်ကာ၏။ ဖလံနုခေါ-အကျိုးပါလိမ့်နည်း။

http://www.dhammadownload.com



**ကိဿကမ္ဗသ-အဘယ်ကံ၏။ ဝိပါကောနုခေါ-အကျိုးဆက်ပါလိမ့်နည်း။ ဣတိ တေ-ဤအကြံသည်။ အဟောသိ-ဖြစ်ပြီ။**

ရဟန်းတို့ ငါဘုရားမှာ ယခုအခါ ဒီလောက်ကြီးကျယ်တဲ့တန်ခိုးရှိတာ၊ ဒီလောက်ကြီးကျယ်တဲ့ အစွမ်းအာနုဘော်ရှိနေတာတွေဟာ ဘယ်ကံရဲ့အကျိုးလဲ၊ ဘယ်ကံရဲ့အကျိုးဆက်လဲလို့ ဒီအကြံဖြစ်ပေါ်နေတယ်။

## တန်ခိုးကြီးတာ+ကံသုံးဖြာ

**တဿမယှံ ဘိက္ခဝေ တေဒဟောသိ "တိဏ္ဏံ ခေါ မေက္ကဒံ ကမ္မာနံ ဖလံ, တိဏ္ဏံ ကမ္မာနံ ဝိပါကော၊ ယေနာဟံ တေရဟိ ဧဝံမဟိဒ္ဓိကော, ဧဝံ မဟာနုဘာဝေါတိ၊**

ရဟန်းတို့ ငါဘုရားမှာ ယခုအခါ ဒီလောက်ကြီးကျယ်တဲ့ တန်ခိုးရှိတာ၊ ဒီလောက်ကြီးကျယ်တဲ့ အစွမ်းအာနုဘော်ရှိနေတာတွေဟာ ဒီကံသုံးမျိုးရဲ့အကျိုး ဖြစ်တယ်၊ ဒီကံသုံးမျိုးရဲ့အကျိုးဆက်ဖြစ်တယ်လို့ ဒီအကြံဖြစ်ပေါ်လာတယ်။

**သေယျထိဒံ - ဒါနဿ၊ ဒမဿ၊ သံယမဿာတိ။**

အဲဒီ ကံသုံးပါးက ဘာတွေလဲဆိုတော့ -

၁။ ဒါန - လှူဝတ္ထုတွေကို လှူဒါန်းပေးကမ်း စွန့်ကြဲတဲ့ကံ၊

၂။ ဒမ - မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ ဣန္ဒြေတွေကို ရာဂ၊ ဒေါသ စတဲ့ ကိလေသာတွေမဖြစ်အောင် ကောင်းစွာထားပြီးတော့ ဆုံးမတဲ့ကံ၊

၃။ သံယမ - ကိုယ်, နှုတ် နှစ်ပါးကို စောင့်စည်းခြင်းကံတို့ဖြစ်တယ်။

ဘုရား တန်ခိုးကြီးတာ၊ အစွမ်းအာနုဘော်ကြီးမားတာဟာ အဲဒီကံသုံးမျိုးကြောင့်နော် (မှန်လှပါဘုရား)

ဒကာ, ဒကာမတွေ တန်ခိုးမကြီးချင်ဘူးလား (ကြီးချင်ပါတယ်ဘုရား)

http://www.dhammadownload.com



အေး - ကြီးချင်ရင် ဒါန၊ ဒမ၊ သံယမ ကြီးဖို့ လိုတယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- တန်ခိုးကြီးချင်၊ အိုလူရှင်၊ အစဉ်ပေးလှူလေ။
- မျက်စိ, နား, နှာ, လျှာ, ကိုယ်ပါ၊ စိတ်ပါဆုံးမနေ။
- ကိုယ်နှုတ်နှစ်ဖြာ၊ စောင့်စည်းကာ၊ သေချာအမြဲနေ။
- တန်ခိုးကြီးတာ၊ အကြောင်းရှာ၊ သုံးဖြာတွေ့ရပေ။

## တရားသုံးထွေ တိုးပွားစေ

ကဲ - နောက်ဆုံး အကျဉ်းချုပ်ဂါထာနှစ်ပုဒ်ကို အနက်နဲ့တကွ နာကြားပြီးတော့ တရားသိမ်းကြရအောင် -

**ပုညမေဝ သော သိက္ခေယျ၊**
**အာယတဂ္ဂံ သုခုဒြယံ။**
**ဒါနဉ္စ သမစရိယဉ္စ၊**
**မေတ္တစိတ္တဉ္စ ဘာဝယေ။**

ယော-အကြင်အမျိုးကောင်းသားသည်။ အတ္ထကာမော-အကျိုးစီးပွားအစားစားကို၊ မမှားမသွေ၊ လိုလားပေ၏။ သော-မိမိကောင်းကျိုး၊ အမျိုးမျိုးကို၊ တကယ်လိုလား၊ ထိုအမျိုးကောင်းသားသည်။ ပုညမေဝ-မြတ်နိုးထိုက်ပေ၊ ကျိုးဖြစ်စေတတ်၊ စိတ်ဓာတ်ကြည်လင်၊ ဖြူစင်စေလှ၊ ပုညခေါ်ရိုး၊ ကုသိုလ်သုံးမျိုးကို။ သိက္ခေယျ-နှေ့ညခါခါ၊ ပြုကျင့်ဆည်းပူးရာ၏။ အာယတဂ္ဂံ-ပြန့်ပြောများဘိ၊ မြင့်မြတ်သောအကျိုးရှိသော။ သုခုဒြယံ-သုခချမ်းသာ၊ အဖြာဖြာကို၊ မကြာမပြတ်၊ တိုးပွားစေတတ်သော။ ဒါနဉ္စ-ပေးကမ်းလှူမှု၊ ဒါနကုသိုလ်ကိုလည်းကောင်း။ သမစရိယဉ္စ-မသမာမှု၊ ရှောင်ကြဉ်ပြုပြီး၊ သမာမှုတည်းဟူသော သုစရိုက်အကျင့်ကိုလည်းကောင်း။ မေတ္တစိတ္တဉ္စ-

http://www.dhammadownload.com



ပြဟ္မစိုလ်လေးပါး၊ တစ်ပါးဝင်ပါ၊ မေတ္တာယှဉ်ကပ်၊ စိတ်ထားမြတ်ကိုလည်း ကောင်း။ ဘာဝယေ-မိမိသန္တာန်၊ အဖန်ဖန်အခါခါ၊ ဖြစ်ပွားတိုးပွားစေရာ၏။

ဒါန၊ သမစရိယ၊ မေတ္တာဆိုတဲ့ ဒီသုံးပါး မိမိသန္တာန်မှာ ဖြစ်ပွားအောင် ကြိုးစားရမယ်နော် (မှန်လှပါဘုရား)

**ဧတေ ဓမ္မေ ဘာဝယိတွာ၊**

**တယော သုခသမုဒ္ဒယေ။**

**အဗျာပဇ္ဇံ သုခံ လောကံ၊**

**ပဏ္ဍိတော ဥပပဇ္ဇတိ။**

ပဏ္ဍိတော-အမှန်မြင်သိ၊ ပညာရှိသည်။ သုခသမုဒ္ဒယေ-ချမ်းသာခြင်းတွင်၊ အကျိုးအာနိသင်ရှိကုန်သော။ တယော-သုံးမျိုးကုန်သော။ ဧတေဓမ္မေ-ဒါနစသား၊ ထိုသုစရိုက်တရားတို့ကို။ ဘာဝယိတွာ-နှေ့ညမကင်း၊ ပွားစေခြင်းကြောင့်။ အဗျာပဇ္ဇံ-ဗျာပါဒကင်း၊ ဆင်းရဲခြင်းမရှိသော။ သုခံ-ဈာန်သမာပတ်၊ အစွမ်းဓာတ်ဖြင့်၊ မပြတ်များစွာ၊ ချမ်းသာလှသော။ လောကံ-ပြဟ္မာလောက၊ ဘုံဘဝသို့။ ဥပပဇ္ဇတိ-ကောင်းစွာမသွေ၊ ကပ်ရောက်ရပါပေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

*ကုသိုလ်မကြောက်+ချမ်းသာရောက် တရားတော် ပြီးပြီ။*

http://www.dhammadownload.com



# ခုဒ္ဒကနိကာယ်+ဇာတကပါဠိတော် တေရသတနိပါတ်+အကိတ္တိဇာတ်တော်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "မျက်စိကိုမှိတ်+နားကိုပိတ်" တရားတော်

ဒီနေ့ ဒကာ, ဒကာမတွေကို ဟောကြားမည့်ဇာတ်တော်က အကိတ္တိဇာတ်တော်တဲ့၊ ဘာဇာတ်တော်တဲ့လဲ၊ (အကိတ္တိဇာတ်တော်ပါဘုရား)

အဲဒါကို ဒကာ, ဒကာမတွေ မှတ်သားလို့လွယ်ကူအောင် တရားနာမည်ပေးထားတာက "မျက်စိကိုမှိတ်+နားကိုပိတ်" တရားတော်တဲ့၊ ဘာတရားတော်တဲ့လဲ၊ (မျက်စိကိုမှိတ်+နားကိုပိတ် တရားတော်ပါဘုရား)

အေး - အဲဒီ မျက်စိကိုမှိတ်+နားကိုပိတ် ဆိုတဲ့ တရားတော်ကို စပြီးတော့ ဟောကြာ နာကြရအောင် -

## အလှူဒါယကာ အကြောင်းပြုဟော

အကိတ္တိံ ဒိသွာ သမ္မန္တံ့ ကြံ့ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဧကံ သာဝတ္ထိဝါသိံ ဥပါသကံ အာရဗ္ဘ ကထေသိ။ *(ဇာ၊ ၅၊ ၄၊ ၂၇၇)*

အကိတ္တိံ ဒိသွာ သမ္မန္တံ အစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ အကိတ္တိဇာတ်တော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်၌နေတဲ့ အလှူရှင်ဒါယကာတစ်ယောက်ကို အကြောင်းပြုပြီးတော့ ဟောတော်မူခဲ့ပါတယ်။

## ပရိက္ခရာ စုံလင်စွာ

သော ကိရ သတ္ထာရံ နိမန္တေတွာ သတ္တာဟံ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ မဟာဒါနံ ဒတွာ ပရိယောသာနဒိဝသေ အရိယသံဃဿ သဗ္ဗပရိက္ခာရေ အဒါသိ။

http://www.dhammadownload.com



အဲဒီစကားကို ချဲ့ပြဦးမယ်၊ အဲဒီဒါယကာဟာ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီးတော့ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်အား အလှူကြီးပေးတယ်၊

အဆုံးနေ့မှာတော့ အရိယာသံဃာအား အလုံးစုံသော ပရိက္ခရာတွေ လှူတယ်။

## ရှေးပညာရှိ + အနွယ်သိ

အထဿ သတ္ထာ ပရိသမဇ္ဈေယေ၀ အနုမောဒနံ ကရောန္တော "ဥပါသက မဟာ တေ ပရိစ္စာဂေါ၊ အဟော ဒုက္ကရံ တယာကတံ၊ အယဥ္စ ဒါနဝံသောနာမ ပေါရာဏက ပဏ္ဍိတာနံ ဝံသော၊

အဲဒီလို ပရိက္ခရာစုံစုံလင်လင်လှူတဲ့အခါမှာ အဲဒီဒါယကာအား မြတ်စွာဘုရားက ပရိသတ်အလယ်မှာပဲ အဖန်ဖန် ဝမ်းမြောက်စရာကောင်းတဲ့ အနုမောဒနာပြုတော်မူလိုတဲ့အတွက် "ဒါယကာ သင့်ရဲ့ စွန့်ကြဲလှူဒါန်းခြင်းဟာ များတယ်၊ သင်ဟာ ပြုနိုင်ခဲ့တဲ့အမှုကိုပြုတယ်၊ အဲဒီစကား မှန်တယ်၊ ဒီလို အလှူအနွယ်ဆိုတာ ရှေးပညာရှိတွေရဲ့အနွယ်ဖြစ်တယ်။

## လူ, ရဟန်းလည်း လှူအမြဲ

ဒါနံ နာမ ဂိဟိနာပိ ပဗ္ဗဇိတေနာပိ ဒါတဗ္ဗမေ၀။

အလှူဆိုတာ လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် လှူအပ်တယ်၊ လှူရမယ်တဲ့။

## ရှုပက္ခန္ဒာ+ပြောကြရှာ

တစ်ချို့ကပြောကြတယ်၊ ဘုန်းကြီးတွေက ဒကာ, ဒကာမတွေလှူတာ ချည်း ယူနေတဲ့ ရှုပက္ခန္ဒာချည်းပဲတဲ့။ ဒီတော့ ဘုန်းကြီးတို့က ပြောရတယ်၊ ဒကာ, ဒကာမတွေ ကုသိုလ်ရအောင် ယူရတာပါလို့ ပြောရတယ်။

http://www.dhammadownload.com



## ဝေဒနာကမ္မဋ္ဌာ ထည့်ပြောပါ

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေကို အသိဉာဏ်များအောင်၊ အသိဉာဏ် ပွားအောင် ခုလို တရားဟောပေးနေတာ၊ တရားပွဲပြီးတော့ ကောက်နှုတ်ချက် အကျဉ်းချုပ်၊ တရားအမည်နဲ့တကွ တရားစာရွက်လေးတွေ ဝေပေးနေတာ၊ တရားဝေနေတာဟာ ဘာခန္ဓာပါလိမ့်။ (ဝေဒနာကမ္မဋ္ဌာပါဘုရား)

အေ - ဟုတ်ပြီ၊ ရူပကမ္မဋ္ဌာချည်းပဲ မပြောနဲ့နော်၊ ဘုန်းကြီးတို့က တရားစာအုပ်လေးတွေ၊ တရားစာရွက်လေးတွေ အမြဲပေးဝေပါတယ်၊ အဲဒီ ဝေဒနာကမ္မဋ္ဌာလေးလည်း ထည့်ပြောကြပါဦး။

## အတိတ်အကြောင်း ပြန်ပြောင်းဟောပြ

ကဲ - ထားတော့၊ ရှေ့ဆက်ကြပါစို့ -

**ပေါရာဏကပဏ္ဍိတာ ပန ပဗ္ဗဇိတွာ အရညေ ဝသန္တာပိ အလောဏကံ "ဝိဓူပနံ ဥဒကမတ္တသိတ္တံ ကာရပဏ္ဏံ ခါဒမာနာပိ သမ္ပတ္တယာစကာနံ ယာဝဒတ္ထံ ဒတွာ သယံ ပီတိသုခေန ယာပယိံသူ" တိ ဝတွာ "ဘန္တေ ဣဒံ တဝ သဗ္ဗပရိက္ခာရဒါနံ မဟာဇနဿ ပါကဋံ၊ တုမှေဟိ ဝုတ္တံ အပါကဋံ၊ တံ နော ကထေထာ"တိ တေန ယာစိတော အတီတံ အာဟရိ။**

ရှေးပညာရှိတွေဟာ ရဟန်းပြုပြီး တောမှာနေရပေမယ့်၊ ဆားမရှိတဲ့၊ ပေါ့တဲ့အရသာရှိတဲ့၊ ရေနဲ့ပြုတ်ကာမျှဖြစ်တဲ့၊ ကံပြင်းရွက်ကို စားရပေမယ့် ရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်တို့အား အလိုရှိသလောက် လှူတယ်၊ မိမိကိုယ် တိုင်ကတော့ ပီတိချမ်းသာနဲ့ မျှတဘူးတယ်လို့ မိန့်တော်မူတဲ့အခါမှာ "အရှင် ဘုရား၊ အလုံးစုံသော ပရိက္ခရာအလှူဟာ လူတွေမှာ ထင်ရှားသိသာပါတယ်၊ အရှင်ဘုရား မိန့်တော်မူတဲ့စကားတော်ကတော့ လူတွေမှာ မသိသာမထင်ရှား သေးပါ၊ တပည့်တော်တို့အား ထင်ရှားသိသာအောင် ဟောတော်မူပါကုန်လို့ ဒါယကာက တောင်းပန်တဲ့အတွက် အတိတ်အကြောင်းကို ပြန်ပြောင်းကာ ဟောတော်မူပါတယ်။

http://www.dhammadownload.com



## ပုဏ္ဏားမျိုးမှာ+ဖြစ်ရှာ

**အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော အသီတိ ကောဋိဝိဘဝေ ဗြာဟ္မဏမဟာသာလေ ကုလေနိဗ္ဗတ္တိ၊**

ဒါယကာ၊ ရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြု တယ်၊ မင်းလုပ်တယ်၊ ဘုရားလောင်းကတော့ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝတဲ့ ဗြာဟ္မဏမဟာသာလပုဏ္ဏားမျိုးမှာ ဖြစ်တယ်၊

## သူ့အမည်သိ+အကိတ္တိ

**"အကိတ္တိ" တိဿ နာမံ ကရိံသု၊**

ဘုရားလောင်းရဲ့အမည်ကို "အကိတ္တိ"လို့ အမည်မှည့်ခေါ်တယ်။

## သူ့နှမသည် ယသဝတီ

**တဿ ပဒသာ ဂမနကာလေ ဘဂိနီပိဇာယိ၊ "ယသဝတီ" တိဿာ နာမံ ကရိံသု၊**

ဘုရားလောင်း ခြေနဲ့သွားနိုင်လောက်တဲ့အခါမှာ နှမလေးကို ဖွားမြင် တယ်၊ ယသဝတီလို့ အမည်မှည့်တယ်။

## တက္ကသိလာ+ပညာရှာ

**မဟာသတ္တော သောဠသဝဿကာလေ တက္ကသိလံ ဂန္တွာ သဗ္ဗသိပ္ပာနိ ဥဂ္ဂဏှိတွာ ပစ္စာဂမိ၊**

ဘုရားလောင်းဟာ (၁၆)နှစ်အရွယ်မှာ တက္ကသိုလ်ပြည်သွားပြီးတော့ အတတ်အားလုံးသင်ပြီး ပြန်လာခဲ့တယ်။

## မိဘနှစ်ပါး သေဆုံးသွား

**အထဿ မာတာပိတရော ကာလမကံသု၊**

ဘုရားလောင်းမိဘတွေဟာ သေသွားကြတယ်။

http://www.dhammadownload.com



## ဥစ္စာတွေသာ တွေ့ရရှာ

**သော ဇောသံ ပေတကိစ္စာနိ ကာရေတွာ ဓနဝိလောကနံ ကရေန္တော "အသုကော နာမ ထွေကံ ဓနံ သဏ္ဌပေတွာ အတီတော, အသုကော ထွေက" န္တိ ဝစနံ သုတွာ သံဝိဂ္ဂမာနသော ဟုတွာ "ဣဒံ ဓနမေဝ ပညာယတိ, န ဓနသ သံဟာရကာ၊**

ဘုရားလောင်းဟာ မိဘတွေရဲ့ သူသေကိစ္စတွေပြုပြီးတော့ ဥစ္စာတွေကို ကြည့်တဲ့အခါမှာ "ဤမည်တဲ့သူဟာ ဤမျှလောက်ဥစ္စာတွေကို ရှာဖွေစု ဆောင်းထားခဲ့ပြီးတော့ သေသွားပြီ" ဆိုတဲ့စကားကိုကြားရတော့ နားဝမှာ တရားရလာကာ ထိတ်လန့်တဲ့စိတ် ဖြစ်လာတယ်၊ ဥစ္စာတွေပဲထင်တယ်၊ ဥစ္စာ တွေပဲ တွေ့မြင်ရတယ်၊ ဥစ္စာတွေကို ရှာဖွေစုဆောင်းတဲ့သူတွေတော့ မထင်ဘူး၊ ဥစ္စာတွေကို ရှာဖွေစုဆောင်းသူတွေတော့ မတွေ့မမြင်ရတော့ဘူး။

## ရှာထားကာသွား တရားရဖွယ်

**သဗ္ဗေ ဣမံ ဓနံ ပဟာယေဝ ဂတာ၊**

ဥစ္စာတွေကို ရှာဖွေစုဆောင်းသူတွေဟာ ဩော် - ဒီများပြားလှတဲ့ဥစ္စာ တွေကို စွန့်သွားကြရပြီ။

ဩော် - လောကကြီးမှာ တကယ်စဉ်းစားကြည့်တော့ တရားရစရာ၊ တရားကျစရာပါလား၊ ကိုယ်ရှာထားတာ သက်ရှိသက်မဲ့အားလုံး နောက်ဆုံး တော့ ထားခဲ့ရမှာချည်း၊ ရှာ,ထားဆိုတဲ့ စကားနှစ်လုံး၊ ရှာတာတွေ ဘာတဲ့လဲ၊ (ထားခဲ့ရမှာပါဘုရား)

ဒီတော့ ဥစ္စာတွေကို ကိုယ်က မသေခင်ကတည်းက အရင်စွန့်ဖို့ မလို ဘူးလား၊ (လိုပါတယ်ဘုရား)

သေမှစွန့်တာနဲ့ မသေခင်စွန့်တာ ဘယ်ဟာကောင်းလဲ (မသေခင်စွန့် တာ ကောင်းပါတယ်ဘုရား)

http://www.dhammadownload.com



ကဲ - လင်္ကာလေးတွေလိုက်ဆိုကြ -

- ကိုယ်ရှာထားတာ၊ အရာရာ၊ စွန့်ခွာသွားရမည်။
- ကိုယ်ရှာထားတာ၊ အားလုံးဟာ၊ ထားကာသွားရမည်။
- ရှာထားဥစ္စာ၊ ချစ်သူပါ၊ ထားကာသွားရမည်။
- ရှားထားသမျှ၊ အဝဝ၊ ထားရ၊ သွားရမည်။

## မထားဘူးကွယ်+ယူသွားမယ်

**အဟံ ပန တံ အာဒါယ ဂမိဿာမီ" တိ ဘာဂိနိ ပဏ္ဍောသာ ပေတွာ "တွံ ဣမံ ဓနံ ပဋိပဇ္ဇာဟီ" တိ အာဟ။**

ငါကတော့ အဲဒီဥစ္စာတွေကို ယူသွားမယ်၊ ယူသွားမယ်ဆိုတာ အကုန်လုံး လှူသွားမယ်၊ ရှေးက မိဘဘိုးဘွားတွေလို မထားခဲ့ဘူးတဲ့၊ ဒီလိုကြံတယ်နော်။ (မှန်လှပါဘုရား)

## လှူတာဟာ ယူတာ

တကယ်တော့ လှူသွားတယ်ဆိုတာ ကိုယ့်အတွက် ယူသွားတာပဲနော် (မှန်လှပါဘုရား)၊ ဒီတော့ လှူတာဟာဘာပါလိမ့် (ယူတာပါဘုရား) ဒါကို ရည်ရွယ်ပြီး ယူသွားမယ်ပြောတာ။

အဲဒီလိုကြံပြီးတော့ နှမလေးကိုခေါ်ကာ "နှမ၊ သင် ဒီဥစ္စာတွေကို ကြိုက်သလိုစီရင်ပါ၊ စီမံပါ"လို့ ပြောလိုက်တယ်၊ နှမလေးကို စွန့်လိုက်တယ်။ နှမလေးကို လွှဲလိုက်တယ်နော် (မှန်လှပါဘုရား) အဲဒီလို စွန့်နိုင်တဲ့ ပုဂ္ဂိုလ်ကို သူတော်တယ်၊ သူကောင်းတယ်၊ သူတော်ကောင်းလို့ခေါ်တယ်၊ ဒီတော့ စွန့်နိုင် သူတော်ကောင်း၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)၊

ဘုရားလောင်း သူတော်ကောင်းတွေဟာ ဘုရားဖြစ်မှ ကြည်ညိုစရာကောင်းတာမဟုတ်ဘူး၊ ဘုရားအလောင်းဘဝတွေကတည်းက ကြည်ညိုစရာကောင်းတာနော် (မှန်လှပါဘုရား)

http://www.dhammadownload.com



## မောင်ကြီးအလိုက ဘယ်လိုလဲ

**တုမှာကံ ပန ကော အဇ္ဈာသယောတိ။**

မောင်ကြီးတို့ရဲ့အလိုက ဘယ်လိုလဲလို့ မေးလိုက်တယ်။

## ရဟန်းပြုမယ် နှမငယ်

**ပဗ္ဗဇိတုကာမော မှိတိ။**

ငါကတော့ ရဟန်းပြုတော့မယ်လို့ ပြောလိုက်တယ်။

## အမြင်တော် အမြင်ကောင်း

**ဘာတိက အဟံ တုမှေဟိ ဆဍ္ဍိတံ ခေဠံ န သိရသာ သမ္ပဋိစ္ဆာမိ။**

မောင်ကြီး ညီမလေးဟာ မောင်ကြီးတို့စွန့်ပစ်ထားခဲ့တဲ့တံတွေးပေါက်ကို ဦးခေါင်းနဲ့ မခံယူလိုပါဘူးတဲ့၊

တော်တော်ကောင်းတဲ့စကားလေးပါ၊ စီးပွားဉစ္စာတွေကို စွန့်ပစ်တဲ့ တံတွေးပေါက်လို သဘောထားတယ်နော် (မှန်လှပါဘုရား)

သူတော်ကောင်းတွေဟာ အဲဒီလိုတော်တဲ့၊ ကောင်းတဲ့ အမြင်တော်၊ အမြင်ကောင်းတွေ ရှိတယ်နော် (မှန်လှပါဘုရား)

## အလိုမရှိတာ ပြေပြရှာ

**န မေ ဣမိနာ အတ္ထော၊**

ညီမလေးလည်း အဲဒီဉစ္စာတွေကို အလိုမရှိပါ။

## ရဟန်းပြုမယ် မောင်ကြီးရယ်

**အဟမ္ပိ ပဗ္ဗဇိဿာမီတိ။**

ညီမလေးလည်း ရဟန်းပြုမယ်လို့ ပြန်ပြောလိုက်ပါတယ်။

http://www.dhammadownload.com



## လိုချင်သူတွေ+လာပါစေ

သော ရာဇာနံ့ အာပုစ္ဆိတွာ ဘေရိံစရာပေသိ "ဓနေန အတ္ထိကာ အကိတ္တိပဏ္ဍိတဿ ဂေဟံ အာဂစ္ဆန္တု" တိ။

ဘုရားလောင်းဟာ မင်းကိုပန်ကြားပြီးတော့ စည်လည်စေတယ်၊ "ဥစ္စာကိုအလိုရှိတဲ့သူတွေအားလုံး အကိတ္တိပညာရှိရဲ့အိမ်ကို လာစေကုန်သတည်း"လို့ စည်လည်စေတယ်။

## နှမခေါ်ကာ+သူထွက်ခွာ

သော သတ္တာဟံ မဟာဒါနံ ပဝတ္တေတွာ ဓနေ အခီယမာနေ စိန္တေသိ "ကိံ့မေသခ်ီရာ ခီယန္တိ၊ ကိံ မေ ဓနကီဠာယ၊ အတ္ထိကာ တံ ဂဏှိဿန္တိ" တိ နိဝေသနဒွါရံ ဝိဝရိတွာ "ဒိန္နညေဝ ဟရန္တု" တိ သဟိရည သုဝဏ္ဏံ ဂေဟံ ပဟာယ ဉာတိမဏ္ဍလဿ ပရိဒေဝန္တဿ ဘဂိနိံ ဂဟေတွာ ဗာရာဏသိတော နိက္ခမိ။

ဘုရားလောင်းဟာ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးတယ်၊ ဥစ္စာတွေက ပေးလို့မကုန်ပဲ ဖြစ်နေတယ်၊ ဒီတော့ ဘုရားလောင်းကကြံတယ်၊ သခ်ီရတရားတွေဟာ ကုန်တတ်တယ်၊ ငါဟာ ဥစ္စာတွေပေးပြီး ပျော်မွေ့မြူးတူးနေလို့ အကျိုးမရှိဘူး၊ အလိုရှိသူတွေဟာ အဲဒီဥစ္စာတွေကို ကြိုက်သလိုယူကြပေတော့လို့ကြံပြီးတော့ တံခါးကိုဖွင့်ပေးလိုက်တယ်၊ ငါပေးလှူတယ်၊ ငါ့ရဲ့ဥစ္စာတွေကို ယူကြပါလို့ ရွှေတိုက် ငွေတိုက်နဲ့ အိမ်ကိုစွန့်ပြီး ဆွေမျိုးအပေါင်းငိုကြွေးနေစဉ် နှမငယ်ကိုခေါ်ကာ ဗာရာဏသီပြည်မှ ထွက်ခွာခဲ့တယ်။

## အကိတ္တိတံခါး

ယေန ဒွါရေန နိက္ခမိ၊ တံ အကိတ္တိဒွါရံ နာမ ဇာတံ၊

အကြင်တံခါးကနေ ဘုရားလောင်းထွက်တယ်၊ အဲဒီတံခါးဟာ အကိတ္တိတံခါးလို့ အမည်တွင်တယ်။

http://www.dhammadownload.com



## အကိတ္တိဆိပ်ကမ်း

ယေန တိတ္ထေန နဒိံ ဩတိဏ္ဏော၊ တမ္ပိ အကိတ္တိတိတ္ထံ နာမ ဇာတံ။

အကြောင်ဆိပ်ကမ်းကနေ ဘုရားလောင်းကူးတယ်၊ အဲဒီဆိပ်ကမ်းဟာ အကိတ္တိဆိပ်ကမ်းလို့ အမည်တွင်တယ်။

## ရဟန်းပြုကာ ပျော်မွေ့ရာ

သော ဒွေတိဏိ ယောဇနာနိဂန္တွာ ရမဏိယေ ဌာနေ ပဏ္ဏသာလံ ကတွာ ဘဂိနိယာ သဒ္ဓိံ ပဗ္ဗဇိ။

ဘုရားလောင်း အကိတ္တိပုဏ္ဏားဟာ နှစ်ယူဇနာ၊ သုံးယူဇနာသွားပြီးတော့ မွေ့လျော်ဖွယ်ရှိတဲ့အရပ်မှာ ကျောင်းဆောက်ကာ နှမငယ်နဲ့တကွ ရဟန်းပြုတယ်။

## ရဟန်းပြုလာ+လူများစွာ

တဿ ပဗ္ဗဇိတကာလတော ပဋ္ဌာယ ဗဟုဂါမ နိဂမရာဇဓာနိဝါသိနော ပဗ္ဗဇိံသု။

ဘုရားလောင်း ရဟန်းပြုတဲ့အခါမှစပြီးတော့ များစွာကုန်သောရွာ, နိဂုံး, မင်းနေပြည်မှာနေသူတွေလည်း ရဟန်းပြုလာကြတယ်။

## အခြံအရံ များလာပြန်

မဟာပရိဝါရော အဟောသိ၊

အခြံအရံများလာတယ်။

## လာဘ, သက္ကာ+များပြားလာ

မဟာလာဘသက္ကာရော နိဗ္ဗတ္တိ၊

လာဘ်, ပူဇော်သက္ကာရတွေ များလာတယ်။

http://www.dhammadownload.com



## ဘုရားပွင့်ရာ ချိန်အခါလို

ဗုဒ္ဓုပ္ပာဒကာလောဝိယ ပဝတ္တိ။
ဘုရားပွင့်တော်မူတဲ့အခါမှာလိုပဲ ဖြစ်လာတယ်။

## တစ်ပါးတည်းသာ+ထွက်သွားရှာ

အထ မဟာသတ္တော "အယံ လာဘသက္ကာရော မဟာ၊ ပရိဝါရောပိ မဟန္တော၊ မယာ ကေကေနေဝ ဝိဟရိတုံ ဝဋ္ဋတီ" တိ စိန္တေတွာ အဝေလာယ အန္တမသော ဘဂိနိမ္ပိ အဇာနာပေတွာ ဧကကောဝ နိက္ခမိတွာ အနုပုဗ္ဗေန ဒမိဠရဋ္ဌံ ပတွာ ကာဝိရပဋ္ဋနသမီပေ ဥယျာနေ ဝိဟရန္တော ဈာနာဘိညာယော နိဗ္ဗတ္တေသိ။

ထိုအခါ ဘုရားလောင်းဟာ လာဘ်ပူဇော်သက္ကာရတွေ များတယ်၊ အခြံအရံတွေများတယ်၊ ဒါတွေဟာ တကယ်တော့ စိတ်ညစ်စရာကောင်းတယ်၊ ငါဟာ တစ်ယောက်တည်း အေးအေးဆေးဆေးနေသင့်တယ်လို့ကြံပြီးတော့ အချိန်မဲ့မှာ နှမငယ်လေးကိုတောင်မသိစေဘဲ (အသိမပေးဘဲ) တစ်ယောက်တည်းထွက်သွားကာ အစဉ်သဖြင့် ဒမိဠတိုင်းရောက်လာ၊ ကာဝိရမည်တဲ့ သင်္ဘောဆိပ်ရဲ့အနီး ဥယျာဉ်မှာနေပြီး ဈာန်အဘိညာဉ်တွေ ရလာတယ်။

## မဟာလာဘ+သက္ကာရ

တတြာပိဿ မဟာလာဘသက္ကာရော ဥပ္ပဇ္ဇိ။
အဲဒီဥယျာဉ်မှာလည်း များတဲ့ပူဇော်သက္ကာရတွေ ဖြစ်လာတယ်။

## ကာရဒီပ+ကျွန်းအလှဝယ်

သော တံ ဇိဂုစ္ဆိတွာ ဆဍ္ဍေတွာ အာကာသေန ဂန္တွာ နာဂဒီပသမီပေ ကာရဒီပေ ဩတရိ။

ဘုရားလောင်းဟာ အဲဒီ လာဘ်ပူဇော်သက္ကာရတွေကို စက်ဆုပ်တဲ့အတွက် စွန့်ပြီးတော့ ကောင်းကင်ခရီးသွားကာ နာဂဒီပကျွန်းရဲ့အနီးဖြစ်တဲ့ ကာရဒီပကျွန်းမှာ သက်ဆင်းတယ်။

http://www.dhammadownload.com



## အမိဒီပ+ကျွန်းမည်ရ

တဒါကာရဒီပေါ် အဟိဒီပေါ်နာမ အဟောသိ။
အဲဒီတုန်းက ကာရဒီပကျွန်းဟာ အဟိဒီပကျွန်း မည်တယ်။

## မှီပြုအစဉ် ကံပြင်းပင်

သော တတ္ထ မဟန္တံ ကာရရုက္ခံ ဥပနိဿာယ ပဏ္ဏသာလံ မာပေတွာ ဝါသံ ကပ္ပေသိ။

ဘုရားလောင်းဟာ ကာရဒီပကျွန်းက ကံပြင်းပင်ကြီးကိုအမှီပြုကာ ကျောင်းဆောက်နေတယ်။

## ဘယ်သူဘယ်ဝါ+မသိပါ

တတ္ထ တဿ ဝသနဘာဝံ န ကောစိ ဇာနာတိ၊
အဲဒီအရပ်မှာ ဘုရားလောင်းနေတာကို တစ်ယောက်မှ မသိပါဘူး။

## မောင်နေတဲ့အရပ်မှာ သူနေရှာ

အထဿ ဘဂိနီ ဘာတရံ ဂဝေသမာနာ အနုပုဗ္ဗေန ဒမိဠရဋ္ဌံ ပတွာ တံ အဒိသွာ တေ်န ဝသိတဋ္ဌာနေယေဝ ဝသိ၊

ဘုရားလောင်းရဲ့နှမငယ်ဟာ မောင်ကိုလိုက်ရှာရင်း အစဉ်သဖြင့် ဒမိဠတိုင်းရောက်လာကာ မောင်ကိုမတွေ့ရတော့ မောင်နေတဲ့အရပ်မှာပဲ နေပါတယ်။

## ချာန်တော့မရ သူ့နှမ

ဈာနံ ပန နိဗ္ဗတ္တေတုံ နာသက္ခိ။
ဈာန်ရအောင်တော့ မလုပ်နိုင်ဘူးတဲ့။

## အလိုနည်းသည့် အကိတ္တိ

မဟာသတ္တော အပ္ပိစ္ဆတာယ ကတ္ထစိ အဂန္တွာ တဿရုက္ခဿ ဖလကာလေ ဖလာနိ ခါဒတိ၊ ပတ္တကာလေ ပတ္တာနိ ဥဒကသိတ္တာနံ ခါဒတိ။

http://www.dhammadownload.com



ဘုရားလောင်းဟာ အလိုနည်းတဲ့အတွက် တစ်ပါးသောအရပ်ကို မသွားဘဲ အဲဒီကံပြင်းပင်က အသီးသီးရင် အသီးကိုစားတယ်၊ အရွက်ရှိတဲ့ အခါမှာ အရွက်ကို ရေပြုတ်ပြီး စားတယ်။

ဘုရားလောင်းသူတော်ကောင်းကြီးဟာ အလိုနည်းတဲ့အတွက် အသီး၊ အရွက်နဲ့ တင်းတိမ်ရောင့်ရဲတော်မူတယ်နော် (မှန်လှပါဘုရား)

ဒကာ, ဒကာမတွေလည်း အစားအသောက်မှာ ဘုရားလောင်းရဲ့ အလိုနည်းခြင်းတရားလေး ရင်ထဲရောက်ပြီးတော့ အသီး၊ အရွက်နဲ့ တင်းတိမ် အားရ ရောင့်ရဲကျေနပ်ဖို့မလိုဘူးလား (လိုပါတယ်ဘုရား)

## ပဏ္ဏကုကမ္ဗလာ ပူပြင်းလာ

**တဿ သီလတေဇေန သက္ကဿ ပဏ္ဍုကမ္ဗလသိလာသနံ ဥဏှာကာရံ ဒဿေသိ။**

အဲဒီအခါမှာ ဘုရားလောင်းရဲ့သီလတန်ခိုးကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖြာနေရာ ပူပြင်းတဲ့အခြင်းအရာကိုပြတယ်။

## သိကြားရာဇာ+စုံစမ်းရှာ

**သက္ကော "ကောနုခေါ မံ ဌာနာ စာဝေတုကာမော" တိ အာဝဇ္ဇေန္တော အကိတ္တိ ပဏ္ဍိတံ ဒိသွာ "ကိမတ္ထံ ဧသ တာပသော၊ သီလာနိရက္ခတိ၊ သက္ကတ္တံ၊ နုခေါပတ္ထေတိ, ဥဒါဟုအည်း၊ ဝီမံသိဿာမိနံ။**

သိကြားမင်းဟာ ဘယ်သူ ငါ့နေရာရွေ့လျောစေလိုသလဲလို့ ဆင်ခြင် တဲ့အခါမှာ ဘုရားလောင်း အကိတ္တိပညာရှိကိုမြင်ပြီးတော့ အဘယ်အကျိုးငှာ ဒီရသေ့ သီလစောင့်တာလဲ၊ သိကြားမင်းဖြစ်ချင်လို့လား၊ ဒါမှမဟုတ် အခြား အရာဝတ္ထုတစ်ပါးပါးကို တောင့်တလိုလို့လား၊ ဒီရသေ့ကို စုံစမ်းမယ်လို့ ကြံစည်လိုက်တယ်။

## ကံပြင်းရွက်သာ စားနေရှာ

**အယဉ္စိ ဒုဂ္ဂေန ဇီဝိကံ ကပ္ပေသိ၊ ဥဒကသိတ္တာနိ ကာရပဏ္ဏာနိ ခါဒတိ၊**

ဒီရသေ့ဟာ ဆင်းရဲငြိုငြင်စွာ အသက်မွေးတယ်၊ ရေနဲ့ပြုတ်ထားတဲ့ ကံပြင်းရွက်တွေကို စားနေတယ်၊

http://www.dhammadownload.com



## ဘုရားလောင်းထံပါး+သိကြားသွား

သစေ သက္ကတ္တံ ပဋ္ဌေတိ၊

သိကြားမင်းအဖြစ်ကို အကယ်၍ တောင့်တအံ့၊

အတ္တနော သိက္ကပတ္တာနိ မယှံ ဒဿတိ၊ နော စေ၊ န ဒဿတိ" တိ ဗြာဟ္မဏဝ ဏ္ဏေန တဿ သန္တိကံ အဂမာသိ။

မိမိရဲ့ကံပြင်းရွက်ပြုတ်တို့ကို ငါ့အား လှူလိမ့်မယ်၊ သိကြားမင်းအဖြစ်ကို အကယ်၍ မတောင့်တအံ့၊ မလှူလတ္တံ့လို့ကြံကာ ပုဏ္ဏားအသွင်နဲ့ ဘုရားလောင်းအထံကို သွားတယ်။

## စားဖို့ပြင်ဆင် တံခါးတွင်

ဗောဓိသတ္တော ကာရပဏ္ဏာနိ သေဒေတွာ ဩတာရေတွာ "သီတလ ဘူတာနိ ခါဒိဿာမိ"တိ ပဏ္ဏသာလဒွါရေ နိသီဒိ။

ဘုရားလောင်းဟာ ကံပြင်းရွက်တွေကိုပြုတ်ပြီးတော့ ခုံလောက်မှချကာ "အေးတဲ့ကံပြင်းရွက်တွေကိုစားအံ့"လို့ ကျောင်းတံခါးမှာနေတယ်။

## သိကြားရာဇာ ရောက်လို့လာ

အထဿ ပုရတော သက္ကော ဘိက္ခာယ အဋ္ဌာသိ၊

အဲဒီလိုနေတဲ့အခါမှာ ဘုရားလောင်းရှေ့ကနေ သိကြားမင်းဟာ ဆွမ်းအလို့ငှာ ရပ်လာတယ်။

## သူ့အတွက်မချန် လောင်းလှူပြန်

မဟာသတ္တော တံ ဒိသွာ သောမနဿပ္ပတ္တော ဟုတွာ "လာဘာဝတမေ၊ ယောဟံ ယာစကံ ပဿာမိ၊ အဇ္ဇ မေ မနောရထံ မတ္ထကံ ပါပေတွာ ဒါနံ ဒဿာမိ" တိ ပက္ကဘာဇနေနေဝ အာဒါယ ဂန္တွာ "ဣဒံ မေ ဒါနံ သဗ္ဗညုတ ညာဏဿ ပစ္စယော ဟောတူ" တိ အတ္တနော အသေသေတွာဝ တဿ ဘာဇနေ ပက္ခိပိ။

ဘုရားလောင်းဟာ သိကြားမင်းကိုမြင်တဲ့အခါမှာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြီးတော့ "ငါဟာ အလှူခံတို့ကို မြင်ရတယ်၊ ငါ့မှာ အရခေါ်

http://www.dhammadownload.com



လိုက်တာ၊ ယနေ့ ငါ့ရဲ့အလိုကို အပြီးသို့ ရောက်စေ၍ အလှူကိုလှူမယ်” လို့ အိုးနဲ့ယူလာပြီးတော့ “ဒီငါ့ရဲ့အလှူဟာ သဗ္ဗညုတဉာဏ်တော်ရဲ့အကြောင်း ဖြစ်စေသတည်း”လို့ မိမိရဲ့အတွက်မချန်တော့ဘဲ ပုဏ္ဏားရဲ့ခွက်မှာ လောင်း ထည့်လိုက်ပါတယ်။

## ကွယ်ပျောက်၍သွား မြတ်ပုဏ္ဏား

**ဗြာဟ္မဏော တံ ဂဟေတွာ ထောကံ ဂန္တွာ အန္တရဓာယိ။**

ပုဏ္ဏားဟာ အဲဒီကံပြင်းရွက်ကိုယူပြီးတော့ အတန်ငယ်သွားကာ ကွယ်ပျောက်သွားတယ်။

## ပီတိနဲ့သာ နေထိုင်ရှာ

**မဟာသတ္တောပိ တဿ ဒတွာ ပုန အပစိတွာ ပီတိသုခေနေဝ ဝီတိနာ မေတွာ ပုနဒိဝသေ ပစိတွာ တတ္ထေဝ ပဏ္ဏသာလဒွါရေ နိသီဒိ။**

ဘုရားလောင်းဟာ ပုဏ္ဏားအားလှူပြီး တစ်ဖန်မပြုတ်တော့ဘဲ ပီတိ ချမ်းသာနဲ့နေကာ နောက်နေ့မှာ ကံပြင်းရွက်ကိုပြုတ်ပြီး အရင်နေ့လိုပဲ ကျောင်းတံခါးမှာနေတယ်။

## ပုဏ္ဏားအလှူခံ ထပ်လာပြန်

**သက္ကော ပုန ဗြာဟ္မဏဝေသေန အဂမာသိ။**

သိကြားမင်းဟာ တစ်ဖန် ပုဏ္ဏားအသွင်နဲ့ လာပြန်တယ်။

## အရင်နေ့လို ကာလကို

**ပုနပိဿ ဒတွာ မဟာသတ္တော တထေဝ ဝီတိနာမေသိ။**

တစ်ဖန်လည်း သိကြားမင်းအားလှူပြီး ဘုရားလောင်းဟာ အရင်နေ့ အတူပဲ ကာလကိုလွန်စေတယ်။

http://www.dhammadownload.com



## အလှူကိုပင် သူဆင်ခြင်

တတိယဒိဝသေပိ တထေဝ ဒတွာ "အဟောမေ လာဘာဝတ၊ ကာရပဏ္ဏာနိ နိဿာယ မဟန္တံ ပုညံ ပသုတ" န္တိ သောမနဿပ္ပတ္တော တယော ဒိဝသေ အနာဟာရတာယ ဒုဗ္ဗလောပိ သမာနော မဇ္ဈန္ဟိကသမယေ ပဏ္ဏသာလတော နိက္ခမိတွာ ဒါနံ အာဝဇ္ဇေန္တော ပဏ္ဏသာလဒွါရေ နိသီဒိ။

သုံးရက်မြောက်နေ့မှာလည်းပဲ ရှေ့ကရက်တွေလို လှူပြီးတော့ "ငါ့အား အရတော်ပေစွတကား၊ ကံပြင်းရွက်တွေကိုမှီပြီးတော့ ကောင်းမှုများစွာ တိုးပွားလာတယ်"လို့ နှစ်သက်ခြင်းသို့ရောက်ကာ သုံးရက်အစာမစားရတဲ့အတွက် အားနည်းပေမယ့်လည်း မွန်းတည့်အခါ ကျောင်းမှထွက်ပြီး အလှူကိုဆင်ခြင်လျက် ကျောင်းတံခါးမှာနေတယ်။

## သိကြားကြံစည် လာပြန်ပြီ

သက္ကောပိ စိန္တေသိ "အယံ ဗြာဟ္မဏော တယော ဒိဝသေ နိရာဟာရော ဟုတွာ ဧဝံ ဒုဗ္ဗလောပိ ဒါနံ ဒေန္တော တုဋ္ဌစိတ္တောဝ ဒေတိ၊ စိတ္တဿ အညထတ္တမ္ပိ နတ္ထိ၊ အဟံ ဣမံ 'ဣဒံ နာမ ပတ္ထေတွာ ဒေတိ' တိ နဇာနာမိ၊ ပုစ္ဆိတွာ အဇ္ဈာသယမဿ သုတွာ ဒါနကာရဏံ ဇာနိဿာမိ" တိ။

သိကြားမင်းလည်း အကြံဖြစ်လာတယ်၊ ဒီပုဏ္ဏားဟာ သုံးရက်ပတ်လုံး အစာမစားတဲ့အတွက် အားနည်းနေပေမယ့် အလှူကိုလှူမြဲလှူနေတယ်၊ လှူတဲ့အခါမှာလည်း နှစ်သက်တဲ့စိတ်နဲ့ပဲ လှူနေတယ်၊ စိတ်ဖောက်ပြန်ခြင်းလည်းမရှိဘူး၊ ဘာကိုတောင့်တပြီးလှူတယ်လို့လည်း ငါမသိရဘူး၊ မေးပြီးတော့ အဲဒီရသေ့ရဲ့အလိုကိုကြားကာ လှူတဲ့အကြောင်းကိုသိအောင်လုပ်မယ်လို့ ကြံတယ်။

http://www.dhammadownload.com



## ငြိုးငြင်နေတာ မေးမြန်းရာ

**သော မဇ္ဈန္တိကေ ဝီတိဝတ္တေ မဟာဇ္ဈနေ သီဟိုဠ်တရေဝေန ဂဂနတလေ တရုဏသူရိယောဝိယ ဇလမာနော အာဂန္တွာ မဟာသတ္တဿ ပုရတော ဝ ဌတွာ "အမ္ဘော တာပသ ဖဝံ ဥဏှေဝါတေ ပဟာရန္တေ ဝေဠုပေ လောဏဇလ ပရိက္ခိတ္တေ အရညေ ကိမတ္ထံ တပေါကမ္မံ ကရောသီ"တိ ပုစ္ဆိ။**

အဲဒီလိုကြံပြီးတော့ သိကြားမင်းဟာ မွန်းတည့်ချိန်လွန်တဲ့အခါ ကြီးစွာသော ကျက်သရေရဲ့တင့်တယ်ခြင်းနဲ့ ကောင်းကင်ပြင်မှာ နေလိုထွန်းလင်းတောက်ပပြီးလာကာ ဘုရားလောင်းရှေ့မှာရပ်ပြီးတော့ "အိုရသေ့ ဒီတောမှာ လေပူနေပူတွေခပ်အပ်တဲ့ အကာအရံမရှိတဲ့ ကံပြင်းပင်မှာ အဘယ်အကျိုးငှာ ငြိုးငြင်တဲ့အမှုကို ပြုနေပါသလဲ"လို့ မေးလိုက်တယ်။

**တမတ္ထံ ပကာသေန္တော သတ္ထာ ပဋ္ဌမံ ဂါထမာဟ။**

## ငြိမ်သက်နေတာ မေးမြန်းရာ

အဲဒီအကြောင်းကို ထင်ရှားစွာပြတော်မူလိုတဲ့ သဗ္ဗညုမြတ်စွာဘုရားဟာ - ၁။ **အကိတ္တိံ ဒိသွာ သမ္မန္တံ၊**
**သက္ကော ဘူတပတိ ဗြဝိ၊**
**ကိံ ပတ္ထယံ မဟာဗြဟ္မေ၊**
**ဧကော သမ္မသိ ဃမ္မနိ။**

ဆိုတဲ့ ဒီပဌမဂါထာကို ဟောတော်မူတယ်။

ဘိက္ခဝေ-ရဟန်းတို့၊ သမ္မန္တံ-ငြိမ်သက်စွာသော။ အကိတ္တိံ-အကိတ္တိရသေ့ကို၊ ဒိသွာ-မြင်၍။ ဘူတပတိ-သတ္တဝါတို့၏ အရှင်ဖြစ်သော။ သက္ကော-သိကြားမင်းသည်၊ ဣဒံ-ဤစကားကို။ အဗြဝိ-ဆို၏။ မဟာဗြဟ္မေ-ပုဏ္ဏားမြတ်။ ကိံ-အဘယ်ကို။ ပတ္ထယံ-အဖော်မမှီး၊ တစ်ယောက်တည်း။ ဃမ္မနိ-ပူပြင်းလှစွာ သောအရပ်၌။ သမ္မသိ-ငြိမ်သက်စွာ နေသနည်း။

http://www.dhammadownload.com



ရဟန်းတို့၊ ငြိမ်သက်စွာနေတဲ့ အကိတ္တိရသေ့ကိုမြင်၍ သတ္တဝါတွေရဲ့ အရှင်ဖြစ်တဲ့ သိကြားမင်းဟာ ဒီစကားကို ဆိုလိုက်တယ်၊ ပုဏ္ဏားမြတ်၊ လူစည်းစိမ်၊ သိကြားမင်းစည်းစိမ်တို့တွင် ဘယ်စည်းစိမ်ကို တောင့်တပြီးတော့ အဖော်မမှီး တစ်ယောက်တည်းသာ ပူပြင်းတဲ့အရပ်မှာ ငြိမ်သက်စွာနေရပါသလဲလို့ မေးလိုက်ပါတယ်။

ဘုရားလောင်းဟာ အဲဒီစကားကိုကြားပြီးတော့ သိကြားမင်းမှန်းသိကာ "ငါဟာ အဲဒီစည်းစိမ်တွေကို မတောင့်တဘူး၊ သဗ္ဗညုအဖြစ်ကို တောင့်တကာ ခြိုးခြံတဲ့အကျင့်ကို ကျင့်တယ်လို့ ပြလိုတဲ့အတွက် -

## ဆင်းရဲမြင်ကွင်း သူ့ရင်တွင်း

၂။ ဒုက္ခော ပုနဗ္ဘဝေါသက္က၊
သရီရဿစ ဘေဒနံ၊
သမ္မောဟမရဏံ ဒုက္ခံ၊
တသ္မာ သမ္မာမိ ဝါသဝ။

ဆိုတဲ့ ဒုတိယဂါထာကို ဆိုတယ်။

သက္က-သိကြားမင်း။ ပုနဗ္ဘဝေါ-တစ်ဖန်အသစ်၊ ဘဝ၌ ဖြစ်ရခြင်းသည်။ ဒုက္ခော-အဟုတ်ပြောက၊ ဆင်းရဲလှ၏။ သရီရဿ-ထိုထိုသူငါ၊ ကိုယ်ခန္ဓာ၏။ ဘေဒနံ-ပျက်ခြင်းသည်။ ဒုက္ခံ-အဟုတ်စကန်၊ ဆင်းရဲမှန်၏။ သမ္မောဟမရဏံ-တွေတွေဝေဝေ၊ သေရခြင်းသည်။ ဒုက္ခံ-အမှန်သေချာ၊ ဆင်းရဲပါ၏။ ဝါသဝ-သိကြားမင်း။ တသ္မာ-ထို့ကြောင့်။ သမ္မာမိ-အေးမြနိဗ္ဗာန်၊ တောင့်တသန်လျက်၊ ငြိမ်သက်လှစွာ၊ နေမိပါ၏။

သိကြားမင်း၊ ဘဝသစ်မှာဖြစ်ရခြင်းဟာ တကယ်ဆင်းရဲတယ်၊ ကိုယ်ခန္ဓာပျက်စီးရခြင်းဟာလည်း ဆင်းရဲတယ်၊ တွေတွေဝေဝေ သေရခြင်းဟာလည်း ဆင်းရဲတယ်၊ ဒါကြောင့် နိဗ္ဗာန်ကို တောင့်တပြီးတော့ ငြိမ်သက်စွာနေတယ်လို့ ပြောပြပါတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

http://www.dhammadownload.com



- ဘဝသစ်မှာ၊ ဖြစ်ရတာ၊ သူငါဆင်းရဲသည်။
- ဤကိုယ်ခန္ဓာ၊ ပျက်ရတာ၊ သူငါဆင်းရဲသည်။
- တွေဝေမေ့ကာ၊ သေရတာ၊ သူငါဆင်းရဲသည်။
- အေးမြနိဗ္ဗာန်၊ တောင့်တသန်၊ နေဟန်ငြိမ်သက်သည်။

## စကားကောင်းကြားရ တဒင်္ဂဝယ်

ဘုရားလောင်းရဲ့စကားကောင်းကိုကြားရတော့ သိကြားမင်းဟာ သဘောကျနှစ်သက်ပြီး ဒီရသေ့ဟာ ဘဝအားလုံးမှာ ငြိမ်ငြိမ်နေတယ်၊ ဒီရသေ့အား ဆုကို ငါပေးမယ်လို့ ဆုဖြင့်ဖိတ်လိုတဲ့အတွက် -

၃။ ဧတသ္မိံတေ သုလပိတေ၊
ပတိရူပေ သုဘာသိတေ။
ဝရံ ကဿပ တေ ဒမ္မိ၊
ယံကိဉ္စိ မနသိစ္ဆသိ။

ဆိုတဲ့ တတိယဂါထာကို ဆိုတယ်။

ကဿပ-ကဿပအနွယ်ဖြစ်သော ရှင်ရသေ့။ တေ-ရှင်ရသေ့သည်။ ဧတသ္မိံ-ထိုစကားကို။ သုလပိတေ-ကောင်းစွာဆိုသည်ရှိသော်။ ပတိရူပေ-သင့်တော်သောစကားကို။ သုဘာသိတေ-ကောင်းစွာဆိုသည်ရှိသော်။ တေ-ရှင်ရသေ့အား။ ဝရံ-ဆုကို။ ဒမ္မိ-ငါပေး၏။ ယံကိဉ္စိ-အကြင်အမှတ်မရှိသော ဆုကို။ မနသာ-စိတ်ဖြင့်။ ဣစ္ဆသိ-အလိုရှိ၏။ တံ-ထိုအလိုရှိသောဆုကို။ ဝဏှာဟိ-ယူလော့။

ရှင်ရသေ့၊ ရှင်ရသေ့ဟာ စကားကို ကောင်းစွာ, သင့်တော်စွာဆိုတဲ့ အတွက် ရှင်ရသေ့အား ငါ ဆုပေးမယ်၊ သင်ရသေ့စိတ်ထဲမှာ အလိုရှိတဲ့ဆု တောင်းယူပါလို့ သိကြားမင်းက ဖိတ်ကြားတယ်။

http://www.dhammadownload.com



## လောဘရှေ့ရင် ဝေးစေချင်

ဘုရားလောင်းဟာ သိကြားမင်းထံမှာ ဆုကို တောင်းယူလိုတဲ့အတွက်-

၄။ ဝရဉ္စေ မေ အဒေါ သက္က၊
သဗ္ဗဘူတာန မိဿရ။
ယေန ပုတ္တေစ ဒါရေစ၊
ဓနဓညံ ပိယာနိစ။
လဒ္ဓါ နာဉာနိ တပ္ပေန္တိ၊
သော လောဘော န မယိ ဝသေ။

ဆိုတဲ့ စတုတ္ထဂါထာကို ဆိုတယ်။

သဗ္ဗဘူတာနံ - ခပ်သိမ်းများစွာ၊ သတ္တဝါတို့ကို။ ဣဿရ - တန်ခိုးကြွကြွ၊ အစိုးရသော။ သက္က-သိကြားမင်း။ မေ-ငါ့အား။ စေ-အကယ်၍၊ ဝရံ-အမှန်လိုအပ်၊ ဆုကောင်းဆုမြတ်ကို။ အဒေါ-ပေးလိုအံ့။ ယေနလောဘေန-လိုလောနေကြ၊ အကြင်လောဘဖြင့်။ ပုတ္တေစ-သားသမီးတို့ကိုလည်းကောင်း၊ ဒါရေစ-မယားတို့ကိုလည်းကောင်း။ ဓနဓညံစ-ဥစ္စာစပါးကိုလည်းကောင်း။ အဉာနိ-တစ်ပါးကုန်သော။ ပိယာနိစ-ချစ်အပ်ဥစ္စာ၊ အဖြာဖြာတို့ကိုလည်းကောင်း။ လဒ္ဓါ-ရကုန်၍။ သတ္တာ-သတ္တဝါတို့သည်။ နတပ္ပေန္တိ-တော်ပြီတန်ပြီ၊ တော်တန်ပြီဟု၊ အတည်ပိုင်ပိုင်၊ မရောင့်ရဲနိုင်ကုန်။ သောလောဘော-ထိုလောဘသည်။ မယိ-ငါ၌။ နဝသေ-မဖြစ်ပါစေသတည်း။

သိကြားမင်း၊ ငါ့အား၊ အကယ်၍ ဆုပေးလိုပါက လိုလိုနေတဲ့လောဘ၊ လောလောနေတဲ့လောဘ၊ လောလို့ လိုလို့မဆုံးတဲ့လောဘဖြင့် သားသမီး၊ မယား၊ ဥစ္စာစပါး၊ အခြားများပြားတဲ့ ချစ်အပ်ဥစ္စာအဖြာဖြာတွေကို ရကြကာ သတ္တဝါတွေဟာ ရသမျှနဲ့ မရောင့်ရဲနိုင်ကြပါဘူး၊ လိုလို့ လောလို့မဆုံးတဲ့ အဲဒီလောဘတရားဆိုးကြီး ငါ့သန္တာန်မှာ မဖြစ်ပါရစေနဲ့လို့ ဆုတောင်းလိုက်ပါတယ်၊ ရှင်းရှင်းပြောရရင်တော့ လောဘကင်းရပါစေလို့ ဆုတောင်းလိုက်တာပါပဲ။

http://www.dhammadownload.com



ကဲ - လင်္ကာလေးတွေလိုက်ဆို -

- လောဘကင်းဝေး၊ ဆုတောင်းလေး၊ ငါ့ပေးတောင်းဆုဆို၊
- လိုလောနေကြ၊ ထိုလောဘ၊ ကင်းရဝေးရလို့။

## ဆုထပ်တောင်းရန် ဖိတ်ကြားသံ

၅။ တေသို့ တေ သုလပိတေ၊
ပတိရူပေ သုဘာသိတေ။
ဝရံ ကဿပ တေ ဒမ္မိ၊
ယံကိဉ္စိ မနသိစ္ဆသိ။

ရှင်ရသေ့၊ ရှင်ရသေ့ဟာ စကားကို ကောင်းစွာ, သင့်တော်စွာဆိုတဲ့ အတွက် ရှင်ရသေ့အား ငါဆုထပ်ပေးမယ်၊ သင်ရသေ့လိုတဲ့ဆု ထပ်တောင်းပါ လို့ ဖိတ်ကြားလိုက်တယ်။

## ဒေါသရွှေရင် ဝေးစေချင်

ဘုရားလောင်းကလည်း ဆုထပ်ပြီးတောင်းယူလိုတဲ့အတွက် -

၆။ ဝရဉ္စေ မေ အဒေါ သက္က၊
သဗ္ဗဘူတာန မိဿရ၊
ခေတ္တံ ဝတ္ထုံ ဟိရညဉ္စ၊
ဂဝဿံ ဒါသပေါရိသံ။
ယေန ဇာတေန ဇီယန္တိ၊
သော ဒေါသော န မယိဝသေ။

ဆိုတဲ့ ဂါထာကို ဆိုလိုက်တယ်။

သဗ္ဗဘူတာနံ-ခပ်သိမ်းများစွာ၊ သတ္တဝါတို့ကို (ပ) အဒေါ-ပေးလိုအံ့။ ဇာတေန-ဖြစ်ပေါ်လာသော၊ ယေနဒေါသေန-အကြင်ဒေါသကြောင့်။ ခေတ္တံစ -လယ်ကိုလည်းကောင်း။ ဝတ္ထုံစ-ယာကိုလည်းကောင်း။ ဟိရညဉ္စ-ရွှေကို လည်းကောင်း။ ဂဝဿံ-နွား၊ မြင်းကိုလည်းကောင်း။ ဒါသပေါရိသံ-ကျွန်

http://www.dhammadownload.com



အမှုလုပ်ကိုလည်းကောင်း။ ဇီယန္တိ-ဆုံးရှုံးပျက်စီးကြရကုန်၏။ သောဒေါသော-ထိုဒေါသသည်။ မယိ-ငါ၌။ နဝသေ-မဖြစ်ပါစေသတည်း။

သိကြားမင်း၊ ငါ့အား အကယ်၍ ဆုပေးလိုပါက ပြစ်မှားတတ်, တို တတ်တဲ့ ဒေါသဖြစ်ပေါ်လာရင် လယ်၊ ယာ၊ ရွှေ နွားမြင်း၊ ကျွန်အမှုလုပ်တွေ ဆုံးရှုံးစေတတ်တယ်၊ အဲဒီဒေါသ ငါ့သန္တာန်မှာ မဖြစ်ပါရစေနဲ့လို့ ဆုတောင်း လိုက်ပါတယ်၊ ရှင်းရှင်းပြောရရင်တော့ ဒေါသကင်းဝေးရပါစေလို့ ဆုတောင်း လိုက်တာပါပဲ။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ဒေါသဖြစ်လာ၊ အရာရာ၊ သူငါဆုံးရှုံးပို။
- ဒေါသကင်းဝေး၊ ဆုတောင်းလေး၊ ငါ့ပေးတောင်းဆုဆို။

## ဆုထပ်တောင်းပါ ဖိတ်ကြားလှာ

၇။ တေသို့ တေ - ပ - မနသိစ္ဆသိ။

သိကြားမင်းက ဆုထပ်တောင်းပါလို့ ဖိတ်ကြားလိုက်တယ်။

ဘုရားလောင်းကလည်း အောက်ပါဂါထာနဲ့ ဆုထပ်တောင်းလိုက်တယ်။

## မျက်စိကိုမှိတ်+နားကိုပိတ်

၈။ စရေဋ္ဌေ မေ အဒေါသက္ကာ၊
သဗ္ဗဘူတာန မိဿရ။
ဗာလံ နပဿေ နသုဏော။
နစ ဗာလေန သံဝသေ။
ဗာလေန' လ္လာပ သလ္လာပံ၊
နကရေ နစ ရောစယေ။

သဗ္ဗဘူတာနံ-ခပ်သိမ်း (ပ) အဒေါ-ပေးလိုအံ့။ ဗာလံ-လူမိုက်ကို၊ နပဿေ-မမြင်ရလို့။ ဗာလံ-လူမိုက်စကားကို။ နသုဏော-မကြားရလို။ ဗာလေန-လူမိုက်နှင့်။ နစသံဝသေ-မပေါင်းဖော်ရလို။ ဗာလေန-လူမိုက်နှင့်။

http://www.dhammadownload.com



**အာလာပသလ္လာပံ-စကားပြောဟောခြင်းကို။ နကရေ-မပြုရလို။ ဗာလံ-လူမိုက်ကို။ နစရောစယေ-မနှစ်သက်ရလို။**

သိကြားမင်း၊ ငါ့အား အကယ်၍ ဆုပေးလိုပါက လူမိုက်ကို မမြင်ပါရစေနဲ့တဲ့၊ လူမိုက်ကို မမြင်ရရေး ဆုကောင်းပေးပါလို့ ဆုတောင်းလိုက်ပါတယ်၊ လူမိုက်ဆိုရင် မတွေ့ချင်ဘူး၊ မမြင်ချင်ဘူး၊ တကယ်လို့ မဖြစ်မနေ တွေ့မြင်ရရင်လည်း မျက်စိကို မှိတ်ထားပါရစေ၊ ဒီလိုဆိုလိုတာနော် (မှန်လှပါဘုရား)

ဒီတော့ "မျက်စိကိုမှိတ်" ဆိုတာ ပေါ်ပြီမဟုတ်လား (ပေါ်ပါပြီဘုရား)

နောက်ပြီးတော့ လူမိုက်ရဲ့စကားသံကို၊ လူမိုက် ဘယ်နေရာမှာရှိတယ်ဆိုတဲ့ စကားသံလေးကိုပင် မကြားပါရစေနဲ့တဲ့၊ လူမိုက်ရဲ့စကားသံ မကြားရရေး ဆုကောင်းပေးပါလို့ ဆုတောင်းလိုက်ပါတယ်၊ လူမိုက်ရဲ့စကားသံ မကြားချင်ဘူး၊ လူမိုက်ရှိတဲ့နေရာ မသိချင်၊ မကြားချင်ဘူး၊ တကယ်လို့ မဖြစ်မနေ ကြားရရင်လည်း နားနှစ်ဖက်လုံးကို ပိတ်ထားပါရစေ၊ ဒီလို ဆိုလိုတာနော် (မှန်လှပါဘုရား)

ဒီတော့ "နားကိုပိတ်"ဆိုတာ ပေါ်ပြီမဟုတ်လား (ပေါ်ပါပြီဘုရား)

ဒီတော့ တရားနာပရိသတ်ရေ၊ လူမိုက်ကိုတွေ့ရရင် မျက်စိကို ဘယ်လိုလုပ်ထားရမလဲ (မှိတ်ထားရမှာပါဘုရား)

လူမိုက်ရဲ့စကားသံကိုကြားရရင် နားကို ဘယ်လိုလုပ်ထားရမလဲ (ပိတ်ထားရမှာပါဘုရား)

ဒီတော့ ဒီနေ့ နာမည်ပေးထားတဲ့ တရားတော်က ဘာတရားတဲ့လဲ။ (မျက်စိကိုမှိတ်+နားကိုပိတ် တရားတော်ပါဘုရား)

တရားပေါ်ပြီနော် (ပေါ်ပါပြီဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- လူမိုက်ဆိုလျှင်၊ မမြင်ချင်၊ အစဉ်တောင်းဆုဆို။
- မဖြစ်မနေ၊ မြင်ရချေ၊ မှိတ်လေ မျက်စိကို။

http://www.dhammadownload.com



- လူမိုက်ဆိုလျှင်၊ မကြားချင်၊ အစဉ်တောင်းဆုဆို။
- မဖြစ်မနေ၊ ကြားရချေ၊ ပိတ်လေနားတွေကို။
- မျက်စိကိုမှိတ်၊ နားကိုပိတ်၊ ဆိတ်ဆိတ်နေရလို။
- လူမိုက်ကိုမြင်၊ ကြားရလျှင်၊ အစဉ်အကုသိုလ်။
- မျက်စိကိုမှိတ်၊ နားကိုပိတ်၊ ရွှေစိတ်အေးမြပို။

ဘုရားလောင်းရဲ့ တအားကောင်းတဲ့ နောက်ဆုတောင်းတွေက :-

လူမိုက်ကို ဘယ်တော့မှမပေါင်းဖော်ပါရစေနဲ့၊ လူမိုက်နဲ့ ဘယ်တော့မှ စကားပြောဟောခြင်းမပြုပါရစေနဲ့၊ လူမိုက်ကို ဘယ်တော့မှ မနှစ်သက်ပါရစေ နဲ့လို့ ဆုတောင်းတယ်နော်၊ (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

လူမိုက်ဆိုလျှင်၊ မပေါင်းချင်၊ အစဉ်တောင်းဆုဆို။
လူမိုက်နှင့်ပင်၊ မပြောချင်၊ အစဉ်တောင်းဆုဆို။
လူမိုက်ဆိုလျှင်၊ နှစ်သက်အင်၊ အစဉ်ကင်းရလို။

## မတွေ့ချင်တာ ဟောပြပါ

သိကြားမင်းက ရှင်ရသေ့ဟာ ဘာ့ကြောင့် လူမိုက်ကိုမတွေ့ချင်၊ မမြင် ချင်ရတာလဲလို့ မေးလိုတဲ့အတွက် အောက်ပါဂါထာနဲ့ မေးလိုက်တယ်။

၉။ **ကိံနုတေ အကရံ ဗာလော၊**
**ဝဒ ကဿပ ကာရဏံ။**
**ကေန ကဿပ ဗာလဿ၊**
**ဒဿနံ နာဘိကင်္ခသိ။**

ကဿပ-ကဿပအနွယ်ဖြစ်သော ရှင်ရသေ့။ တေ-ရှင်ရသေ့အား။ ဗာလော-လူမိုက်သည်။ ကိံနုခေါ်-အသို့လျှင်။ အကရံ-ပြုသနည်း။ ကဿပ- ကဿပအနွယ်ဖြစ်သော ရှင်ရသေ့။ ကာရဏံ-အကြောင်းကို။ ဝဒ-ဆိုလော့။ ကေန-အဘယ်ကြောင့်။ ဗာလဿ-လူမိုက်အား။ ဒဿနံ-မြင်ခြင်းကို။ နာဘိကင်္ခသိ-အလိုမရှိသနည်း။

http://www.dhammadownload.com



ရှင်ရသေ့၊ ရှင်ရသေ့ကို လူမိုက်က ဘယ်လိုလုပ်လို့ ရှင်ရသေ့ဟာ လူမိုက်ကို မတွေ့ချင်ရတာလဲ၊ လူမိုက်ကိုမတွေ့ချင်တဲ့အကြောင်းကို ပြောပြ ဟောပြပါဦးလို့ တောင်းပန်တယ်။

## ဘုရားလောင်းက အကြောင်းဟောပြ

အဲဒီလို သိကြားမင်းက တောင်းပန်တဲ့အတွက် ဘုရာလောင်းက အောက်ပါဂါထာနဲ့ဆက်ဟော ပြတယ်။

၁၀။ **အနယံ နယတိ ဒုမ္မေဓော၊**
**အဓုရာယံ နိယုဉ္ဇတိ။**
**ဒုန္နယော သေယျသော ဟောတိ၊**
**သမ္မာဝုတ္တော ပကုပ္ပတိ။**
**ဝိနယံ သော နဇာနာတိ။**
**သာဓု တဿ အဒဿနံ။**

**သက္က**-သိကြားမင်း။ **ဒုမ္မေဓော**-ပညာမရှိသူသည်။ **အနယံ**-နည်းမှန်လမ်းမှန်၊ အကြောင်းမှန်မဟုတ်သည်ကို။ **နယတိ**-ဆောင်ယူတတ်၏။

**အဓုရာယံ**-မဆောင်ရွက်သင့် မပြုလုပ်သင့်သောဝန်၌။ **နိယုဉ္ဇတိ**-တိုက်တွန်းတတ်၏။

**ဒုန္နယော**-နည်းမှန်လမ်းမှန်၊ အကြောင်းမှန်မရှိသော အရာသည်သာ လျှင်။ (**တဿ**-ထိုလူမိုက်အား) **သေယျသော**-အမြတ်သည်။ **ဟောတိ**-ဖြစ်၏။ (တစ်နည်း) **သေယျသော**-စီးပွားကို ကျင့်ခြင်း၌။ **ဒုန္နယော**-မသိနိုင် သူသည်။ **ဟောတိ**-ဖြစ်၏။ **သမ္မာ**-နည်းမှန်လမ်းမှန်၊ အကြောင်းမှန်အားဖြင့်။ **ဝုတ္တော**-ပြောဆိုအပ်သည်။ (**သမာနော**-ဖြစ်လသော်။) **ပကုပ္ပတိ**-စိတ်ဆိုး တတ်၏။

**အာစာရဝိနယံ**-လိမ္မာယဉ်ကျေးအောင် ဆုံးမကြောင်း အကျင့်ကို။ **သော**-ထိုပညာမရှိသူသည်။ **နဇာနာတိ**-မသိနားမလည်။ (**ဧတေဟိကာရဏေဟိ**-ဤဆိုအပ်ပြီးသော အကြောင်းတို့ကြောင့်။ **တဿ**-ထိုကဲ့သို့သော ပညာမရှိသူကို။ **အဒဿနံ**-မမြင်ရခြင်းသည်သာ။ **သာဓု**-ဘေးအန္တရာယ်၊ အသွယ်သွယ် ကင်းရှင်းတတ်သဖြင့်၊ ကောင်းမြတ်လှပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



သိကြာမင်း၊ လူမိုက်ဆိုတာ အကြောင်းမဟုတ်တာကို အကြောင်းဟုတ်တာလို့ ယူဆတတ်တယ်၊ သူများအသက်သတ်ခြင်း စသည်ကို ပြုပြီးတော့ အသက်မွေးတတ်တယ်၊ မိမိသူတစ်ပါးနှစ်ဦးသားလုံးအတွက် အကျိုးမရှိတဲ့ အကျိုးမဲ့လုပ်ငန်းတွေကို ကြံစည်တတ်တယ်၊ ပြောတတ်တယ်၊ ပြုတတ်တယ်။ လွယ်လွယ်ပြောရရင် ကောင်းကျိုးတွေ ပျက်စီးအောင် ဆောင်ရွက်တတ်တယ်။

သဒ္ဓါသီလပညာရှိဖို့ မတိုက်တွန်းဘဲ၊ မဆောင်ရွက်မပြုလုပ်သင့်တဲ့ တာဝန်တွေကိုသာ ဆောင်ရွက်ဖို့ ပြုလုပ်ဖို့ တိုက်တွန်းတတ်တယ်။

နည်းလမ်းမှန်အကြောင်းမှန် မဟုတ်တာကိုသာ ပညာမရှိသူက အကောင်းထင်တတ်တယ်၊ လုပ်ရပ်မှားကိုသာ ကောင်းတယ်လို့ ထင်တတ်တယ်။

သူတော်ကောင်းတွေက အကြောင်းအကျိုးနဲ့ ကောင်းစွာပြောဆိုဆုံးမပေးမယ့်လို့လည်း သဘောမကျ၊ အမြဲတစေ အမျက်ထွက်နေတတ်တယ်။

ဒီအလုပ်ဟာ မလုပ်သင့်ဘူး၊ ဒီအပြောဟာ မပြောသင့်ဘူး အစရှိတဲ့ ယဉ်ကျေးအောင်ဆုံးမတာကိုလည်း မလိုက်နာဘူး။

အဲဒီလိုအကြောင်းအမျိုးမျိုးကြောင့် လူမိုက်ကို မမြင်ရတာဟာ ကောင်းတယ်။

လူမိုက်ရဲ့စကားကို မကြားရတာကောင်းတယ်၊
လူမိုက်နဲ့မပေါင်းရတာကောင်းတယ်၊
လူမိုက်နဲ့မပြောရတာကောင်းတယ်၊

လူမိုက်ကို မနှစ်သက်ရတာကောင်းတယ်လို့ လူမိုက်ကိုမတွေ့ချင် မမြင်ချင်တဲ့အကြောင်း ဘုရားလောင်းရသေ့က ဟောပြတော်မူတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- လူမိုက်ဆိုတာ၊ မဟုတ်တာ၊ ဟုတ်တာလုပ်တတ်သည်။
- လူမိုက်ဆိုတာ၊ မဟုတ်တာ၊ ဟုတ်တာပြောတတ်သည်။

http://www.dhammadownload.com



- လူမိုက်ဆိုတာ၊ မဟုတ်တာ၊ ဟုတ်တာကြံတတ်သည်။
- လူမိုက်ဆိုတာ၊ မကောင်းတာ၊ များစွာလုပ်တတ်သည်။
- လူမိုက်ဆိုတာ၊ မကောင်းတာ၊ များစွာပြောတတ်သည်။
- လူမိုက်ဆိုတာ၊ မကောင်းတာ၊ များစွာကြံတတ်သည်။
- လူမိုက်ဆိုတာ၊ ကျိုးမဲ့သာ၊ များစွာပြုတတ်သည်။
- လူမိုက်ဆိုတာ၊ ကျိုးမဲ့သာ၊ များစွာပြောတတ်သည်။
- လူမိုက်ဆိုတာ၊ ကျိုးမဲ့သာ၊ များစွာကြံတတ်သည်။
- လူမိုက်ဆိုတာ၊ မကောင်းတာ၊ များစွာအားထုတ်သည်။
- မြင့်သောမြတ်သော၊ မြင့်မြတ်သော၊ သဘောသိခဲသည်။
- ကြောင်းကျိုးကိုပြ၊ ဆိုဆုံးမ၊ မရမျက်ထွက်သည်။
- ကောင်းစွာဆုံးမ၊ ပြောဆိုက၊ မရမျက်ထွက်သည်။
- မလုပ်သင့်တာ၊ လုပ်သင့်တာ၊ ခွဲကာမသိပြီ။
- လူမိုက်ဆိုက၊ မမြင်ရ၊ နေ့ညကောင်းလှသည်။
- လူမိုက်ဆိုက၊ မကြားရ၊ နေ့ညကောင်းလှသည်။
- လူမိုက်ဆိုက၊ မပေါင်းရ၊ နေ့ညကောင်းလှသည်။
- လူမိုက်ဆိုက၊ မပြောရ၊ နေ့ညကောင်းလှသည်။
- လူမိုက်ဆိုလျှင်၊ နှစ်သက်အင်၊ ကင်းစင်ကောင်းလှသည်။

## နောက်ထပ်ဆုလေးတောင်းဖို့ရေး

၁၁။ ဓတသ္မိ တေ (ပ) မနသိစ္ဆသိ။

သိကြားမင်းက ဘုရားလောင်းရဲ့စကားကောင်းကြားရတော့ ဆုထပ်တောင်းပါလို့ ဖိတ်ကြားတယ်။

http://www.dhammadownload.com



## မျက်စိကိုဖွင့် နားကိုစွင့်

ဘုရားလောင်းက အောက်ပါဂါထာတော်နဲ့ ဆုထပ်တောင်းလိုက်တယ်၊

၁၂။ ဝရဉ္စေ မေ အဒေါ သက္က၊
သဗ္ဗဘူတာန မိဿရ။
ဓီရံ ပဿေ သုဏေ ဓီရံ၊
ဓီရေန သဟ သံဝသေ။
ဓီရေန'လ္လာ ပသလ္လာပံ၊
တံ ကရေ တံ စ ရောစယေ။

သဗ္ဗဘူတာန - ခပ်သိမ်း (ပ) အဒေါ - ပေးလိုအံ့။ ဓီရံ - ပညာရှိကို။ ပဿေ-မြင်ရလို၏။ ဓီရံ-ပညာရှိစကားကို။ သုဏေ-ကြားရလို၏။ ဓီရေန-ပညာရှိနှင့်။ သဟ-တကွ။ သံဝသေ-ပေါင်းဖော်ရလို၏။ ဓီရေန-ပညာရှိနှင့်။ တံအာလာပသလ္လာပံ-ထိုစကားပြောဟောခြင်းကို။ ကရေ-ပြုရလို၏။ တဉ္စ-ထိုပညာရှိကိုလည်း။ ရောစယေ-နှစ်သက်ရလို၏။

သိကြားမင်း၊ ငါ့အား အကယ်၍ ဆုပေးလိုပါက ပညာရှိကို တွေ့မြင်ပါရစေ၊ ပညာရှိကို တွေ့မြင်ရရေး ဆုကောင်းပေးပါလို့ ဆုတောင်းလိုက်ပါတယ်၊ ပညာရှိကို တွေ့ချင်တယ်၊ မြင်ချင်တယ်၊ ပညာရှိကို တွေ့မြင်ရမယ်ဆိုရင် ငါ့ရဲ့မျက်စိတွေကို ဖွင့်ထားလိုတယ်၊ ဒီလိုဆိုလိုတာနော် (မှန်လှပါဘုရား)

ပညာရှိရဲ့စကားသံကို၊ ပညာရှိ ဘယ်နေရာမှာရှိတယ်ဆိုတဲ့စကားသံကို ကြားလိုတယ်၊ ပညာရှိရဲ့စကားသံကို ကြားနာရမယ်ဆိုရင် ငါ့ရဲ့နားကို နားစွင့်ထားလိုတယ်လို့ ဆိုလိုတာနော် (မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်ရေ ပညာရှိကိုတွေ့ရမယ်ဆိုရင် ကိုယ့်ရဲ့ မျက်စိတွေကို ဘယ်လိုလုပ်ထားရမလဲ။ (ဖွင့်ထားရမှာပါဘုရား)

ပညာရှိရဲ့စကားသံကို ကြားရမယ်ဆိုရင် ကိုယ့်ရဲ့နားကို ဘယ်လိုလုပ်ထားရမလဲ။ (နားစွင့်ထားရမှာပါဘုရား)

ဒီလိုဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို "မျက်စိကိုဖွင့်+နားကိုစွင့်" တရားတော်လို့ အမည်ပေးမယ်ဆိုရင်လည်း ရတယ်နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ပညာရှိပင်၊ တွေ့မြင်ချင်၊ အစဉ်တောင်းဆုဆို။
- မျက်စိကိုလည်း၊ အမှန်ပဲ၊ အမြဲဖွင့်ထားလို့။
- ပညာရှိပင်၊ သံကြားချင်၊ အစဉ်တောင်းဆုဆို။
- နားတွေကိုလည်း၊ အမှန်ပဲ၊ အမြဲစွင့်ထားလို့။
- မျက်စိကိုဖွင့်၊ နားကိုစွင့်၊ အဆင့်မြင့်ရလို့။

နောက်ထပ် ဘုရားလောင်းရဲ့ဆုတောင်းတွေက -

ပညာရှိနဲ့ အတူတကွ ပေါင်းဖော်ပါရစေ၊ ပညာရှိနဲ့ စကားပြောဟော ပါရစေ၊ ပညာရှိကို နှစ်သက်မြတ်နိုးပါရစေ၊ ဒီလို မဟုတ်လား (မှန်လှပါ ဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ပညာရှိပင်၊ ပေါင်းဖော်ချင်၊ အစဉ်တောင်းဆုဆို။
- ပညာရှိပင်၊ ပြောဆိုချင်၊ အစဉ်တောင်းဆုဆို။
- ပညာရှိပင်၊ နှစ်သက်ချင်၊ အစဉ်တောင်းဆုဆို။

## တွေ့မြင်ချင်တာ ဟောပြပါ

ဘုရားလောင်းရဲ့ အဲဒီဆုတောင်းတွေကို သိကြားမင်းကြားရတော့ အကြောင်းကိုသိလိုတဲ့အတွက် အောက်ပါဂါထာနဲ့ ဆက်မေးလိုက်တယ်။

၁၃။ ကိံနု တေ အကရံ ဓီရော၊
ဝဒ ကဿပ ကာရဏံ၊
ကေန ကဿပ ဓီရဿ၊
ဒဿနံ အဘိကင်္ခသိ။

ကဿပ-ကဿပအနွယ်ဖြစ်သော ရှင်ရသေ့။ ဓီရော-ပညာရှိသည်။ တေ-ရှင်ရသေ့အား။ ကိံနုခေါ-အသို့လျှင်။ အကရံ-ပြုသနည်း။ ကာရဏံ-အကြောင်းကို။ ဝဒ-ဆိုလော့။ ကဿပ-ကဿပအနွယ်ဖြစ်သောရှင်ရသေ့။ ကေန-အဘယ့်ကြောင့်။ ဓီရဿ-ပညာရှိကို။ ဒဿနံ-မြင်ခြင်းကို။ အဘိကင်္ခသိ-အလိုရှိသနည်း။

http://www.dhammadownload.com



ရှင်ရသေ့၊ ရှင်ရသေ့ကို ပညာရှိက ဘယ်လိုလုပ်ပေးနိုင်လို့ ရှင်ရသေ့ဟာ ပညာရှိကို တွေ့မြင်ချင်ရတာလဲ၊ ပညာရှိကို တွေ့မြင်ချင်တဲ့အကြောင်းကို ဟောပြပါဦးလို့ တောင်းပန်တယ်။

အဲဒီလို တောင်းပန်တဲ့အတွက် ဘုရားလောင်းက အောက်ပါဂါထာနဲ့ အကြောင်းကို ဟောပြတယ်။

## တွေ့မြင်လိုလှ+အကြောင်းပြ

၁၄။ နယံ နယတိ မေဓာဝီ၊
အဓုရာယံ န ယုဉ္ဇတိ။
သုနယော သေယျသော ဟောတိ၊
သမ္မာ ဝုတ္တော န ကုပ္ပတိ။
ဝိနယံ သော ပဇာနာတိ၊
သာဓု တေန သမာဂမော။

သတ္တ-သိကြားမင်း။ မေဓာဝီ-ပညာရှိသည်။ နယံ-နည်းမှန်လမ်းမှန်၊ အကြောင်းမှန်ကို။ နယတိ-ဆောင်ယူကျင့်သုံးတတ်၏။ အဓုရာယံ-မဆောင်ရွက်သင့်၊ မပြုလုပ်သင့်သောဝန်၌။ န ယုဉ္ဇတိ-မတိုက်တွန်းတတ်။ သုနယော-နည်းမှန်လမ်းမှန်၊ အကြောင်းမှန်ရှိသောအရာသည်သာလျှင်။ (တသဿ-တို့ပညာရှိအား) သေယျသော-အမြတ်သည်။ ဟောတိ-ဖြစ်၏။ တစ်နည်း-သေယျသော-စီးပွားကိုကျင့်ခြင်း၌။ သုနယော-အလွယ်တကူ၊ သိမြင်နိုင်သူသည်။ ဟောတိ-ဖြစ်၏။ သမ္မာ-နည်းမှန်လမ်းမှန်၊ အကြောင်းမှန်အားဖြင့်။ ဝုတ္တော-ပြောဆိုအပ်သည်။ (သမနော-ဖြစ်လသော်) န ကုပ္ပတိ-စိတ်မဆိုးတတ်။ သော-ထိုပညာရှိသည်။ ဝိနယံ-လိမ္မာယဉ်ကျေးအောင် ပြောဆိုဆုံးမကြောင်းအကျင့်ကို။ ပဇာနာတိ-ခွဲခွဲခြားခြားနားလည်၏။ တေန-ဆိုအပ်ပြီးဂုဏ်၊ အလုံးစုံနှင့်၊ ကုံလုံပြည့်ဘိ၊ ထိုပညာရှိမျိုးနှင့်။ သမာဂမော-အတူတကွပေါင်းဖော်နေထိုင်ရခြင်းသည်။ သာဓု-စီးပွားချမ်းသာကို ပြီးစေတတ်သဖြင့် ကောင်းမြတ်လှပါပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com



သိကြားမင်း၊ ပညာရှိဟာ နည်းမှန်လမ်းမှန် အကြောင်းမှန်ကို ဆောင်ယူကျင့်သုံးတတ်တယ်၊ မဆောင်ရွက်သင့်၊ မပြုလုပ်သင့်တာတွေကို မတိုက်တွန်းဘူး၊ နည်းမှန်လမ်းမှန် အကြောင်းမှန်တွေကိုသာ အမြတ်လို့ သတ်မှတ်တယ်၊ စီးပွားကိုကျင့်ခြင်းမှာ အလွယ်တကူ သိမြင်တယ်။

ပညာရှိဆိုတာ အကြောင်းအကျိုးနဲ့ နည်းမှန်လမ်းမှန် ကောင်းစွာပြောဆိုဆုံးမလာရင် သဘောကျတယ်၊ လက်ခံတယ်၊ ဘယ်တော့မှ အမျက်မထွက်ဘူး၊ ပြောဆိုဆုံးမတဲ့သူကို ရွှေအိုးကြီးလာပေးသူလို မှတ်ထင်တယ်။

ပညာရှိဆိုတာ လူ့ကျင့်ဝတ်ဆိုတဲ့ ကျင့်သုံးလိုက်နာရမယ့်ကျင့်ဝတ်တွေကို သိတယ်၊ လိုက်နာတယ်၊ ကျင့်သုံးတယ်၊ အသိကို အကျင့်နဲ့တွဲထားတယ်၊ စာအုပ်ထဲကစာတွေကို ရင်အုပ်ထဲပြောင်းထည့်ကာ လိုက်နာကျင့်သုံးတယ်၊ စာအုပ်နဲ့ ရင်အုပ်ကို တွဲထားတယ်၊ အလိမ္မာစာတွေကို အလိမ္မာရင်ထဲရောက်အောင် ပို့ဆောင်တယ်။

အဲဒီလို ကောင်းမြတ်တဲ့အကြောင်းအမျိုးမျိုးကြောင့် ပညာရှိကို မြင်လိုတယ်၊ ကြားလိုတယ်၊ ပညာရှိနဲ့ ပေါင်းဖော်လိုတယ်၊ ပညာရှိနဲ့ စကားပြောဟောလိုတယ်၊ ပညာရှိကို နှစ်သက်လိုတယ်လို့ ဟောပြောပါတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ပညာရှိကား၊ ကောင်းကျိုးများ၊ စီးပွားဆောင်တတ်သည်။
- မလုပ်သင့်တာ၊ မလုပ်ပါ၊ သင့်တာလုပ်ဆောင်သည်။
- မြင့်သောမြတ်သော၊ မြင့်မြတ်သော၊ သဘောသိလွယ်သည်။
- ကောင်းစွာဆိုလည်း၊ လက်ခံမြဲ၊ မျက်လည်းမထွက်ပြီ။
- မလုပ်သင့်တာ၊ လုပ်သင့်တာ၊ ခွဲကာသိမြင်သည်။

- မြတ်ပညာရှင်၊ မြဲတွေ့မြင်၊ အစဉ်ကောင်းလှသည်။
- မြတ်ပညာရှင်၊ ကြားရလျှင်၊ အစဉ်ကောင်းလှသည်။
- မြတ်ပညာရှင်၊ ပေါင်းရလျှင်၊ အစဉ်ကောင်းလှသည်။
- မြတ်ပညာရှင်၊ ပြောရလျှင်၊ အစဉ်ကောင်းလှသည်။
- မြတ်ပညာရှင်၊ နှစ်သက်လျှင်၊ အစဉ်ကောင်းလှသည်။

http://www.dhammadownload.com



## ဆုထပ်ကာပင်+တောင်းစေချင်

၁၅။ ဧတသ္မိံ တေ (ပ) မနသိစ္ဆသိ၊

သိကြားမင်းက ဆုထပ်တောင်းပါလို့ ဖိတ်ကြားတယ်။

## နတ်အစာတွေ ပေါ်လာစေ

ဘုရားလောင်းက အောက်ပါဂါထာတော်နဲ့ ဆုထပ်တောင်းလိုက်တယ် -

၁၆။ ဝရဉ္စေမေ အဒေါ သက္က၊
သဗ္ဗဘူတာန မိဿရ၊
တတော ရတျာ ဝိဝသာနေ၊
သူရိယုဂ္ဂမနံ့ပတိ၊
ဒိဗ္ဗာ ဘက္ခာ ပါတုဘဝေယျုံ၊
သီလဝန္တော စ ယာစကာ။

သဗ္ဗဘူတာနံ-ခပ်သိမ်း (ပ) အဒေါ-ပေးလိုအံ့။ တတော-ထိုအခါမှ။ ရတျာဝိဝသာနေ-ညဉ့်၏အဆုံး၌။ သူရိယုဂ္ဂမနံ့ပတိ-နေထွက်သောအခါ၌။ ဒိဗ္ဗာဘက္ခာစ-နတ်၌ဖြစ်သောအစာတို့သည်လည်းကောင်း။ သီလဝန္တော-သီလရှိကုန်သော။ ယာစကာစ - အလှူခံတို့သည်လည်းကောင်း။ ပါတုဘဝေယျုံ-ထင်ရှားဖြစ်စေကုန်သတည်း။

သိကြားမင်း၊ ငါ့ကိုဆုပေးလိုပါက ညဉ့်အဆုံးမှာ နေထွက်လာရင် နတ်၌ဖြစ်တဲ့အစာတွေ ထင်ထင်ရှားရှားကြီးဖြစ်ပေါ်လာပါစေလို့ ဆုတောင်းတယ်နော် (မှန်လှပါဘုရား)

ဘာပြုလို့ အဲဒီဆုတောင်းရတာလဲဆိုတော့ အလှူခံပုဂ္ဂိုလ်တွေကို ကောင်းကောင်းလှူချင်လို့နော် (မှန်လှပါဘုရား)

http://www.dhammadownload.com



## ရွေးချယ်ပြီးလေ လှူရစေ

နောက်ပြီးတော့ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်ကောင်းတွေ ထင်ထင်ရှားရှားကြီး ပေါ်လာကြပါစေလို့ ဆုတောင်းတယ်၊ အဲဒီဆု ဘာကြောင့်တောင်းရတာလဲဆိုတော့ ကောင်းတဲ့ နတ်ဦးဖြစ်တဲ့အစားအစာတွေကို ကောင်းတဲ့အလှူခံပုဂ္ဂိုလ်တွေကို ရွေးလှူချင်လို့ပါပဲ။

ဒီတော့ လှူတဲ့အခါမှာ ကိုယ်လှူမယ့်အလှူကလည်း ကောင်းရမယ်၊ ကိုယ်လှူမယ့်အလှူခံပုဂ္ဂိုလ်ကလည်း သီလရှိကာ ကောင်းရမယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- နေထွက်သောခါ၊ နတ်အစာ၊ မှန်စွာဖြစ်စေလို့။
- သီလရှိပြန်၊ အလှူခံ၊ အမှန်လှူရလို့။
- လှူဖွယ်+လှူခံ၊ ထိုနှစ်တန်၊ အမှန်ကောင်းစေလို့။

## ပေးလှူလို့လေ+မကုန်စေ

နောက်ထပ် ဂါထာတစ်ပုဒ်နဲ့ ဆုတောင်းလိုက်ပုံက -

၁၇။ ဒဒတော မေ နခီယေထ၊
ဒတွာ နာနုတပေယျံ ဟံ။
ဒဒံ စိတ္တံ ပသာဒေယျံ၊
ဧတံ သက္က ဝရံ ဝရေ။

သက္က-သိကြားမင်း။ ဒဒတော-ပေးလှူသော။ မေ-ငါ့အား။ နခီယေထ-မကုန်နိုင်စေကုန်သတည်း။

ပေးလို့လှူလို့ မကုန်ပါစေနဲ့လို့ ဆုတောင်းလိုက်တယ်။

## ပေးလှူပြီးပြန် မပူပန်

အဟံ-ငါသည်။ တံ-ထိုအလှူကို။ ဒတွာ-လှူပြီး၍။ နာနုတပေယျံ-နောင်တတစ်ဖန်၊ မပူပန်ရလို့။

http://www.dhammadownload.com



လှူပြီးရင် နောင်တတစ်ဖန် မပူပန်ရပါလို၊ ဝမ်းမြောက်ဝမ်းသာ ရှိရပါလို့၊ ဒီလို ဆုတောင်းလိုက်တာနော် (မှန်လှပါဘုရား)

လှူပြီးရင် နောင်တတစ်ဖန် မပူပန်ဖို့၊ ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ အရေးကြီးတယ်နော် (မှန်လှပါဘုရား)

လှူပြီး ဝမ်းမြောက်ဝမ်းသာမဖြစ်တဲ့သူတွေ၊ နောင်တတစ်ဖန် ပူပန်တဲ့သူတွေဟာ ကောင်းတာတွေမစားချင်၊ မဝတ်ချင်၊ မသုံးချင်တဲ့စိတ်တွေ ဖြစ်တတ်တယ်တဲ့။

ဒီတော့ ကောင်းတာတွေ သစ်တာတွေ၊ လှတာတွေ ဝတ်ချင်၊ စားချင်၊ သုံးချင်တဲ့စိတ်တွေဖြစ်အောင် လှူပြီး ဝမ်းမြောက်ဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)

## ပေးစဉ်လှူစဉ် စိတ်ကြည်လင်

ဒဒံ-ဒဒန္တော-ပေးလှူဆဲဖြစ်သော ငါသည်။ စိတ္တံ-စိတ်ကို။ ပသာဒေယျံ-ကြည်ကြည်လင်လင်၊ ရွှင်ရွှင်ပျပျ၊ ထားနိုင်ရပါလို၏။ တံဝရံ-ထိုဆုကို။ ဝရေ-ငါအလိုရှိ၏။

လှူနေဆဲ၊ လှူနေချိန်လေးမှာလည်း စိတ်ထဲမှာ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျလေး ထားနိုင်ပါရစေလို့ ဆုတောင်းလိုက်တယ်နော် (မှန်လှပါဘုရား)

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- ပေးပြန်လှူပြန်၊ မကုန်ရန်၊ အမှန်တောင်းဆုဆို။
- ပေးလှူပြီးပြန်၊ မပူပန်၊ အမှန်တောင်းဆုဆို။
- ပေးလှူစဉ်လည်း၊ ငါ့စိတ်ထဲ၊ အမြဲကြည်လင်လို။
- ပေးစဉ်လှူစဉ်၊ စိတ်ထဲတွင်၊ ကြည်လင်ရပါလို။

## လိုသောဆုမြတ်+ထပ်တောင်းပါ

၁၈။ တေသွံ တေ (ပ) မနသိစ္ဆသိ။

သိကြားမင်းက ဆုထပ်တောင်းခိုင်းတယ်၊ ဘုရားလောင်းက အောက်ပါဂါထာနဲ့ ဆုထပ်တောင်းတယ်။

http://www.dhammadownload.com



## မလာနဲ့ကွယ် သိကြားရယ်

၁၉။　ဝရဉ္စ မေ အဒေါ်သက္က၊
သဗ္ဗဘူတာန မိဿရ။
န မံ ပုန ဥပေယျာသိ၊
ဧတံ သက္က ဝရံ့ဝရေ။

သဗ္ဗဘူတာနံ-ခပ်သိမ်း (ပ) အဒေါ-ပေးလိုအံ့။ မံ-ငါသို့။ ပုန-တဖန်။ နဥပေယျာသိ-သင်သိကြား မကပ်လာပါလင့်။ သက္က-သိကြားမင်း။ ဧတံဝရံ-ထိုဆုကို။ ဝရေ-ငါအလိုရှိ၏။

သိကြားမင်း၊ သင်သိကြားမင်းဆုပေးလိုပါက သင်သိကြားမင်း ငါ့ထံ နောက်ထပ်မလာပါနဲ့၊ ဒီလိုဆုတောင်းလိုက်တယ်နော် (မှန်လှပါဘုရား)

ကဲ - လက်ာလေးတွေလိုက်ဆို -

- သိကြားငါ့ထံ၊ မလာရန်၊ အမှန်တောင်းဆုဆို။

## မလာစေချင်တာ ပြောပြပါ

သိကြားမင်း၊ ငါ့ထံမကပ်လာပါနဲ့ဆိုတဲ့ ဆုတောင်းတော့ သိကြားမင်းက အောက်ပါဂါထာနဲ့ မေးလိုက်တယ် -

၂၀။　ဗဟူဟိ ဝတစရိယာဟိ၊
နရာစ အထနာရိယော။
ဒဿနံ အဘိကင်္ခန္တိ၊
ကိံ နု မေ ဒဿနေ ဘယံ။

တာပသ - ရှင်ရသေ့။ နရာစ - ယောကျ်ားတို့သည်လည်းကောင်း။ အထ-ထိုမှတပါး။ နာရိယောစ-မိန်းမတို့သည်လည်းကောင်း။ ဗဟူဟိ-များစွာကုန် သော။ ဝတစရိယာဟိ-ပေးလှူဒါန၊ ကျင့်သီလမှတ်၊ အကျင့်မြတ်တို့ဖြင့်။ ဒဿနံ-သိကြားမင်းကို ဖူးမြင်ခြင်းကို။ အဘိကင်္ခန္တိ-အလွန်တောင့်တကုန်၏။ မေ-ငါ့အား။ ဒဿနေ-မြင်ခြင်း၌။ ကိံဘယံ-အဘယ်ဘေးသည်။ ဟောတိနု -ဖြစ်သနည်း။

http://www.dhammadownload.com



ရှင်ရသေ့၊ ယောက်ျားတွေ၊ မိန်းမတွေဟာ ဒါနတွေပြု၊ ၅-ပါး၊ ၈-ပါး သီလတွေ ဆောက်တည်ပြီးတော့ ငါသိကြားမင်းကို ဖူးမြင်ရဖို့ လိုလားတောင့်တကြတယ်၊ သင်ကတော့ ငါ့ကို မလာစေချင်တာ ဘာ့ကြောင့်လဲ၊ ငါ့ကိုမြင်ရလို့ သင်ရသေ့မှာ ဘယ်လိုအပြစ်ဘေး ဖြစ်ပေါ်လာနိုင်ပါသလဲလို့ မေးလိုက်တယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- မိန်းမယောက်ျား၊ လူအများ၊ ငါ့အား တွေ့မြင်လို။
- သင်ရသေ့ကား၊ ဘာ့ကြောင့်များ၊ ငါ့အားမတွေ့လို။
- ငါ့ကိုတွေ့မြင်၊ ဘယ်ဘေးပင်၊ ဖြစ်အင်ပြောပြဆို။

## မေ့လျော့တာ+ဘေးဘယာ

အဲဒီလို မေးလိုက်တော့ ဘုရားလောင်းရသေ့က အောက်ပါဂါထာနဲ့ ဖြစ်ပေါ်လာနိုင်တဲ့ဘေးကို ဟောပြတော်မူတယ်။

၂၁။ **တံတာဒိသံ ဒေဝဝဏ္ဏံ၊**
**သဗ္ဗကာမ သမိဒ္ဓိနံ။**
**ဒိသွာ တပေ ပမဇ္ဇေယျံ၊**
**ဧတံ တေ ဒဿနေဘယံ။**

သက္က-သိကြားမင်း။ သဗ္ဗကာမသမိဒ္ဓိနံ-လုံးစုံကာမ၊ ပြည့်စုံလှသော။ တာဒိသံ-ထိုသို့သဘောရှိသော။ တံဒေဝဝဏ္ဏံ-ထိုနတ်အဆင်းကို။ ဒိသွာ-မြင်ရ၍။ တပေ-မြိုးခြံသောအကျင့်သည်။ ပမဇ္ဇေယျံ-မေ့လျော့ရာ၏။ ဧတံ-ဤသို့ မေ့လျော့ခြင်းသည်။ တေ-သင်သိကြားမင်းအား။ ဒဿနေ-မြင်ခြင်း၌။ ဘယံ-ဘေးတည်း။

သိကြားမင်း၊ အလိုရှိတာအလုံးစုံ အကုန်လုံးပြည့်ဝပြီး လှပတင့်တယ်တဲ့ သင်သိကြားနတ်မင်းရဲ့ နတ်အဆင်းကိုတွေ့မြင်ရရင် ငါလည်း သိကြားမင်း ဖြစ်ရရင် ကောင်းမှာပဲ၊ ဒီလိုဆုတောင်းမှုတွေ ဖြစ်လာနိုင်တယ်၊ အဲဒီလို ဆု

http://www.dhammadownload.com



တောင်းမှုတွေဖြစ်လာရင် နိဗ္ဗာန်အတွက် ခြိုးခြံကျင့်သုံးနေတဲ့ ငါ့ရဲ့အကျင့်တွေ ပျက်စီးခြင်းဘေး ဖြစ်လာနိုင်တယ်လို့ ပြောပြလိုက်ပါတယ်။

ကဲ - လင်္ကာလေးတွေလိုက်ဆို -

- သိကြားမင်းမြင်၊ သိကြားပင်၊ ဖြစ်ချင်စိတ်ပေါ်ကာ။
- နိဗ္ဗာန်ရည်လင့်၊ ခြိုးခြံကျင့်၊ ဆင့်ဆင့်ပျက်စီးမှာ။
- အကျင့်ပျက်မည့်၊ ဘေးတွေရှို့ သင်သိမလာရာ။

## သိကြားရာဇာ + ပြန်သွားရှာ

သက္ကော "သာဓု ဘန္တေ ဂ္ဂတော ပဋ္ဌာယ န တေ သန္တိကံ အာဂမိဿာမာ" တိ တံ ဝန္ဒိတွာ ခမာပေတွာ ပက္ကာမိ။

သိကြားမင်းက "အရှင်ဘုရား၊ ကောင်းပါပြီ၊ ဒီနေ့ကစပြီးတော့ အရှင်ဘုရားထံ မလာတော့ပါဘုရား"လို့ လျှောက်ထားပြီး ဘုရားလောင်းရသေ့ကို ရှိသေစွာကန်တော့ကာ ပြန်သွားပါတယ်။

## ဗြဟ္မာ့ပြည်ဆီ+ရောက်သွားပြီ

မဟာသတ္တော ယာဝဇီဝံ တတ္ထေဝ ဝသန္တော ဗြဟ္မဝိဟာရေ ဘာဝေတွာ ဗြဟ္မလောကေ နိဗ္ဗတ္တိ။

ဘုရားလောင်းဟာ အသက်ထက်ဆုံး အဲဒီအရပ်မှာနေပြီး ဗြဟ္မဝိဟာရ တရားတွေ ပွားများကာ သေဆုံးတဲ့အခါမှာ ဗြဟ္မာ့ပြည် ရောက်သွားပါတယ်။

သတ္ထာ ဣမံ ဓမ္မဒေသနံ အာဟရိတွာ ဇာတကံ သမောဓာနေသိ "တဒါ သက္ကော အနုရုဒ္ဓေါ အဟောသိ၊ အကိတ္တိပဏ္ဍိတော ပန အဟမေဝ အဟောသိ" န္တိ။

သဗ္ဗညုမြတ်စွာဘုရားက ဒီတရားတော်ကို ဆောင်တော်မူကာ "ဒါယကာ ယခုအခါ ရှင်အနုရုဒ္ဓါဟာ ဟိုတုန်းက သိကြားမင်းဖြစ်ဘူးတယ်၊ ယခုအခါ ငါဘုရားကတော့ ဟိုတုန်းက အကိတ္တိပညာရှိ ဖြစ်ဘူးတယ်"လို့ ဇာတ်တော်ပေါင်းပြတော်မူလိုက်ပါတယ်။

http://www.dhammadownload.com



ဇာတ်ပေါင်းပြကာ တရားပြီးသွားတော့ တရားအမည်လေး မှတ်မိ၊ မမှတ်မိ မေးကြည့်လိုက်ဦးမယ်။

ဒီနေ့ ဒကာ, ဒကာမတွေကို အဓိကအားဖြင့် အသိဉာဏ်ပေး ဟော ပြောလိုက်တဲ့ တရားတော်က ဘာတရားတော်တဲ့လဲ။ (မျက်စိကိုမှိတ်၊ နားကို ပိတ် တရားတော်ပါဘုရား)

အေး - ဟုတ်ပြီ၊ မေတ္တာပို့လေးနဲ့ အကိတ္တိရသေ့ဆုတောင်းလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်၊

ကဲ - ကဗျာလင်္ကာလေးတွေလိုက်ဆို -

- ဟောသူ၊ တရားလှူ၊ အပူဝေးပါစေ။
- တရားဟောသူ၊ တရားလှူ၊ အပူအေးပါစေ။
- ဟောသူ, လှူသူ၊ နာကြားသူ၊ အပူဝေးပါစေ။
- ဟောသူ, လှူသူ၊ နာကြားသူ၊ အပူအေးပါစေ။
- ကိုယ်စိတ်နှစ်ဖြာ၊ လိုက္ခဏ္ဍာ၊ ပြည့်ကာကျန်းမာစေ။
- ကိုယ်စိတ်နှစ်ဖြာ၊ လိုက္ခဏ္ဍာ၊ ပြည့်ကာချမ်းသာစေ။

၁။ လောဘဆိုးများ၊ နှလုံးသား၊ ဝေးသွားကြပါစေ။
၂။ ဒေါသဆိုးများ၊ နှလုံးသား၊ ဝေးသွားကြပါစေ။
၃။ လူမိုက်ဆိုလျှင်၊ မမြင်ချင်၊ အစဉ်တောင်းဆုချွေ။
၄။ လူမိုက်ဆိုလျှင်၊ မကြားချင်၊ အစဉ်တောင်းဆုချွေ။
၅။ လူမိုက်ဆိုလျှင်၊ မပေါင်းချင်၊ အစဉ်တောင်းဆုချွေ။
၆။ လူမိုက်နှင့်ယှဉ်၊ မပြောချင်၊ အစဉ်တောင်းဆုချွေ။
၇။ လူမိုက်ဆိုလျှင်၊ နှစ်သက်အင်၊ ကင်းချင်တောင်းဆုချွေ။
၈။ ပညာရှိပင်၊ တွေ့မြင်ချင်၊ အစဉ်တောင်းဆုချွေ။
၉။ ပညာရှိပင်၊ သံကြားချင်၊ အစဉ်တောင်းဆုချွေ။
၁၀။ ပညာရှိပင်၊ ပေါင်းဖော်ချင်၊ အစဉ်တောင်းဆုချွေ။
၁၁။ ပညာရှိပင်၊ ပြောဆိုချင်၊ အစဉ်တောင်းဆုချွေ။

http://www.dhammadownload.com



၁၂။ ပညာရှိပင်၊ နှစ်သက်ချင်၊ အစဉ်တောင်းဆုခွေ။

၁၃။ နေထွက်သောခါ၊ နတ်အစာ၊ မှန်စွာဖြစ်ပါစေ။

၁၄။ သီလရှိပြန်၊ အလှူခံ၊ အမှန်လှူရစေ။

၁၅။ ပေးပြန်လှူပြန်၊ မကုန်ရန်၊ အမှန်တောင်းဆုခွေ။

၁၆။ ပေးလှူပြီးပြန်၊ မပူပန်၊ အမှန်တောင်းဆုခွေ။

၁၇။ ပေးစဉ်လှူစဉ်၊ စိတ်ထဲတွင်၊ ကြည်လင်ရပါစေ။

၁၈။ သိကြားငါ့ထံ၊ မလာရန်၊ အမှန်တောင်းဆုခွေ။

◆ ဆု (၁၈)ပါး၊ ရသော့ကား၊ ထူးခြားတောင်းဆုခွေ။

သာဓု၊ သာဓု၊ သာဓု။

*မျက်စိကိုမှတ်+နားကိုပိတ်တရားတော် ပြီးပြီ။*

http://www.dhammadownload.com



## ဗိုလ်လုပ်ချင်က + ဗိုလ်ထုတ်ကြ

❖ အရာရာကို
သဒ္ဓါဗိုလ်နှင့်
မြတ်ဗိုလ်ဝီရိ
သတိ + သမာ
မြတ်ပညာဆို
ငါးဦးဗိုလ်ဖြင့်
ကြိုကြိုသာလုပ်
ပိုပိုလုပ်က
လောကုတ် + လောကီ
အလီလီကိစ္စ
ဟူသမျှတို့
မုချမလွဲ
အောင်စမြဲတည်း၊

❖ မလွဲအစဉ်
ဗိုလ်လုပ်ချင်က
ငါးအင်ဗိုလ်ထုတ်
အဖော်လုပ်ကာ
ကြိုးစားရာသည်
မျိုးသားဇာနည်ကျင့်လမ်းတည်း။

http://www.dhammadownload.com



## ဗိုလ်လုပ်ချင်က + ဗိုလ်ထုတ်ကြ

လောကီမှာပဲဖြစ်ဖြစ်

လောကုတ္တရာမှာပဲ ဖြစ်ဖြစ်

ဗိုလ်လုပ်ချင်ရင်

ဗိုလ်ထုတ်ရတယ်၊

အဲဒီဗိုလ်တွေကတော့

သဒ္ဓါ, ဝီရိယ, သတိ,

သမာဓိ, ပညာဆိုတဲ့

ဗိုလ်တွေပါပဲ၊

ဗိုလ်လုပ်ချင်က

ဗိုလ်ထုတ်ကြစမ်းပါ။

ပိုလုပ်ကြစမ်းပါ။

ကြိုလုပ်ကြစမ်းပါ။

http://www.dhammadownload.com



## မိမိကိုယ်ကို + ခိုင်းဖို့လို

❖ မိမိကိုယ်ကို
ခိုင်းဖို့လို၏

❖ ကိုယ့်ကိုယ်ခုခါ
မခိုင်းပါက
နောင်ခါသင့်အား
သူတစ်ပါးက
ခိုင်းနွားပမာ
ခိုင်းသွားမှာဟု
ခိုင်းစားမှာဟု
သတိပြုကာ
ယခုသာလျှင်
သင်စာသင်သား
လွန်ကြိုးစားလော့
နိုးကြားလော့။

http://www.dhammadownload.com



## အဟုတ်အောင်ပွဲ + ရမလွဲ

❖ ကိုယ်လိုချင်တာ၊ ဘယ်အရာလဲ
ကိုယ်သာရွေးထုတ်၊ ကိုယ်တိုင်လုပ်က
အဟုတ်အောင်ပွဲ၊ ရမလွဲဘူး
အသည်းမာမာ၊ ဖွဲပါပါနှင့်
နိုးကြားဆင့်ကာ၊ ကြိုးစားရာ၏။

## မြေကြီးနဲ့ရွှေထီး

❖ လိုချင်စိတ်ဟာ၊ အရာရာကို
ဘာမဆိုပဲ၊ ပိုပိုပိုင်ပိုင်
ပေးစွမ်းနိုင်၏၊

❖ မြဲခိုင်စိတ်ဓာတ်၊ မချအပ်ပေ၊
သေသော်မြေကြီး၊ ရှင်ရွှေထီးလှ
သင်ဆောင်းရလိမ့်။

http://www.dhammadownload.com



# ကိုယ့်စေတနာ + စေလိုရာ

♦ ကိုယ့်စေတနာ
အဖြာဖြာကား
သေချာထိုထို
ကိုယ်စေလိုရာ
အမြန်သာရ
နောက်ဘဝပင်
မရောက်ခင်ရှု
ယခုကစ
ခုဘဝပင်
ကောင်းကျိုးထင်ရှား
ကောင်းကျိုးများသည်
ဆောင်ထားစေတနာ အလှတည်း။

---

အားလုံးအပေါ် စေတနာထားပါ၊
စေတနာဆိုတာ နောက်ဘဝထိမနေ၊
ကိုယ့်စေတနာအလှဟာ၊
ကိုယ်စေလိုရာကို စေနိုင်တယ်၊ ရနိုင်တယ်။
စေတနာမှာ စေ,တစ်လုံးပါတယ်၊
စေတနာဟာ စေ,တစ်လုံးပါပဲ။

http://www.dhammadownload.com



## အပဟုတ်တစ်နေ့ + အောင်ပွဲတွေ

- ကိုယ်ဝါသနာ
  ပါရာကိုယ်လုပ်
  နောက်မဆုတ်နဲ့၊
- အပဟုတ်တစ်နေ့
  အောင်ပွဲတွေလိမ့်၊
- မမေ့သင့်ဘူး
  အထူးကျက်ပြန်
  အထူးကြံတွေး
  အထူးရေးမှတ်
  အထူးဖတ်က
  မတတ်ရှင်လူ
  မရှိဟူ၏။

http://www.dhammadownload.com



## ပညာကြီးကြောင်း + နည်းလမ်းကောင်း

လောကီ, လောကုတ္တရာ
ပညာဆိမီး၊ အရောင်ကြီးတို့၊
အပြီးတောက်ပ၊ ကြီးမားကြရန်၊
အမိဋ္ဌာန်ဖြင့်၊ စိတ်အကြံမြင့်မြတ်၊
ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊
စာအုပ်မြတ်ကို၊ စိတ်ဓာတ်ကြည်ဖြူ
ဒီအလှူကား၊ ထူးခြားလှစွာ၊
ဖြစ်ရာဘဝ၊ လောက, လောကုတ်၊
အဟုတ်အတည်၊ နှစ်လီပညာ၊
စွယ်စုံသာရ၊ ကြီးမားကြလျက်၊
မဂ္ဂ, ဖလ၊ နိဗ္ဗာန်ရွှေပြည်၊
ရောက်ရသည်အထိ၊ ကောင်းကျိုးရှိသည်၊
မှတ်သိစာအုပ် လှူကျိုးတည်း။

http://www.dhammadownload.com



## ဆောင်တော်မူ

"ဗုဒ္ဓဘာသာ၊ ပြည်မြန်မာ၌၊ မှီကာနေသူ၊ အများလူတွက်၊ ကောင်းကျိုးထွက်အောင်၊ တစ်ဖက်တစ်လမ်း၊ အထက်တန်းခေါ်၊ ရဟန်းတော်ဘ၀၊ ချမ်းမြမြဝယ်၊ စန်းလနှယ်သို့၊ တင့်တယ်နေကြ၊ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းတို့၊ ဟောခန်းပြောခန်း၊ မမောပန်းအောင်၊ လမ်းပြဆောင်ချင်၊ စိတ်အစဉ်မှ၊ သိပ်ပင်လှသော၊ စိတ်ဇောစေတနာ၊ အဖြာဖြာဖြစ်မိ၊ မေတ္တာကထိက၊ ဖြစ်လိုကြသား၊ ရဟန်းများတွက်၊ အခက်အခဲ၊ တစ်အုပ်ထဲဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဒီအနေဖြင့်၊ ရည်ချွေပါဠိ၊ ၅, ၄ ကြည့်ကာ၊ ဂါထာအကောင်း၊ အနက်ကောင်းနှင့်၊ အကောင်းကဗျာ၊ လင်္ကာအစု၊ စာအနုခြယ်၊ ရေးပြုတယ်နော်၊ ပျော်ပျော်နာယူ၊ ရှင်လူအများ၊ စိတ်ဝင်စားအောင်၊ တရားနာမည်၊ ရွေးချယ်ရည်ပေး၊ အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာရှင်ထား၊ ဒီတရားစာအုပ်၊ ဝေငှထုတ်မိ၊ မေတ္တာကထိကအိတ်မှာ၊ အိတ်မှာမေတ္တာကထိက၊ နေ့ညခါခါ၊ သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ တွယ်တာခင်၍၊ မမေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ မေတ္တာကထိက အိတ်ဆောင်၊ အိတ်ဆောင် မေတ္တာကထိက၊ အမည်လှပေး၊ စီပြရေးမိ၊ မေတ္တာကထိက၊ အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်တော်မူ။"

http://www.dhammadownload.com



## ဆင်ဖြူတောင်ထုတ်ဝေပြီးစာအုပ်များ


၁။ ဓမ္မကထိကအိတ်ဆောင်အမှတ် (၁)
၂။ ဓမ္မကထိကအိတ်ဆောင်အမှတ် (၂)
၃။ ဓမ္မကထိကအိတ်ဆောင်အမှတ် (၃)
၄။ ဓမ္မကထိကအိတ်ဆောင်အမှတ် (၄)
၅။ ဂါထာအိတ်ဆောင်
၆။ ပဋ္ဌာန်းအိတ်ဆောင်
၇။ မိဘကျေးဇူးတရားတော်များ
၈။ မိဘကျေးဇူး+ရွှေစာထူး
၉။ ပါရာဇိကဏ်ပါဠိဝိနိစ္ဆယ
၁၀။ မန္တမ်းစေသင့်+ပန်းသုံးပွင့်
၁၁။ အတွေးဖြူဖြူ+ဆေးလှူသူ
၁၂။ စကားနှစ်ရွေးမှန်များ
၁၃။ ပူဇော်ဆင်နွဲ+ပဋ္ဌာန်းပွဲ
၁၄။ အနှစ်သာရ+စကားလှ အမှတ် (၁)
၁၅။ အနှစ်သာရ+စကားလှ အမှတ် (၂)
၁၆။ ကဗျာချိုချို+စာတိုတိုများ
၁၇။ ကဗျာအိတ်ဆောင်
၁၈။ အပူငြိမ်းအေး+ဖြေဆေးတစ်ခွက်
၁၉။ အဆောင်ကောင်းဂါထာတော်များ
၂၀။ သင့်အတွက်အလင်္ကာ
၂၁။ သင့်အတွက်ဆန်း
၂၂။ အထူးဆောင်ရန်+အဘိဓာန်
၂၃။ သင့်အတွက်ဇာတ်
၂၄။ ဆင်ဖြူတောင်ဝတ်ရွတ်စဉ်နှင့်
ဘဝအတွက်အောင်မြင်ကြီးပွားတိုးတက်ရေးလမ်းညွှန်ချက်များ
၂၅။ သုခချမ်းသာ+မင်္ဂလာတရားတော်များ